မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

အတွဲ (၅၃)
အမှတ် (၆၃)

Established in 1914

Myanma Alinn Daily

၁၃၇၅ ခုနှစ်၊ တန်ဆောင်မုန်းလကွယ်နေ့ ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာ ၂ ရက်၊ တနင်္လာနေ့။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် လာအိုနိုင်ငံနှစ်ပတ်လည်နေ့ သဝဏ်လွှာများပေးပို့

နေပြည်တော် ဒီဇင်ဘာ ၂

၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၂ ရက်တွင် ကျရောက်သော လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံတည်ထောင်သည့် (၃၈)နှစ်မြောက် နှစ်ပတ်လည်အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ကျူမာလီ ဆိုင်ညဆွန်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

စာမျက်နှာ ၃ ကော်လံ ၅ ✷

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးများဆောင်ရွက်ရာ၌ စည်းလုံးညီညွတ်စွာဆောင်ရွက်ရန်လို မင်းသားကြီးမလုပ်ရသဖြင့် ပတ်မကြီးထိုးဖောက်သည့် နိမ့်ကျသည့်စိတ်ဓာတ်များကို ဖျောက်ဖျက်ရန်လိုအပ်

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဧရာဝတီတိုင်းဒေသကြီး ငွေဆောင်မြို့နယ်ခွဲမှ ကျောင်းကုန်းမြို့နယ် အောင်မင်္ဂလာအဆင့်မြင့်စံပြလယ်ယာဧက ၁၀၀ ဖော်ထုတ်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နေပြည်တော် ဒီဇင်ဘာ ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဒုတိယသမ္မတ ဦးညွန့်ထွန်းနှင့်အဖွဲ့ဝင်များနှင့်အတူ ယနေ့ နံနက် ၉ နာရီတွင် တပ်မတော်ရဟတ်ယာဉ်ဖြင့် ဧရာဝတီတိုင်းဒေသကြီး ငွေဆောင်မြို့နယ်ခွဲမှ ကျောင်းကုန်းမြို့နယ် အောင်မင်္ဂလာအဆင့်မြင့်စံပြလယ်ယာ ဧက ၁၀၀ သို့ ရောက်ရှိကြသည်။

ထို့နောက် အဆင့်မြင့်စံပြလယ်ယာရှင်းလင်းဆောင်၌ နိုင်ငံတော်သမ္မတနှင့်အဖွဲ့အား တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင်က ဧရာဝတီတိုင်းဒေသကြီးအတွင်း ရေကြီးနစ်မြုပ်ပျက်စီးမှုမှ ကာကွယ်နိုင်ရေးအတွက် ဆောင်ရွက်ထားရှိမှုအခြေအနေများ၊ လယ်ယာကဏ္ဍပြုပြင်ပြောင်းလဲရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဧရာဝတီတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ တိုင်းဒေသကြီးဦးစီးမှူး ဦးမြင့်သိန်းက တိုင်းဒေသကြီး၏ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန်အတွက် နိုင်ငံတော်သမ္မတ၏ ပြုပြင်ပြောင်းလဲရေးမူ(၅)ချက်ကို တိုင်းဒေသကြီးအစိုးရအဖွဲ့၏ကြီးကြပ်မှုဖြင့်

စာမျက်နှာ ၈ ကော်လံ ၁ ✻

ရွှေဂုံတိုင်လမ်းဆုံ၌ လေးလမ်းသွားစီမံကိန်းခုံးကျော်တံတားဖွင့်လှစ်

ရန်ကုန် ဒီဇင်ဘာ ၁

ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ရွှေဂုံတိုင်မီးပွိုင့်လမ်းဆုံ၌ လေးလမ်းသွားစီမံကိန်း ခုံးကျော်တံတားကြီးကို ရန်ကုန်တိုင်းဒေသကြီးအစိုးရလမ်းညွှန်မှုဖြင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက ကြီးကြပ်ကာ (JFE Engineering Corporation) ပညာရှင်အဖွဲ့က ပုံစံထုတ်လုပ်၍ (Capital Development Ltd.)ကုမ္ပဏီက အကောင်အထည်ဖော်တည်ဆောက်ခဲ့သည်။ သံကူကွန်ကရစ်လေးလမ်းသွား ရွှေဂုံတိုင်ခုံးကျော်တံတားကြီးကို ၂၀၁၂ ခုနှစ် ဒီဇင်ဘာ ၁၂ရက် (ဗုဒ္ဓဟူးနေ့)က ပန္နက်ချစတင်တည်ဆောက်သဖြင့် ယခုနိုဝင်ဘာ ၃၀ ရက် ခန့်မှန်းကာလ ၁၁ လအတွင်း ရာနှုန်းပြည့်ပြီးစီးပြီဖြစ်၍ ယနေ့ ဒီဇင်ဘာ ၁ ရက် (တနင်္ဂနွေနေ့)တွင် ဖွင့်လှစ် နိုင်ခဲ့ခြင်းဖြစ်သည်။

ဤတံတားကြီး စတင်တည်ဆောက်သည်မှ ပြီးဆုံးချိန်ထိ (Capital Development Ltd.)ကုမ္ပဏီ၏ (Project Management) Director ဦးအုန်းလှိုင်က "တံတားအရှည်မှာ ပင်မတံတား၊ မီတာ ၄၈၀၊ ချဉ်းကပ်လမ်း

စာမျက်နှာ ၅ ကော်လံ ၁ ✻

သတင်းနှင့်ဓာတ်ပုံ
မျိုးမင်းသိန်း

လေဖိအားနည်းရပ်ဝန်းဖြစ်ပေါ်

နေပြည်တော် ဒီဇင်ဘာ ၁

ယနေ့ မြန်မာစံတော်ချိန် ညနေ ၃ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းတွင် လေဖိအားနည်းရပ်ဝန်း တစ်ခုဖြစ်ပေါ်နေကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်သည်။ **(မိုး/ဇလ)**

အချပ်ပို ရှစ်မျက်နှာပါရှိ

ယနေ့ထုတ် မြန်မာ့အလင်း သတင်းစာတွင် မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီ ဥပဒေ အချပ်ပို သုံးမျက်နှာနှင့် ကြော်ငြာ အချပ်ပို ငါးမျက်နှာ ပါရှိပါသည်။

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

ပရိသတ်သည် "အား"

ကျွန်ုပ်တို့မြန်မာနိုင်ငံက ဆီးဂိမ်းဟုခေါ်သည့် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကြီးကို အိမ်ရှင်အဖြစ် မကြာမီလက်ခံကျင်းပတော့မည်။ ဤပြိုင်ပွဲကြီးသည် အာဆီယံဒေသတွင်း၌ အကြီးမားဆုံး အားကစားပြိုင်ပွဲကြီးဖြစ်သည်။ အာဆီယံ ၁၀ နိုင်ငံအပြင် တီမောလက်စ်တေနိုင်ငံလည်း ပါဝင်မည်ဖြစ်သည်။ နိုင်ငံပေါင်း ၁၁ နိုင်ငံမှ အားကစားသမားပေါင်း ၆၀၀၀ ခန့်ပါဝင်ဆင်နွှဲလေ့ရှိသော ပြိုင်ပွဲကြီးဖြစ်ပါသည်။ ပါဝင်ဆင်နွှဲကြသောနိုင်ငံများက ဤပြိုင်ပွဲကြီးတွင် ဆုတံဆိပ်များများ ဆွတ်ခူးနိုင်ရေးသည် အဓိကပင်မရည်ရွယ်ချက်ဖြစ်သည်။

အားကစားအောင်မြင်ရေးသည်လည်း နိုင်ငံနှင့်လူမျိုးတို့၏ ဂုဏ်ကိုမြင့်မားစေပါသည်။ ထို့ကြောင့်လည်း ပြိုင်ပွဲဝင်နိုင်ငံတိုင်းက ဤပြိုင်ပွဲကြီးတွင် ဆုတံဆိပ်များများဆွတ်ခူးနိုင်ရန် ကြိုးစားနေကြခြင်းဖြစ်ပါသည်။ အားကစားအောင်မြင်မှုမှသည် နိုင်ငံ၏ ဂုဏ်ဒြပ်ကို မြင့်မားစေသည်ကို သိရှိလာကြသည့်အလျောက် မျက်မှောက်ခေတ် ဆီးဂိမ်းပြိုင်ပွဲများသည်လည်း ယှဉ်ပြိုင်ကြိုးစားအားထုတ်မှု ပိုမိုပြင်းထန်လာကြပါသည်။ လွန်ခဲ့သောဆယ်စုနှစ်က ဆီးဂိမ်းအနေအထားနှင့် ယနေ့ခေတ် ဆီးဂိမ်းအနေအထားမတူညီနိုင်ပါ။ နိုင်ငံအလိုက် အားကစားသမားတစ်ဦးချင်းစီ၏ အရည်အသွေးသည် ပိုမိုမြင့်မားလာပါသည်။ စံချိန်များ တဖြည်းဖြည်းမြင့်မားလာပါသည်။ ပြီးခဲ့သည့် အင်ဒိုနီးရှားဆီးဂိမ်းစံချိန်များထက် မြန်မာဆီးဂိမ်းကပို၍ စံချိန်များမြင့်မားကြပါလိမ့်မည်။ အဘယ်ကြောင့်ဟူမူ နိုင်ငံအလိုက် အားကစားသမားများ၏ လေ့ကျင့်မှု၊ ကြိုးစားအားထုတ်မှု ပြင်းထန်လာခြင်းတို့ကြောင့်ဖြစ်ပါသည်။

မည်သို့ပင်ရှိစေကာမူ အိမ်ရှင်နိုင်ငံအနေဖြင့် ရွှေတံဆိပ်ဆုများများဆွတ်ခူးနိုင်ရန် ကြိုးစားအားထုတ်ရမည်ဖြစ်ပါသည်။ ရွှေတံဆိပ်များများ ဆွတ်ခူးနိုင်မှသာလျှင် အိမ်ရှင်အဖြစ် လက်ခံကျင်းပရကျိုးနပ်မည်ဖြစ်ပါသည်။ သို့မှသာ နိုင်ငံနှင့်လူမျိုးတို့၏ ဂုဏ်ကို မြင့်မားစေမည်ဖြစ်ပါသည်။ သို့ရာတွင် အားကစားအောင်နိုင်ရေးသည် အားကစားသမားများမှာသာ တာဝန်ရှိသည်ဟု မဆိုနိုင်ပါ။ အိမ်ရှင်ပရိသတ်မှာလည်း တာဝန်ရှိပါသည်။ ပရိသတ်အားပေးမှုသည် အားကစားသမားတွေအတွက် အားကိုဖြစ်စေနိုင်ပါသည်။ မြန်မာအားကစားသမားတိုင်းသည် ပြင်းပြင်းထန်ထန်ကြိုးစား အားထုတ်ရမည်ဖြစ်သကဲ့သို့ မြန်မာပရိသတ်များကလည်း အားကစားနည်း ၃၃ မျိုးစလုံးတွင် ကွင်းလုံးပြည့်အားပေးကြဖို့လိုပါသည်။ ဘောလုံးတစ်မျိုးတည်း အားပေးနေ၍မဖြစ်ပါ။ အခြားသောအားကစားများတွင်လည်း မြန်မာပရိသတ်များ မျိုးချစ်စိတ်ဓာတ်၊ နိုင်ငံချစ်စိတ်ဓာတ်အပြည့်အဝဖြင့် စည်းကမ်းရှိရှိ အားပေးကြဖို့လိုပါသည်။ ပရိသတ်အားပေးမှုသည် အောင်မြင်မှု၏ ၅၀ ရာခိုင် နှုန်းရှိသည်ဟု ဆိုထားပါသည်။ ထို့ကြောင့်ပြိုင်ပွဲတိုင်း မြန်မာပရိသတ်များ ယဉ်ကျေးသော နိုင်ငံသားများ ပီသစွာဖြင့် အထူးအားပေးကြရမည်ဖြစ်ပါသည်။ ပရိသတ်သည် အားကစားသမားများအတွက် "အား" ဖြစ်စေနိုင်ပါသည်။

ပြည်တွင်းသတင်း

ဝန်ထမ်းထူးချွန်ဆုရသူများအား ဂုဏ်ပြုဆုချီးမြှင့်

နေပြည်တော် ဒီဇင်ဘာ ၁

ကျန်းမာရေးဝန်ကြီးဌာနအနေနှင့် ပြည်သူလူထုကို ကျန်းမာရေးစောင့်ရှောက်မှုပေးရာတွင် ပဏာမကျန်းမာရေးစောင့်ရှောက်မှုစနစ်ကို အခြေပြုပြီး ရောဂါကြိုတင်ကာကွယ်တားဆီးရေး၊ ကျန်းမာရေးအဆင့်အတန်းမြှင့်တင်ရေး၊ ရောဂါရှာဖွေကုသရေးနှင့် ကျန်းမာမှု ပြန်လည်ထူထောင်ရေး စသည့်လုပ်ငန်းများကို တာဝန်ယူဆောင်ရွက်နေပြီး နိုင်ငံသူ နိုင်ငံသားများ၏ ကျန်းမာရေးအဆင့်အတန်းနှင့် ပျမ်းမျှလူ့သက်တမ်းကို မြှင့်တင်နိုင်ရန် အရှိန်အဟုန်နှင့် ဆောင်ရွက်နေကြောင်း၊ ဤသို့ဆောင်ရွက်ရာတွင် ဆေးရုံ၊ ဆေးခန်းများ၌ လိုအပ်လျက်ရှိသည့် ဆေးဝါးများနှင့် ဆေးပစ္စည်းများ ဖြည့်တင်းပေးရေး၊ လိုအပ်သလို ကျန်းမာရေး ဝန်ထမ်းအင်အားများ ဖြည့်တင်းပေးမှု၊ ဝန်ထမ်းများ၏အရည်အသွေးနှင့် ကျွမ်းကျင်မှုများ မြှင့်တင်ပေးမှုတို့သည်လည်း အဓိကကျသည့် အခန်းကဏ္ဍတွင် ပါဝင်နေကြောင်း၊ ထို့ကြောင့်လည်း ကျန်းမာရေးဝန်ကြီးဌာန၏ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှုအတွက် ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ အစီအမံဖြင့်သော်လည်းကောင်း၊ ဌာန၏သီးခြားအစီအမံဖြင့်သော်လည်းကောင်း၊ Pre-service Training များ၊ in-service Training များပေးခဲ့ပြီး ထူးချွန်သူများကို ယခုကဲ့သို့ ဂုဏ်ပြုချီးမြှင့်ခြင်းဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်က နိုဝင်ဘာ ၃၀ ရက် ညနေ ၃ နာရီတွင် အဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီးနှင့် အထက်မြန်မာပြည်) တို့တွင် ဆုရရှိသူများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲအခမ်းအနားတွင် ပြောကြားသည်။

ဆက်လက်၍ ယခုဂုဏ်ပြုဆုချီးမြှင့်ခံရသည့် ဝန်ထမ်းများအနေနှင့် မိမိတို့၏ ကောင်းမွန်သည့် အရည်အသွေးအစဉ်အလာကို ထိန်းသိမ်းပြီး နိုင်ငံ့တာဝန်ကို ဆတက်ထမ်းပိုး ကြိုးစားထမ်းဆောင်ကြရန်၊ မိမိတို့ လေ့လာဆည်းပူးတတ်မြောက်ခဲ့သည့် အသိအမြင်များကို လက်ဆင့်ကမ်းဖြန့်ဖြူးပွားများကြရန်၊ မိမိတို့ဌာနနှင့် မိမိတို့ပတ်ဝန်းကျင်ကို အစဉ်မပြတ်မြှင့်တင်နေကြရန်၊ မိမိတာဝန်ထမ်းဆောင်ရာလုပ်ငန်းခွင်မှာ စံနမူနာယူထိုက်သူများအဖြစ် ပြုမူနေထိုင်ကြပြီး ကျန်းမာရေးဝန်ကြီးဌာန၏ ဂုဏ်ယူရသော ဝန်ထမ်းကောင်းများအဖြစ် အမြဲကြိုးပမ်း တာဝန်ထမ်းဆောင်ကြရန်၊ အပြန်အလှန် ပူးပေါင်းဆောင်ရွက်မှုစွမ်းအားကိုရယူပြီး ပြည်သူ့အကျိုးပြု ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို စေတနာအပြည့်ထား၍ အားသွန်ခွန်စိုက် ကြိုးပမ်းသွားကြရန် မှာကြားပြီး ဆုရရှိသူများအား ဆုများချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အလောင်းတော်ကဿပ ရဟန္တာမြတ်ကြီး၏ ရုပ်ပွားတော်အား ဖူးမြော်နိုင်ကြတော့မည်

မုံရွာ ဒီဇင်ဘာ ၁

အလောင်းတော်ကဿပ ရဟန္တာမြတ်ကြီး၏ ရုပ်ပွားတော်အား ဖူးမြော်ကြည်ညိုရန် မုံရွာ-ယာကြီး- ကလေးဝလမ်းမှတစ်ဆင့် တရော်ကျင်း-ညောင်ကိုင်း-ကပိုင်လမ်းမှ လည်းကောင်း၊ ယင်းမာပင်-ဇီးတော-ကပိုင်လမ်းမှ လည်းကောင်း သွားရောက်နိုင်သည်။ ကပိုင်ကျေးရွာမှ အလောင်းတော်ကဿပသို့ ခရီးမိုင် ၂၁ မိုင် ဆက်လက်သွားရသည်။ အဆိုပါလမ်းများသည် မိုးရာသီတွင် တောင်ကျရေများ၊ ချောင်းရေများတိုက်စားခြင်း၊ မိုးသည်းထန်စွာ ရွာသွန်းခြင်းများကြောင့် ပျက်စီးမှုများရှိသဖြင့် နှစ်စဉ်ပွင့်လင်းရာသီရောက်တိုင်း မြေထိုး၊ မြေညှိခြင်း၊ လမ်းဟောင်းပြန်ဖော်ခြင်းများ ဆောင်ရွက်ပေးရသည်။ ယခုနှစ်တွင်လည်း မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းမှုများကြောင့် လမ်းများပျက်စီးခဲ့ရသည်။ "ယခုနှစ်မှ ကျွန်တော်တို့ အလောင်းတော် ဂေါပကအဖွဲ့နှင့် သက်ဆိုင်ရာ တာဝန်ရှိသူတွေနဲ့၊ အလောင်းတော်ကဿပ အမျိုးသားဥယျာဉ်မှတာဝန်ရှိသူတွေဟာ သစ်လုပ်ငန်းမှ မြေထိုးစက်၊ မြေညှိစက်ကြီးများ၏အကူအညီဖြင့် ယင်းမာပင်-ဇီးတော-ကပိုင်လမ်းကြီးကို ပြုပြင်ဖောက်လုပ်ပြီးစီးပြီ ဖြစ်တယ်။ ကပိုင်ကနေ ပွင့်ကြီးငါးမိုင် စခန်းအထိ Three Friends ကုမ္ပဏီက တာဝန်ယူထားတယ်။ ငါးမိုင်ကနေ သပိတ်ဆေးအထိ ကျွန်တော်တို့က ဆက်လက်တာဝန်ယူဆောင်ရွက်နေတာပါ။ မနှစ်ကထက် လမ်းတွေ ပိုပျက်စီးခဲ့ပေမယ့် ရာသီလမ်းဖွင့်ပွဲကိုတော့ မနှစ်ကကျင်းပခဲ့တဲ့ အချိန်မှာပဲ ဖွင့်ပေးနိုင်မယ်လို့ ခန့်မှန်းထားတယ်"ဟု အလောင်းတော်ကဿပ၏ နာယကဆရာတော် ဦးသုမနက ပြောကြားသည်။

အလားတူ တရော်ကျင်း-ညောင်ကိုင်း-ကပိုင် ပွင့်ကြီးငါးမိုင်စခန်းကို တာဝန်ယူဆောင်ရွက်နေသော Three Friends ကုမ္ပဏီမှလည်း အမျိုးသားဥယျာဉ်မှစက်ကြီးများဖြင့် လမ်းများ ပြုပြင်ဖောက်လုပ်လျက်ရှိရာ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးပြည်သူများ အနေဖြင့် ရဟန္တာမြတ်ကြီး၏ ရုပ်ပွားတော်ကိုမကြာမီ ဖူးမြော်ကြည်ညိုနိုင်ကြတော့မည်ဖြစ်ကြောင်း သိရသည်။

စိုးစိုး(ယင်းမာပင်)

သတိပေးနှိုးဆော်ချက်

နေပြည်တော်ကော်စီနယ်မြေအတွင်း မော်တော်ဆိုင်ကယ်စီးနင်းသူများသည် ဦးထုပ်မဆောင်းခြင်း၊ နှစ်ဦးအထက် စီးနင်းခြင်းများကြောင့် ယာဉ်မတော်တဆမှုများ ဖြစ်ပွားရာတွင် သေဆုံးကြရသည်ကို စိစစ်တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ နေပြည်တော်ကောင်စီနယ်မြေအတွင်း မော်တော်ဆိုင်ကယ်စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်ဆောင်းလျှင် မေးသိုင်းကြိုးခိုင်ခံ့စွာတပ်ဆင်ရန်နှင့် နှစ်ဦးထက်ပိုမစီးကြရန် သတိပေးနှိုးဆော်အပ်ပါသည်။

နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

သီတာဂူဧရွှေပြည်ဟိန်းစကျော့ဒါနဆေးရုံ ဒီဇင်ဘာ ၂၈-၂၉၊ (၃၀) ကြိမ်မြောက် မျက်စိခွဲစိတ်ခြင်း အလင်းဒါနအလှူရှင်များ

ဒုတိယ သမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ရွှေကြာပင် ကျောက်မျက်ရတနာ အချောထည်ဈေးဖွင့်ပွဲတွင် တန်ဖိုးမြင့် ကျောက်မျက်ရတနာ အချောထည်များ ထုတ်လုပ်နေမှုကို လှည့်လည်ကြည့်ရှုစဉ်။ (သတင်းစဉ်)

ပြည်တွင်းသတင်း

✳ ရွှေဖုံးမှ

အလားတူ ၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၂ ရက်တွင် ကျရောက်သော လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ တည်ထောင်သည့် (၃၈)နှစ်မြောက် နှစ်ပတ်လည်အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာ သွန်ဆင်းသမာဗောင်ထံသို့ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် လာအိုနိုင်ငံ နှစ်ပတ်လည်နေ့သဝဏ်လွှာပေးပို့

နေပြည်တော် ဒီဇင်ဘာ ၂

၂၀၁၃ ခုနှစ် ဒီဇင်ဘာ၂ ရက်တွင်ကျရောက်သော လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ တည်ထောင်သည့် (၃၈)နှစ်မြောက် နှစ်ပတ်လည်အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး ဒေါက်တာ ထောင်လွန်းဆီဆုလစ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

❀ ကျောဖုံးမှ

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်၊ ဒေါက်တာမြင့်အောင်၊ မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များ အသင်းချုပ် ဥက္ကဋ္ဌ ဦးတေဇ၊ ဒုတိယဥက္ကဋ္ဌ ဦးယုန်းမူနှင့် ကျောက်မျက်ရတနာလုပ်ငန်းရှင် ဦးတာဝေတို့က ရွှေကြာပင်ကျောက်မျက်ရတနာ အချောထည်ဈေးကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက ကျောက်မျက်ရတနာအချောထည် ဈေးဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ယင်းနောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ရွှေကြာပင်ကျောက်မျက်ရတနာ အချောထည်ဈေးအတွင်းရှိ Green Light ကုမ္ပဏီ၏ ကျောက်မျက်ရတနာ အရောင်းပြခန်းကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးပြီး ခင်းကျင်းပြသထားသည့်လက်ဝတ်ရတနာများ၊ တန်ဖိုးမြင့် အချောထည်များနှင့် တန်ဖိုးမြင့် ကျောက်မျက်ရတနာအချောထည်များ ထုတ်လုပ်နေမှုကို လှည့်လည်ကြည့်ရှုသည်။

ထို့နောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် WAI Gems & Jewellery ကျောက်မျက်ရတနာအရောင်းပြခန်း၊ Rizza Dragon ကျောက်မျက်ရတနာအရောင်းပြခန်း၊ Ever Winner Gems & Jewellery ကျောက်မျက်ရတနာ အရောင်းပြခန်း၊ Htoo Group Company ၏ Treasure Gems ကျောက်မျက်ရတနာအရောင်းပြခန်းများ၌ ခင်းကျင်းပြသထားသည့် လက်ဝတ်ရတနာများ၊ တန်ဖိုးမြင့် အချောထည်များနှင့် တန်ဖိုးမြင့် ကျောက်မျက်အချောထည်များ ထုတ်လုပ်နေမှုကို လှည့်လည်ကြည့်ရှုသည်။

ယနေ့ဖွင့်လှစ်လိုက်သည့် ရွှေကြာပင်ကျောက်မျက်ရတနာအချောထည်ဈေးတွင် မြေကွက် ၁၀၀ ချထားပေးပြီး သတ်မှတ်အဆောက်အအုံများ ဆောက်လုပ်ခဲ့ရာ ၁၀၀ ရာခိုင်နှုန်း ပြီးစီးသည့် အဆောက်အအုံ ၄၄ လုံး၊ ၇၅ ရာခိုင်နှုန်းနှင့်အထက် ပြီးစီးသည့် အဆောက်အအုံ ၃၆ လုံး၊ ၅၀ ရာခိုင်နှုန်းနှင့်အထက်ပြီးစီးသည့် အဆောက်အအုံ ၁၁ လုံးနှင့် ၂၅ ရာခိုင်နှုန်းနှင့်အထက် ပြီးစီးသည့် အဆောက်အအုံ ခြောက်လုံးရှိကြောင်း သိရသည်။

ရွှေကြာပင်ကျောက်မျက်ရတနာ အချောထည်ဈေးကြီးတွင် ကျောက်စိမ်းအရိုင်းတုံးများ ဖြတ်တောက်ခြင်း၊ ကျောက်စိမ်းပန်းပုရုပ်တုများပြုလုပ်ရန် ပုံကြမ်းဖော်ဖြတ်တောက်ခြင်း၊ အသေးစိတ်ပုံဖော်ခြင်း၊ အချောကိုင်အရောင်တင်ခြင်းစသည့် လုပ်ငန်းများနှင့် ကျောက်စိမ်းလက်ကောက်များ၊ ကျောက်စိမ်းပုတီးများအတွက် ကျောက်စိမ်းအရိုင်းတုံးများ ဖြတ်တောက်ခြင်း၊ ပုံဖော်ခြင်း၊ အချောကိုင်အရောင်တင်ခြင်းလုပ်ငန်းများအတွက် စက်များတပ်ဆင်ပြီး လုပ်ငန်းများစတင်ဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် ထူးအပြည်ပြည်ဆိုင်ရာ ကျောက်မျက်ကုမ္ပဏီက အဆင့်မြင့်ကျောက်စိမ်းပန်းပုလုပ်ငန်းများအတွက် Computerize ဖြင့် စတင်ဆောင်ရွက်နေပြီဖြစ်သည်။

ကျောက်မျက်ရတနာ အချောထည်လုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်ဖြစ်ထွန်းစေရန်နှင့် တရားမဝင် ပြည်ပထုတ်ဆောင်ခြင်းများ မရှိစေရေးအတွက် ကျောက်စိမ်းပုတီး၊ ကျောက်စိမ်းလက်ကောက်၊ ရုပ်တုရုပ်ထွင်း၊ လွှာချပ်များ ပြည်ပသို့တင်ပို့ရောင်းချနိုင်ရန် ရွှေကြာပင်ကျောက်မျက်ရတနာဈေးအတွင်း၌ One Stop Service Center တည်ဆောက်ဖွင့်လှစ်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်းနှင့် ဖွင့်လှစ်ပြီးပါက အချောထည်နှင့် လက်ဝတ်ရတနာများကို သတ်မှတ်အခွန်ပေးဆောင်ပြီး ပြည်ပသို့ ကုန်းလမ်း၊ လေကြောင်းလမ်းတို့ဖြင့် တိုက်ရိုက်တင်ပို့နိုင်မည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

အောင်ဘာလေ သိန်းဆုဖွင့်

နေပြည်တော် ဒီဇင်ဘာ ၁

(၂၉၉)ကြိမ်မြောက် အောင်ဘာလေ သိန်းဆုဖွင့်ပွဲမှ ယနေ့ထွက်ပေါ်လာသောဆုကြီးများ စာရင်းမှာ အောက်ပါအတိုင်းဖြစ်သည်။

အထူးဆုကြီးတစ်ဆုကျပ်သိန်း(၁၅၀၀)

စ-၂၄၃၆၄၃

ဆုကြီးတစ်ဆုချင်းကျပ်သိန်း(၁၀၀၀)

ကခ-၇၆၉၅၁၉

ဆုကြီးတစ်ဆုချင်းကျပ်သိန်း(၅၀၀)

ဏ-၄၃၃၈၉၇

ဆုကြီးတစ်ဆုချင်းကျပ်သိန်း(၃၀၀)ဆု

ဆ-၈၆၂၂၇၀
ထ-၅၆၁၈၂၉
ကခ-၉၀၀၀၉၉

ဆုကြီးတစ်ဆုချင်း ကျပ်သိန်း(၂၀၀)ဆုများ

တ-၉၁၀၁၆၃
ကခ-၉၂၂၉၅၅
စ-၉၄၁၀၁၁
ဘ-၇၇၇၈၇၇
ယ-၅၆၁၆၈၅
ဟ-၂၉၄၆၀၂
ခ-၅၀၇၂၅၄

ကျပ်သိန်း(၁၀၀)ယူနစ် (မင်္ဂလာစုံတွဲစနစ်)ဆုမဲများ

ဘ-၄၅၉၁၉၁	ရ-၈၁၃၂၃၁
က-၄၈၈၄၄၃	န-၁၂၉၄၈၁
ယ-၂၂၆၉၁၅	ဂ-၁၄၀၈၇၃
မ-၇၃၀၉၈၉	ဋ-၆၄၉၀၅၃
တ-၆၇၅၁၂၇	ဘ-၈၅၂၁၆၂
ကဂ-၈၂၄၇၂၂	ဝ-၉၂၀၅၅၄
လ-၃၆၆၁၃၃	ရ-၄၁၆၉၂၇
ဗ-၇၉၄၀၀၁	ဖ-၃၁၄၃၁၇

(သတင်းစဉ်)

ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာထွန်းရှင်အား အပြည်ပြည်ဆိုင်ရာဥပဒေပညာရှင် ဂုဏ်ထူးဆောင်ဆု ချီးမြှင့်

နေပြည်တော် ဒီဇင်ဘာ ၁

အပြည်ပြည်ဆိုင်ရာ ဥပဒေပညာရှင်များညီလာခံတွင် ၂၀၁၃ ခုနှစ် အပြည်ပြည်ဆိုင်ရာ ဥပဒေပညာရှင် ဂုဏ်ထူးဆောင်ဆု (International Jurists Award -2013) ကို ညီလာခံမှ ချီးမြှင့်ခဲ့သည်။

အဆိုပါဆုသည် ကမ္ဘာ့ဥပဒေလောကကို ထူးခြားသော ပံ့ပိုးစွမ်းဆောင်မှုများအတွက် အဆင့်မြင့် အပြည်ပြည်ဆိုင်ရာ ဥပဒေပညာရှင်များကောင်စီ၏ ဂျူရီအဖွဲ့မှရွေးချယ်ခဲ့ပြီး ၂၀၁၃ ခုနှစ်အတွက် ဆုကို ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာထွန်းရှင်အား အစည်းအဝေးတက်ရောက်လာကြသည့် တရားသူကြီးချုပ်များ၊ တရားရေးဝန်ကြီးများ၊ တရားလွှတ်တော်ချုပ် တရားသူကြီးများ၊ ဦးဆောင်ရှေ့နေရှေ့ရပ်များ၊ ကမ္ဘာ့ဥပဒေပညာရှင်များ၊ အိန္ဒိယနိုင်ငံမှ လွှတ်တော်ကိုယ်စားလှယ်များနှင့်အိန္ဒိယနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးအောင်ခင်စိုးတို့၏ ရှေ့မှောက်တွင် အိန္ဒိယနိုင်ငံ New and Renewable Energy ဝန်ကြီးဌာနဝန်ကြီး H.E.Dr. Farooq Abdullah က နိုဝင်ဘာ ၃၀ ရက် မွန်းလွဲ ၁၂ နာရီခွဲတွင် အခမ်းအနားဖြင့် ချီးမြှင့်ခဲ့သည်။

ဂုဏ်ထူးဆောင်ဆုကို ကမ္ဘာ့ဥပဒေလောကအား ဥပဒေပညာဖြင့် ထူးကဲစွာအထောက်အပံ့ပြုခဲ့သော အပြည်ပြည်ဆိုင်ရာ တရားရုံးချုပ် တရားသူကြီးချုပ်၊ ဒုတိယတရားသူကြီးချုပ် (President and Vice-President of Justices of International Court of Justice)၊ နိုင်ငံကြီးများ၏တရားသူကြီးချုပ်များ၊ တရားရေးဝန်ကြီးများ၊ ကမ္ဘာပေါ်ရှိ နိုင်ငံကြီးများမှ တရားလွှတ်တော်ချုပ် တရားသူကြီးများ၊ အာဆီယံနိုင်ငံများအတွင်းမှ စင်ကာပူနိုင်ငံ တရားလွှတ်တော်ချုပ် တရားသူကြီးချုပ်နှစ်ဦး၊ UNODC နှင့် UNICTR မှ ညွှန်ကြားရေးမှူးချုပ်များ၊ ကမ္ဘာပေါ်တွင် ထင်ပေါ်ကျော်ကြားသည့် ဥပဒေပါမောက္ခများနှင့် ဥပဒေပညာရှင်များကို ယခင်နှစ်များကလည်း ချီးမြှင့်ခဲ့ကြောင်း သိရသည်။

အပြည်ပြည်ဆိုင်ရာ ဥပဒေပညာရှင် ဂုဏ်ထူးဆောင်ဆုလက်ခံရရှိပြီးနောက် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာထွန်းရှင်က ညီလာခံ၏ လုပ်ငန်းအစည်းအဝေးများတွင် ပူးတွဲသဘာပတိအဖြစ်ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

နိုင်ငံတကာသတင်း

ဆီးရီးယားဓာတုလက်နက် ပစ္စည်းအချို့ အမေရိကန် ရေတပ်သင်္ဘောပေါ်တွင် ဓာတ်ပြယ်စေခြင်းဖြင့် ဖျက်ဆီးမည်

ဒမတ်စကတ် ဒီဇင်ဘာ ၁

ဆီးရီးယား ဓာတုလက်နက်များကို ဖျက်ဆီးရာတွင် အချို့ကို အမေရိကန် ရေတပ်သင်္ဘောပေါ်တွင် ဓာတ်ပြယ်စေသောနည်းဖြင့် ဖျက်ဆီးပစ်မည်ဖြစ်ကြောင်း ဓာတုလက်နက်တားဆီးရေးအဖွဲ့ (အိုစီဒဗလျူ)က အတည်ပြု ပြောကြားသည်။

အဆိုပါ ဓာတုလက်နက်ဖျက်ဆီးရေး ကိစ္စတွင် အမေရိကန်က နည်းပညာနှင့် ငွေကြေးအကူအညီပေးမည်ဖြစ်ကြောင်း အိုပီစီဒဗလျူက ပြောသည်။

ဆီးရီးယားနိုင်ငံ၏ ဖျက်ဆီးပစ်ရမည့် ဓာတုလက်နက်နေရာသည် ၃၅ ခု ရှိကြောင်း အိုပီစီဒဗလျူက ပြောကြားသည်။

ဓာတ်ပြယ်စေခြင်း အားဖြင့် ဓာတုလက်နက်များ ဖျက်ဆီးမည့် အမေရိကန် ရေတပ်သင်္ဘော၏ အမည်ကို တရားဝင်အမည်ပြောဆိုခြင်း မရှိဟုဆိုသည်။ သို့ရာတွင် ၎င်းသင်္ဘောသည် *MV Cape Ray* ဟုယူဆရသည်။ ၎င်းကို ပြုပြင်နေဆဲဖြစ်သည်။ ဒီဇင်ဘာ ၃၁ ရက်တွင် ပြင်ဆင်မှု ပြီးစီးလိမ့်မည်ဟု အိုပီစီဒဗလျူက ပြောကြားသည်။ **(ဘီဘီစီ)**

အမေရိကန် ရုပ်ရှင်မင်းသား ကားတိုက်သေဆုံး

ကယ်လီဖိုးနီးယား ဒီဇင်ဘာ ၁

အမေရိကန် ရုပ်သံဇာတ်လမ်းတွဲ တစ်ခုဖြစ်သည့် Fast & Furious တွင်ပါဝင်သရုပ်ဆောင်ခဲ့သော ရုပ်ရှင်မင်းသားပေါလ်ဝေါကာ ကားတိုက်သေဆုံးသွားကြောင်း ဒီဇင်ဘာ ၁ ရက် ဘီဘီစီသတင်းတွင်ဖော်ပြသည်။

အသက် ၄၀ ရှိ ဝေါကာသည် သူငယ်ချင်းဖြစ်သူ၏ ကားနှင့်လိုက်စီးစဉ် လော့စ်အိန်ဂျလိစ်မြို့မြောက်ပိုင်း၌ ကားတိုက်သေဆုံးသွားခဲ့သည်။ **(ဘီဘီစီ)**

အရှေ့တရုတ်ပင်လယ်အတွင်းရှိ တရုတ်နှင့် ဂျပန်တို့ပိုင်ဆိုင်မှု အငြင်းပွားလျက်ရှိသော ကျွန်းစုများကို ၂၀၁၂ ခုနှစ် စက်တင်ဘာလအတွင်းက တွေ့ရစဉ်။ (ဓာတ်ပုံ- ရိုက်တာ/ကျိုဒို)

တရုတ်၏လေကြောင်း ကာကွယ်ရေးဇုန်ကို ဖြတ်ကျော်ပျံသန်းရာတွင် အသိပေးအကြောင်းကြားမှုပြုရန် အမေရိကန်လေကြောင်းလိုင်းများ သဘောတူ

နယူးယောက် ဒီဇင်ဘာ ၁

အမေရိကန်အစိုးရ၏ အကြံပြုချက်အရ အမေရိကန်ပြည်ထောင်စု၏ လေကြောင်းလိုင်းများ ဖြစ်ကြသော ယူနိုက်တက်၊ အမေရိကန်နှင့် ဒယ်လ်တာတို့က တရုတ်နိုင်ငံအစိုးရက ကြေညာထားသော အရှေ့တရုတ်ပင်လယ် လေကြောင်းကာကွယ်ရေး ဇုန်ပေါ်တွင် ဖြတ်ကျော်ပျံသန်းမည့် ၎င်းတို့၏ လေကြောင်းခရီးစဉ်များကို တရုတ်အာဏာပိုင်တို့ထံ တင်ပြထားကြောင်း ရိုက်တာသတင်းတစ်ရပ်၌ ဖော်ပြထားသည်။

နိုင်ငံခြားတိုင်းပြည်များက ထုတ်ပြန်ထားသော လေယာဉ်မှူးများသို့ သတိပေးချက်ဟုဆိုသည့် ကိစ္စများနှင့်ပတ်သက်၍ အမေရိကန်ပြည်ထောင်စု၏ လေယာဉ်များအနေဖြင့် လိုက်နာကြလိမ့်မည်ဟု မျှော်လင့်ကြောင်း၊ သို့ရာတွင် ဤသို့ဆိုခြင်းအားဖြင့်အမေရိကန်အစိုးရက တရုတ်အစိုးရ၏ လေကြောင်း ကာကွယ်ရေး ဇုန်ပြဋ္ဌာန်းချက်ကို လက်ခံသည်ဟု ဆိုလိုခြင်းမဟုတ်ကြောင်း အမေရိကန်ပြည်ထောင်စုက ယမန်နေ့က ထုတ်ဖော်ပြောကြားသည်။

လေယာဉ်ပျံသန်းမှုလမ်းကြောင်းများနှင့်ပတ်သက်၍တင်ပြရန် တရုတ်အစိုးရ၏ မေတ္တာရပ်ခံချက်အပေါ် လွှမ်းခဲ့သည့် ရက်သတ္တပတ်မှစ၍ လိုက်နာ ဆောင်နေကြောင်း အမေရိကန် ဒယ်လ်တာ လေကြောင်းလိုင်း ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

အမေရိကန်နှင့် ဒယ်လ်တာလေကြောင်းလိုင်းတို့က ၎င်းတို့လည်း လိုက်နာဆောင်ရွက်လျက်ရှိကြောင်း၊ သီးခြားစီထုတ်ဖော် ပြောကြားကြသော်လည်း ဤသို့ဆောင်ရွက်လျက်ရှိသည်မှာ မည်မျှကြာပြီဖြစ်ကြောင်းကို မပြောကြားကြကြောင်း သတင်း၌ ဆက်လက်ဖော်ပြထားသည်။

ဆန့်ကျင်ဘက်အားဖြင့်မူ အမေရိကန်ပြည်ထောင်စုနှင့် နီးနီးကပ်ကပ် ပူးပေါင်း ဆောင်ရွက်လျက်ရှိသည့် ဂျပန်နိုင်ငံ၏ အဓိကလေကြောင်းလိုင်းကြီးနှစ်လိုင်းက တရုတ်အစိုးရကြေညာထားသည့် လေကြောင်းဇုန်အတွင်း အကြောင်းကြားခြင်းမရှိဘဲ ဖြတ်ကျော်ပျံသန်းရန် ဂျပန်အစိုးရနှင့် သန္နိဋ္ဌာန်ပြုထားသည်။ **(ရိုက်တာ)**

မိုဇမ်ဘစ်လေယာဉ်ပျက်ကျ

မာပူတို ဒီဇင်ဘာ ၁

ဘရာဇီးနိုင်ငံလုပ် လေယာဉ်အမျိုးအစား ခရီးသည်တင် လေယာဉ်တစ်စင်း မိုဇမ်ဘစ်မှ ထွက်ခွာလာစဉ် နမီးဘီးယားမြောက်ပိုင်း၌ ပျက်ကျသွားခဲ့ရာ ခရီးသည် ၂၇ ဦးနှင့် လေယာဉ်ဝန်ထမ်းခြောက်ဦး သေဆုံးသွားခဲ့ကြောင်း နှစ်နိုင်ငံ အာဏာပိုင်များက စနေနေ့တွင် အတည်ပြု ပြောကြားသည်။

ပျက်ကျသွား

ခရီးသည် ၃၄ ဦး လိုက်ပါလာသည့် အဆိုပါ လေယာဉ်သည် မိုဇမ်ဘစ်နိုင်ငံ မာပူတိုမှ အင်ဂိုလာနိုင်ငံသို့ ထွက်ခွာလာစဉ် နမီးဘီးယားမြောက်ပိုင်း တောအုပ်အတွင်း သောကြာနေ့က ပျက်ကျသွားခဲ့သည်ဟု ဆိုသည်။

ဆင်ဟွာ

တရုတ်လူငယ်များ အိတ်ချ်အိုင်ဗွီကူးစက်မှု နှစ်ဆတိုးပွားလာကြောင်း တာဝန်ရှိသူပြောကြား

ပေကျင်း ဒီဇင်ဘာ ၁

တရုတ်နိုင်ငံတွင် အသက် ၂၀ ဝန်းကျင်ရှိ လူငယ်များသည် အိတ်ချ်အိုင်ဗွီကူးစက်ခံရမှုမှာ ၂၀၀၈ ခုနှစ်မှ ၂၀၁၂ ခုနှစ်အတွင်း နှစ်ဆတိုးပွားလာကြောင်း၊ ယင်းမှာ အမျိုးသားအချင်းချင်း လိင်တူဆက်ဆံမှုကြောင့်ဖြစ်ကြောင်း အစိုးရထိပ်တန်း တာဝန်ရှိသူတစ်ဦးက ပြောသည်။

နိုင်ငံတစ်ဝန်း ပြီးခဲ့သည့်နှစ်က အိတ်ချ်အိုင်ဗွီကူးစက်ခံရမှုတွင် ၁ ဒသမ ၇ ရာခိုင်နှုန်းမှာ အသက် ၁၅ နှစ်မှ ၂၄ နှစ်အတွင်းရှိ လူငယ်များဖြစ်ကြောင်း၊ ယင်းမှာ ၂၀၀၈ ခုနှစ်က ၀ ဒသမ ၉ ရာခိုင်နှုန်းရှိရာမှ မြင့်တက်လာခြင်းဖြစ်ကြောင်း၊ ယင်းတို့မှာ ကောလိပ်ကျောင်းသားများ ဖြစ်ကြကြောင်း အမျိုးသားကျန်းမာရေးနှင့်မိသားစု စီမံကိန်းကော်မရှင်အောက်ရှိ အိတ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ်ဓာတ်ခွဲဌာနညွှန်ကြားရေးမှူး ရှန်ဟောင်ကပြောသည်။

အိတ်ချ်အိုင်ဗွီကူးစက်ခံရသူ အများစုမှာ တရုတ်နိုင်ငံ၌ အမျိုးသားများဖြစ်ပြီး ၉၀ ရာခိုင်နှုန်းရှိကြောင်း၊ ယင်းတို့၏ ၇၀ ရာခိုင်နှုန်းမှာ အမျိုးသားချင်း လိင်ဆက်ဆံမှုကြောင့် ဖြစ်ကြောင်း ရှန်ဟောင်က ဆက်လက်ပြောကြားသည်။ **(ဆင်ဟွာ)**

ဗန်ကောက်မြို့၌ အစိုးရတပ်များ ဖြန့်ကြက် အဓိကရုဏ်းရဲများအား ကူညီပေးမည်ဆို

ဗန်ကောက် ဒီဇင်ဘာ ၁

ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ အစိုးရဆန့်ကျင်ဆန္ဒပြသူများရန်မှ ကာကွယ်ပေးနေသော အဓိကရုဏ်းရဲများကို ကူညီရန် အစိုးရတပ်များဖြန့်ကြက်ချထားလိုက်ပြီဖြစ်ကြောင်း ဘီဘီစီသတင်း၌ ရေးသားဖော်ပြသည်။ **(အောက်ပုံ)**

ဆန္ဒပြသူများက အစိုးရအိမ်တော်ရုံးကို ဝင်ရောက်ရန်ကြိုးစားနေချိန် မျက်ရည်ယိုဗုံးများ ခွဲ၍ လူစုခွဲလျက်ရှိကြောင်း မျက်မြင်တွေ့ရှိသူများက ပြောသည်။ ဝန်ကြီးချုပ် ရင်လတ်ရှင်နာဝပ်၏ ဌာနချုပ်ရုံးအပါအဝင် အဓိကအစိုးရအဆောက်အအုံများအတွင်း ဝင်ရောက်ရန် ဆန္ဒပြသူများကခြိမ်းခြောက်လျက်ရှိသည်။ ဒီဇင်ဘာ ၁ ရက်က ဝန်ကြီးချုပ်ရင်လတ် ဆင်းပေးရန် ရည်ရွယ်၍ ရှစ်ရက်မြောက်နေ့အဖြစ် ဗန်ကောက်၌ ဆန္ဒပြလျက်ရှိကြသည်။

နိုဝင်ဘာ ၃၀ ရက်က အစိုးရ ထောက်ခံမှုများနှင့်အစိုးရဆန္ဒဆန့်ကျင်သူ အုပ်စုနှစ်စုအကြား ခိုက်ရန်ဖြစ်ပွားခဲ့မှုကြောင့် နှစ်ဦးသေဆုံးပြီး အများအပြား ဒဏ်ရာရရှိသွားခဲ့သည်။

ဒီမိုကရေစီအတွက် ပြည်သူ့လှုပ်ရှားရေး ဆန္ဒပြသူများက အစိုးရကို ဝင်ရောက်စီးနင်းပြီး ပြည်သူ့ကောင်စီနှင့်အစားထိုးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။ မစ္စရင်လတ်အစိုးရသည် သူ၏ အစ်ကိုဖြစ်သူ ဖြုတ်ချခံ ခေါင်းဆောင်ဟောင်း သက်ဆင်ရှင်နာဝပ်၏ လွှမ်းမိုးထိန်းချုပ်မှုကို ခံနေရကြောင်း ဆန္ဒပြသူများက စွပ်စွဲပြောဆိုလျက်ရှိသည်။ **(ဘီဘီစီ)**

နယူးယောက်တွင် ရထားတစ်စင်းလမ်းချော်၍ လေးဦးသေဆုံး

နိုင်ငံတကာသတင်းများ

နယူးယောက် ဒီဇင်ဘာ ၁

နယူးယောက် ဆင်ခြေဖုံးသွား ရထားတစ်စင်း ယနေ့ နံနက်ပိုင်းက လမ်းချော်ရာ အနည်းဆုံးလူလေးဦး သေဆုံးပြီး အပြင်းအထန်ဒဏ်ရာရသူ ၁၁ ဦးအပါအဝင် လူ ၆၃ ဦးဒဏ်ရာရရှိသွားကြောင်း တာဝန်ရှိသူများက ပြောကြားသည်။ **(ယာပုံ)**

"မြို့မ-မြောက်ပိုင်း" ရထား၏ တွဲခုနစ်တွဲစလုံးမှာ ရထားလမ်းကွေ့ကြီးတစ်ခုတွင် ယနေ့နံနက် ၇ နာရီ မိနစ် ၂၀ ခန့်က လမ်းချော်သွားခဲ့ခြင်းဖြစ်ကြောင်း၊ အဆိုပါနေရာမှာ ဘရွန့်ဘောရိုးရှိ Spuyten Duyvil ဘူတာရုံ မြောက်ဘက် ကိုက် ၁၀၀ ခန့်တွင်ဖြစ်ကြောင်း အဆိုပါ ရထားလိုင်း၏ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

ပြောကြား

သေဆုံးသူ အရေအတွက်ကို မြို့တော်မီးသတ်ဌာနမှ ပြောခွင့်ရပုဂ္ဂိုလ်က အတည်ပြုပြောကြားခဲ့ပြီး အပြင်းအထန်ဒဏ်ရာရသူ ၁၁ ဦးရှိကြောင်း၊ ခြောက်ဦးမှာ ဒဏ်ရာပြင်းထန်သော်လည်း မစိုးရိမ်ရကြောင်းနှင့် အခြား ၄၆ ဦးမှာ အသေးအဖွဲဒဏ်ရာမျှသာ ရရှိခြင်းဖြစ်ကြောင်း ပြောကြားသည်။

ရထား မတော်တဆဖြစ်ချိန်တွင် ခရီးသည် ၁၅၀ ခန့် စီးနင်းလိုက်ပါလာခြင်းဖြစ်ပြီး ရထား၏ တစ်ဝက်ခန့်ရှိသော အရေအတွက်ဖြစ်ကြောင်း မြို့တော် သယ်ယူပို့ဆောင်ရေး အာဏာပိုင်အဖွဲ့က ပြောကြားသည်။ **(ရိုက်တာ)**

ပစိဖိတ်ဒေသ၌ အမေရိကန်အင်အားကြီးထွားမှုကို ပြမည်

ဝါရှင်တန် ဒီဇင်ဘာ ၁

ဝါရှင်တန်က ပစိဖိတ်အင်အားကြီးထွားမှုကို ပြသသွားရန် အမေရိကန် ဒုတိယသမ္မတ ဂျိုးဘိုင်ဒင်သည် လာမည့်သီတင်းပတ်အတွင်း အာရှနိုင်ငံအချို့သို့ သွားရောက်မည်ဖြစ်ကြောင်း သတင်းများက ဖော်ပြသည်။

အမေရိကန်နိုင်ငံသည် ပစိဖိတ်ဒေသဩဇာလွှမ်းမိုးမှုကို ဆက်လက်ထိန်းထားရန် ဒုတိယသမ္မတ ဂျိုးဘိုင်ဒင်က ပြသလိမ့်မည်ဖြစ်ကြောင်း ဒီဇင်ဘာ ၁ ရက် အေပီသတင်းတွင် ဖော်ပြသည်။

အမေရိကန်သမ္မတ ဘားရက်အိုဘားမားသည် ပထမသက်တမ်းတွင် အာရှ-ပစိဖိတ်ဒေသ၌ အမေရိကန်တို့၏ စစ်အင်အားတိုးချဲ့သွားရန် နိုင်ငံခြားရေးမူဝါဒ တစ်ရပ်အဖြစ် ချမှတ်ဆောင်ရွက်ခဲ့သည်။

၂၀၂၀ ပြည့်နှစ်တွင် အမေရိကန်ရေတပ် သင်္ဘော ၆၀ ရာခိုင်နှုန်းသည် ပစိဖိတ်ဒေသ၌ ဖြန့်ကြက်ထားမည်ဟုဆိုသည်။

ယခု အချိန်အထိ ပစိဖိတ်ဒေသ၌ အမေရိကန်ရေတပ်သင်္ဘော၏ ၅၀ ရာခိုင်နှုန်း ရှိနေပြီဖြစ်သည်။

လက်ရှိ တရုတ်-အရှေ့တရုတ်ပင်လယ်အတွင်း လေကြောင်းကာကွယ်ရေးဇုန် သတ်မှတ်မှုကို အမေရိကန်က အသိအမှတ်မပြုဟု ဆိုသည်။ **(ဘီဘီစီ)**

မောင်နွေသစ်-ရေးသားသည်

✻ ရွှေဖုံးမှ

အရှည် ၁၄၆ ဒသမ ၇၅ မီတာ(တောင်ဘက်ခြမ်း ၉၀ ဒသမ ၇ မီတာ၊ မြောက်ဘက်ခြမ်း ၅၆ ဒသမ ၀၅ မီတာ စုစုပေါင်း ၆၂၇ ဒသမ ၇၅ မီတာ၊ ပေအားဖြင့် ၂၀၅၉ ဒသမ ၅၅ ပေရှိတယ်။ အခန်းဖွင့် စုစုပေါင်း ၁၂ ခန်းရှိပြီး တံတားကင်းလွတ်အမြင့် ၁၈ ပေရှိတယ်။ ယာဉ်ခံနိုင်ဝန် တန် ၆၀ မော်တော်ယာဉ်များသာ (မိုင်နှုန်း ၅၀ ကီလိုမီတာ) ဖြတ်သန်းမောင်းနှင်နိုင်ခွင့်ရှိမည်။ ဒီလိုသတ်မှတ်ကာလအတွင်း ပြီးစီးနိုင်တာမို့ ကျွန်

အငှားယာဉ်မောင်း ဦးမျိုးဝင်း။

တော့်အနေနဲ့ လုပ်ကိုင်ရကျိုးလည်းနပ်၊ ဝမ်းသာမှုလည်းရှိပါတယ်" ဟု မြန်မာ့အလင်းသို့ရှင်းပြသည်။

ဝမ်းသာ

မြောက်ဒဂုံမြို့နယ်နေ အငှားယာဉ်မောင်း ဦးမျိုးဝင်းက "ရွှေဂုံတိုင်ခုံးကျော်တံတားကြီး ဒီဇင်ဘာ ၁ ရက်မှာ ဖွင့်မယ်ဆိုတာကြိုသိရလို့ စောစောဖြတ်မောင်းချင်စိတ်ပေါ်ပြီး နံနက်ထဲကစောင့်နေတာ၊ ခရီးသည်ကလည်း ကမ္ဘာအေးကိုငှား၊ ကမ္ဘာအေးကတစ်ခါ ခရီးသည်ပြန်ရလို့ ဖွင့်ချိန်နဲ့ကြုံရတာ ဝမ်းသာတယ်ဗျာ။ ဒီတော့ ကျွန်တော့်တို့အငှားယာဉ်မောင်းအတွက် ရွှေဂုံတိုင်မှာ ကားကျပ်လို့ တစ်နာရီခွဲကျော်ကျော် မစောင့်ရတော့ ကျွန်တော်တို့ စိတ်ချမ်းသာသလို ခရီးသည်တွေ ပြည်သူအများ စိတ်ချမ်းသာကြမှာပါ" ဟု အားရကျေနပ်စွာ ဖွင့်ဟပြောသွားခဲ့သည်။

နိုင်ငံတကာသတင်းနှင့်ပြည်တွင်းသတင်း

ဧရာဝတီတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီး အကျဉ်းထောင်နှင့် ရဲစခန်းများစစ်ဆေး

နေပြည်တော် ဒီဇင်ဘာ ၁

ဧရာဝတီတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီး ဒေါ်သိန်းသိန်းညွန့်သည် နိုဝင်ဘာ ၂၅ ရက် နံနက် ၉ နာရီက ပုသိမ်မြို့ အကျဉ်းထောင်၊ ပုသိမ်မြို့မရဲစခန်းနှင့် အမှတ် (၂) နယ်မြေရဲစခန်းများသို့ သွားရောက်စစ်ဆေးကြည့်ရှုခဲ့ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ဟောပြော

ရန်ကုန် ဒီဇင်ဘာ ၁

လှိုင်မြို့နယ် အမှတ် (၄)အခြေခံပညာအထက်တန်းကျောင်းတွင် နိုဝင်ဘာ ၂၈ ရက်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအသိပညာပေးဟောပြောပွဲကျင်းပရာ မြို့နယ်ယာဉ်ထိန်းတပ်ဖွဲ့စုမှူး ဒုတိယရဲမှူးမိုးကျော်ကျော်က ခြေကျင်လျှောက်သူများလိုက်နာရန် စည်းကမ်း၊ စက်ဘီးစီးသူများ လိုက်နာရန် စည်းကမ်းများ ဟောပြောသည်။ ဆက်လက်၍ မော်တော်ယာဉ်လိုင်းပေါင်းစုံ စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီနှင့် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ တာဝန်ရှိသူများက ပညာပေးဆွေးနွေးခဲ့ကြသည်။ ဟောပြောပွဲသို့ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၂၅၀ ခန့်တက်ရောက်ခဲ့ကြောင်း သိရသည်။ **မီးမီး(လှိုင်)**

✻ ကျော့ဖုံးမှ

နေပြည်တော်သို့ စက်ဘီးဖြင့် ခရီးရှည်စတင်ထွက်ခွာကြသည်။

စက်ဘီးစီးအဖွဲ့သည် အဖွဲ့ခေါင်းဆောင် ဦးပီလုံဟောင်၊ ဦးစိုင်းကိုနှင့် ဦးခင်မောင်ဌေးတို့ဦးဆောင်၍ ဒီဇင်ဘာ ၁ ရက်မှ တာချီလိတ်-ကျိုင်းတုံ ၁၁၀ မိုင်၊ ဒီဇင်ဘာ ၂ ရက်တွင် ကျိုင်းတုံ-မိုင်းပျဉ်း ၆၅ မိုင်၊ ဒီဇင်ဘာ ၃ ရက်တွင် မိုင်းပျဉ်း-ကွန်ဟိန်း ၇၅ မိုင်၊ ဒီဇင်ဘာ ၄ ရက်တွင် ကွန်ဟိန်း-လွိုင်လင် ၈၃ မိုင်၊ ဒီဇင်ဘာ ၅ ရက်တွင် လွိုင်လင်-တောင်ကြီး ၅၇ မိုင်၊ ဒီဇင်ဘာ ၆ ရက်တွင် တောင်ကြီးမြို့၌ ရပ်နားပြီး ဒီဇင်ဘာ ၇ ရက်တွင် တောင်ကြီး-ပင်လောင်း ၆၈ မိုင်၊ ဒီဇင်ဘာ ၈ ရက်တွင် ပင်လောင်းမှ နေပြည်တော်သို့ ဆက်လက်ထွက်ခွာမည်ဖြစ်ကြောင်း သိရသည်။

❇ ကျော့ဖုံးမှ

ရင်းနှီးမြှုပ်နှံမှု ဥပဒေအပါအဝင် သက်ဆိုင်ရာဥပဒေတွေကို ရေးဆွဲပြဋ္ဌာန်းပြီး One Stop Service နဲ့ လုပ်ဆောင်လျက်ရှိပါတယ်။ ဂျပန်လုပ်ငန်းရှင်တွေဟာ မြန်မာနိုင်ငံကို စိတ်ဝင်စားသော်လည်း ရင်းနှီးမြှုပ်နှံဖို့ ချီတုံချတုံဖြစ်နေကြပါတယ်။ ကုမ္ပဏီထူထောင်ဖို့ဆိုရင် လုပ်ထုံး လုပ်နည်း အပိုင်းမှာ စိုးရိမ်ပူပန်နေကြတဲ့ ဂျပန်လုပ်ငန်းရှင်တွေဟာ အများအပြား ရှိနေကြပါတယ်။ ဒီပြဿနာတွေကို ကိုင်တွယ်ဖြေရှင်းပြီး နိုင်ငံခြားကုမ္ပဏီတွေလာရောက်လုပ်ကိုင်ဖို့ဆိုတာက သီလဝါ အထူးစီးပွားရေးဇုန်အောင်မြင်မှုအပေါ် မှာမူတည်နေပါတယ်" ဟု ဂျပန်နိုင်ငံ Minister of Ministry of Economy, Trade and Industry မှ Mr. Yasuhiko Kitagawa က ပြောသည်။

သီလဝါစီမံကိန်းကို လက်တွေ့အကောင်အထည်ဖော်ရာတွင် များပြားသော အခက်အခဲနှင့်စိန်ခေါ်မှုများ ကြုံတွေ့ရနိုင်သော်လည်း Penta-Ocean Construction Co.,Ltd အနေဖြင့် ထိပ်တန်းနည်းပညာများနှင့် အတွေ့အကြုံ များပြားသောဝန်ထမ်းများ၏ အင်အားများကို အသုံးပြုသွားမည်ဖြစ်သည်။ သို့ဖြစ်ပါ၍ သီလဝါအထူးစီးပွားရေးဇုန်စီမံကိန်းကို အောင်မြင်သည်အထိအကောင်အထည်ဖော်သွားမည်ဟု အဆိုပါ ကုမ္ပဏီ၏ Director, Senior Managing Officer ဖြစ်သူ Mr.Yasuji Kakimoto က အလေးအနက်ကတိပြု ပြောကြားခဲ့သည်။

ပိုမိုတိုးတက်လာ

၃၉၆ ဟက်တာခန့် ကျယ်ဝန်းသော သီလဝါအထူးစီးပွားရေးဇုန် ပထမအဆင့် (Class A) ၏ အခြေခံအဆောက်အအုံများ တည်ဆောက်ခြင်းလုပ်ငန်းများကို ၂၀၁၃ ဒီဇင်ဘာလတွင် စတင်တည်ဆောက်မည်ဖြစ်သည်။ ၂၀၁၅ နှစ်ဦးပိုင်းတွင် ရင်းနှီးမြှုပ်နှံမှု စီးပွားရေးလုပ်ငန်းများအနေဖြင့် စတင်လုပ်ငန်းလည်ပတ်နိုင်မည်ဖြစ်သည်။ လက်ရှိတွင် မြန်မာနိုင်ငံ၌ ရင်းနှီးမြှုပ်နှံမှု လာရောက်ပြုလုပ်နေသော ဂျပန်ကုမ္ပဏီ ၁၂၂ ခု ရှိလာပြီဖြစ်သည်။ မြန်မာ- ဂျပန်ကုန်သွယ်မှုပမာဏကို ၂၀၁၀ ပြည့်နှစ်နှင့်နှိုင်းယှဉ်ပါက သုံးဆပိုမိုတိုးတက်လာကြောင်း အဆိုပါဖွင့်ပွဲခမ်းအနားမှ သိရသည်။

မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့
စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာန

(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ မကွေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များတွင် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဖြည့်စွက်ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ကျောက်လမ်း ၂၃/၃ မိုင်၊ မြေသားလမ်း ၄၁/၅မိုင်၊ သစ်သားတံတား ၆၅၅ပေ၊ ကျောက်စီရေကျော် ပေ ၂၀၀၊ ကျေးလက်ရေရရှိရေး စက်ရေတွင်း ၅တွင်း၊ ၄"Ø ရေပိုက်လိုင်းသွယ်တန်းခြင်း ၄၇၀၀ပေ တို့အား ဆောင်ရွက်ရန်အတွက် မြန်မာနိုင်ငံသား လုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၂၉-၁၁-၂၀၁၃ရက်မှစ၍ ရုံးချိန်အတွင်း အမှတ် A/6၊ တောင်တွင်းကြီးလမ်းရှိ မကွေးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးတွင် ရောင်းချမည်ဖြစ်ပြီး ၂၇-၁၂-၂၀၁၃ရက် ၁၆း၀၀နာရီ နောက်ဆုံးထား၍ တင်ဒါများတင်သွင်းရန်ဖြစ်ပါသည်။

၃။ အသေးစိတ်အချက်အလက်များကို အထက်ပါရုံး ဖုန်း-၀၆၃-၂၈၃၆၈ နှင့် ၀၆၃-၂၈၃၆၉ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ

ပျောက်ဆုံးကြောင်း

ကျွန်တော် မြင့်မိုး(ဘ)ဦးသန်းရွှေ ကိုင်ဆောင်သော နိုင်ငံကူးလက်မှတ် M-983105 သည်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၅၀၄၃၁၂၄**

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
စိုက်ပျိုးရေးသုတေသနဦးစီးဌာန

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စိုက်ပျိုးရေးသုတေသနဦးစီးဌာနတွင် အသုံးပြုရန်အတွက် အောက်ဖော်ပြပါတည်ဆောက်ရေးနှင့်ပစ္စည်းဝယ်ယူရေးလုပ်ငန်းများကို မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်လိုပါ၍ အိတ်ဖွင့်တင်ဒါများတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

(က) **တည်ဆောက်ရေးလုပ်ငန်း**
မျိုးစေ့လှမ်းတလင်း (ပေ၄၀×ပေ၄၀×၆လက်မထု) (၁) ခု
မျိုးစေ့လှမ်းတလင်း (ပေ၇၀×ပေ၇၀×၆လက်မထု) (၁) ခု

(ခ) **ပစ္စည်းဝယ်ယူရေးလုပ်ငန်း**
Laboratory Machinery and Equipment (၃၀) မျိုး
Office Machinery and Equipment (၆) မျိုး
Furniture (၄) မျိုး

၂။ အိတ်ဖွင့်တင်ဒါများကို ၉-၁၂-၂၀၁၃ရက် (တနင်္လာနေ့) ညနေ ၁၆း၀၀နာရီနောက်ဆုံးထား တင်သွင်းရမည်ဖြစ်ပါသည်။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ၂၈-၁၁-၂၀၁၃ရက်မှစ၍ ရေဆင်း၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာနသို့ ရုံးချိန်အတွင်း စုံစမ်းတင်သွင်းနိုင်ပါသည်။ **ဆက်သွယ်ရန် ဖုန်း-၀၆၇-၄၁၆၆၇၂**

ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်လှမျိုး ၁၂/မဂတ(နိုင်)၀၀၂၆၆၈၏ မြန်မာနိုင်ငံကူးလက်မှတ်သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးရန်။ **ဖုန်း-၀၉-၅၀၅၆၉၁၁**

ပြည်တွင်းဖြစ် အရည်အသွေးမီ

ဒီဇိုင်းစုံ ဖလန်နယ်လက်ရှည်အင်္ကျီများကို တစ်ဆင့်ပြန်လည်ရောင်းချလိုသူများ၊ လှူဒါန်းလိုသော အဖွဲ့အစည်းများအတွက် အထူးဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးနေပါပြီ။

ဆက်သွယ်ရန်ဖုန်း-၀၉-၇၃၀၄၃၃၃၈၊ ၀၉-၅၁၄၁၂၄၉

ဆောင်းပါးနှင့်ပြည်တွင်းသတင်း

ကျွန်တော်နဲ့ ကိုယ်ကျိုးစီးပွားပဋိပက္ခ

ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်

> ကလေးငယ်တွေကအစ လူကြီးတွေအဆုံးကိုယ်ကျိုးစီးပွားပဋိပက္ခအကြောင်း သိစေချင်တယ်။ သတိထားစေချင်တယ်။ အမှန်ကတော့ ကိုယ့်အကြောင်းကိုသိအောင် သတိရှိဖို့လိုတယ်။ ကိုယ့်လိပ်ပြာသန့်တာပဲ။ သူများဘာထင်ထင် ဂရုမစိုက်ဘူးလို့ မတွေးသင့်ဘူး။ အမှန်တော့ ကိုယ်ကျိုးစီးပွားပဋိပက္ခဟာ အမြင်တစ်ရပ်ဖြစ်တယ်။ အမြင်စောင်းမယ့် အမြင်မှားမယ့်ကိစ္စမျိုးလုံးဝမဖြစ်အောင် သတိထားရမှာဖြစ်တယ်။

ကျွန်တော် ကုလသမဂ္ဂမှာတာဝန်ယူတဲ့အချိန်မှာ ထူးခြားတဲ့အကြောင်းခြင်းရာတစ်ရပ်ကို ကြုံတွေ့ခဲ့ရပါတယ်။ ရုတ်တရက် သတိမထားမိတဲ့ ကိစ္စတစ်ခုဖြစ်ပါတယ်။ အဲဒါကတော့ ကုလသမဂ္ဂမှာ အလုပ်လိုချင်တဲ့သူတွေ၊ အလုပ်လျှောက်လွှာတင်တဲ့အခါ မေးခွန်းတစ်ခုကို ဖြေရပါတယ်။

မေးခွန်းကတော့ လျှောက်ထားတဲ့သူအနေနဲ့ ကုလသမဂ္ဂမှာ အလုပ်လုပ်နေတဲ့ဆွေမျိုးရှိ၊ မရှိဆိုတဲ့ မေးခွန်းဖြစ်ပါတယ်။ အကယ်၍ ရှိတယ်လို့ဖြေရင် လျှောက်လွှာကို မစဉ်းစားဘဲ ပယ်ချပါတယ်။ ဘာကြောင့်အခုလိုဖြစ်ရသလဲဆိုတာကို အခုမှသဘောပေါက်မိပါတယ်။ ဒါကတော့ ကိုယ်ကျိုးစီးပွားပဋိပက္ခကို ရှောင်ရှားဖို့ဖြစ်ပါတယ်။ အမျိုးရှိနေတယ်ဆိုရင် ဘာပဲဖြစ်ဖြစ်ဘက်လိုက်မှုရှိနိုင်တာမို့ ရှောင်ရှားတဲ့အနေနဲ့ အခုလိုစိစစ်ပြီးဆောင်ရွက်ခြင်းသာ ဖြစ်ပါတယ်။

ကျွန်တော် သတိထားမိတာတစ်ခုက မြန်မာပြည်မှာ ကိုယ်ကျိုးစီးပွားပဋိပက္ခမှုနဲ့ပတ်သက်ပြီး ဂရုမထားတဲ့အချက်ဖြစ်ပါတယ်။ စိတ်ထဲ၊ ခေါင်းထဲမှာ ရှိမှရှိရဲ့လားလို့ သံသယဖြစ်မိတယ်။ ဥပမာတစ်ခုပေးရရင် မိမိက မူလတန်း ကျောင်းအုပ်ဆရာကြီးဖြစ်တယ်ဆိုပါစို့။ အိမ်ကဇနီးသည်က ဟင်းအချက်အပြုတ်သိပ်ကောင်းတာ။ သူချက်တဲ့ ဟင်းထမင်းကို လူတိုင်းသဘောကျကြတယ်။ ဒါပေမယ့်ကိုယ်ကျိုးစီးပွား ပဋိပက္ခမဖြစ်ဖို့ ဇနီးသည်ဟာ မိမိယောကျာ်းလုပ်တဲ့သူရဲ့ကျောင်းမှာ ဟင်းထမင်းတွေ ရောင်းခွင့်မရှိပါဘူး။ ရောင်းဖို့ကိုလည်း မစဉ်းစားရဘူး။ ရောင်းခဲ့ရင် ကျောင်းအုပ်ကြီးဇနီးမျက်နှာကိုကြည့်ရတဲ့အတွက် ဘက်လိုက်မှုတွေက မလွဲမသွေရှိနိုင်မှာသာဖြစ်တယ်။

ကိုယ်ကျိုးစီးပွားပဋိပက္ခမှုနဲ့ပတ်သက်ပြီး ကိုယ်တွေ့ကြုံကြိုက်တာတစ်ခုကိုလည်း တင်ပြချင်ပါတယ်။ အဖွဲ့အစည်းတစ်ခုမှာ တာဝန်ယူနေကြတဲ့ ကော်မတီတစ်ရပ်ရှိတယ်။ ဒီကော်မတီရဲ့ လုပ်ငန်းတွေချောမွေ့ဖို့အတွက် IT နည်းပညာကို အသုံးချရမှာမို့ စက်ကိရိယာတွေ တပ်ဖို့လိုတယ်။ အခုလို ကွန်ပျူတာတွေဝယ်ဖို့ စဉ်းစားတဲ့နေရာမှာ ကော်မတီဝင်တစ်ဦးက ကွန်ပျူတာလုပ်ငန်းနဲ့ပတ်သက်နေတယ်။ ကိုယ်ကျိုးစီးပွားပဋိပက္ခမှုကို ရှောင်ရှားချင်တဲ့ဆန္ဒရှိရင် ဒီပုဂ္ဂိုလ်က ကျွန်တော်ကတော့ ကွန်ပျူတာအလုပ်ကို လုပ်နေတယ်၊ အခုအဖွဲ့အစည်းအတွက် ကွန်ပျူတာဝယ်ဖို့ စဉ်းစားတဲ့နေရာမှာ ကျွန်တော့်ကုမ္ပဏီက ကွန်ပျူတာတွေဝယ်ဖို့ မစဉ်းစားကြပါနဲ့၊ လိုအပ်တဲ့ အကြံဉာဏ်တောင်းရင်ပေးပါ့မယ်။ ဒါပေမဲ့ ကျွန်တော့်ကြောင့် ကျွန်တော့်ကုမ္ပဏီက ကွန်ပျူတာတွေဝယ်ရတာမျိုး မဖြစ်စေချင်ဘူး။ ဒါကြောင့် ကျွန်တော့်မှာ ကိုယ်ကျိုးစီးပွားရှိနေတယ်။ ပဋိပက္ခမရှိစေချင်တာလို့ အခုလို တင်ပြရတာပါလို့ပြောရင် ကိုယ်ကျိုးစီးပွားပဋိပက္ခကို ရှောင်ရှားရာ ရောက်ပါတယ်။ အခုလို စဉ်းစားတွေးခေါ်နိုင်မှုရှိဖို့ လိုတယ်လို့မြင်မိပါတယ်။

ကိုယ်ကျိုးစီးပွားရေး ပဋိပက္ခက အမြင်ကြည်လင်စေဖို့ အဓိကထားရမယ်။ ကိုယ့်ကြောင့် ဘာနည်းနဲ့မှ အစွန်းအထင်းမခံရအောင် သတိပြုရမယ်။ အမှန်တော့ ဒီကိစ္စက ကျင့်ဝတ်နဲ့ဆိုင်ပါတယ်။ လူတစ်ယောက်မှာ အရေးအကြီးဆုံးက သီလ၊ သမာဓိ၊ ကျင့်ဝတ်၊ သိက္ခာသာဖြစ်တယ်။ သိက္ခာမပြည့်စုံရင် ဘာနဲ့မှ အစားထိုးလို့မရပါဘူး။ ကျွန်တော်အခွင့်အရေးရတိုင်းပြောပါတယ်။ ဆင်းရဲတာက ရှက်စရာမဟုတ်ဘူး။ မဟုတ်တာလုပ်ပြီး ချမ်းသာတဲ့သူသာ ရှက်စရာကောင်းတာလို့ လူငယ်တွေနဲ့တွေ့တဲ့အခါတိုင်းမှာလည်း ဒီအကြောင်းကို အမြဲပြောပါတယ်။ လူ့တန်ဖိုးဟာ ကျင့်ဝတ်သာ ဖြစ်ပါတယ်။ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကို နိုင်ငံတော်က ဦးထိပ်ထားပြီး ဦးစားပေးဆောင်ရွက်နေပါတယ်။ အဂတိလိုက်စားမှုရဲ့နောက်ကွယ်မှာ ကိုယ်ကျိုးစီးပွားပဋိပက္ခပြဿနာကို မေ့ပျောက်ဖို့မဖြစ်ပါဘူး။ အဂတိလိုက်စားခြင်းရဲ့ နောက်ကွယ်မှာ ကပ်ပါနေတဲ့ကိစ္စဖြစ်တယ်။

လူ့ကျင့်ဝတ်နဲ့ပတ်သက်ပြီး ထိန်းသိမ်းဖို့ဟာ အလွန်အရေးကြီးတဲ့ကိစ္စဖြစ်ပါတယ်။ ကျင့်ဝတ်ဆိုတဲ့သဘော၊ လူတစ်ဦးချင်းတန်ဖိုးထားမှုပဲဖြစ်တယ်။ ကျင့်ဝတ်နဲ့အညီ လုပ်ရကိုင်ရ၊ ပြောရဆိုရမယ်ဆိုတာကိုတော့ အထူးပြောစရာမလိုပါဘူး။ ဒါပေမဲ့ ခက်တာက လူတွေက အလွယ်တကူမေ့လေ့ရှိကြတယ်။ မိမိအကျိုးအတွက် အဆင်ပြေမယ်ဆိုရင် ကျင့်ဝတ်ထိန်းသိမ်းမှုဟာ ကြက်ပျောက်ငှက်ပျောက် ပျောက်ပြယ်သွားတာတွေ့ရပါတယ်။ ကျွန်တော်က ဘွဲ့လွန်သင်တန်းမှာ စီးပွားရေးနဲ့ပတ်သက်တဲ့ ကျင့်ဝတ်အကြောင်းကို ဘာသာရပ်တစ်ခုအနေနဲ့သင်တယ်။ ကျင့်ဝတ်မရှိဘဲ စီးပွားရေးလုပ်ခွင့်မရှိတာကို အမြဲသတိပေးဖြစ်တယ်။

နိုင်ငံတော်မှာ အခုဆိုရင် ထူးခြားတဲ့ပြုပြင်ပြောင်းလဲမှုတွေ ဆောင်ရွက်နေတယ်။ ဒီလိုဆောင်ရွက်ရာမှာ စီးပွားရေးကဏ္ဍမှာလည်းကောင်း၊ ပုဂ္ဂလိကကဏ္ဍ တိုးတက်မှုကဏ္ဍမှာလည်းကောင်း ကိုယ်ကျိုးစီးပွား ပဋိပက္ခမဖြစ်အောင် ထိန်းသိမ်းဖို့ အထူးလိုအပ်ပါတယ်။ နိုင်ငံတော်သမ္မတကြီးက ပုဂ္ဂလိကကုမ္ပဏီတွေကို အများပိုင်ကုမ္ပဏီများအဖြစ် အသွင်ပြောင်းစေချင်တယ်။ တိုက်တွန်းခဲ့တယ်။ အခုလိုဆောင်ရွက်တဲ့နေရာမှာ အဓိကသော့ချက်က ပိုင်ဆိုင်မှုနဲ့ စီမံခန့်ခွဲမှုကို ခွဲခြားစေလိုတဲ့ဆန္ဒကြောင့် ဖြစ်တယ်။ ပိုင်ရှင်လုပ်သူက စီမံခန့်ခွဲမှုကို တစ်ပါတည်း တာဝန်ယူတဲ့အခါ ကိုယ်ကျိုးစီးပွားမှာ ပဋိပက္ခပြဿနာတက်ဖို့ အလားအလာ၊ အခြေအနေတွေရှိဖို့ လွယ်ကူမှာသာဖြစ်ပါတယ်။

အင်္ဂလန်နိုင်ငံရဲ့ လွှတ်တော်ထဲ အရွေးခံရတဲ့ အမတ်တွေဟာ အမတ်အဖြစ် ကျမ်းကျိန်တဲ့အချိန်မှာ မိမိရဲ့ပိုင်ဆိုင်မှုတွေကို ပွင့်ပွင့်လင်းလင်း ကြေညာရတယ်။ အခုလို ကြေညာပြီး လွှတ်တော်က အနားယူသွားတဲ့အခါ ပိုင်ဆိုင်မှုတွေကို တစ်ခါကြေညာရပြန်တယ်။ အခုလို လုပ်ရတဲ့အကြောင်းရင်းက နိုင်ငံရေးလုပ်တဲ့အတွက် မိမိရဲ့ပိုင်ဆိုင်မှုတွေ မတရားသဖြင့် ကြီးထွားလာမှု မရှိအောင် တားဆီးခြင်းဖြစ်တယ်။

အဲဒီလိုမျိုး မြန်မာနိုင်ငံမှာလည်း တစ်နေ့ကျရင် ဖြစ်လာလိမ့်မယ်လို့ မျှော်လင့်မိတာပါပဲ။ ကိုယ်ကျိုးစီးပွားရေးပဋိပက္ခနဲ့ပတ်သက်ပြီး အရေးကြီးတဲ့ကိစ္စတစ်ခုက ပွင့်လင်းမြင်သာမှုပဲဖြစ်တယ်။ ပွင့်လင်းမြင်သာမှုရှိခြင်းဟာ ရိုးသားဖြောင့်မတ်ခြင်းကို သရုပ်ဖော်ဆောင်နေတာ ဖြစ်တယ်။ ရှိတဲ့အတိုင်း ဖွင့်ဟနိုင်တဲ့ သတ္တိရှိရမယ်။ မရှိရင်လည်း မွေးရမယ်။ ငယ်ငယ်က ကြားဖူးတဲ့ ပုံပြင်ထဲမှာ ကလေးက ဘုရင်ကြီးရဲ့ခါးမှာ ပုဆိုးမရှိဘူးဆိုတာကို ပွင့်ပွင့်လင်းလင်းရဲရဲဝံ့ဝံ့ပြောရဲခဲ့တယ်။ ဘုရင်ကြီးအနီးမှာရှိတဲ့ မင်းညီမင်းသားတွေ၊ ဝန်ကြီးတွေ၊ ပညာရှင်တွေက ဘုရင်ကြီးကို မြှောက်ပြီး အင်မတန်ချောလှတယ်လို့ ဝိုင်းပြောကြတယ်။ ဘာကြောင့် ဒီလိုဖြစ်ရသလဲဆိုတာကို သုံးသပ်ကြည့်ရင် ကိုယ်ကျိုးစီးပွား ပဋိပက္ခမှုကြောင့်ဖြစ်တယ်။ မှန်တာကိုပြောရင် သူတို့ရဲ့စည်းစိမ်ဥစ္စာ၊ ရာထူးဂုဏ်တွေကို ထိခိုက်မှာစိုးလို့ အခုလို လိမ်ညာပြီးပြောခဲ့တာ ဖြစ်တယ်။

ကိုယ်ကျိုးစီးပွား ပဋိပက္ခပြဿနာဟာ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍအသီးသီးမှာ အကျုံးဝင်ပါတယ်။ ဒါကြောင့် ကျွန်တော်က ကိုယ်ကျိုးစီးပွား ပဋိပက္ခအကြောင်း ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးစေချင်တယ်။ မီဒီယာတွေထဲမှာလည်း ဖော်ထုတ်စေချင်တယ်။ တီဗွီ၊ ရေဒီယိုတွေမှာလည်း ပြောကြဟောကြစေချင်တယ်။ ကလေးငယ်တွေကအစ လူကြီးတွေအဆုံး ကိုယ်ကျိုးစီးပွားပဋိပက္ခအကြောင်း သိစေချင်တယ်။သတိထားစေချင်တယ်။ အမှန်ကတော့ ကိုယ့်အကြောင်းကိုသိအောင် သတိရှိဖို့လိုတယ်။ ကိုယ့်လိပ်ပြာသန့်တာပဲ။ သူများဘာထင်ထင် ဂရုမစိုက်ဘူးလို့ မတွေးသင့်ဘူး။ အမှန်တော့ ကိုယ်ကျိုးစီးပွား ပဋိပက္ခဟာ အမြင်တစ်ရပ်ဖြစ်တယ်။ အမြင်စောင်းမယ့် အမြင်မှားမယ့်ကိစ္စမျိုးလုံးဝမဖြစ်အောင် သတိထားရမှာဖြစ်တယ်။

ဒီဆောင်းပါးကို ဖတ်မိတဲ့သူတွေကို ပန်ကြားချင်တဲ့ကိစ္စတစ်ခုရှိပါတယ်။ ကိုယ်ကျိုးစီးပွားပဋိပက္ခ အကြောင်းဖတ်ပြီး မိမိတစ်ဦးချင်း အခုလို မဖြစ်အောင် သတိထားစေချင်တယ်။

ရိုးရိုးသားသား ပွင့်ပွင့်လင်းလင်း ဆန်းစစ်သုံးသပ်ပြီး သတိပြုစေချင်တာပါပဲ။ ။

သိန်းနီမြို့နယ်၌ ယာဉ်မောင်းလိုင်စင် မှတ်ပုံတင်လုပ်ငန်းများ နယ်လှည့်ကွင်းဆင်းဆောင်ရွက်

သိန်းနီ ဒီဇင်ဘာ ၁

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန တွဲဖက်ပြည်နယ်လားရှိုးမှ ပို့ဆောင်ရေးဦးစီးဌာနနှင့် မြန်မာ့အာမခံလုပ်ငန်းတို့ပူးပေါင်း၍ မော်တော်ယာဉ်နှင့် ဆိုင်ကယ်လိုင်စင်များကို သိန်းနီမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် နိုဝင်ဘာ ၂၈ ရက်က ကွင်းဆင်း ဆောင်ရွက်ပေးခဲ့သည်။ ထို့နောက် သိန်းနီမြို့ အထကကျောင်းရှိ ငွေရတုခန်းမတွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် ယာဉ်မောင်းလိုင်စင်များအကြောင်း ပညာပေးဟောပြောပွဲကျင်းပရာ ဒုတိယမြို့နယ်မှူး ဒုရဲမှူးကျော်သီဟက ယာဉ်မောင်းများ လိုက်နာရမည့်အချက်များနှင့် ပြစ်မှုပြစ်ဒဏ်များ၊ စခန်းမှူး ဒုရဲမှူး ဝင်းဇော်က ယာဉ်လိုင်စင်များအကြောင်း၊ သိန်းနီမြို့ ယာဉ်/စည်းအဖွဲ့မှ တပ်ကြပ်ကြီးသိန်းဝင်းက မော်တော်ဆိုင်ကယ်စီးသူများ လိုက်နာရမည့်အချက်များကို ဟောပြောသည်။

(မြို့နယ် ပြန်/ဆက်)

မြို့တွင်းသန့်ရှင်းလှပရေးနှင့် လမ်းတံတားများ ဖွံ့ဖြိုးတိုးတက်ရေး ကွင်းဆင်းကြီးကြပ်ဆောင်ရွက်

မြိတ် ဒီဇင်ဘာ ၁

မြိတ်မြို့တွင် သန့်ရှင်းသာယာလှပရေးနှင့် လမ်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများအား မြိတ်ခရိုင်အုပ်ချုပ်ရေးမှူး ဦးလွင်ကိုဦး၊ မြိတ်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဝင်းနှင့် မြိတ်မြို့နယ် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးဂွမ်နှင့်အဖွဲ့ဝင်များက နိုဝင်ဘာ ၃၀ ရက် နံနက် ၈ နာရီက ကွင်းဆင်း ကြီးကြပ်ဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ရာတွင် မြိတ်မြို့နယ်မှ ဆောင်ရွက်လျက်ရှိသော အောက်ရေပုန်းရပ် လမ်းမကြီး (၁၀၆၀×၁၂) ပေ၊ အထက်ရေပုန်းရပ် စပါးရွှေဝါလမ်း (၁၀၀၀ × ၁၈) ပေ၊ နောက်လယ်ရပ် ပိတောက်ရွှေဝါလမ်း ပေ(၈၀၀× ၂၀)ကိုလည်းကောင်း၊ ဆောင်ရွက်ပြီးစီးခဲ့သည့် အထက(၁)ကျောင်းလမ်း (၈၀၀ × ၁၈) ပေ ကို လည်းကောင်း ကွင်းဆင်းကြီးကြပ် ကြည့်ရှုခဲ့ကြသည်။

ယင်းနောက် မြိတ်မြို့နယ် စည်ပင်သာယာရေး ရန်ပုံငွေနှင့် ပြည်သူထည့်ဝင်ငွေဖြင့် ဆောင်ရွက်မည့် မြိတ်တောင်နယ်မြေ အဓိပတိလမ်း (၂၇၀၀ × ၁၂ ပေ)နှင့် ကလွင်ကျေးရွာ ဘိုးဘွားရိပ်သာလမ်း (၁၈၀၀×၁၂ ပေ) တို့တွင် လမ်းခင်းရန်အတွက် ပစ္စည်းစုဆောင်းထားရှိမှုကို ကွင်းဆင်းကြီးကြပ် ကြည့်ရှုခဲ့ကြပြီး ပြည်သူများမှ ကိုယ့်အားကိုယ်ကိုး ကွန်ကရစ်ခင်း ဆောင်ရွက်နေသည့် နောက်လယ်(၁၁)လမ်း (၄၂၀×၂၅ ပေ)ကို ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

(အပေါ်ပုံ) (ခရိုင်ပြန်/ဆက်)

မြန်မာ-ထိုင်းနှစ်နိုင်ငံ နယ်စပ်ဆက်ဆံရေးရုံးများတွင် ပူးပေါင်းဆောင်ရွက်မှုသင်တန်းပေး

တာချီလိတ် ဒီဇင်ဘာ ၁

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့၌ UNODC အစီအစဉ်ဖြင့် မြန်မာ-ထိုင်းနှစ်နိုင်ငံနယ်စပ်ဆက်ဆံရေး (BLO) ရုံးများတွင် တာဝန်ထမ်းဆောင်မည့်အရာရှိများ ပူးပေါင်းဆောင်ရွက်မှု သင်တန်းကို နိုဝင်ဘာ ၂၅ ရက်မှ ၂၉ ရက်အထိ မြန်မာနိုင်ငံ တာချီလိတ် မူးယစ်တပ်ဖွဲ့စု ၃၀ ရဲဗလအစည်းဝေးခန်းမနှင့် ထိုင်းနိုင်ငံ မယ်ဆိုင်မြို့ (BLO) ရုံးအစည်းအဝေးခန်းမ၌ကျင်းပသည်။

အဆိုပါသင်တန်းကို မြန်မာနိုင်ငံမှ M-PAC အတွင်းရေးမှူး ရဲမှူးကြီး အောင်ငွေးမြင့်နှင့် UNODC အဖွဲ့တို့ ဦးဆောင်၍ ထိုင်းနိုင်ငံ မယ်ဆိုင်မြို့နှင့် မြန်မာနိုင်ငံ တာချီလိတ်မြို့တို့တွင် ဖွင့်လှစ်ခဲ့ရာ မြန်မာနိုင်ငံနှင့်ထိုင်းနိုင်ငံတို့မှ သင်တန်းသား ၃၀ တက်ရောက်ခဲ့ကြသည်။

သင်တန်းတွင် နယ်မြေအတွင်း စောင့်ကြပ်ကြည့်ရှုခြင်း၊ ရှာဖွေသိမ်းဆည်းခြင်း၊ ပြန်လည်အစီရင်ခံခြင်း၊ သတင်းပေးသူထံမှ ရရှိသည့် မသင်္ကာသူသတင်းနှင့် ပတ်သက်၍ စောင့်ကြပ်ဖမ်းဆီးရှာဖွေရန် အဖွဲ့ငယ်များဖွဲ့စည်းခြင်း၊ တာဝန်ခွဲဝေခြင်းနှင့် စီမံချက်ရေးဆွဲခြင်း သင်ခန်းစာများကို ရှင်းလင်းဆွေးနွေးပို့ချပြီး လက်တွေ့ ဆောင်ရွက်ခြင်းများပြုလုပ်ခဲ့ကြောင်းသိရသည်။

မြင့်မိုရ်(တာချီလိတ်)

ဒီဇင်ဘာ ၁ ရက်က ပဲခူးမြို့တွင်း ယာဉ်အန္တရာယ်ကင်းရှင်းရေး အစဉ်တစိုက်ဆောင်ရွက်လျက်ရှိသော်လည်း ယာဉ်စည်းကမ်းမလိုက်နာသေးသည့် ခရီးသည် တင်ဆောင်ကားများ ယာဉ်မရပ်ရ နေရာများတွင် ခရီးသည်များ အတင်အချ ပြုလုပ်လျက်ရှိနေသေးသည်ကို တွေ့ရစဉ်။

(၁၈၃)

အမြို့မြို့အနယ်နယ် ပျံ့သည့်သတင်းစာ
မြန်မာ့အလင်း တွင် ကြော်ငြာပါ

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ဂျပန်နိုင်ငံအထက်လွှတ်တော်ဥက္ကဋ္ဌနှင့် တွေ့ဆုံဆွေးနွေး

နေပြည်တော် ဒီဇင်ဘာ ၁

ပြည်ထောင်စု လွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် လွှတ်တော်ရေးရာ ကော်မတီဥက္ကဋ္ဌများဖြစ်ကြသော ဦးဌေးဦး၊ ဦးမောင်မောင်သိမ်း၊ သူရဦးအောင်ကို၊ ဦးလှမြင့်ဦး၊ ဦးဌေးမြင့်၊ ဦးအောင်ထွန်း၊ ဒေါက်တာခင်ရွှေနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဂျပန်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးခင်မောင်တင်တို့ လိုက်ပါလျက် နိုဝင်ဘာ ၂၉ ရက် မွန်းလွဲပိုင်းတွင် ဂျပန်နိုင်ငံ အထက်လွှတ်တော်ဥက္ကဋ္ဌ Hon. Mr. Yamazaki နှင့်အထက်လွှတ်တော် အထူးဧည့်သည်တော်များ ခန်းမဆောင်၌ လွှတ်တော်ရေးရာကိစ္စရပ်များ၊ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။ **(အပေါ်ပုံ)**

ထို့နောက်ဂျပန်နိုင်ငံအထက် လွှတ်တော်ဥက္ကဋ္ဌက အထက်လွှတ်တော် အစည်း အဝေးခန်းမအတွင်း လိုက်လံရှင်းလင်း ပြသခဲ့သည်။

နိုဝင်ဘာ ၃၀ ရက်နံနက်ပိုင်းတွင် ပြည်ထောင်စုလွှတ်တော်နာယကနှင့် အဖွဲ့သည် တိုကျိုမြို့မှ ရထားဖြင့် ထွက်ခွာလာရာ Fukushima မြို့သို့ ရောက်ရှိကြပြီး ဖူကူရှီးမားခရိုင် အုပ်ချုပ်ရေးအဖွဲ့ရုံး (Prefectural Government) အစည်းအဝေးခန်းမ၌ တာဝန်ရှိသူများက ဖူကူရှီးမားမြို့ ငလျင်ဒဏ်ခံခဲ့ရမှု၊ ဆူနာမီဒဏ် ခံစားခဲ့ရမှု၊ နျူကလီးယားမတော်တဆဖြစ်မှုတို့ကြောင့် ဆုံးရှုံးထိခိုက်မှုနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများဆောင်ရွက်နေမှု၊ ကောလာဟလသတင်းများကြောင့် ဒေသထွက်ကုန်များဆုံးရှုံးမှုနှင့် လက်ရှိဆောင်ရွက်နေမှုများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စု လွှတ်တော်နာယကသည် ဖူကူရှီးမား ခရိုင်အုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ Mr. Hiraide နှင့်တွေ့ဆုံပြီး ဖူကူရှီးမား ခရိုင်အတွင်း ၂၀၁၁ခုနှစ်မတ်လတွင် ဖြစ်ပွားခဲ့သော မြေငလျင်ဒဏ်ခံခဲ့ရမှု၊ ဆူနာမီဒဏ်ခံစားရမှု၊ နျူကလီးယား မတော်တဆဖြစ်မှုတို့ကြောင့်ပျက်စီး ဆုံးရှုံးမှုများအတွက် စိတ်မကောင်း ဖြစ်ရပါကြောင်း၊ မိမိတို့နိုင်ငံတွင်လည်း ၂၀၀၈ခုနှစ်တွင် နာဂစ်ဆိုင်ကလုန်းမုန်တိုင်းဒဏ်ကြောင့် လူဦးရေ တစ်သိန်းကျော်သေဆုံးပြီး ပျက်စီးဆုံးရှုံးမှုများစွာဖြစ်ခဲ့ဖူး၍ များစွာ စာနာမိပါကြောင်း ပြောကြားခဲ့သည်။

ထို့နောက် ဖူကူရှီးမားခရိုင်ရှိ ကယ်ဆယ်ရေးစခန်း Odagaisama Centerသို့ရောက်ရှိပြီး ဒုက္ခသည်များ နေထိုင်ရာ ယာယီအိမ်ရာ (Temporary Housing) အတွင်းရှိ ဒုက္ခသည်များအား လိုက်လံအားပေး နှုတ်ဆက်ကာ နှစ်သိမ့်အားပေးဖျော်ဖြေမှုအစီအစဉ်များကို ဝင်ရောက်အားပေးခဲ့သည်။

ဆက်လက်၍ Odagaisama Center တာဝန်ရှိသူများက ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းဆောင်ရွက်နေမှုကို ရှင်းလင်းပြသသည်။

ထို့နောက် Fukushima မြို့ရှိ စိုက်ပျိုးရေး နည်းပညာဌာနသို့ ရောက်ရှိပြီး သုတေသနလုပ်ငန်းများအား လှည့်လည်ကြည့်ရှုလေ့လာကာ ဖူကူရှီးမားမြို့ Koriyama ဘူတာရုံမှ ရထားဖြင့်ပြန်လည်ထွက်ခွာလာရာ တိုကျိုမြို့သို့ ညပိုင်းတွင် ပြန်လည် ရောက်ရှိခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၂)'ဝ'ဒေသ မိုင်းပေါက်နှင့်ပန်ဆန်းမြို့တို့၌ ပြည်လုံးကျွတ်သန်းခေါင်စာရင်းဆိုင်ရာများ ရှင်းလင်းပြောကြား

နေပြည်တော် ဒီဇင်ဘာ ၁

ဗဟိုသန်းခေါင်စာရင်း ကော်မရှင်ဥက္ကဋ္ဌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးခင်ရီသည် နိုဝင်ဘာ ၂၅ ရက် နံနက် ၁၁ နာရီ ၄၅ မိနစ်တွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) အထူးဒေသ (၂) မိုင်းပေါက်မြို့ ခရိုင်အုပ်ချုပ်ရေးမှူးရုံးခန်းမ၌ 'ဝ'ဒေသ တိုင်းရင်းသားအဖွဲ့ မိုင်းပေါက်ခရိုင် အုပ်ချုပ်ရေးမှူး ဦးအိုက်စန်းနှင့် အဖွဲ့ဝင်များအားတွေ့ဆုံ၍ ၂၀၁၄ ခုနှစ် ပြည်လုံးကျွတ်သန်းခေါင်စာရင်း ကောက်ယူနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်နေမှုနှင့် မိုင်းပေါက်ဒေသအတွင်း စာရင်းကောက်ယူနိုင်ရေးအတွက် လိုအပ်သည်များ ကြိုတင် ပြင်ဆင်ဆောင်ရွက်နိုင်ရေး အခြေအနေများကို ဆွေးနွေးပြောကြားသည်။

ထို့နောက် ခရိုင်အုပ်ချုပ်ရေးမှူး ဦးအိုက်စန်းက သိရှိလိုသည်များကို မေးမြန်း၍ ပံ့ပိုးကူညီဆောင်ရွက်ပေးမည့်အခြေအနေများကို ရှင်းလင်းပြောကြားသည်။ **(ယာပုံ)**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ပန်ဆန်းမြို့ ပြည်သူ့ရင်ပြင် အစည်းအဝေးခန်းမ၌ 'ဝ'ဒေသ တိုင်းရင်းသားအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးရှောက်မီလျန်နှင့် အဖွဲ့ဝင်များအား တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင်'ဝ'ဒေသတိုင်းရင်းသားအဖွဲ့ဒုတိယဥက္ကဋ္ဌ ဦးရှောက်မီလျန်က ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူမည့်အစီအစဉ်များကို 'ဝ'ဒေသအတွင်းရှိတာဝန်ရှိသူများအား ရှင်းလင်းပြောကြားပြီးဖြစ်ကြောင်းနှင့် စာရင်းကောက်ယူမည့် လုပ်ငန်းစဉ်များ၊ ပံ့ပိုးကူညီဆောင်ရွက်ပေးရမည့် အခြေအနေများ၊ လုပ်ငန်းလိုအပ်ချက်များနှင့် သိရှိလိုသည်များကို ဆွေးနွေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ပြည်လုံးကျွတ်သန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်းစဉ်များ ကြိုတင်ပြင်ဆင်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့်အစီအစဉ်များ၊ ပံ့ပိုးကူညီဆောင်ရွက်ပေးရန် လိုအပ်ချက်များကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် UNFPA ဌာနေကိုယ်စားလှယ် Ms.Janet E-Jackson က သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းအပေါ် ကူညီဆောင်ရွက်ပေးနေမှုများကို ရှင်းလင်းပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ ၂၀၁၁၊ ၂၀၁၂ နှင့် ၂၀၁၃ ခုနှစ်များတွင် ပြောကြားခဲ့သည့် မိန့်ခွန်းများ စာအုပ်ထွက်ရှိ မြန်မာ့နိုင်ငံရေး စိတ်ဝင်စားသူတိုင်း လက်စွဲပြုရမည့်စာအုပ်ကောင်းတစ်အုပ်ဖြစ်

ပြည်သူလူထုမှ ရွေးချယ်တင်မြှောက်သည့် ဒီမိုကရေစီအစိုးရ တာဝန်ယူပြီးနောက်ပိုင်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ ၂၀၁၁ ခုနှစ်၊ ၂၀၁၂ ခုနှစ်နှင့် ၂၀၁၃ ခုနှစ်များအတွင်း ပြောကြားခဲ့သည့်မိန့်ခွန်းများကို စုစည်းပြီး ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းက စာအုပ်အဖြစ်စီစဉ်၍ ၂၀၁၃ ခုနှစ် ဒီဇင်ဘာလ ၁ ရက်နေ့မှစတင် ဖြန့်ချိရောင်းချမည်ဖြစ်သည်။

အဆိုပါစာအုပ်တွင် နိုင်ငံတော်သမ္မတ၏ ပြည်တွင်း၊ ပြည်ပခရီးစဉ်များ၊ လူထုအဖွဲ့အစည်းများနှင့် တွေ့ဆုံပွဲများ၊ မိဘပြည်သူများထံတင်ပြသည့် ရေဒီယိုမိန့်ခွန်းများအပါအဝင် ၂၀၁၁ ခုနှစ်၊ ၂၀၁၂ ခုနှစ်နှင့် ၂၀၁၃ ခုနှစ်အတွင်း ပြောကြားခဲ့သော မိန့်ခွန်းနှင့်အမှာစကား စုစုပေါင်း ၄၀ ကို စုစည်းထားခြင်းဖြစ်သည်။

ထည့်သွင်းဖော်ပြ

၂၀၁၃ ခုနှစ် ဩဂုတ်လ ၁ ရက်နေ့တွင် ပြောကြားသော နိုင်ငံတော်သမ္မတ၏ ရေဒီယိုမိန့်ခွန်းပါကောက်နုတ်ချက်ကိုဖော်ပြထားရာ နိုင်ငံတော်သမ္မတ၏ မိန့်ခွန်းများမှတစ်ဆင့် နိုင်ငံတော်အစိုးရက လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းစဉ်များနှင့် မိဘပြည်သူများအပေါ် ထားရှိသော စိတ်နေသဘောထားတို့ကို ထင်ရှားစွာတွေ့ရှိရမည် ဖြစ်ပေသည်-

"ကျွန်တော့်အနေနဲ့ ပြည်တွင်းငြိမ်းချမ်းရေးရအောင်၊ ဆင်းရဲနွမ်းပါးမှုလျော့ကျပြီး စီးပွားရေး ပြန်လည်ဖွံ့ဖြိုးတိုးတက်လာအောင် ကျွန်တော်တို့ရဲ့ မျိုးဆက်သစ်လူငယ်တွေအတွက် ပိုမိုကောင်းမွန်တဲ့အနာဂတ်တွေ ဖန်တီးပေးနိုင်ဖို့ တစိုက်မတ်မတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်"။

မိန့်ခွန်းနှင့် အမှာစကားတစ်ခုချင်းစီအလိုက် မှတ်တမ်းဓာတ်ပုံများဝေဝေဆာဆာ ထည့်သွင်းဖော်ပြထားရာ နိုင်ငံတော်သမ္မတ၏ မိန့်ခွန်းများကို အမှတ်တရစုစည်းထားလိုသူများနှင့် မြန်မာ့နိုင်ငံရေး၏ ဒီမိုကရေစီလမ်းကြောင်း အချိုးအကွေ့ကို စိတ်ဝင်စားသူတိုင်း လက်စွဲပြုရမည့် စာအုပ်ကောင်းတစ်အုပ်ဖြစ်ပါသည်။

စာမျက်နှာ ၂၆၈ မျက်နှာပါရှိသော အဆိုပါစာအုပ်ကို မျက်နှာဖုံးဒီဇိုင်း မြင့်မောင်ကျော် ရေးဆွဲ၍ ရွှေထီးပုံနှိပ်တိုက်တွင် ရိုက်နှိပ်ကာ တစ်အုပ်လျှင် ရောင်းဈေး ကျပ် ၃၅၀၀ နှုန်းဖြစ်ကြောင်း သိရသည်။

အင်္ဂလိပ်ဘာသာဖြင့်လည်းထုတ်ဝေမည်

အဆိုပါစာအုပ်ကို အင်္ဂလိပ်ဘာသာဖြင့် မကြာမီဆက်လက်ထုတ်ဝေသွားရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

ဆက်သွယ်ဝယ်ယူနိုင်

* စာပေဗိမာန်စာအုပ်ဆိုင်၊ အမှတ် (တ-၅၅)၊ သပြေကုန်းဈေး၊ နေပြည်တော်။ ဖုန်း ၀၆၇-၄၀၄၆၈၁
* စာပေဗိမာန်စာအုပ်ဆိုင်၊ ၅၂၉-၅၃၁၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း ၀၁-၂၄၉၀၃၁
* စာပေဗိမာန်စာအုပ်ဆိုင်၊ (၈၆)လမ်း၊ (၂၁)လမ်းနှင့် (၂၂) လမ်းကြား၊ မန္တလေးမြို့။ ဖုန်း ၀၂-၆၂၉၂၅၊ ၆၂၉၃၁
* သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း စာအုပ်ဆိုင်၊ ၁၇၃-၁၇၅၊ ပန်းဆိုးတန်း (အလယ်လမ်း)၊ ရန်ကုန်မြို့။ ဖုန်း ၀၉-၇၃၁၀၀၂၇၄
* အင်းဝစာပေ၊ အမှတ် (၂၀၀/၃၀၀)၊ ပန်းဆိုးတန်းလမ်း၊ ရန်ကုန်မြို့။ ဖုန်း ၀၁-၂၄၃၂၁၆၊ ၃၈၉၈၃၈
* **Tab Book Centre**၊ တော်ဝင်စင်တာ၊ ပြည်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၀၁-၈၆၀၀၀၄၃
* ထွန်းဦးစာပေဖြန့်ချိရေး၊ အမှတ် (၁၀၁)၊ (၈၄) လမ်း၊ (၂၉)လမ်းနှင့် လမ်း (၃၀) ကြား၊ မန္တလေး။ ဖုန်း ၀၂-၃၉၈၀၁၊ ၇၂၅၁၈
* နဂါးစာပေ၊ အမှတ် (၂၉/ခ)၊ (၈၃) လမ်း၊ (၂၉) လမ်းနှင့် လမ်း (၃၀)ကြား၊ မန္တလေး။

မြို့အသီးသီးရှိ စာပေဗိမာန် ကိုယ်စားလှယ်များထံတွင်လည်း ဆက်သွယ်ဝယ်ယူနိုင်ပါသည်။

ပြည်တွင်းသတင်း

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဧရာဝတီတိုင်းဒေသကြီး ငွေဆောင် မြို့နယ်ခွဲမှ ကျောင်းကုန်းမြို့နယ် အဆင့်မြင့်စံပြလယ်ယာ ရှင်းလင်းဆောင်၌ အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဒေသခံတောင်သူများ အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

※ ရှေ့ဖုံးမှ

အကောင်အထည်ဖော် ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးဦးမြင့်လှိုင်က နိုင်ငံတစ်ဝန်းလုံးတွင် လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် နိုင်ငံတော်သမ္မတကြီး၏ပြုပြင်ပြောင်းလဲရေးမူဝါချက်နှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်နေမှု၊ အိန္ဒိယနှင့် ဗီယက်နမ်နိုင်ငံတို့တွင် စက်မှုလယ်ယာစနစ်ကူးပြောင်းနိုင်ရေးအတွက် ဆောင်ရွက်နေမှုများကို လေ့လာပြီး မိမိနိုင်ငံအခြေအနေနှင့် ကိုက်ညီအောင် အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ ၂၀၁၂ ခုနှစ် ဩဂုတ်လတွင်နိုင်ငံတော်သမ္မတကြီး၏ ဧရာဝတီတိုင်းဒေသကြီးခရီးစဉ်တွင် လမ်းညွှန်ချက်အရ တိုင်းဒေသကြီးအတွင်း ရေကြီးနစ်မြုပ်မှု လျော့နည်းစေရန်အတွက် ရေနုတ်မြောင်းများနှင့် ချောင်းကော၊ မြောင်းကောများ တူးဖော်မှုအခြေအနေများ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချနိုင်ရေးအတွက် လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးသည် အရေးကြီးသောအခန်းကဏ္ဍမှ ပါဝင်နေမှု၊ တောင်သူလယ်သမားများအနေဖြင့် လယ်ယာကဏ္ဍ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များကို ယုံယုံကြည်ကြည်နှင့် ပူးပေါင်းဆောင်ရွက်ပါက လက်ငင်းအကျိုးဖြစ်ထွန်းနိုင်မှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

၂၀၁၂ ခုနှစ်အတွင်း ဧရာဝတီတိုင်းဒေသကြီးတွင် ရေကြီးနစ်မြုပ်မှုကြောင့် စပါးဧက ၂၇၀၀၀၀ ကျော် ရေမြုပ်ခဲ့ပြီး ၁၆၀၀၀၀ ကျော်ပျက်စီးခဲ့ကြောင်း၊ ၂၀၁၂-၂၀၁၃ ခုနှစ်တွင် နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်အရ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ရေနုတ်မြောင်း ၂၂၉ ဒသမ ၂ မိုင် တူးဖော်ခဲ့ပြီး အကျိုးပြုဧက ၂၀၆၀၀၀ ကျော်ကို ရေကြီးနစ်မြုပ်မှုမှ ကာကွယ်နိုင်ခဲ့ကြောင်း၊ ထို့ကြောင့် ယခုနှစ်မိုးရာသီတွင် ရေကြီးနစ်မြုပ်မှုကြောင့် စိုက်ဧက ၂၄၀၀၀ ကျော်သာ ပျက်စီးခဲ့ပြီး ယခင်နှစ်ထက် ပျက်စီးဆုံးရှုံးမှု ခြောက်ဆ လျော့နည်းခဲ့ကြောင်း၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် ဧရာဝတီတိုင်းဒေသကြီးအတွင်း ရေကြီးနစ်မြုပ်မှု လျော့နည်းစေရေးအတွက် ရေနုတ်မြောင်းတူးဖော်ခြင်းလုပ်ငန်း ၈၄ ခုကို ဆောင်ရွက်ခဲ့ပြီး ဆောင်ရွက်ဆဲလုပ်ငန်းမှာ ကိုးခုကျန်ရှိ၍ နောက်ထပ်လုပ်ငန်း ၁၇၁ ခုကိုလည်း ဆက်လက် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ဧရာဝတီတိုင်းဒေသကြီး၏ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်မှုနှင့် ရေကြီးနစ်မြုပ်မှုလျော့နည်းစေရန်အတွက် လုပ်ဆောင်ချက်များကို လေ့လာရန် လာရောက်ခြင်းဖြစ်ကြောင်း၊ ထို့အပြင်အစိုးရ၏ ရည်ရွယ်ချက်၊ ရည်မှန်းချက်နှင့် လုပ်ငန်းဆောင်ရွက်နေမှုများကိုလည်း ပြည်သူများအား အသိပေးလိုသည့်အတွက် လာရောက်ခဲ့ခြင်းဖြစ်ကြောင်း၊ ယနေ့အချိန်တွင် ရာသီဥတုပြောင်းလဲမှု၊ ပြင်းထန်သော သဘာဝဘေးဒဏ်ကျရောက်မှုနှင့် လူဦးရေ တိုးပွားလာမှုများကြောင့် နိုင်ငံတိုင်းက စားနပ်ရိက္ခာဖူလုံရေး (Food Security) ကို အလေးထားဆောင်ရွက်နေကြပါကြောင်း၊ မိမိတို့နိုင်ငံတွင်လည်း နောင်တိုးပွားလာမည့် လူဦးရေအတွက် စားနပ်ရိက္ခာဖူလုံရေးကို အလေးထားကြိုးပမ်းဆောင်ရွက်နေပါကြောင်း၊ ဧရာဝတီတိုင်းဒေသကြီးသည် နိုင်ငံ၏ ရိက္ခာဖူလုံရေးအတွက်သာမက ပြည်ပပို့ကုန် တိုးချဲ့ထုတ်လုပ်ရေးအတွက်လည်းအရေးပါကြောင်း၊ ယခုနှစ်တွင် မိမိတို့နိုင်ငံ၌ ဒေသအချို့တွင် မိုးခေါင်သကဲ့သို့ အချို့ဒေသများတွင်မူ ရေကြီးနစ်မြုပ်မှုများ ဖြစ်ပေါ်ခဲ့ရသဖြင့် နိုင်ငံတော်အစိုးရက တောင်သူလယ်သမားများအား ကူညီပံ့ပိုးမှုများ ပြုလုပ်ပေးခဲ့ရပါကြောင်း။

ဧရာဝတီတိုင်းဒေသကြီးအနေဖြင့် ၂၀၁၂ ခုနှစ် ရေကြီးနစ်မြုပ်မှုများနောက်ပိုင်းတွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက တိုင်းဒေသကြီးအတွင်း ရေကြီးနစ်မြုပ်မှု လျော့နည်းစေရေးအတွက် ရေနုတ်မြောင်း တူးဖော်ခြင်းလုပ်ငန်းများကို အချိန်အဟုန်ဖြင့်ဆောင်ရွက်ခဲ့သည့်အတွက် ယခုနှစ်တွင် ပျက်စီးဆုံးရှုံးမှု သိသိသာသာ လျော့နည်းခဲ့သည်ကိုတွေ့ရပါကြောင်း၊ မိမိတို့အစိုးရလက်ထက်တွင် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်မှုများ ဆောင်ရွက်နေခြင်းသည် ပြည်သူ့ဆန္ဒနှစ်ရပ်ဖြစ်သည့် တည်ငြိမ်အေးချမ်းပြီး တရားဥပဒေစိုးမိုးမှုရှိရန်နှင့် နိုင်ငံနှင့်ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရန်တို့ကို ဖြည့်ဆည်းပေးရန်ဖြစ်ကြောင်း၊ အဆိုပါဆန္ဒနှစ်ရပ်သည် မိမိတို့အစိုးရအဖွဲ့ ဆောင်ရွက်နေသည့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်၏ ရည်ရွယ်ချက်ပင်ဖြစ်ပြီး အဆိုပါဆန္ဒနှစ်ရပ်ကို ဖြည့်ဆည်းနိုင်ရေးသည် မိမိတို့အစိုးရအဖွဲ့၏ ရည်မှန်းချက်ပင်ဖြစ်ကြောင်း။

တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် ငြိမ်းချမ်းရေး တည်ဆောက်နေသကဲ့သို့ အားလုံးပါဝင်နိုင်သော နိုင်ငံရေးဖြစ်စဉ်တစ်ရပ်ပေါ်ပေါက်လာအောင် ကြိုးပမ်းဆောင်ရွက်နေပါကြောင်း၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ပြုပြင်ပြောင်းလဲမှုများပြုလုပ်နေပြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းစဉ်ကို ဦးစားပေးဆောင်ရွက်နေပါကြောင်း၊ ယခုဆောင်ရွက်နေသည့် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများသည် ကျေးလက်ပြည်သူများ ဝင်ငွေတိုးစေရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ပေါက်စေရန်ဖြစ်ကြောင်း။

ဧရာဝတီတိုင်းဒေသကြီးအနေဖြင့် စိုက်ပျိုးရေးကဏ္ဍသာမက စက်မှုဇုန်များ၊ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရန်အတွက် အလားအလာကောင်းများစွာရှိနေပါကြောင်း၊ ထိုအခွင့်အရေးများကို အရယူနိုင်ရန်အတွက် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရန် လိုအပ်ကြောင်း၊ ကျေးလက်ပြည်သူများ ဝင်ငွေတိုးတက်လာသည်နှင့်အမျှ ပညာရေး၊ ကျန်းမာရေး အဆင့်အတန်းများလည်း ပိုမိုမြင့်မားလာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် လယ်ယာကဏ္ဍ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များကို ဝိုင်းဝန်းအကောင်အထည်ဖော်ဆောင်ရွက်သကဲ့သို့ မိမိတို့ဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း မှန်မှန်ကန်ကန် ဆောင်ရွက်ရန်လိုကြောင်း၊ မိမိတို့အတွက် ဖူလုံရုံသာမက ပိုလျှံအောင် မိမိတို့စွမ်းအားများကို အပြည့်အဝအသုံးချရန် တိုက်တွန်းလိုပါကြောင်း။

နိုင်ငံတိုးတက်ဖွံ့ဖြိုးရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးများ ဆောင်ရွက်ရာတွင် စည်းလုံးညီညွတ်စွာဆောင်ရွက်ရန်လိုအပ်ကြောင်း၊ မိမိတို့လူ့အဖွဲ့အစည်းတွင် စည်းလုံးညီညွတ်မှု အားနည်းခဲ့သည့်အတွက် လွတ်လပ်ရေးကြိုးပမ်းမှုကာလကပင် စတင်ပြီး အကွဲအပြဲများ ပေါ်ပေါက်ခဲ့ရသည်ကို တွေ့နိုင်ပါကြောင်း၊ **မိမိတို့အနေဖြင့် ပူးပေါင်းဆောင်ရွက်မှု အားနည်းခြင်း၊ အခြားသူများ၏ အောင်မြင်မှုကို အသိအမှတ်မပြုလိုခြင်း၊ ဘုံအကျိုးစီးပွားအပေါ်တွင် ပူးပေါင်း ဆောင်ရွက်ရမည့်အစား**

Myanmar PGA Development ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၁

မြန်မာ ပရော်ဖက်ရှင်နယ် ဂေါက်သီး အားကစားဖွံ့ဖြိုးတိုးတက်လာစေရေးနှင့် မြန်မာဂေါက်သီးရိုက်ကစားသမားများ အရည်အချင်း စဉ်ဆက်မပြတ် တိုးတက်နေစေရန် ရည်ရွယ်၍ Best Tech Golfers Group မှ အဓိကကူညီပံ့ပိုးသော Myanmar Professional Golfers Development Tournament ကို ၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၆ ရက်မှ ၇ ရက်အထိ ရန်ကုန်မြို့ မင်္ဂလာဒုံမြို့နယ်ရှိ Royal Mingalardon Golf & Country Club ၌ ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲမှာ ၃၆ ကျင်းပြိုင်ပွဲဖြစ်ပြီး ပြိုင်ပွဲသို့ ပါဝင်ယှဉ်ပြိုင်လိုသည့် Myanmar PGA အသင်းဝင်များသည် ဒီဇင်ဘာ ၄ ရက် နောက်ဆုံးထား၍ ဦးမျိုးဝင်းထွန်း ဖုန်း-၀၉-၅၁၂၁၈၄၁ သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်သည်။ ပြိုင်ပွဲဖြစ်မြောက်အောင်မြင်ရေးအတွက် Royal Min- galardon Golf & Country Club မှလည်း ကူညီပံ့ပိုးပေးထားကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

အီးပီအယ်လ်ပွဲစဉ်(၁၃) စပါးနှင့်မန်ယူတစ်မှတ်စီခွဲယူ

သီဟ - ရေးသည်

လန်ဒန် ဒီဇင်ဘာ ၁

အင်္ဂလိပ်ပရီမီယာလိဂ်ပွဲစဉ် (၁၃) တနင်္ဂနွေနေ့ အစောပိုင်းပွဲအဖြစ် စပါးကွင်း၌ မန်ယူတို့ သွားရောက်ကစားခဲ့ရာ နှစ်ဂိုးစီသရေဖြစ်ခဲ့သည်။

ပွဲစသည်နှင့် စပါးတို့ အနိုင်ရရှိရေး ဖိကစားခဲ့ရာ ၁၈ မိနစ်တွင် ဝေါကာက အဖွင့်ဂိုးသွင်းယူခဲ့သည်။ ထို့နောက် မန်ယူတို့ တန်ပြန်ကစားရင်း ၃၂ မိနစ်တွင် စပါးနောက်ခံလူ ဖျက်ထုတ်ရာမှတစ်ဆင့် ရွှန်းနေကပိတ်သွင်းခဲ့သည်။ ဒုတိယပိုင်း ၅၄ မိနစ်တွင် စပါးမှ ဆန်ဒရိုက မန်ယူဂိုး ယာဘက်သို့ အမြောက်ကန်သွင်း၍ ဒုတိယဂိုးသွင်းကာ ဦးဆောင်ကစားခဲ့သည်။ ၅၇ မိနစ်တွင် မန်ယူတို့ ထိုးဖောက်ကစားရင်း ဂိုးဧရိယာအတွင်း ဝဲဘက်ကို စပါးဂိုးသမားက ဆွဲလှဲသလို ဖြစ်သဖြင့် မန်ယူတို့ ပယ်နယ်တီကန်ခွင့်ရခဲ့ရာ ရွှန်းနေက သွင်းယူ၍ နှစ်ဂိုးစီသရေဖြစ်ခဲ့သည်။ ပွဲပြီးချိန်အထိ နှစ်သင်းစလုံးဂိုးထပ်မံမသွင်းနိုင်၍ သရေဖြင့် ပြီးဆုံးခဲ့ပြီး ဖိအားများနေသော စပါးနည်းပြဘိုအက်အတွက် စိတ်သက်သာစရာဖြစ်ခဲ့သည်။ အခြားပွဲတွင် ဟားလ်စီးတီးက လီဗာပူးကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

မန်ယူမှရွှန်းနေ စပါးဘက်သို့ ပထမချေပဂိုး သွင်းယူနေစဉ်။

ဧရာဝတီတိုင်းဒေသကြီးအတွင်း ရေကြီးနစ်မြုပ်မှုလျော့
ရေနုတ်မြောင်းတူးခြင်း၊ ချောင်းကောမြောင်းကော

စဉ်	ခရိုင်/မြို့နယ်	လုပ်ငန်းအရေအတွက်		
		ပြီး	ဆဲ	မည့်
	ဧရာဝတီတိုင်းဒေသကြီး	၈၄	၉	၇၈
၁။	ပုသိမ်			
၂။	ကန်ကြီးထောင့်	၃၅		၂၅
၃။	သာပေါင်း	၂	၂	၄
၄။	ငပုတော			
၅။	ကျုံပျော်		၁	
၆။	ရေကြည်	၁၁		
၇။	ကျောင်းကုန်း	၁၁	၁	၂
	ပုသိမ်ခရိုင်ပေါင်း	၅၉	၄	၃၁
၈။	မြောင်းမြ			
၉။	အိမ်မဲ			
၁၀။	ဝါးခယ်မ			
	မြောင်းမြခရိုင်ပေါင်း			

ရန်ကုန် ဒီဇင်ဘာ ၁

ဒဂုံတက္ကသိုလ်နှင့် Power Control and Optimization (PCO) Corporation(IPO 285080), Asia Pacific Society for Solar and Hybrid Technologies (APSSAHT), American Institute of Physics (AIP) တို့ ပူးပေါင်း၍ "The Seventh Global Conference on Power Control and Optimization" ခေါင်းစဉ် နိုင်ငံတကာသုတေသနစာတမ်း

ားလာမည်ဖြစ်
လယ်ယာကဏ္ဍ
လုပ်ငန်းစဉ်
ကောင်အထည်
သို့ မိမိတို့ဘ၀
အတွက်လည်း
ဆောင်ရွက်ရန်
အတွက် ဖူလုံရုံ
မိမိတို့စွမ်းအား
၀အသုံးချရန်
င်း။
ဖွံ့ဖြိုးရေး၊ ဒေသ
း ဆောင်ရွက်
သွတ်စွာဆောင်
င်း၊ မိမိတို့
စည်းလုံး
ခဲ့သည့်အတွက်
မှုကာလကပင်
ျား ပေါ်ပေါက်
ပါကြောင်း၊ **မိမိ**
င်းဆောင်ရွက်မှု
ခြားသူများ၏
သိအမှတ်မပြု
ပွားအပေါ်တွင်
က်ရမည့်အစား

ကိုယ်ကျိုးစီးပွားများကို ဦးစားပေးခြင်း စသည့်စိတ်ဓာတ်များကိုပြင်ဆင်ရန်လိုအပ်ကြောင်း၊ မင်းသားကြီးမလုပ်ရသဖြင့် ပတ်မကြီးထိုးဖောက်သည့် နိမ့်ကျသည့် စိတ်ဓာတ်များကို ဖျောက်ဖျက်ရန် လိုအပ်ကြောင်း၊ မိမိတို့အစိုးရအဖွဲ့အနေဖြင့် ပြည်သူ့ဆန္ဒနှစ်ရပ်ကို အကောင်အထည်ဖော်နိုင်ရန်အတွက် စီမံချက်ချပြီး စနစ်တကျ ဆောင်ရွက်နေပါကြောင်း၊ လက်တန်းဆောင်ရွက်ခြင်း၊ စိတ်ကူးပေါ်ရာ လုပ်ကိုင်ခြင်းမဟုတ်ပါကြောင်း၊ ပြီးခဲ့သည့်နှစ်နှစ်ခွဲကျော်ကာလအတွင်း ဆောင်ရွက်ချက်များကို ပြန်လည်လေ့လာပါက နိုင်ငံရေး၊ စီးပွားရေး၊ နိုင်ငံတကာဆက်ဆံရေး အခြေအနေများတွင် တိုးတက်မှု ရှိ မရှိ၊ မှန်ကန်မှု ရှိ မရှိ သိနိုင်ပါကြောင်းဖြင့် ပြောကြားခဲ့သည်။

ယင်းနောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ပုလဲသွယ်စပ်မျိုးပါးဧက ၅၀ စာ မျိုးများကို တောင်သူ ဦးခင်မောင်၊ အထွက်ကောင်းပဲတီစိမ်းဧက ၄၀ စာ မျိုးများကို တောင်သူ ဦးကြင်ငြိမ်းနှင့် အထွက်ကောင်းနှမ်း ၁၀ ဧကစာ မျိုးများကို တောင်သူ ဦးဝင်းအောင်တို့အား လက်ရောက်ပေးအပ်သည်။

ထို့နောက် ဒေသခံတောင်သူများကိုယ်စား ကျောင်းကုန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းထွန်းက ကျေးဇူးတင်စကားပြောကြားရာတွင် ကျောင်းကုန်းမြို့နယ်တွင် လူဦးရေ တစ်သိန်းခွဲကျော်ရှိပြီး ၉၀ ရာခိုင်နှုန်းသည် ကျေးလက်နေပြည်သူများဖြစ်ကာ လယ်ယာစိုက်ပျိုးရေးကို အဓိကလုပ်ကိုင်ပါကြောင်း၊ စပါးစိုက်ဧက ၁၁၀၀၀၀ ကျော်ရှိပြီး ရေတော်မိုးတော် စိုက်ဧက ၉၀၀၀၀ ကျော်ရှိပါကြောင်း၊ နှစ်စဉ်ရေကြီးနစ်မြုပ်မှုကြောင့် ဧက ၃၀၀၀၀ ကျော်ပျက်စီးဆုံးရှုံးသဖြင့် တောင်သူလယ်သမားများ ထိခိုက်နစ်နာမှုကြီးမားခဲ့ပါကြောင်း၊ ၂၀၁၂ ခုနှစ်တွင် ပြည်ထောင်စုအစိုးရအဖွဲ့နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့တို့မှ တိုင်းဒေသကြီးအတွင်း ရေနုတ်မြောင်းများ တူးဖော်ပေးခဲ့သည့်အတွက် ရေကြီးနစ်မြုပ်မှု သိသိသာသာလျော့နည်းသွားပြီး စပါးများ ပျက်စီးမှုမရှိသည့်အတွက် နိုင်ငံတော်သမ္မတကြီးနှင့် တာဝန်ရှိသူများကို အထူးကျေးဇူးတင်ရှိပါကြောင်း၊ ယခုရောက်ရှိနေသည့် အောင်မင်္ဂလာရိုးပတ်ဝန်းကျင်လယ်မြေများသည် ယခင်က ရေကြီးနစ်မြုပ်ပြီး စိုက်ပျိုးအောင်မြင်ရန် မသေချာသည့် လယ်မြေများဖြစ်ကြောင်း၊ ယခု ဝန်ကြီးဌာန အစီအစဉ်ဖြင့် စံပြလယ်ယာဧက ၁၀၀ ကို ဖော်ထုတ်ခဲ့ရာတွင် မယုံကြည်နိုင်လောက်သည့် အောင်မြင်မှုများ ရရှိခဲ့သည်ကို တွေ့ရပါကြောင်း၊ ယခုကဲ့သို့ အဆင့်မြင့် စံပြလယ်ယာများ ဖော်ထုတ်ရေးကို ဦးစားပေးဆောင်ရွက်ပေးပါရန် တောင်သူလယ်သမားများ၏ဆန္ဒအရ တင်ပြလိုပါကြောင်း၊ အထွက်ကောင်းမျိုးများ လွယ်ကူလုံလောက်စွာ ရရှိစေရန်နှင့် အရည်အသွေးပြည့်မီသော ဓာတ်မြေဩဇာများ လုံလောက်စွာရရှိရေးအတွက်လည်း ဆောင်ရွက်ပေးနိုင်ပါရန် လေးစားစွာ တင်ပြလိုပါကြောင်း၊ လယ်ယာမြေများ မှတ်ပုံတင်ခြင်း၊ ရေနုတ်မြောင်းများ ဖောက်လုပ်ပေးခြင်းနှင့် အဆင့်မြင့်စံပြလယ်ယာများ ဖော်ထုတ်ပေးခြင်းများသည် တောင်သူလယ်သမားများအတွက် အကျိုးရှိစေသည့် လုပ်ငန်းများဖြစ်သည့်အတွက် တောင်သူလယ်သမားများကိုယ်စား အထူးကျေးဇူးတင်ရှိပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် အခမ်းအနားသို့ တက်ရောက်လာကြသည့် ဒေသခံတောင်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ပြီး အောင်မင်္ဂလာရိုးအပါအဝင် ရေထုတ်မြောင်းများ တူးဖော်မည့်နေရာပြမြေပုံနှင့် အောင်မင်္ဂလာအဆင့်မြင့် စံပြစက်မှုလယ်ယာဧက ၁၀၀ ဖော်ထုတ်ထားမှုကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် ရဟတ်ယာဉ်ဖြင့် ပြန်လည်ထွက်ခွာလာရာ ရန်ကုန်လေဆိပ်သို့ရောက်ရှိပြီး ထိုမှတစ်ဆင့် အထူးလေယာဉ်ဖြင့် ဆက်လက်ထွက်ခွာရာ နေပြည်တော်သို့ မွန်းလွဲပိုင်းတွင် ရောက်ရှိကြသည်။

(သတင်းစဉ်)

...နစ်မြုပ်မှုလျော့နည်းစေရေးအတွက်
...ဘမြောင်းကောမျာတူးဖော်ခြင်း

လုပ်ငန်းအရေအတွက် (ဆဲ)	မည့်	ပေါင်း	မှတ်ချက်
၉	၇၈	၁၇၁	
	၂၅	၆၀	
၂	၄	၈	
၁		၁	
		၁၁	
၁	၂	၁၄	
၄	၃၁	၉၄	

စဉ်	ခရိုင်/မြို့နယ်	လုပ်ငန်းအရေအတွက်				မှတ်ချက်
		ပြီး	ဆဲ	မည့်	ပေါင်း	
၁၁။	လပွတ္တာ					
၁၂။	မော်လမြိုင်ကျွန်း					
	လပွတ္တာခရိုင်ပေါင်း					
၁၃။	ကြံခင်း			၃	၃	
၁၄။	မြန်အောင်			၄	၄	
၁၅။	အင်္ဂပူ			၄	၄	
၁၆။	ဟင်္သာတ			၁၅	၁၅	
၁၇။	လေးမျက်နှာ	၇	၂		၉	
၁၈။	ဇလွန်			၁	၁	
	ဟင်္သာတခရိုင်ပေါင်း	၇	၂	၂၇	၃၆	
၁၉။	မအူပင်	၁		၄	၅	
၂၀။	ညောင်တုန်း	၂	၁	၃	၆	
၂၁။	ပန်းတနော်	၁၂	၁	၅	၁၈	
၂၂။	ဓနုဖြူ	၁			၁	
	မအူပင်ခရိုင်ပေါင်း	၁၆	၂	၁၂	၃၀	
၂၃။	ဖျာပုံ	၂	၁	၈	၁၁	
၂၄။	ကျိုက်လတ်					
၂၅။	ဘိုကလေး					
၂၆။	ဒေးဒရဲ					
	ဖျာပုံခရိုင်ပေါင်း	၂	၁	၈	၁၁	

ation (PCO)
or Solar and
te of Physics
ce on Power
တသနစာတမ်း

ဒဂုံတက္ကသိုလ်တွင် နိုင်ငံတကာသုတေသနစာတမ်းဖတ်ပွဲကျင်းပမည်

ဖတ်ပွဲကို ဒီဇင်ဘာ ၂ ရက် နံနက် ၉ နာရီမှ ဒီဇင်ဘာ ၄ ရက်အထိ ဒဂုံတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပမည်ဖြစ်သည်။

စာတမ်းဖတ်ပွဲသို့ တက်ရောက်လာကြသော နိုင်ငံတကာတက္ကသိုလ်အသီးသီးရှိ သုတေသနပညာရှင်များ၊ ပြည်တွင်းတက္ကသိုလ်များမှ ပါမောက္ခများ၊ ဆရာ ဆရာမများ၊ စီးပွားရေးလုပ်ငန်းရှင်များက သက်ဆိုင်ရာနယ်ပယ်အလိုက် ပညာရပ်ဆိုင်ရာ စာတမ်းများဖတ်ကြားခြင်း၊ နည်းပညာအသစ်များကို နှီးနှောဖလှယ်ခြင်းအားဖြင့် မိမိတို့၏ သုတေသနလုပ်ငန်းများတွင် များစွာအထောက်အကူပြုနိုင်ရန်အတွက် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

(မြန်မာ့အလင်း)

ပြည်တွင်းသတင်း

လူသားချင်းစာနာထောက်ထားရေးဆိုင်ရာလုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် သဘောထားအမြင်များ ဆွေးနွေး

နေပြည်တော် ဒီဇင်ဘာ ၁

နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသက်နိုင်ဝင်းအား ကုလသမဂ္ဂလူသားချင်းစာနာထောက်ထားရေးဆိုင်ရာ ညှိနှိုင်းရေးမှူးရုံး (UNOCHA) မှ ရုံးအကြီးအကဲဖြစ်သူ Ms. Barbara Manzi နှင့်အဖွဲ့အား နိုဝင်ဘာ ၂၉ ရက် နံနက် ၁၀ နာရီခွဲတွင် လည်းကောင်း၊ ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR) မှ ဒေသဆိုင်ရာပူးပေါင်းဆောင်ရွက်သူ Mr. James Lynch ဦးဆောင်သောအဖွဲ့သည် မွန်းတည့် ၁၂ နာရီတွင်လည်းကောင်း ပြည်ထောင်စုဝန်ကြီးရုံး ဧည့်ခန်းမ၌ သီးခြားစီလာရောက်တွေ့ဆုံခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီးက (UNCHA) မှ ရုံးအကြီးအကဲနှင့်အဖွဲ့အား တွေ့ဆုံရာတွင် ရခိုင်ပြည်နယ်အတွင်း ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများအနေဖြင့် လူသားချင်း စာနာထောက်ထားသည့် အကူအညီ၊ ယာယီအဆောက်အအုံ၊ ပညာရေး၊ ကျန်းမာရေး၊ စားနပ်ရိက္ခာ၊ ရေနှင့်သန့်ရှင်းရေးဆိုင်ရာ၊ နိုင်ငံတကာအဖွဲ့အစည်းများအလိုက် ထောက်ပံ့ကူညီ ဆောင်ရွက်ပေးနေသည့် အသေးစိတ် အခြေအနေများ၊ လူသားချင်း စာနာထောက်ထားရေးဆိုင်ရာ လုပ်ငန်းစဉ်များ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် သဘောထားအမြင်များအား ဆွေးနွေးခဲ့သည်။

အလားတူ (UNHCR)မှ ဒေသဆိုင်ရာ ပူးပေါင်းဆောင်ရွက်သူနှင့်အဖွဲ့အား တွေ့ဆုံရာတွင် ပြည်ထောင်စုအစိုးရမှ ဆောင်ရွက်နေသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် ချင်းပြည်နယ်များရှိ ဒုက္ခသည်များအား ပြန်လည်နေရာချထားရေးဆိုင်ရာ ကိစ္စရပ်များအား ဆွေးနွေးခဲ့သည်။

ရခိုင်ပြည်နယ်အတွင်းရှိ နှစ်ဖက်လူ့အဖွဲ့အစည်းများအတွက် ကုလသမဂ္ဂ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ နိုင်ငံတကာမဟုတ်သောအဖွဲ့အစည်းများ စုစုပေါင်း ၁၉ ဖွဲ့သည် ပဋိပက္ခရှောင်ရွှေ့ပြောင်းနေထိုင်ကြသူများအတွက် စခန်းအသီးသီးတွင် သက်ဆိုင်ရာ ကဏ္ဍများအလိုက် လူသားချင်း စာနာသောအထောက်အကူများပေးအပ်ခြင်း၊ စားနပ်ရိက္ခာထောက်ပံ့ခြင်း၊ ပညာရေး၊ ကျန်းမာရေး၊ မိခင်နှင့်ကလေး ကျန်းမာရေး၊ ရေနှင့်သန့်ရှင်းရေး စသည့်လုပ်ငန်းစဉ်များတွင် ဌာနအသီးသီးနှင့် ပူးပေါင်း ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးကျော်သူ အခြေခံပညာဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ် (၅၄) သင်တန်းဆင်းပွဲ အခမ်းအနားတွင် သင်တန်းသား သင်တန်းသူ ဆရာ ဆရာမများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

ပညာရေးပြုပြင်ပြောင်းလဲမှုလုပ်ငန်းနှင့် ပတ်သက်ပြီး နိုင်ငံတော်က စီစဉ်ဆောင်ရွက်နေမှုကို သေသေချာချာသိရှိရန် လိုအပ်

နေပြည်တော် ဒီဇင်ဘာ ၁

အခြေခံပညာဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ် (၅၄) သင်တန်းဆင်းပွဲ အခမ်းအနားကို နိုဝင်ဘာ ၃၀ ရက် နံနက် ၉ နာရီက ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)၌ ကျင်းပရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဦးကျော်သူက အမှာစကားပြောကြားရာတွင် နိုင်ငံတော်အကြီးအကဲများ၏ လမ်းညွှန်မှာကြားချက်များ၊ ပညာရေးပြုပြင်ပြောင်းလဲမှု လုပ်ငန်းနှင့် ပတ်သက်ပြီး နိုင်ငံတော်က စီစဉ်ဆောင်ရွက်နေမှုကို သေသေချာချာ သိရှိထားကြရန် အထူးလိုအပ်ကြောင်း၊ ပညာရေးနှင့် သက်ဆိုင်သည့် ပထမဦးဆုံးအလုပ်ရုံဆွေးနွေးပွဲကို ၂၀၁၁ ခုနှစ် မေလအတွင်းက ပညာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ပြီး အဆင့်မြင့်ပညာကဏ္ဍမှာ တက္ကသိုလ်အားလုံးရဲ့ ပညာသင်နှစ်ကို တစ်နှစ်စီတိုးမြှင့်ခဲ့ပါကြောင်း၊ အရည်အသွေးမမီခဲ့သည့် တက္ကသိုလ်ပညာရေးကို မြှင့်တင်နိုင်အောင် အရေးအတွက်အားဖြင့် တစ်နှစ်စာသင်ချိန်တိုးပေးလိုက်လျှင် သင်ကြားလေ့လာချိန် တစ်နှစ်ပိုရပြီး အရည်အသွေး ပိုလာလိမ့်မည်ဆိုသည့် မျှော်လင့်ချက်နှင့် တိုးခဲ့ခြင်းဖြစ်ကြောင်း၊ အခြေခံပညာကဏ္ဍမှာ အခမဲ့မသင်မနေရ မူလတန်းပညာရေး လုပ်ငန်းစဉ်၊ ကျောင်းသားများအတွက် ပညာသင်ဆု (Stipend)၊ ပညာသင်ထောက်ပံ့ကြေး(Scholarship)အစီအစဉ်များ၊ အရင်ကရှိခဲ့သည့် လူရည်ချွန်လိုဘက်စုံထူးချွန်ဆု ချီးမြှင့်ရေးအစီအစဉ်၊ ပုဂ္ဂလိကပညာသင်ကျောင်းဆိုင်ရာ ဥပဒေစသည့်ပြုပြင်ပြောင်းလဲမှုများကို ပြုလုပ်နိုင်ခဲ့ပါကြောင်း၊ အဲဒီထက် ပိုပြည့်စုံတဲ့အခြေအနေတစ်ခုရအောင် ဘက်စုံလွှမ်းခြုံနိုင်သော ပညာရေးကဏ္ဍ လေ့လာသုံးသပ်ရေးလုပ်ငန်း (Comprehensive Education Sector Review-CESR)ဆိုင်ရာ ဆွေးနွေးပွဲတစ်ရပ်ကို ၂၀၁၂ ခုနှစ် အောက်တိုဘာလအတွင်းက နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(MICC)၌ ကျင်းပခဲ့ကြောင်း၊ ပညာရေးကဏ္ဍ အရည်အသွေးမြင့်မားသည့် တိုင်းပြည်ဟာ နိုင်ငံကြီးချင်း/ငယ်ချင်းက တစ်ပိုင်း၊ အဲဒီနိုင်ငံ၏ လူ့စွမ်းအားအရည်အသွေးအနိမ့်အမြင့်ပေါ် မူတည်ပြီး ဖွံ့ဖြိုးနေကြသည်ကို တွေ့ရမှာဖြစ်ပါကြောင်း၊ ပညာအရည်အသွေးမြင့်မားတဲ့ နိုင်ငံဟာ ရေရှည်တည်တံ့တဲ့စီးပွားရေးဖွံ့ဖြိုးမှုရှိပြီး တစ်ခါဖွံ့ဖြိုးသည့်နိုင်ငံဟာ အရည်အသွေးမြင့်သည့်ပညာရေးကို ဖြည့်ဆည်းပေးနိုင်စွမ်းရှိတာကို တွေ့ရပါကြောင်း၊ အဲဒီစကားဝိုင်းသံသရာ ထဲရောက်အောင် မိမိတို့ဦးတည်သွားဖို့လိုအပ်ပါကြောင်း၊ တစ်နည်းအားဖြင့် ပညာရေးအရည်အသွေး အနိမ့်အမြင့်နှင့် စီးပွားရေးအနိမ့်အမြင့်တို့ တိုက်ရိုက်အချိုးကျနေပါကြောင်း၊ အာဆီယံနိုင်ငံများနှင့် ကမ္ဘာ့နိုင်ငံများမှာ လက်တွေ့မြင်နေရပါကြောင်း၊ ဒါကြောင့် ပညာရေး ဝန်ထမ်းသင်တန်းသား သင်တန်းသူ ဆရာ ဆရာမများအနေဖြင့် အသား တင်ကျောင်းအပ်နှုန်းနှင့် ကျောင်းနေမြဲနှုန်းမြင့်မားရေး၊ ကျောင်းထွက်နှုန်းလျော့နည်းရေး၊ ကျောင်းသားကျောင်းသူများအား ထိရောက်စွာ သင်ကြားရေး၊ ဆရာ ဆရာမတို့၏ သင်ကြားမှု စွမ်းရည်မြင့်မားရေးတို့ကို ကြိုးပမ်းဆောင်ရွက်ကြရမှာ ဖြစ်ကြောင်း၊ ကျောင်းအုပ်၊ မြို့နယ်/ခရိုင်ပညာရေးမှူးများနှင့် တိုင်းဒေသကြီး/ပြည်နယ် ပညာရေးညွှန်ကြားရေးမှူးများ စီမံခန့်ခွဲရေးဆိုင်ရာနှင့် ဘဏ္ဍာရေးဆိုင်ရာ စွမ်းရည်မြင့်မားရေးတို့အတွက် ပူးပေါင်းပါဝင် အကောင်အထည်ဖော်ကြရန် မှာကြားကာ ထူးချွန်ဆုရသင်တန်းသား သင်တန်းသူများအားဆုများချီးမြှင့်ပြီး သင်တန်းဆင်းအောင်လက်မှတ်များကို တပ်ခွဲအလိုက်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မန္တလေးနှင့်အထက်မြန်မာပြည်သတင်း

မလှိုင်မြို့၌ ဗုဒ္ဓဂယာပုံစံတူ မဟာဗောဓိစေတီ တည်ထားကိုးကွယ်

မလှိုင် ဒီဇင်ဘာ ၁

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ်ရှိ ဒေသခံပြည်သူနှင့် ခရီးသွားဘုရားဖူးဧည့်သည်များ ဖူးမြော်နိုင်ရန် ရှစ်မျက်နှာကျောင်းဝင်းအတွင်း၌ ဗုဒ္ဓဂယာပုံစံတူမဟာဗောဓိစေတီတည်ထားသည်။ စေတီတည်ထားမှုများကို ရှစ်မျက်နှာကျောင်းတိုက်ဆရာတော်က မဟာဗောဓိစေတီတော်ကို ၁၃၇၄ ခုနှစ် ပြာသိုလဆန်း ၇ ရက် ညနေက မြေသန့်မင်္ဂလာအခါတော်ကို မန္တလေးမြို့ ဒဟတ္တောဆရာတော်၊ ပတ္တမြားဆရာတော်တို့၏ ဦးဆောင်မှုဖြင့် မြေသန့်မင်္ဂလာပြုတော်မူခဲ့ပြီး ၁၃၇၄ ခုနှစ် ပြာသိုလပြည့် (စနေနေ့)၌ ပန္နက်တော်တင်မင်္ဂလာပြုတော်မူခဲ့သည်။ စေတီတော်၏ ဉာဏ်တော်မှာ ၄၈ တောင်ရှိပြီး ဌာပနာတိုက်အတွင်း ဌာပနာမည့်ဓာတ်တော်မွေတော်များကို ဘုရားဒါယကာ ဦးမျိုးနိုင်မိသားစု သီရိလင်္ကာနိုင်ငံမှပင့်ဆောင်လာသည့် သက္ကဆဋ္ဌာနစေတီများ၊ ဘုရားသွေးတော်သားတော်ဓာတ်တော်များ၊ ငွေအစစ်ဖြင့်ပြုလုပ်ထားသည့် ဘုရားရုပ်ပွားတော်များ၊ အင်္ဂလိပ်ဘုရင်ပိုင်ငွေဒင်္ဂါးများကို လေးမျက်နှာကျောင်းတိုက် ဆရာတော်၊ ရှစ်မျက်နှာကျောင်းတိုက်ဆရာတော်နှင့် သံဃာတော်အရှင်သူမြတ်တို့အားမဟာဗောဓိစေတီတော်အတွင်း ဌာပနာထည့်သွင်းလှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။ ထို့အတူပါဒစေတီခြေတော်ရာဘုရားကိုလည်းရှစ်မျက်နှာကျောင်းတိုက်အတွင်း လှူဒါန်းခဲ့သည်ဟု သိရသည်။ ယင်းကြောင့် မလှိုင်မြို့နယ်နေဒေသခံပြည်သူများသည် ဗုဒ္ဓဂယာပုံစံတူမဟာဗောဓိစေတီတော်အား မကြာခင်ဖူးမြော်ရတော့မည်ဖြစ်သည်။

ကျော်ကျော်(မလှိုင်)

မိတ္ထီလာ-သဖန်းကျေးလက်လမ်းပြုပြင်လျှင် သဖန်းကျေးရွာနှင့်အနီးတစ်ဝိုက်ကျေးရွာများ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်

မိတ္ထီလာ ဒီဇင်ဘာ ၁

မိတ္ထီလာ-သဖန်းလမ်းသည် မိတ္ထီလာမြို့နယ် ဆည်မြောင်းလမ်းဆုံမှ သဖန်းကျေးရွာအထိ လေးမိုင်နှင့် နှစ်ဖာလုံခန့်ရှည်လျားပြီး ကျောက်ခင်းလမ်းအဖြစ် လွန်ခဲ့သည့် ၁၀ နှစ်ကျော်က ဖောက်လုပ်ထားခဲ့သည်။ ယခုအခါ အဆိုပါလမ်းသည် ပြုပြင်ထိန်းသိမ်းမှုအားနည်းခြင်း၊ ရာသီဉတုဒဏ်များနှင့် ဖြတ်သန်းသွားလာမောင်းနှင်ကြသည့် စက်ဘီး၊ ဆိုင်ကယ်၊ မော်တော်ယာဉ်စသည်များကြောင့် မြင်တော်ကန်အနီးမှ သဖန်းကျေးရွာအထိ နှစ်မိုင်ခန့်ရှည်လျားသည့် လမ်းပိုင်းမှာ ပျက်စီးယိုယွင်းလျက်ရှိသည်။ မိတ္ထီလာ-သဖန်းကျေးလက်လမ်းသည် ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအထောက်အကူပြုသည့် လမ်းဖြစ်ကြောင်း ဒေသခံများကပြောသည်။

"သဖန်း၊ ညောင်ဖောက်၊ အိုမတွေ့၊ ကံဦးစံပြ၊ ပန်းကြိုင်စတဲ့ကျေးရွာတွေက ဒေသခံတွေ မိတ္ထီလာမြို့နဲ့ ဆက်သွယ်သွားလာတဲ့အခါ သဖန်းကျေးလက်လမ်းကို အဓိကအသုံးပြုပြီး သွားလာနေကြတာ။ ကျေးလက်ဒေသထွက်ကောက်ပဲသီးနှံတွေကို ရောင်းချတာ၊ မြို့ကကုန်စည်ကိုဝယ်ယူတာပဲဖြစ်ဖြစ် ဒီလမ်းက အများဆုံး အသုံးပြုရတာ။ ဒီလမ်းပိုင်းက ပြင်မယ်ဆိုရင် မြင်တော်ကန်ကနေ သဖန်းအထိ လမ်းတစ်ဝက်လောက်ပဲပြင်ရမှာမို့ သက်ဆိုင်ရာတာဝန်ရှိသူတွေအနေနဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် မိတ္ထီလာ-သဖန်းကျေးလက်လမ်းကို ပြုပြင်စေချင်ပါတယ်"ဟု ပန်းကြိုင်ကျေးရွာ ဒေသခံတစ်ဦးက ပြောသည်။

မိတ္ထီလာ-သဖန်း ကျေးလက်လမ်းကို တခြားရွာများထက်သဖန်းကျေးရွာသည် ပိုမိုအားထားအသုံးပြုနေရသည်။ သဖန်းရွာထွက် နိုင်ငံတကာအဆင့်မီ အဝတ်အထည်အမျိုးမျိုးကို မိတ္ထီလာမှတစ်ဆင့်ဈေးကွက်သို့တင်ပို့ရောင်းချရာတွင်လည်းကောင်း၊ အဝတ်အထည်များ ချုပ်လုပ်ရန်အတွက် ကုန်ကြမ်းများကို သယ်ယူရာတွင်လည်းကောင်း သဖန်းကျေးလက်လမ်းကို **(အပေါ်ပုံ)** အသုံးပြုကြသည်။

လေးမိုင် နှစ်ဖာလုံခန့်ရှည်လျားသည့် မိတ္ထီလာ-သဖန်းကျေးလက်ဖွံ့ဖြိုးရေးလမ်း၏ တစ်ဝက်ခရီး မြင်တော်ကန်အနီးမှ သဖန်းကျေးရွာအထိ နှစ်မိုင်ခန့် အကွာအဝေးကို ပြုပြင်ဆောင်ရွက်လျှင် သဖန်းကျေးရွာနှင့် အနီးတစ်ဝိုက်ရှိ ကျေးရွာများ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။ (၄၃၅)

လူမျိုးဘာသာမရွေး ငြိမ်းချမ်းရေးအထိမ်းအမှတ် ဆေးကုသရေးအခမ်းအနားကျင်းပ

မိတ္ထီလာ ဒီဇင်ဘာ ၁

မိတ္ထီလာတွင် ပြင်သစ်နိုင်ငံ ပါရီမြို့ အခြေစိုက်လူမှုအဖွဲ့အစည်း ACTED အဖွဲ့၏ ကူညီပံ့ပိုးမှုဖြင့် လူမျိုးဘာသာမရွေး ငြိမ်းချမ်းရေးအထိမ်းအမှတ်ဆေးကုသရေးအခမ်းအနားကို နိုဝင်ဘာ ၃၀ ရက် နံနက် ၉ နာရီခွဲက ဝန်ဇင်းရပ်ကွက် မေတ္တာရေကြည်အခမဲ့ဆေးခန်း၌ ကျင်းပသည်။

အခမ်းအနားတွင် လူမျိုးဘာသာမရွေး ငြိမ်းချမ်းရေးအတွက် ACTED အဖွဲ့မှ မြန်မာနိုင်ငံအတွင်းကူညီဆောင်ရွက်နေမှုများနှင့် မေတ္တာရေကြည်ဆေးခန်းသည် ဒေသခံပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုကို အမှန်တကယ်အကျိုးပြုဆောင်ရွက်နေသည့် အခမဲ့ဆေးခန်းဖြစ်သည့်အတွက် ယခုကဲ့သို့ ဆေးကုသရေးအခမ်းအနားကျင်းပပြုလုပ်နိုင်ရေးကို ကူညီဆောင်ရွက်ခြင်းဖြစ်ကြောင်း ACTED အဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသူများအားလုံး ပြီးခဲ့သည့် မိတ္ထီလာပဋိပက္ခဖြစ်စဉ်အတွက် ဝမ်းနည်းခြင်းအထိမ်းအမှတ် တစ်မိနစ်ငြိမ်သက်ကာ ဆုတောင်းမှုပြုကြသည်။ ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာကြသည့် ဗုဒ္ဓဘာသာ၊ အစ္စလာမ်၊ ခရစ်ယာန်၊ ဟိန္ဒူဘာသာဝင်များက ငြိမ်းချမ်းရေးအထိမ်းအမှတ် လက်ဆုံစားပွဲကို ချစ်ကြည်ရင်းနှီးစွာဆင်နွှဲကြသည်။

မေတ္တာရေကြည်အခမဲ့ဆေးခန်းသည် နေ့စဉ် လူနာ ၁၀၀ ကျော်ကို ဒေသခံစေတနာရှင်များ လှူဒါန်းမှုဖြင့် အခမဲ့ဆေးကုသမှုပေးနေပြီး ယခု ပြင်သစ်နိုင်ငံ ပါရီမြို့ အခြေစိုက်လူမှုအဖွဲ့အစည်း ACTED (AGENCY For Technical Cooperation and Development) မှ ထောက်ပံ့ကူညီသည့် လှူဒါန်းငွေကျပ် ၂၃၇၈၀၀၀ ဖြင့် နိုဝင်ဘာ ၃၀ ရက်မှ ဒီဇင်ဘာ ၆ ရက်အထိ အထူးကုဆရာဝန်ကြီးများက အထူးအစီအစဉ်ဖြင့် လူနာများအား နေ့စဉ်အခမဲ့ဆေးကုသပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(အောက်ပုံ) ချမ်းသာ(မိတ္ထီလာ)

ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးဖွင့်ပွဲကျင်းပ

ပုသိမ်ကြီး ဒီဇင်ဘာ ၁

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် မနောယမကျေးရွာအုပ်စု မနောယမကျေးရွာကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၂၇ ရက် ညနေ ၄ နာရီက အဆိုပါကျေးရွာ၌ ကျင်းပသည်။

အစီအစဉ်အရ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စိုး၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာမှူး ဦးစိုးမင်းထွန်း၊ ကျေးရွာမီးလင်းရေးကော်မတီဥက္ကဋ္ဌ ဦးအုန်းမြင့်တို့က လျှပ်စစ်မီးလင်းရေးအတွက် ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ ဆက်လက်၍ မန္တလေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးကိုကိုလွင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စိုးတို့က အမှာစကားပြောကြားသည်။ ထို့နောက် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာမှူး ဦးစိုးမင်းထွန်းက လျှပ်စစ်သုံးစွဲမှုအကြောင်း ပညာပေးဟောပြောခြင်းနှင့် ကျေးရွာလျှပ်စစ်မီးလင်းရေးကော်မတီဥက္ကဋ္ဌ ဦးအုန်းမြင့်က မီးလင်းရေးဆောင်ရွက်ခဲ့ရခြင်းများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ကျေးရွာလျှပ်စစ်မီးလင်းရေးကော်မတီအဖွဲ့အမှတ်တရအထိမ်းအမှတ်အလံများကို လျှပ်စစ်အင်ဂျင်နီယာမှူး ဦးစိုးမင်းထွန်းက ပေးအပ်သည်။ အဆိုပါကျေးရွာမီးလင်းရေးအတွက် မနောယမကျောင်းတိုက်ဆရာတော်ဘဒ္ဒန္တတေဇိန္ဒ (MA-မဟာဓမ္မာစရိယ)ဦးစီး၍ ကျေးရွာသူကျေးရွာသားများ စုပေါင်းကာ သိန်းပေါင်း ၅၅၀ ကျော်အကုန်အကျခံ၍ ကိုယ့်အားကိုယ်ကိုး ဆောင်ရွက်ခဲ့သည်။ ၂၀၁၂ ခုနှစ် ဇန်နဝါရီလမှစ၍ စတင်အကောင်အထည်ဖော်ခဲ့ရာ ကျေးရွာအတွင်းရှိ အိမ်ခြေ ၂၇၀ ရှိသည့်အနက် ၁၀၉ ဦးသာ သုံးစွဲလျက်ရှိကြောင်း သိရသည်။

အောင်ကျော်ထွန်း(ပုသိမ်ကြီး)

ကျေးဇူးဆပ်ပါမည်

ယာဉ်အမှတ် ၈ဃ/၇၉၉၅၏ ကားအုံနာဘုတ်၊ အခွန်စာရွက်၊ ကားနှင့်ပတ်သက်သော စာရွက်စာတမ်းအားလုံး ပျောက်ဆုံးသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဆက်သွယ်ရန် ဖုန်း-၀၉-၄၂၅၂၆၆၈၃၂၊ ၀၉-၄၅၀၀၂၇၃၈၉

ကန့်ကွက်ကြောင်းနှင့်အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ မင်္ဂလာဒုံမြို့နယ်၊ ကြံခင်းစုရပ်ကွက်၊ မြတောင်ညို(၁)လမ်း၊ အမှတ်(၂၄)နေ ဒေါ်ခင်နန်းမြိုင် ၁၂/မဂဒ(နိုင်)၀၈၀၃၅၃၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေသည် ပိုင်ရှင်ဟုဆိုသူ ဦးခင်မောင်သွင်(MYGN-003160)(ဘ) ဦးစိုးသွင်ထံမှ ၎င်းပိုင်ဆိုင်သော မင်္ဂလာဒုံမြို့နယ် ကြံခင်းစုရပ်ကွက်၊ ဘကြီးမှုံလမ်း၊ အမှတ်(၂၂)ဟုခေါ်တွင်သော မြေအကျယ်အဝန်း အလျား ၁၉ ပေ၊ အနံပေ ၆၀ရှိ မြေနှင့်အိမ်တို့ကိုဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိသူမည်သူမဆို ခိုင်လုံသော စာချုပ်စာတမ်း မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ပြုလုပ်သွားမည်ဖြစ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေမသိရှိဘဲ ဤအိမ်ခြံမြေနှင့်ပတ်သက်၍ အခြားသူတစ်ဦးတစ်ယောက်အား ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ လွှဲပြောင်းခြင်းများကိုကန့်ကွက်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးကျော်ထွဋ်မြင့် (H.G.P,LL.B)
တရားလွှတ်တော်ရှေ့နေ(စဉ်-၆၉၇၅)
ရှေ့နေများနားနေခန်း
မင်္ဂလာဒုံမြို့နယ် တရားရုံးဝင်း
ဖုန်း-၀၉-၇၃၀၈၇၁၉၈

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ လူနေရပ်ကွက်အမှတ်(၉)၊ မြေတိုင်းရပ်ကွက်အမှတ် ၄၄ ကံဘဲ့၊ မြေကွက်အမှတ်-၇/၆၄၊ နှစ် ၆၀ဂရန်မြေ၊ ဧရိယာ ၀ဒသမ ၀၃၂၈ဧက၏ အစိတ်အပိုင်းမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဝယ်ယူပိုင်ဆိုင်ပြီးရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသူ ဒေါ်ဝင်းဝင်းငြိမ်း ၁၂/စခန(နိုင်)၀၆၂၈၇၁က ရောင်းချရန် ကမ်းလှမ်းလာပါသဖြင့် ကျွန်ုပ်က အပြီးအပိုင်ဝယ်ယူရန် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့်သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင် လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဒေါ်သန်းသန်းမော်
၁၂/လမတ(နိုင်)၀၀၉၇၆၂
ဖုန်း-၀၉-၄၂၁၁၆၃၀၀၁
၀၉-၅၀၈၈၃၇၈

ညောင်ဦးတွင် လယ်ယာလုပ်သားရှားပါးမှုကို ဖြေရှင်းနိုင်ရန်ရည်ရွယ် လယ်ယာသုံးစက်ကိရိယာများဖြင့် သရုပ်ပြပွဲကျင်းပ

ညောင်ဦး ဒီဇင်ဘာ ၁

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်၏ လမ်းညွှန်မှုဖြင့် ညောင်ဦးတွင် စက်မှုလယ်ယာဦးစီးဌာနက စီစဉ်ကျင်းပသည့် လယ်ယာသုံးစက်ကိရိယာ၊ လက်တွန်းထွန်စက်နှင့် မျိုးစေ့ချကိရိယာများဖြင့် တောင်သူများအား လက်တွေ့သရုပ်ပြပွဲကို နိုဝင်ဘာ ၃၀ ရက် နံနက်က ညောင်ဦးမြို့နယ် တောင်ဘကျေးရွာ တောင်သူ ဒေါ်ငွေရင် ဦးပိုင်အမှတ် (၁၄၉) ကွင်းအမှတ် (၁၅၃၅) တောင်ဘကွင်း၌ ကျင်းပရာ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့နယ်အထောက်အကူပြုကော်မတီ၊ စိုက်ပျိုးရေးဝန်ထမ်းများ၊ စိုက်ညှိအဖွဲ့များ၊ တောင်သူများ တက်ရောက်ကြည့်ရှု အားပေးခဲ့သည်။ ပြပွဲတွင် စက်မှုလယ်ယာဦးစီးဌာနမှ ဝန်ထမ်းများက စက်ကိရိယာများနှင့် ပတ်သက်၍ အသုံးပြုပုံများကို ရှင်းလင်းပြောကြား၍ မောင်းနှင်သရုပ်ပြခဲ့ကြသည်။ **(အပေါ်ပုံ)**

အဆိုပါသရုပ်ပြပွဲ ကျင်းပရခြင်း ရည်ရွယ်ချက်မှာ လယ်ယာလုပ်သားရှားပါးမှုကို ဖြေရှင်းနိုင်ရန် အဓိကဖြစ်ပြီး လယ်ယာလုပ်ငန်းများ မြန်ဆန်နိုင်ရန်၊ မိုးလေဝသ ဖောက်ပြန်ပါက အချိန်မီ ရိတ်သိမ်းခြွေလှေ့နိုင်ရန်နှင့် သီးနှံများ ပျက်စီးဆုံးရှုံးမှု နည်းပါးစေရန် စသည်တို့ဖြစ်ကြောင်း၊ ညောင်ဦးဒေသ၏ အဓိကသီးနှံမှာ မြေပဲဖြစ်သောကြောင့် ယခုပြသပေးသော စက်ကိရိယာများမှာ ဒေသခံ တောင်သူများနှင့် ကိုက်ညီသင့်လျော်ပြီး အသုံးပြုနိုင်သော စက်ပစ္စည်းများ ဖြစ်ကြောင်း၊ စက်ကိရိယာများတွင် မြင်းကောင်ရေ ၄၀ အား နယူးဟော်လန် ထွန်စက်ငယ်၊ မြင်းကောင်ရေ ၂၂ အား ဒေါင်ဖန်းလက်တွန်းထွန်စက်နှင့် နွားအသုံးပြု မြေပဲအစေ့ချကိရိယာတို့ ပါဝင်ကြောင်း၊ ယင်း စက်ကိရိယာများကို တောင်သူများအနေဖြင့် အသုံးပြုလိုပါက သင့်တော်သော ဈေးနှုန်းဖြင့် ငှားရမ်း/ဝယ်ယူသုံးစွဲနိုင်မည်ဖြစ်ကြောင်း သိရသည်။

ရဲသူရအောင်(ညောင်ဦး)

အုန်းပင်ကျေးရွာ အဝေးပြေးကားလမ်းမကြီးဘေးရှိ ခြံမြေရောင်းဝယ်ရေး တိုးတက်ကောင်းမွန်၍ ပြည်သူများ လူမှုဘဝ အဆင်ပြေ

ဖျာပုံ ဒီဇင်ဘာ ၁

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဒေးဒရဲမြို့နယ် အုန်းပင်ကျေးရွာသည် ဖျာပုံမြို့နှင့် မြစ်တစ်ဖက်ကမ်းတွင်တည်ရှိပြီး ဖျာပုံတံတားကြီးနှင့် ဆက်သွယ်ထား၍ ဖျာပုံ-ရန်ကုန် အဝေးပြေးကားလမ်းဘေးတွင် လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်နေသည့် ကျေးရွာဖြစ်သည်။ ဖျာပုံတံတားအဆင်းမှစ၍ အုန်းပင်ကျေးရွာ ကားလမ်းဘေး ဝဲယာတွင် ခြံမြေနှင့် လယ်ယာများ ထွန်ယက်စိုက်ပျိုးသည့်အပြင် ဥစားကြက် မွေးမြူသည့် လုပ်ငန်းများကို တိုးချဲ့လုပ်ကိုင်နေကြပြီဖြစ်သည်။

ထိုကဲ့သို့ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်သည့် အုန်းပင်ကျေးရွာ ကားလမ်းဘေးဝဲယာရှိ ခြံမြေများနှင့် လယ်ယာများကို ဖျာပုံမြို့နှင့် ဒေသအသီးသီးမှ စီးပွားရေးလုပ်ငန်းရှင်များ လာရောက်ဝယ်ယူကြရာတွင် ကားလမ်းဘေးရှိ ခြံပိုင်ရှင်တစ်ဦးဖြစ်သူ ဦးမောင်မောင်လွင်က "ကျွန်တော်တို့ ဒီရွာမှာနေလာတာ နှစ် ၄၀ ခန့်ရှိပါပြီ။ အရင်က အုန်းပင်ကျေးရွာက ဒေးဒရဲမြို့နယ်နဲ့ ၁၆ မိုင်ကျော်ကွာဝေးပြီး ဖျာပုံမြို့နယ်နဲ့ မြစ်တစ်စင်းသာခြားပါတယ်။ ယခင်က ကူးတို့လှေနဲ့ ဖျာပုံကို ကူးရပြီး ယခုအချိန်မှာတော့ နိုင်ငံတော်အစိုးရက စေတနာထားတည်ဆောက်ပေးထားတဲ့ ဖျာပုံတံတားကြီးကြောင့် ဖျာပုံမြို့နဲ့မခြား တစ်သားတည်း စီးပွားရေး၊ လူမှုရေးတွေကို မိနစ်ပိုင်းအတွင်း ဆောင်ရွက်နိုင်တော့ လူတိုင်း စီးပွားရေး တိုးတက်တာပေါ့။ ဒါ့အပြင် ကားလမ်းဘေးမှာရှိတဲ့ ခြံမြေတွေကို **(အောက်ပုံ)** လုပ်ငန်းရှင်တွေက ရင်းနှီးမြှုပ်နှံဖို့လာဝယ်တာ ယမန်နှစ်က အကျယ်တစ်ပေကို ငွေကျပ် တစ်သိန်း၊ ယခုနှစ် ဒီဇင်ဘာလ ပေါက်ဈေးက ကားလမ်းဘေးလက် ဝဲဘက်က အကျယ်တစ်ပေကို ငွေကျပ် သုံးသိန်း ဈေးပေါက်နေပြီး လက်ယာဘက် ကားလမ်းဘေး ခြံမြေက အကျယ်တစ်ပေကို ငွေကျပ် နှစ်သိန်း ဈေးပေါက်နေပါတယ်။ ခြံမြေတွေကို ရောင်းချပြီး ရတဲ့ငွေနဲ့ လယ်ယာ မြေတွေကို တိုးချဲ့စိုက်ပျိုးနိုင်လို့ စီးပွားရေးအဆင်ပြေပြီး စိတ်ချမ်းသာတာပေါ့ဗျာ" ဟု ပြောသည်။

ယခုအခါ ပွင့်လင်းမြင်သာသည့် ပြည်သူ့ဗဟိုပြု ပြည်သူ့အကျိုးစီးပွားများဖော်ဆောင်ရာတွင် လမ်းတံတားများအပြင် လျှပ်စစ်မီးလင်းနိုင်ရေးကို နေရာဒေသတိုင်း ဆောင်ရွက်နေရာတွင် အုန်းပင်ကျေးရွာတွင်လည်း ကိုယ်ပိုင် ထရန်စဖော်မာ တပ်ဆင်ပြီးစီး၍အိမ်တိုင်း မီးလင်းနေပြီဖြစ်သည်။

ထို့အပြင် ဖျာပုံခရိုင် ကုန်းလမ်းညွှန်ကြားမှုဦးစီးဌာနရုံး တည်ဆောက်ရန် မြေနေရာကိုလည်း ဖျာပုံတံတားကြီးအဆင်း အုန်းပင်ကျေးရွာမှ တစ်ဖာလုံခန့်တွင် ဝယ်ယူရရှိထားပြီဖြစ်၍ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ရုံးအဆောက်အအုံဆောက်လုပ်မည်ဖြစ်သဖြင့် ကျေးရွာသူ ကျေးရွာသားများနှင့် ဖျာပုံမြို့နေ ပြည်သူများ လူမှုစီးပွား ပိုမိုအဆင်ပြေမည်မှာ မလွဲကေန်ပင်ဖြစ်သည်။

ချမ်းသာ



ပြည်တွင်းသတင်း

ဖြူမည်းသတင်းစာစက္ကူအဟောင်း ရောင်းဝယ်သူများ ပိုအကြိုက်တွေ့

ရန်ကုန် ဒီဇင်ဘာ ၁

ရောင်စုံသတင်းစာ ထုတ်ဝေလာသည်မှာ တစ်နှစ်ဝန်းကျင်ရှိလာပြီး သတင်းစာစက္ကူ အဟောင်းဈေးကွက်တွင် အဖြူအမည်း သတင်းစာစက္ကူများ ရှားပါးလာသဖြင့် လက်ကားဈေးနှုန်း အဖြူ၊ အမည်း တစ်ပိဿာ ငွေကျပ် ၆၅၀ ဖြစ်သော်လည်း ရောင်စုံမှာ ငွေကျပ် ၃၅၀ နှုန်းသာရရှိကြောင်း သတင်းစာစက္ကူအဟောင်း ရောင်းဝယ်လုပ်ကိုင်သူတစ်ဦးက ဆိုသည်။

သတင်းစာစက္ကူပုတ် ဆေးပေါ့လိပ်လုပ်ငန်းတွင် လွန်ခဲ့သော နှစ် ၄၀ ဝန်းကျင်၌ အဖြူစက္ကူသာသုံးခဲ့ရာမှ ဈေးသက်သာသော အဖြူအမည်းသတင်းစာစက္ကူ ပြောင်းလဲသုံးခဲ့ကြောင်း၊ ရောင်စုံမှာမူ ညော်နံ့ ထွက်သဖြင့် အသုံးမပြုကြောင်း၊ အဖြူအမည်းသတင်းစာစက္ကူ ဝယ်မရလျှင် ပြန်ကြိတ်စက္ကူများကို အသုံးပြုရမည်ဟု ပုသိမ်မြို့ရှိ သတင်းစာစက္ကူပုတ် ဆေးပေါ့လိပ် လုပ်ငန်းပိုင်ရှင်တစ်ဦးက ဆိုသည်။

သတင်းစာစက္ကူ အဟောင်းဈေးကွက်တွင် ရောင်စုံသတင်းစာများကို စက္ကူကြိတ်စက်များသို့ ပြန်လည်ပေးသွင်းရောင်းချနေရကြောင်း၊ စက္ကူစက်များတွင် အရောင်ချွတ်ပြီး စက္ကူဖြူ ပြန်လည်ထုတ်လုပ်ကြောင်း၊ စက္ကူစက်ရုံများသို့ပေးသွင်းရာတွင် ဈေးနှုန်းအရနည်းသဖြင့် သတင်းစာလပေးဖတ်ရှုသူများထံမှ ရောင်စုံသတင်းစာ ပြန်လည်ဝယ်ယူရာတွင် တစ်ပိဿာ ငွေကျပ် ၅၀ မှ ၁၀၀ နှုန်းအတွင်းသာ ဝယ်ယူနေရကြောင်း၊ သတင်းစာစက္ကူ အဟောင်းလုပ်ငန်းမကောင်း၍ အခြားလုပ်ငန်းပြောင်းလဲလုပ်ကိုင်မှုများ ရှိလာသည်ဟု သတင်းစာစက္ကူ အဟောင်းလုပ်ငန်း လုပ်ကိုင်သူတစ်ဦးကဆိုသည်။

သတင်းစာရောင်စုံမှာ ယခုအခါ အချပ်ပိုစာမျက်နှာများသဖြင့် လစဉ်ယခင်ထက် သတင်းစာစက္ကူအလေးချိန်ပိုမိုရရှိလာသော်လည်း စက္ကူအဟောင်းဈေး လျော့နည်းဝယ်ယူသဖြင့် ယခင်ထက် သတင်းစာစက္ကူ အဟောင်းရောင်းရငွေ နည်းလာကြောင်း လပေးသတင်းစာဖတ်ရှုသူတစ်ဦးကဆိုသည်။

အဖြူအမည်းမှ ရောင်စုံသို့ ပြောင်းလဲထုတ်ဝေမည်ဟု စတင်အသိပေးခဲ့သော ယခင်နှစ် အောက်တိုဘာလအတွင်း အဖြူအမည်းသတင်းစာစက္ကူအဟောင်း တစ်ပိဿာဈေးနှုန်း ငွေကျပ် ၃၀၀ ဝန်းကျင်ရှိရာမှ ငွေကျပ် ၅၀၀ ဝန်းကျင်သို့ ဈေးမြင့်တက်လာသဖြင့် သတင်းစာစက္ကူအဟောင်းလုပ်ငန်း လုပ်ကိုင်သူများ အကျိုးအမြတ်များစွာ ရရှိခဲ့သည်ဟု ယင်းလုပ်ငန်းလုပ်ကိုင်သူ တစ်ဦးက ဆိုသည်။

ခင်ဆိုင်

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၁-၁၂-၂၀၁၃

ရွှေဈေး (အောင်သမာဓိရွှေဆိုင်)

ရန်ကုန်ရွှေဈေး	တစ်ကျပ်သား	၆၅၉၅၀၀-၆၂၀၈၀၀
မန္တလေးရွှေဈေး	တစ်ကျပ်သား	၆၅၉၃၀၀-၆၂၀၇၀၀

(အချိန်နှင့်အမျှ ဈေးနှုန်းအပြောင်းအလဲရှိနိုင်ပါသည်)

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး (ပြင်ပငွေလဲပေါက်ဈေး)

အမေရိကန်	တစ်ဒေါ်လာ	၉၈၀-၉၈၅	ကျပ်
ဥရောပ	တစ်ယူရို	၁၂၉၉-၁၃၁၅	ကျပ်
စင်ကာပူ	တစ်ဒေါ်လာ	၇၇၄-၇၈၅	ကျပ်
ထိုင်း	တစ်ဘတ်	၃၁.၀၇-၃၂	ကျပ်
အိန္ဒိယ	တစ်ရူပီး	၁၆-၁၆.၈	ကျပ်
တရုတ်	တစ်ယွမ်	၁၅၇-၁၆၀	ကျပ်
မလေးရှား	တစ်ရင်းဂစ်	၂၉၈-၃၀၅	ကျပ်

စက်သုံးဆီဈေးနှုန်းများ (Max/Newday စက်သုံးဆီအရောင်းဆိုင်)

ဓာတ်ဆီ	တစ်လီတာ	၈၁၄ ကျပ်
ဒီဇယ်	တစ်လီတာ	၉၂၀ ကျပ်
အောက်တိန်း ၉၂	တစ်လီတာ	၉၃၀ ကျပ်
အောက်တိန်း ၉၅	တစ်လီတာ	၁၀၉၀ ကျပ်
ပရီမီယံဒီဇယ်	တစ်လီတာ	၉၆၀ ကျပ်

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း (သား/ငါးဒိုင်များ)

၁။ ငါးကြင်း	တစ်ပိဿာ	၃၅၀၀-၄၆၀၀	ကျပ်
၂။ ငါးမြစ်ချင်း	တစ်ပိဿာ	၂၈၀၀-၃၅၀၀	ကျပ်
၃။ ငါးရံ့	တစ်ပိဿာ	၃၈၀၀-၆၀၀၀	ကျပ်
၄။ ငါးဖယ်	တစ်ပိဿာ	၆၀၀၀-၁၂၀၀၀	ကျပ်
၅။ ပုစွန်(ကျော့)	တစ်ပိဿာ	၄၀၀၀-၆၅၀၀	ကျပ်
၆။ ပုစွန်တုပ်	တစ်ပိဿာ	၁၀၀၀၀-၂၈၀၀၀	ကျပ်
၇။ ငါးသလောက်	တစ်ပိဿာ	၇၅၀၀-၁၈၀၀၀	ကျပ်
၈။ ကြက်	တစ်ပိဿာ	၅၀၀၀-၁၂၀၀၀	ကျပ်
၉။ ဝက်	တစ်ပိဿာ	၄၅၀၀-၈၀၀၀	ကျပ်
၁၀။ အမဲ	တစ်ပိဿာ	၄၀၀၀-၇၀၀၀	ကျပ်
၁၁။ ဆိတ်	တစ်ပိဿာ	၁၁၀၀၀-၁၄၅၀၀	ကျပ်

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲရှိနိုင်ပါသည်။

ခင်ရတနာ-စေ့ငုတင်ပြသည်။

ဂျာမနီပညာရှင်နှင့်အဖွဲ့ လူမှုစီးပွားစစ်တမ်းကောက်ယူရန် ဟားခါးမြို့သို့ရောက်ရှိ

ဟားခါး ဒီဇင်ဘာ ၁

ဂျာမနီနိုင်ငံ ကိုလုံးတက္ကသိုလ်မှ ပညာရှင် Prof.Dr.Krass နှင့် အဖွဲ့သည် လူမှုစီးပွားစစ်တမ်း ကောက်ယူရန် နိုဝင်ဘာ ၃၀ ရက် နံနက် ၁၀ နာရီက ပြည်နယ်ဆောက်လုပ်ရေးလုပ်ငန်းရုံးခန်းမ၌ ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးငွန်ဆန်းအောင်နှင့် ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးသည်။

Dr. Krass နှင့် အဖွဲ့သည် Urban Network System သုတေသနအတွက် လိုအပ်မည့် လူမှုစီးပွားအချက်အလက်များ စစ်တမ်းကောက်ယူသွားမည်ဖြစ်ပြီး ရရှိလာမည့် ရလဒ်အဖြေအရ မြို့များတူညီစွာ ဖွံ့ဖြိုးရေးအကြံဉာဏ်များ ရရှိလာနိုင်မည်ဖြစ်ကြောင်း သိရသည်။

သိရ

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနနှင့် သုတေသနလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်နေသည့် ဂျာမနီနိုင်ငံ ကိုလုံးတက္ကသိုလ်တို့သည် မြန်မာနိုင်ငံတွင် မြို့ပေါင်း ၈၀ ကို သုတေသနလုပ်ရန်လျာထားပြီး ချင်းပြည်နယ်အတွင်းဟားခါး၊ ဖလမ်း၊ တီးတိန်၊ ပလက်ဝမြို့များ ပါဝင်ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ပျံကျဈေးသည်များအား ထောက်ပံ့ငွေပေးအပ်

ရေစကြို ဒီဇင်ဘာ ၁

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ကွပ်ကဲမှုအောက်ရှိ ရေစကြို-မြို့မဈေးမှ ပျံကျဈေးသည်များအား ကျေးလက်ဖွံ့ဖြိုးရေးဘဏ်(နေပြည်တော်)မှထုတ်ချေးငွေ ကျပ်သိန်း ၁၀၀ အပေါ် အတိုးပြန်ဆပ်ငွေ ၂၅ ရာခိုင်နှုန်းနှင့်ညီမျှသော ငွေကျပ် ခြောက်သိန်းပေးအပ်ပွဲကို နိုဝင်ဘာ ၂၆ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့အဖွဲ့ဝင် ဦးစိုးထွန်းက ထောက်ပံ့ငွေကျပ် ခြောက်သိန်းကို ပေးအပ်ရာ ပျံကျဈေးသည်တစ်ဦးက လက်ခံယူသည်။ ရေစကြို-မြို့မ ဈေးသူဈေးသားများအတွက် ကျေးလက်ဖွံ့ဖြိုးရေးဘဏ်(နေပြည်တော်)မှ ထုတ်ချေးငွေ ကျပ်သိန်း ၁၀၀ အပေါ်မှ ၂ ရာခိုင်နှုန်း အတိုးကောက်ခံပြီး ၁ ရာခိုင်နှုန်း အတိုးငွေကို ကျေးလက်ဖွံ့ဖြိုးရေးဘဏ်သို့ပေးဆပ်ရပြီး ကျန် ၁ ရာခိုင်နှုန်းအတိုးငွေ၏ ၅၀ ရာခိုင်နှုန်းကို ပျံကျဈေးသည်များအား ပြန်လည်ထောက်ပံ့ငွေအဖြစ်လည်းကောင်း၊ ၂၀ ရာခိုင်နှုန်းကို ဝန်ဆောင်စရိတ်အဖြစ်လည်းကောင်း၊ ကျန် ၃၀ ရာခိုင်နှုန်းကို ချေးငွေလုပ်ငန်း အရန်ငွေအဖြစ် လည်းကောင်း ရေစကြိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်ထားရှိကြောင်း သိရသည်။

ဖေထွဏ်းဇော်(ရေစကြို)

နှင်းဆီကုန်းဘိုးဘွားရိပ်သာကြီးသို့ အလှူငွေကျပ် နှစ်သိန်းလှူဒါန်းခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁၁)ရပ်ကွက်၊ အမှတ်၁၅၅/က၊ ယောဂီကျောင်းလမ်းနေ၊ ကွယ်လွန်သွားသော ဒေါက်တာသန်းထွန်း (၈)နှစ်ပြည့်အားရည်စူး၍ ဇနီးဒေါ်ခင်ရီနှင့် မိသားစုက ထာဝရဆွမ်းပဒေသာပင်အတွက် အလှူငွေကျပ်နှစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာကြီး အမှုဆောင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးအောင်သန်းထံပေးအပ်လှူဒါန်းပါသည်။

ကန့်ကွက်နိုင်ကြောင်း အများသိရှိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ အေဝမ်းလမ်း၊ မြေတိုင်းရပ်ကွက်အမှတ် ၄၃၊ လူနေရပ်ကွက်အမှတ် သမိုင်း၊ မြေကွက်အမှတ် ၁၄/ခ၊ မြေဧရိယာ၀ဒသမ ၀၉၄၈ဧကရှိ မြေပိုင်မြေ(အိမ်ရာမြေ)၊ မြေကွက်နှင့် မြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်တို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနတွင် အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်တင်တင်အေးစီ/အာရ်ဂျီအင်န်-၀၀၈၈၃၃ (၁၂/မရက(နိုင်) ၀၈၃၇၅၀)က ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသည့်အတွက် အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်၏ မိတ်ဆွေက စရန်ငွေပေးအပ်ထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါမြေကွက်နှင့် အဆောက်အအုံအား အရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက် လိုပါက ယနေ့မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ တရားဝင်စာရွက်စာတမ်း၊ အထောက်အထားခိုင်လုံစွာယူဆောင်ပြီး လာရောက်တွေ့ဆုံနိုင်ကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ခြင်းမရှိပါကအရောင်းအဝယ်ပြုလုပ်ခြင်းကို ဥပဒေနှင့်အညီဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိရှိစေရန် အသိပေး အကြောင်းကြားအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်အေးအေးရီ LL.B တရားလွှတ်တော်ရှေ့နေ (၄၃၇၃) **ဒေါ်လှလှခိုင် LL.B တရားလွှတ်တော်ရှေ့နေ (၅၄၁၀)**

အမှတ် ၉/၁၁၊ အခန်းအမှတ် (၂၀၁ A)၊ ဒုတိယထပ်၊ ၃၆ လမ်း(အောက်ဆုံး)၊ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

အများသိစေရန် သတိပေးတားမြစ်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၇)ရပ်ကွက်၊ သစ္စာလမ်း၊ အမှတ် ၉၆၆နေ ဦးရဲမြင့် MME-၄၈၁၈၄၄နှင့် ဒေါ်သိန်းကြည် (ကွယ်လွန်)တို့မှ (၁) ဒေါ်ကြည်ကြည်မြင့်၊ (၂) ဒေါ်ကြည်ကြည်ဝင်း၊ (၃) ဦးကျော်ဝင်း၊ (၄)ဦးကျော်မင်း(ကွယ်လွန်)၊ (၅) ဒေါ်ခင်မေအေး၊ (၆) ဦးရဲအောင်၊ (၇) ဒေါ်ဥမ္မာမြင့်၊ (၈) ဦးထွန်းထွန်းလင်းနှင့် (၉)ဒေါ်နီလာမြင့် စသည့်သားသမီးကိုးဦး မွေးဖွားခဲ့ပြီး မိဘနှစ်ပါးနှင့် သားသမီးကိုးဦးတို့သည် အစ္စလာမ်ဘာသာကိုးကွယ်ကြသူများဖြစ်ကြပါသည်။ မိခင်ဒေါ်သိန်းကြည်သည် လွန်ခဲ့သော ၁၉-၁၂-၁၉၉၄ ရက်တွင် ကွယ်လွန်ခဲ့ပြီး၊ ဖခင်ဖြစ်သူ ဦးရဲမြင့်မှာ ယနေ့တိုင်အသက်ထင်ရှားရှိကာ အသက်အားဖြင့် (၇၉)နှစ်ရှိပြီး အာရုံကြောချို့ယွင်းသည့်ရောဂါရရှိခံစားနေရပါသည်။ အောက်ဖော်ပြပါမြေနှင့်အိမ်မှာ ဖခင်ဦးရဲမြင့်နှင့် မိခင်ဒေါ်သိန်းကြည်အပါအဝင် သားသမီးကိုးဦးစလုံးက အစ္စလာမ်တရားတော်နှင့်အညီ ပိုင်ဆိုင်ကြပါသည်။

(၁) ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၇၊ လူနေရပ်ကွက်အမှတ် ၇၊ မြေကွက်အမှတ် ၉၆၆၊ မြေအကျယ် အလျားပေ၆၀×အနံပေ၄၀၊ ဧရိယာ စတုရန်းပေ၂၄၀၀ရှိ နှစ် ၆၀မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ် ၉၆၆၊ သစ္စာလမ်း၊ (၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်ဟုခေါ်တွင်သော တိုက်ခံနှစ်ထပ်အိမ်နှစ်လုံးနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး။

(၂) ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀၊ လူနေရပ်ကွက်အမှတ် ၁၀၊ မြေကွက်အမှတ် (၁၁/က)၊ မြေအကျယ်အလျားပေ၆၀×အနံပေ၂၀၊ ဧရိယာ စတုရန်းပေ၁၂၀၀ရှိ နှစ် ၆၀မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ် (၁၁/က)၊ သစ္စာလမ်း၊ (၁၀)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်ဟုခေါ်တွင်သော တိုက်ခံနှစ်ထပ်အိမ် တစ်လုံးနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး။

အထက်ပါမြေနှင့်အိမ်တို့ကို အာရုံကြောရောဂါခံစားနေရသည့် ဖခင်ဦးရဲမြင့်အား ဖြားယောင်းသွေးဆောင်ကာ သားသမီးရှစ်ဦးစလုံး၏ သဘောတူညီချက်မရှိဘဲ မည်သည့်သားသမီးကမျှ တစ်ဦးတည်းသောသဘောဖြင့် ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ အမည်ပြောင်းခြင်း၊ ငှားရမ်းခြင်း၊ အာမခံတင်သွင်းခြင်းနှင့် မေတ္တာဖြင့်ပေးကမ်းခြင်းတို့မပြုလုပ်ရန် တားမြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ကြည်ကြည်မြင့်၊ ဦးကျော်ဝင်း၊ ဒေါ်ခင်မေအေး၊ ဦးရဲအောင်၊ ဒေါ်ဥမ္မာမြင့်၊ ဦးထွန်းထွန်းဝင်း၊ ဒေါ်နီလာမြင့်တို့၏

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးမြင့်သန်း LL.B

တရားလွှတ်တော်ရှေ့နေ (စဉ်-၃၀၇၇/၈၅)

အမှတ် ၉၁၈၊ အင်း၀ ၈ လမ်း၊ (၆)ရပ်ကွက်၊

တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော် ကျွန်မတို့၏သား မောင်ဇာနည်ကိုကိုသည် မိဘတို့၏ဆိုဆုံးမမှုကို မနာခံ၍ ၂၅-၁၁-၂၀၁၃ရက်မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။

ဖခင်-ဦးကျော်မင်း ၆/မအရ(နိုင်)၀၉၅၀၆၁

မိခင်-ဒေါ်မြင့်ကေသွယ် ၆/မအရ(နိုင်)၀၂၆၃၉၆

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

မြန်မာလူငယ်တို့၏ စွမ်းရည်၊ အတွေ့အကြုံကြွယ်ဝမှုတို့ကို အာဆီယံလူငယ်များကြားတွင် ပြသနိုင်ခဲ့

မေး/ရေး-ရီရီမြင့်၊ ဥမ္မာသန့်
ဓာတ်ပုံ-ရီရီသန့်

(ယမန်နေ့မှအဆက်)

မြန်မာနိုင်ငံသည် အာဆီယံအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်သည်နှင့်အညီ အာဆီယံအသိုင်းအဝိုင်းဆိုင်ရာလုပ်ငန်းစဉ်များကို အဖွဲ့ဝင်နိုင်ငံများနှင့်အတူ တက်ကြွစွာပါဝင်လှုပ်ရှားဆောင်ရွက်လျက်ရှိသည်။ အာဆီယံဒေသတွင်းဆိုင်ရာ အစည်းအဝေးပွဲများသို့ စဉ်ဆက်မပြတ်တက်ရောက်လေ့လာဆွေးနွေးမှုပြုသကဲ့သို့ အာဆီယံဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ပြိုင်ပွဲများသို့လည်း ဝင်ရောက်ယှဉ်ပြိုင်အနိုင်ရမှုများရှိခဲ့သည်မှာ အထင်အရှားပင်ဖြစ်သည်။

ဖိလစ်ပိုင်နိုင်ငံ ဖိယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟနွိုင်းမြို့၌ နိုဝင်ဘာ ၁၁ ရက်မှ ၁၅ ရက်အထိ ကျင်းပခဲ့သည့် (၁၉)ကြိမ်မြောက် အာဆီယံလူငယ်အစည်းအဝေးပွဲနှင့် (၈)ကြိမ်မြောက် TEN ACCOMPLISH YOUTH ORGANIZATION (TAYO) ASEAN ဆုပေးပွဲအခမ်းအနားသို့တက်ရောက်ပြီး ဆုများရယူပိုင်ဆိုင်ခဲ့သည့် မြန်မာလူငယ်အဖွဲ့သည် နိုဝင်ဘာ ၁၆ ရက်က လေကြောင်းခရီးစဉ်ဖြင့် မြန်မာနိုင်ငံသို့ပြန်လည်ရောက်ရှိခဲ့သည်။ ယင်းတို့အား အစည်းအဝေးပွဲနှင့် ဆုရရှိခဲ့မှုအတွေ့အကြုံများကို မေးမြန်းဖော်ပြလိုက်ပါသည်။

လူငယ်တွေကိုယ်တိုင်ကလည်း တက်တက်ကြွကြွနဲ့ ပါဝင်စေချင်တယ်။ နောက်ပိုင်းနှစ်တွေကျရင် လုပ်ငန်းခွင်ကလူငယ်တွေအပြင် ကျောင်းတက်နေတဲ့ ကျောင်းသားလူငယ်တွေ၊ တက္ကသိုလ်က လူတွေကိုလည်း ထည့်သွင်းစဉ်းစားပေးရင် ပိုကောင်းမယ်၊ တက္ကသိုလ်တွေမှာလည်း ထူးချွန်တဲ့လူငယ်တွေအများကြီး ရှိပါတယ်။

ဒုတိယတပ်ရင်းမှူး ရဲကျော်စွာအောင်လှ (လသာမြို့နယ် အရန်မီးသတ်တပ်ဖွဲ့)

မေး ။ ။ အခုရရှိခဲ့တဲ့ ဆုအမျိုးအစားပြောပြပေးပါ။

ဖြေ ။ ။ TAYO အာဆီယံဆုရရှိခဲ့ပါတယ်။ ကျွန်တော်တို့မြန်မာနိုင်ငံက သဘာဝဘေးအန္တရာယ်ကယ်ဆယ်ရေးနှင့် ဘေးအန္တရာယ်ကျရောက်တဲ့အခါမှာ ဝင်ရောက်လုပ်ကိုင်တဲ့အဖွဲ့အစည်း၊ အရန်မီးသတ်ကိုပေးတဲ့ဆုကို ရရှိခဲ့ပါတယ်။ လူငယ်ဆုပေါ့။ လူငယ်အာဆီယံ Youth meeting ဆုပေါ့။ လူငယ်တွေရဲ့ လုပ်ဆောင်တဲ့အချက်လေးတွေကို အများကြီးတွေ့ပါတယ်။ ကျန်တဲ့နိုင်ငံအားလုံး National Youth ကော်မတီရှိတယ်။ သူတို့နိုင်ငံရဲ့ကော်မတီဝင်တွေ ကိုယ်တိုင်လာပြီးတော့ တက်တက်ကြွကြွနဲ့ ပါဝင်တယ်။ ကျွန်တော်တို့မြန်မာနိုင်ငံမှာလည်း National Youth ကော်မတီဖွဲ့စည်းပေးထားရင် မြန်မာနိုင်ငံမှာရှိတဲ့ လူငယ်တွေအားလုံးက နိုင်ငံတကာနဲ့ယှဉ်ပြိုင်လို့ရမယ်။ အတွေ့အကြုံလည်း အများကြီးရှိမှာပါ။

ဒုတိယတပ်ရင်းမှူး ရဲကျော်စွာအောင်လှ (လသာမြို့နယ် အရန်မီးသတ်တပ်ဖွဲ့)

မေး ။ ။ ဘယ်နိုင်ငံနဲ့ယှဉ်ပြိုင်ခဲ့ရလဲ။

ဖြေ ။ ။ အဓိကကတော့ ဘရူနိုင်းနဲ့ပေါ့။ ကယ်ဆယ်ရေးလုပ်ငန်းလုပ်တဲ့အခါမှာ အဓိကယှဉ်ပြိုင်ခဲ့ရပါတယ်။

ဒေါ်ထက်ထက်ဝင်း(မြန်မာနိုင်ငံအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်အသင်းဝင်)

မေး ။ ။ အတွေ့အကြုံလေးပြောပြပါ။

ဖြေ ။ ။ ကျွန်မက စီးပွားရေးစွမ်းဆောင်ရှင် အသင်းဝင်ပါ။ မြန်မာလူငယ်တွေရဲ့ စွမ်းရည်အတွေ့အကြုံကြွယ်ဝမှုတွေကို အာဆီယံလူငယ်များကြားမှာ ပြနိုင်ခဲ့တဲ့ဒီဆုပေးပွဲကို မြန်မာနိုင်ငံက လေးယောက်သွားခဲ့ပါတယ်။ TAYO Award ရယ်၊ ASEAN Award ရယ်အတွက် သွားခဲ့တယ်။ ကျွန်မတို့အဖွဲ့ ခေါင်းဆောင်က လူမှုဝန်ထမ်းကပါ။ အတွေ့အကြုံက အများကြီးရခဲ့ပါတယ်။ လူငယ်တွေအများကြီးတွေ့ခဲ့ရပါတယ်။ လူငယ်တွေ ကိုးနိုင်ငံက လာတယ်။ ကမ္ဘောဒီးယားက မလာဘူး။ ASEAN Award ကို လူငယ်ပိုင်းက စွမ်းစွမ်းတမံလုပ်တဲ့လူငယ်တွေကို ပေးတာ၊ TAYO Award ကတော့ လူငယ်အသင်းဖွဲ့ပြီး လူငယ်တွေကို ပြုစုပျိုးထောင်တာ၊ လူငယ်တွေအတွက် ကောင်းကောင်းမွန်မွန်လုပ်ပေးနိုင်တဲ့အသင်းကို TAYO Award ကိုပေးတာ၊ တော်တော်လေးအတွေ့အကြုံရပါတယ်။ နိုင်ငံတစ်နိုင်ငံကို အသင်းတစ်သင်း၊ ဆုရတဲ့သူတွေရဲ့ အရည်အချင်းကိုလည်း လေ့လာခွင့်ရခဲ့ပါတယ်။

မေး ။ ။ ဒီပွဲတွေနဲ့ပတ်သက်ပြီး ဗဟုသုတလေးပြောပေးပါ။

ဖြေ ။ ။ ကျွန်မတို့အနေနဲ့ သူတို့ဆီမှာသွားတဲ့အခါမှာပေါ့။ အဓိက အင်္ဂလိပ်စာကောင်းရမယ်။ ဗဟုသုတတွေ ဖလှယ်ကြတယ်။ ကိုယ့်နိုင်ငံ၊ သူ့နိုင်ငံပေါ့၊ ကိုယ့်နိုင်ငံမှာ ဘာတွေရှိတယ်၊ ဘာတွေဖြစ်လဲ၊ နိုင်ငံချင်းလည်း Culture Exchange တွေ ဖလှယ်ခဲ့ကြတယ်။ နောက် သူတို့နိုင်ငံက လူငယ်တွေ ဘယ်လိုကြိုးစားကြတယ်။ သူတို့ကိုယ် သူတို့နိုင်ငံအတွက် ဘယ်လိုတက်တက်ကြွကြွဆောင်ရွက်ခဲ့တာတွေကို လေ့လာခဲ့ရပါတယ်။ တစ်နိုင်ငံချင်းစီရဲ့လူငယ်တွေနဲ့တွေ့ဆုံခဲ့ရပါတယ်။ ASEAN Award ရော၊ TAYO Award ရတဲ့သူတွေနဲ့လည်းဆုံခဲ့ရပါတယ်။ နိုင်ငံတစ်ခုချင်းစီရဲ့ လူငယ်တွေက တော်တယ်၊ တကယ်အရည်အချင်းရှိတဲ့လူငယ်တွေ၊ ကဏ္ဍအလိုက်တော်တယ်၊ လူငယ်တွေကို ASEAN Award အနေနဲ့ပေးတာ၊ TAYO Award ကတော့ တက်ကြွတဲ့လူငယ်တွေကို မွေးထုတ်တာ၊ ဖိလစ်ပိုင်ဆိုရင် လူငယ်ပဲ၊ အသင်းတစ်ခုဖွဲ့ထားတယ်၊ လူငယ်တွေလှုံ့ဆော်တာ၊ လူငယ်တွေစုပြီးဖွဲ့ပြီး သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းတာတို့လုပ်တယ်။ TAYO ကျတော့ အသင်းမှာစွမ်းစွမ်းတမံလုပ်တဲ့သူတွေကို TAYO Award ကိုပေးတာ၊ ASEAN ကတော့ ထူးချွန်တဲ့ လူငယ်တွေကို ပေးတယ်။ အတွေ့အကြုံလေးလည်းရခဲ့ပါတယ်။ အချင်းချင်း Culture Exchange တွေဖလှယ်တယ်။ ကိုယ့်မြန်မာနိုင်ငံမှာ ဘာတွေရှိလဲ။ သယံဇာတတွေပေါကြွယ်ဝတယ်။ ကိုယ့်နိုင်ငံကလူငယ်တွေက စွမ်းစွမ်းတမံလုပ်တယ်။ သူတို့ကလည်း သူတို့နိုင်ငံမှာ ဘာတွေရှိတယ်။ ဘာတွေလုပ်တယ်၊

ဒေါ်ထက်ထက်ဝင်း (မြန်မာနိုင်ငံ အမျိုးသမီး စီးပွားရေး စွမ်းဆောင်ရှင် အသင်းဝင်)

အတွေ့အကြုံချင်းဖလှယ်ကြတယ်။ ဗဟုသုတတွေ အများကြီးရခဲ့ပါတယ်။ လူငယ်အားလုံး နိုင်ငံနဲ့လူမျိုးအတွက် တက်တက် ကြွကြွဆောင်ရွက်ကြဖို့ မီးမောင်းထိုးပြတဲ့ပွဲကြီးလို့ ပြောရင်လည်း မမှားပါဘူး။

အခုလို ဖြေကြားပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်ရှင်။

လူကုန်ကူးမှု ပပျောက်ဖို့ တစ်မျိုးသားလုံး ပါဝင်ကြစို့

ဘုရားဆင်းတုတော်ပူဇော် လှူဒါန်းပွဲကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၁

ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့မှ ဘုရားဆင်းတုတော် ပူဇော်လှူဒါန်းပွဲအခမ်းအနားကို ဒဂုံမြို့နယ် ရွှေတိဂုံဘုရားလမ်းရှိ ဆံတော်ကြိုအလံပြဘုရား၌ နိုဝင်ဘာ ၁၅ ရက်က ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်ခင်သက်ဌေးက ဆင်းတုတော်များကို ပေးအပ်လှူဒါန်းသည်။

ပေးအပ်

အဆိုပါ လှူဒါန်းပွဲတွင် ခရိုင်လေးခရိုင်ရှိ မိသားစုဝင်များ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်မိသားစုဝင်များ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှဝန်ထမ်းမိသားစုများအတွက် ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့မှ ဘုရား ဆင်းတုတော်အဆူ ၃၆၆၀ ကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

မီးမီး(လှိုင်)

---

(၃၂)နှစ်မြောက် မင်္ဂလာဆုတောင်း

၂-၁၂-၂၀၁၃ရက်တွင် ကျရောက်သော အစ်ကိုကြီး ဦးသိုက်ထွန်းနှင့်ချစ်မမကြီး ဒေါ်ဝေဝေအောင်တို့ရဲ့ (၃၂)နှစ်မြောက် ချစ်ခရီးလမ်းတစ်လျှောက်မှာ ချစ်သမီးကြီး နေခြည်၊ ချစ်သမီးငယ် ဂူးဂူးတို့နဲ့အတူ မင်္ဂလာနှစ်ပေါင်း ၁၀၀တိုင်အောင်၊ တစ်ယောက်အောင်မြင်တဲ့အခါ၊ တစ်ယောက်က ပျော်ရွှင်ရင်း၊ တစ်ယောက်လဲကျတဲ့အခါ တစ်ယောက်ကထူမတ်ပေးရင်း မြတ်နိုးဖော်အားပေးဖက်ဘဝမျိုးနဲ့ ချမ်းမြေ့ငြိမ်းချမ်းတဲ့ မိသားစုကမ္ဘာလေး ထာဝရတည်တန့်နိုင်ပါစေလို့ ချစ်ညီ၊ ညီမလေးများက လှိုက်လှိုက်လှဲလှဲ ဆုတောင်းပါတယ်။

ချစ်သော မောင်နှမများ
- ကိုကိုကြီး-ဝိုင်း၊ တူမ-လပြည့်၊ ငယ်ငယ်စံ၊
- မောင်မြင့်နိုင်-နီလာ၊ တူလေး-ကျော်လကျာ။
- ကျော်ငယ်-သီတာ၊ တူလေး-မင်းခန့်။
- မောင်မောင်-မိုးလေး၊ တူမ-ချစ်ပိုးချည်

ကန့်ကွက်နိုင်ကြောင်းအသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ မြို့သစ်(ခ)ရပ်ကွက်၊ မြေကွက်အမှတ် ၄၆၆(ခ)၊ မြေကွက်လိပ်စာ-အမှတ် (၇၈၇)၊ (ခ/၁၀)လမ်း၊ မြို့သစ်(ခ)ရပ်ကွက်၊ အင်းစိန်မြို့နယ်ဟုခေါ်တွင်သော အလျားပေ ၂၀×အနံပေ ၆၀ရှိ မြေကွက်နှင့် ယင်းမြေကွက်နှင့်စပ်ဆက်လျက်ရှိသော မြေကွက်အမှတ် ၄၆၇(ခ)၊ မြေကွက်လိပ်စာ-အမှတ် (၇၈၄)၊ (ခ/၁၀)လမ်း၊ မြို့သစ်(ခ)ရပ်ကွက်၊ အင်းစိန်မြို့နယ်ဟုခေါ်တွင်သော အလျားပေ ၂၀×အနံပေ ၆၀ရှိ ဂရန်မြေကွက် နှစ်ကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်ပိုင်ဆိုင်လက်ရှိထားရှိပြီး ရောင်းချ၊ လွှဲပြောင်းပိုင်ခွင့်ရှိသည်ဟု တာဝန်ယူပြောဆိုသူ ဦးမြင့်ကြိုင်(ဘ)ဦးသာလှိုင် ၉/ကပတ(နိုင်)၀၇၉၃၁၈ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ကို ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများနှင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စကို ပြီးမြောက်အောင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်စန်းတင့်
တရားလွှတ်တော်ရှေ့နေ (စဉ်-၂၀၂၀)
အမှတ် ၅၈၈၊ ယုဇနလမ်း၊
ပေါက်တောရပ်ကွက်၊ အင်းစိန်မြို့နယ်၊
ဖုန်း-၀၉-၅၀၉၉၆၃၇







အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ နန္ဒင်းကုန်းရပ်ကွက်၊ သုမင်္ဂလာအိမ်ရာ၊ သုမင်္ဂလာလမ်း၊ တိုက်အမှတ် (T-2)၊ အခန်းအမှတ် (၀၀၁)၊ မြေညီဟုခေါ်တွင်သော တိုက်ခန်းနှင့်ယင်းတိုက်ခန်းဖြင့် ဆက်နွယ်ပတ်သက်သည့် အကျိုးခံစားခွင့်များ အရပ်ရပ်အားလုံးတို့အား တရားဝင်ဝယ်ယူပိုင်ဆိုင်၊ ရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုလာကြသည့် ဦးအောင်သန်း ၁၂/မဂတ(နိုင်)၀၃၀၂၁၃နှင့် ဒေါ်ထားထားအောင် ၁၂/မဂတ(နိုင်)၀၃၀၂၀၄တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေကဝယ်ယူရန် ညှိနှိုင်းသဘောတူညီချက်အရ စရန်ငွေပေးချေပြီးဖြစ်ပါ၍ အဆိုပါပစ္စည်းအရပ်ရပ်တို့နှင့်ပတ်သက်ပြီး ပိုင်ရေးဆိုင်ခွင့်ရှိကြောင်း ပြောဆိုကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ငါးရက်အတွင်း ကျွန်ုပ်ထံသို့ အထောက်အထားခိုင်လုံစွာဖြင့် လာရောက် တင်ပြကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိခဲ့ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

ဦးစိန်ဝင်း (စဉ်-၆၀၈၂)
B.A, H.G.P, C.B.L, D.B.L, D.M.L
ဥပဒေအကျိုးဆောင်၊
အမှတ် ၁၀/၁၂၊ ပထမထပ် (အေ-၅)၊ ၃၅လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၅၀၇၀၆၇၇၊ ၀၉-၇၃၂၀၇၅၂၅

အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်၆၀၊ မြေကွက်အမှတ်(၈၀၄/၈၀၅)၊ ဧရိယာစတုရန်းပေ ၄၈၀၀ ရှိ မြေကွက်နှစ်ကွက်ကို မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ လက်ဝယ်ရှိပိုင်ဆိုင်သူ ဦးတင်ညွှန့်အမည်ဖြင့် မြေငှားဂရန်ထုတ်ပေးထားပြီး မြို့မြေစာရင်းတွင်လည်း ဦးတင်ညွှန့်အား ပိုင်ရှင်အဖြစ် မှတ်တမ်းတင်ထားပါသည်။

ယင်းမြေကွက်၏ တစ်စိတ်တစ်ပိုင်းတွင် များမကြာမီအချိန်က မှားယွင်း၍ ခြံစည်းရိုးသဖွယ် လာရောက်ပြုလုပ်ထားပါ၍ ထိုပြုလုပ်ထားသူသည် ပိုင်ရှင်အစစ်အမှန်နှင့်ဆက်သွယ်ပါရန် မြေကွက်များတည်နေရာတွင် အသိပေးကြေညာချက်ထုတ်ပြန်ထားသော်လည်း ဆက်သွယ်ရန်ကန့်သတ်ထားသည့်ကာလအတွင်း တစ်ဦးတစ်ယောက်မျှ ပိုင်ရှင်အစစ်သို့ လာရောက်ဆက်သွယ်ခြင်းမရှိပါ။ ထို့ကြောင့် မှားယွင်း၍ ခြံစည်းရိုးသဖွယ်ပြုလုပ်ထားသူသည် ဤကြေညာစာပါရှိသည့်ရက်မှ ၁၄ရက်ပြည့်မြောက်သည့်ရက် နောက်ဆုံးထား၍ မိမိမှားယွင်းပြုမူထားသည်များအားရှင်းလင်းပေးပါရန်နှင့် တစ်စုံတစ်ရာဆက်သွယ်လိုပါက အောက်တွင်ဖော်ပြထားသည့် ဖုန်းနံပါတ်များနှင့် ကျွန်ုပ်ထံသို့ဆက်သွယ်ပါရန် ကြေညာအပ်ပါသည်။

ဤကြေညာစာတွင် ရှင်းလင်းပေးရန် သတ်မှတ်ထားသည့်ကာလ ပြည့်မြောက်သည်အထိ တစ်စုံတစ်ရာရှင်းလင်းမှုမရှိလျှင်ဖြစ်စေ၊ ဆက်သွယ်အကြောင်းကြားမှု တစ်စုံတစ်ရာမရှိလျှင်ဖြစ်စေ လက်ဝယ်ရှိပိုင်ဆိုင်သူသည် မိမိ၏အခွင့်အရေးများကို အသုံးပြုလျက် လုပ်ထုံးလုပ်နည်းများနှင့်အညီ လိုအပ်သည်များကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ဆက်သွယ်ရန်ဖုန်းနံပါတ်များ-၀၁-၂၉၂၀၃၇၊
၀၁-၂၉၉၂၉၀၊ ၀၉-၄၃၂၀၈၀၉၀၊ ၀၉-၅၁၈၁၈၇၉

လွှဲအပ်ညွှန်ကြားသူ ဦးတင်ညွှန့် **လွှဲအပ်ညွှန်ကြားချက်အရ-**
ဦးကိုကိုဦး (တရားလွှတ်တော်ရှေ့နေ၊ စဉ်-၈၄၄၆)
အမှတ် ၈၈၊ ၉၃ လမ်း၊ ကန်တော်လေး၊ မင်္ဂလာတောင်ညွှန့်မြို့နယ်

နိုင်ငံတကာအားကစားသတင်း

ရော်ဘင်ရဲ့ဂိုးတွေနဲ့ နိုင်ပွဲဆက်တဲ့ ဘိုင်ယန်မြူးနစ်

ဘွန်ဒက်စ်လီဂါပွဲစဉ်(၁၄) ကို နိုဝင်ဘာ၃၀ ရက်က ယှဉ်ပြိုင်ကစားတဲ့အခါ ဘိုင်ယန်မြူးနစ်တို့က အိမ်ကွင်းမှာ ဂိုးပြတ်သွင်းအောင်ပွဲခံနိုင်ခဲ့သလို လေဗာကူဆင်တို့ကလည်း ပြတ်သားတဲ့ ရလဒ်နဲ့ နိုင်ပွဲယူပြီး တန်းစီဇယားဒုတိယနေရာမှာ ခိုင်မြဲစွာ ရပ်တည်နေဆဲဖြစ်ပါတယ်။

ဘိုင်ယန်မြူးနစ်နှင့် ဘရန့်ဝှစ်

အခုချိန်ထိ ဒီနှစ်ဘွန်ဒက်စ်လီဂါမှာ ရှုံးပွဲမရှိသေးတဲ့ ဘိုင်ယန်မြူးနစ်ဟာ အခုပွဲမှာလည်း ကစားကွက်အသာစီးနဲ့ ဖိအားပေးကစားနိုင်ခဲ့ပါတယ်။ ဘိုင်ယန်မြူးနစ်ဟာဒီပွဲမှာ အပိုင်ကန်သွင်းခွင့် ရှစ်ကြိမ်ရရှိခဲ့ပြီး နှစ်ဂိုးရရှိခဲ့ပါတယ်။ ဘိုင်ယန်မြူးနစ်အတွက် ဂိုးတွေကို ပွဲအစ ၂ မိနစ်မှာ ပဲဂေါ့ဇီရဲ့ ဖန်တီးပေးမှုက တစ်ဆင့် ရော်ဘင်က သွင်းယူခဲ့တာမို့ အဖွင့်ဂိုးစတင်ရရှိခဲ့ပါတယ်။ ဒုတိယဂိုးကိုလည်း ခရော့ရဲ့ပေးပို့မှုက တစ်ဆင့်ရော်ဘင်က ဘယ်ခြေနဲ့ကန်သွင်းယူခဲ့တာမို့ နှစ်ဂိုးရရှိခဲ့ပါတယ်။ ဘရန့်ဝှစ်တို့ ပွဲချိန်ပြည့်တဲ့အထိ ချေပဂိုးမသွင်းနိုင်ခဲ့လို့ နှစ်ဂိုးပြတ်နဲ့ ဘိုင်ယန်မြူးနစ်တို့ နိုင်ပွဲဆက်ခဲ့တာဖြစ်ပါတယ်။

လေဗာကူဆင်နှင့် နုရင်ဘတ်

ဒီနှစ်ဘွန်ဒက်စ်လီဂါမှာ အိမ်ကွင်းရှုံးပွဲမရှိသေးတဲ့ လေဗာကူဆင်ဟာ အခုပွဲကိုလည်း နိုင်ပွဲရရှိရေး ဖိဖိစီးစီးကစားခဲ့ပါတယ်။ အဓိက ပွဲထွက်ကစားသမားတွေအစုံအလင်နဲ့ ရင်ဆိုင်ခဲ့တဲ့ လေဗာကူဆင်ဟာ ပွဲချိန် ၁၆ မိနစ်မှာ ပယ်နယ်တီဧရိယာအတွင်းမှ ဟောင်မင်သန်က သွင်းယူခဲ့လို့ လေဗာကူဆင်တို့ အဖွင့်ဂိုးရရှိခဲ့ပါတယ်။ဆက်လက်ပြီး၇၆မိနစ်မှာ ကယ်စထရိုရဲ့ပေးပို့မှုကတစ်ဆင့် ဟောင်မင်သန်က ပဲသွင်းယူခဲ့လို့ ဒုတိယဂိုးထပ်မံရရှိခဲ့ပြန်ပါတယ်။ ပွဲချိန်၄၇မိနစ်က ကစ်စလင်းက တစ်ဂိုးသွင်းခဲ့တာမို့ ပွဲ အပြီးမှာ လေဗာကူဆင်က သုံးဂိုးပြတ်နဲ့ နိုင်ပွဲရရှိခဲ့ခြင်းဖြစ်ပါတယ်။

မိန့်ဇ်နှင့် ဒေါ့မွန်

ဒေါ့မွန်ဟာအခုပွဲမှာ အကောင်းဆုံးခြေစွမ်းပြနိုင်ခဲ့ပြီး မိနစ် ၇၀ မှာ အူဘာမီလန်က ဒေါ့မွန်အတွက်အဖွင့်ဂိုးသွင်းယူခဲ့ပါတယ်။ ဒါပေမယ့် ၇၄ မိနစ်မှာ မိုတင်းက ချေပဂိုးသွင်းယူခဲ့ပေမယ့် ၇၈ မိနစ်မှာ လီဝမ်ဒေါစကီးက ပယ်နယ်တီကန်သွင်းယူပြီး ဂိုးရရှိခဲ့တာမို့ နှစ်ဂိုး-တစ်ဂိုးဖြစ်နေခဲ့ပါတယ်။ ၉၄မိနစ်မှာ ပယ်နယ်တီက တစ်ဆင့် လီဝမ်ဒေါစကီးက တစ်ဂိုးထပ်မံသွင်းယူခဲ့တာမို့ ပွဲအပြီးမှာ ဒေါ့မွန်က သုံးဂိုး-တစ်ဂိုးနဲ့ နိုင်ပွဲရရှိခဲ့ခြင်းဖြစ်ပါတယ်။ ။

မိုးမြင့်လင်းလက်

ဂါရက်ဘေးလ် ဟက်ထရစ်သွင်းပြီ

စပိန်လာလီဂါပြိုင်ပွဲများကို ဒီဇင်ဘာ ၁ ရက် နံနက်ပိုင်းက ယှဉ်ပြိုင်ကစားကြရာ ဂါရက်ဘေးက ရီးရဲမက်ဒရစ်အတွက် ဗယ်လာဒိုလစ်နှင့်ပွဲတွင် ဟက်ထရစ်ဂိုးသွင်းယူပေးခဲ့သည်။ ယင်းအနိုင်ပွဲကြောင့် ရီးရဲမက်ဒရစ်တို့ ဘာစီလိုနာနှင့် သုံးမှတ်သာကွာတော့သည်။ ယင်းပွဲတွင် စီရိုနယ်ဒို ဒဏ်ရာကြောင့် လွဲချော်ခဲ့သည်။ ဂါရက်ဘေးလ်က အကောင်းဆုံးအခွင့်အလမ်းများကို အသုံးချပြီး ဟက်ထရစ်ဂိုးသွင်းပေးနိုင်ခဲ့သည်။ ယင်းပွဲတွင် ရီးရဲမက်ဒရစ်က လေးဂိုးပြတ်ဖြင့် အနိုင်ရလိုက်သည်။ ဘင်ဇီမာက အစောပိုင်းတွင် တစ်ဂိုးသွင်းယူပေးခဲ့သည်။ ဝေလတိုက်စစ်မှူး ဂါရက်ဘေးလ်သည် စက်တင်ဘာလက စပါးအသင်းမှ ရီးရဲမက်ဒရစ်သို့ ပြောင်းလာပြီးနောက် ၁၃ ပွဲတွင် ကိုးဂိုးသွင်းယူ ပေးထားသည်။ "သူဟာ ယုံကြည်မှုများရှိပြီး ကျွန်တော်တို့အတွက် အလွန်အရေးကြီးပါတယ်"ဟု ရီးရဲမက်ဒရစ် နည်းပြ အန်ဆယ်လော့တီက ပြောသည်။

ကောင်းမြတ်သူ-စုစည်းသည်

ဂျုရတ် နောက်တန်း ကျောက်နိုင်

လီဗာပူးကွင်းလယ်ကစားသမား စတီဗင်ဂျုရတ်သည် အနာဂတ်တွင် ဗဟိုခံစစ်မှူးနေရာ ကစားနိုင်လိမ့်မည်ဖြစ်ကြောင်း လီဗာပူးနည်းပြ ဘရီဒန်းရော်ဂျာက ပြောသည်။ အသက် ၃၃ နှစ်ရှိ ဂျုရတ်သည် အန်ဖီးလ်၌ ဆယ်စုနှစ်တစ်ခုကျော်ကြာ အလယ်တန်းကစားခဲ့သည်။ သို့ရာတွင် ဂျုရတ်သည် အနာဂတ်တွင် နောက်တန်းခံစစ်မှူးအဖြစ် ကစားနိုင်လိမ့်မည်ဟုဆိုသည်။

"ကျွန်တော်သူ့ကိုကြည့်ရတာ အလယ်တန်းမဟုတ်ဘဲ ဗဟိုခံစစ်မှူးနေရာလည်းကစားနိုင်မယ့်အနေအထားတွေ့ရပါတယ်" ဟု ရော်ဂျာက ပြောသည်။ ဂျုရတ်သည် နွေရာသီက လီဗာပူးနှင့်နှစ်နှစ်စာချုပ် ထပ်မံချုပ်ဆိုထားသည်။

ဥရောပ ပြည်တွင်းလိဂ် ပွဲစဉ်များ သီဟ

အီတလီစီးရီးအေ ပွဲစဉ်-၁၄ ဒီဇင်ဘာ ၃

ဖီအိုရင်တီးနား	-	ဗီရိုနာ	နံနက် ၀၀း၃၀	(-)
လာဇီယို	-	နာပိုလီ	နံနက် ၂း၃၀	(ယခင်နှစ် ၁-၁)

နိုင်ငံတကာဘောလုံးပွဲရလဒ်များ

အက်စ်တွန်ဗီလာ	၀-၀	ဆန်းဒါးလန်း
ကာဒစ်ဖ်	၀-၃	အာဆင်နယ်
အဲဗာတန်	၄-၀	စတုတ်
နော့ဝှစ်ချ်	၁-၀	ပဲလေ့စ်
ဝက်စ်ဟမ်း	၃-၀	ဖူလ်ဟမ်
နယူးကာဆယ်	၂-၁	ဝက်စ်ဘရွန်း
ဟော်ဖန်ဟိမ်း	၄-၄	ဝါဒါဘရီမင်
ဟာသာဘာလင်	၀-၀	အော့စ်ဘတ်
ရှော်လ်ကေး	၃-၀	စတုဂတ်
ပါးမား	၁-၁	ဘိုလော့ဂ်နာ
ဂျီနိုအာ	၁-၁	တိုရီနို
အယ်လ်ချီ	၀-၂	အက်သလက်တီကို
ဆဲလ်တာဗီဂို	၃-၁	အယ်လ်မာရီးယား
အက်စ်ပန်ညို	၁-၂	ဆိုစီဒက်
မိုနာကို	၂-၀	ရန်းနက်စ်
ဂူအင်ဂမ့်	၁-၀	နန့်တက်စ်
လော်ရီယန့်	၃-၀	နိုက်စ်
စိန့်အက်တီယန်	၄-၀	ရိမ်း
တူးလော့စ်	၅-၁	ဆိုးချော့စ်
ဗလင်စီနက်	၀-၁	လိုင်လီ
ဘုန်းမောက်	၁-၁	ဘရိုက်တန်
ဘလက်ဘန်း	၁-၀	လိဒ်
ဟက်ဒါဖီးလ်	၂-၁	ဘန်လေ
မစ်ဒယ်ဘရော့	၁-၀	ဘော်လ်တန်
ချာလ်တန်	၀-၁	အစ်ဆွစ်
ဒွန်ကတ်စတာ	၂-၁	ကျူပီအာ

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

FOREVER
အိုးချင်း အရောက်ပို့ဆောင်ပေးပါပြီ

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ (၉)ရပ်ကွက်၊ ၄၆ လမ်း၊ အမှတ် ၄၇/ခ (ပထမထပ်)၊ အကျယ်(ပေ၂၀×၅၈ပေ)ရှိ တိုက်ခန်းအပါအဝင်အကျိုးခံစားခွင့်အားလုံးကို အမည်ပေါက်ပိုင်ဆိုင်သူ ဦးဝင်းထွန်းထွန်း၏ ဇနီး ဒေါ်အေးအေးဝင်း ၁၂/ဗတထ(နိုင်)၀၂၁၁၉၉ ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။

သို့ပါ၍ အဆိုပါတိုက်ခန်းနှင့် တိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်နှင့် ပတ်သက်၍ ဆိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော အထောက်အထားစာရွက်စာတမ်းများဖြင့် ကျွန်ုပ်ထံ ကန့်ကွက်နိုင်ပါသည်။ ၄င်းရက်နောက်ပိုင်းတွင် စာချုပ်စာတမ်းများကို တရားဝင်ပြုလုပ် ချုပ်ဆိုမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးမင်းလွင်ထူး(စဥ်-၂၁၂၉၆)၊ အထက်တန်းရှေ့နေ
အမှတ် ၈၃(ပထမထပ်)၊ ပန်းဆိုးတန်းလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၃၇၄၇၉၆

ကန့်ကွက်နိုင်ပါကြောင်း

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄)၊ မြေကွက်အမှတ် ၅၅၈စီ၊ မြေကွက်တည်နေရာအမှတ် (၅၅၈/စီ)၊ (၄) ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ် ဦးစိုင်းလူး (ဥက္ကဋ္ဌ MTA တပ်မဟာ -၁) ၈၆၁/လက်နက်နှင့်ငြိမ်းချမ်းရေးလဲလှယ်ရေးအဖွဲ့ အမည်ပေါက် တစ်နှစ်ယာယီလိုင်စင်မြေအား အမည်ပေါက် ဦးစိုင်းလူးထံမှ ဦးဇော်မျိုးအောင် ၁၂/ဥကမ(နိုင်) ၀၅၇၃၀၇ က အပြီးအပိုင် ရောင်းချခြင်းကတိစာချုပ် ကိုယ်စားလှယ်လွှဲစာများတင်ပြ၍ ဦးဇော်မျိုးအောင်အမည်ဖြင့် လိုင်စင်သက်တမ်းတိုးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၂၃+၂၆+၂၇) (ကမာရွတ်)၊ လှူနေရပ်ကွက်အမှတ် ပါရမီအိမ်ရာ မြေကွက်အမှတ်၅၀ ဦးစံမြင့်-ဒေါ်မြင့်မြင့်စိုးတို့ထံမှ အဆင့်ဆင့်ဝယ်ယူပိုင်ဆိုင်ထားသူ ဦးအောင်နိုင် ၁၂/အလန(နိုင်)၀၂၅၄၁၁က လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ခိုင်လုံသော အထောက်အထားများ တင်ပြလျက် ဤဦးစီးဌာနသို့ လာရောက်၍တင်ပြကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်မှုမရှိပါက မြေအမည်ပြောင်းလျှောက်ထားခြင်းကို ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြေတိုင်းဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ဦးအောင်ဝင်း
LCCI သင်တန်းများ ခုနှစ်ပါတ်ယူထားနိုင်ပြီ။
Dec-14 (Sat)စမည်။ Aircon
LCCI
☎-01-371741, 240824, 381350

7stars
(22.3.2014)
09.49282366, 09.49653992, 09.421052736

7stars
09.49282366, 09.49653992, 09.421052736

မြက်မျိုးနွယ်ဝင် စပါးလင်

အိမ်ရှင်မများလက်စွဲ မြန်မာ့စပါးလင်သည် ရနံ့မွှေးပျံ့သလောက် ဆေးစွမ်းကလည်း ထက်မြက်လှပါသည်။ ၎င်းသည် မြက်မျိုးနွယ်ဝင်အပင်ဖြစ်ပြီး စပါးလင်မွှေးနှင့် ဟင်းစားစပါးလင်ဟူ၍ နှစ်မျိုးရှိပါသည်။ ကွာခြားပုံမှာ စပါးလင်မွှေးက ဟင်းစားစပါးလင်ထက်ပို၍ ရွက်ပြားကြီးကာ ရှည်လျားခြင်းပင်ဖြစ်သည်။ ထို့ကြောင့် အချို့သောစီးပွားရေး ဈေးကွက်များတွင် စပါးလင်မွှေးက ပို၍ မျက်နှာပန်းလှတတ်လေသည်။

စပါးလင်သည် စိုက်ပျိုးပင်ဖြစ်သည်။ မြန်မာနိုင်ငံဒေသအများအပြားတွင် ပေါက်ရောက်နိုင်ပြီး သီတင်းကျွတ် လကုန်လောက်တွင် ဖူးတံထွက်၍ ပြာသို၊ တပို့တွဲလများတွင် အပွင့်ပွင့်ပြီး ဖန်၍ခါးသောအရသာရှိသည်။

နိုင်ငံတကာ တိုင်းရင်းဆေးဝါးများ ထုတ်လုပ်ရာတွင်လည်းကောင်း၊ ရောဂါကုသရာတွင်လည်းကောင်း ပရဆေးအဖြစ် စပါးလင်၏ အရွက်နှင့် အဆီကို အများဆုံး အသုံးပြုကြသည်။ အိန္ဒိယ ဆေးကျမ်းများထဲတွင် စပါးလင်သည် ကလေးများအတွက် အကောင်းဆုံး ဗိုက်နာပျောက်ဆေးဟု ဖော်ပြထားပြီး ဟိန္ဒူအာယုဗေဒဆေးကျမ်းတွင် စပါးလင်သည် အစာမကြေရောဂါ၊ ခံတွင်းပျက်ခြင်းနှင့် အစာအိမ်တွင်း ပိုးနှောင့်ယှက်သော ရောဂါများအတွက် အကောင်းဆုံး ဆေးတစ်လက်ဖြစ်သည်ဟုဖော်ပြထားသည်ကို တွေ့ရှိရပါသည်။ မြန်မာ့ဆေးဖက်ဝင်အပင်များထဲတွင်လည်း စပါးလင်သည် တစ်ခုအပါအဝင် ဖြစ်လေသည်။

စပါးလင်၏ ပဉ္စငါးပါးစလုံး ဆေးဖက်ဝင်ပြီး ၎င်းတွင် လေသလိပ်ကို ကြေစေခြင်း၊ သွေးကိုကြည်စေခြင်း၊ အစာကို ကြေစေ၍သည်းခြေကို မျက်စေခြင်းစသော အစွမ်းသတ္တိများရှိသည်။ စပါးလင်ကို နှလုံး၊ လည်ချောင်းနှင့် ပတ်သက်သော ရောဂါများကုသရာတွင် အသုံးပြုနိုင်ပြီး ချောင်းဆိုးခြင်း၊ သွေးအန်ခြင်း၊ ကာလဝမ်းရောဂါနှင့် သလိပ်တို့ကို နိုင်နင်းစွာကုသပေးနိုင်၍ အူသိမ်၊ အူနု၊ အူအကာနှင့်အမြေးများ၏ လုပ်ဆောင်ချက်ကို ပိုမိုကောင်းမွန်စေသည်ဟု သိရသည်။

မြန်မာ့ဆေးကျမ်းများ၏အလိုအရ အဖျားရောဂါသည်များ ချွေးထွက်စေရန်အတွက် စပါးလင်ကို ချင်း၊ သကြားတို့နှင့် ရောစပ်၍ အသုံးပြုနိုင်သည်။ လေရောဂါသည်များအတွက်မူ ငရုတ်ကောင်း၊ ပူဒီနာနှင့် သကြားတို့ကို စပါးလင်နှင့် ရောစပ်ပြုတ်၍ သောက်ပေးနိုင်ပြီး ရောင်ရမ်းနာကျင်ခြင်းများဖြစ်လျှင် စပါးလင်ကို ထုထောင်း၍ အဝတ်ဖြင့်ထုပ်ပြီး ကြပ်ထုပ်ထိုးပေးနိုင်သည်။ ဆီးကြောင့်ဖြစ်သော အသားဝါရောဂါပျောက်ကင်းစေရန်အတွက် စပါးလင်လက်တစ်ဆုပ်ခန့်ကို အမြီးနှင့် ခေါင်းဖြတ်၍ ရေနှင့် သုံးခွက်တစ်ခွက်တင်ကျိုပြီး တစ်နေ့သုံးကြိမ် အနည်းဆုံး သုံးရက်သောက်ပေးနိုင်သည်ဟုဆိုသည်။ စပါးလင်အရည်ကို အစာမကြေခြင်း၊ ခံတွင်းမလိုက်ခြင်းများဖြစ်လျှင် သောက်သုံးနိုင်သည်။ စပါးလင်ခေါင်းနှင့် ငရုတ်ကောင်းရောစပ်ကြိတ်၍ ငရုတ်ကောင်းစေ့ခန့် နေ့စဉ် စားသုံးပေးလျှင် ငှက်ဖျားရောဂါပင် ပျောက်ကင်းသည်ဟု သိရသည်။ ထို့အပြင် ပဉ္စငါးပါးပါဝင်သော စပါးလင်တစ်စည်းကို

ရေစင်စင်ဆေးပြီး ပြုတ်၍ ရရှိလာသော အရည်ထဲတွင် မီးဖုတ်ထားသော ဆားခတ်၍ သောက်သုံးပေးပါက နှာစေး၊ ချောင်းဆိုးဝေဒနာများကို သက်သာပျောက်ကင်းစေပါသည်။

လိမ်းပေးနိုင်

စပါးလင်သည် ဆီးပူ၊ ဆီးအောင့်၊ ဆီးလမ်းကြောင်းဆိုင်ရာ ရောဂါဝေဒနာများအတွက်လည်း ဆေးစွမ်းကောင်းတစ်လက်ဖြစ်ကြောင်း သိရသည်။ စပါးလင်ပဉ္စငါးပါးကိုသကြားအနည်းငယ်နှင့် ကျို၍ တစ်နေ့နှစ်ကြိမ် သောက်ပေးလျှင် ၎င်း ဆီးရောဂါသာမက လည်ချောင်းနာဝေဒနာကိုပါ သက်သာပျောက်ကင်းစေနိုင်သည်။ ရုတ်တရက် ထိခိုက်မိသောဒဏ်ရာများကြောင့် အကြောတင်သွားပါက အကြောပြေ ဒဏ်ကြေစေရန် ထမင်းဖြူနှင့် စပါးလင်ထောင်း၍ ကြပ်ထုပ်ထိုးပေးနိုင်သည်။ မီးယပ်ကြောင့်ဖြစ်သော ကိုယ်လက်နာကျင်ကိုက်ခဲခြင်းများအတွက် စပါးလင်ရည်တွင် ငရုတ်ကောင်း အနည်းငယ်ရော၍ လိမ်းပေးနိုင်ကြောင်း မှတ်သားရပါသည်။

ယနေ့ခေတ်တွင် ဆေးဝါးကုမ္ပဏီကြီးများသည် စပါးလင်မှ အဆီကို ပေါင်းခံကိရိယာဖြင့် ထုတ်ယူ၍ စားဆေး၊ သောက်ဆေး၊ လိမ်းဆေးအမျိုးမျိုးဖော်စပ် ရောင်းချနေပြီဖြစ်သည်။ စပါးလင်ဆီသည် ပူနွေးစေသော ဂုဏ်သတ္တိရှိသဖြင့် ၎င်းအဆီနှင့် နှမ်းဆီရောစပ်လိုက်လျှင် ပရုတ်ဆီကဲ့သို့ပင် အကျိုးအာနိသင်ရှိကြောင်း သိရသည်။ ၎င်းကို ခါးနာ၊ ခါးကိုက်၊ အဆစ်အမျက်များနာကျင်ကိုက်ခဲခြင်း၊ အကြောဆွဲ၊ အကြောတုန်ခြင်းတို့အပြင် ပွေး၊ ဝဲစသော အရေပြားရောဂါများအတွက်ပါ လိမ်းဆေးအဖြစ် သုံးစွဲနိုင်သည်။ အဆစ်ရောင်သောနေရာများကို စပါးလင်ဆီဖြင့် နာနာပွတ်လိမ်းပေးက လျင်မြန်စွာ သက်သာ ပျောက်ကင်းသည်ဟု ဆိုပါသည်။

စပါးလင်ဆီတွင် သွေးကိုကြွစေသော၊ လေတက်ခြင်းကို ကျဆင်းစေနိုင်သော ချွေးပြိုက်ပြိုက်ထွက်စေသော အစွမ်းအာနိသင်များရှိပြီး ဝမ်းဗိုက်ရစ်နာခြင်း၊ ရင်ဘတ်အောင့်ခြင်းနှင့် ပျို့အန်ခြင်း ဝေဒနာများကို ကုသရာတွင် အစွမ်းထက်လှသည်ဟုဆိုသည်။ ၎င်းအဆီကို နှမ်းဆီ (သို့) အုန်းဆီနှင့် ရော၍ လေဖြတ်၊ လေငန်း၊ ကြွက်တက်ရောဂါဝေဒနာရှင်များကို လိမ်း၍ နှိပ်နယ်ပေးခြင်းဖြင့် ကုသနိုင်ပါသည်။ ငှက်ဖျားအန္တရာယ်မှ ကာကွယ်နိုင်ရန်အတွက် စပါးလင်ဆီပါဝင်သော ဖယောင်းလိမ်းဆေးကို ခြင်မကိုက်စေရန် လိမ်းပေးနိုင်ပါသည်။ ကလေးများသန့်ထိုးပါက ဝမ်းဗိုက်ကို စပါးလင်ဆီ လိမ်းပေးပြီး အဝတ်ဖြင့်ပတ်ပေးထားပါက သက်သာပျောက်ကင်းစေသကဲ့သို့ ဆံပင်ကျွတ်ခြင်း သက်သာစေရန်အတွက် စပါးလင်ဆီကို အုန်းဆီစစ်စစ်နှင့်ရောစပ်၍ ဦးရေပြားအတွင်းစိမ့်ဝင်သွားအောင် လိမ်းပေးနိုင်သည်ဟု မှတ်သားရသည်။

ပိုင်ဆိုင်နိုင်

မြန်မာ့ရေမြေတွင် လွယ်လင့်တကူ ရှာဖွေရယူနိုင်သော စပါးလင်သည် တန်ဖိုးစရိတ် နည်းပါးသော်လည်း ရောဂါပျောက်ကင်းအစွမ်းထက်လှသဖြင့် နည်းလမ်းအသွယ်သွယ်အသုံးချ၍ ကျန်းမာခြင်းတည်းဟူသော ဆုလာဘ်ကို ရယူ ပိုင်ဆိုင်နိုင်ကြပါစေကြောင်း ဆန္ဒပြုရေးသား တင်ပြလိုက်ရပါသည်။

ဇင်ဇင်မင်းလွင်

ဆောင်းပါးနှင့်နယ်သတင်း

ကျန်းမာရေးအသိပညာပေးဟောပြောပွဲ မြိတ်မြို့၌ကျင်းပ

မြိတ် ဒီဇင်ဘာ ၁

၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၁ ရက်နေ့တွင် ကျရောက်သည့် ကမ္ဘာ့ခုခံအားကျဆင်းမှုကူးစက်ရောဂါတိုက်ဖျက်ရေးနေ့အထိမ်းအမှတ်ကျန်းမာရေးအသိပညာပေးဟောပြောပွဲကို တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ပညာ့ဗိမာန်ခန်းမ၌ နိုဝင်ဘာ ၂၆ ရက် မွန်းလွဲ ၁ နာရီမှ ညနေ ၃ နာရီအထိကျင်းပခဲ့ရာ အခမ်းအနားသို့ တနင်္သာရီတိုင်းဒေသကြီး ခုခံအားကျဆင်းမှု ကာလသားရောဂါတိုက်ဖျက်ရေး ဆရာဝန်ကြီး ဒေါက်တာသန်းဝင်း၊ မြို့နယ်ကျန်းမာရေးမှူး ဒေါက်တာယုယုဝေ၊ မြိတ်မြို့ World Vision (Myanmar)မှ HIV, AIDS ရောဂါတိုက်ဖျက်ရေးတာဝန်ခံ ဦးရွှေပြည်စိုး၊ ကျောင်းအုပ်ဆရာကြီး ဦးမြင့်အောင်နှင့် ဆရာ၊ ဆရာမများ၊ နဝမတန်း ကျောင်းသား၊ ကျောင်းသူ ၆၀၀ နှင့် ဒသမတန်း ကျောင်းသား ကျောင်းသူများတက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ တနင်္သာရီတိုင်းဒေသကြီး ခုခံအားကျဆင်းမှု ကာလသားရောဂါတိုက်ဖျက်ရေး ဆရာဝန်ကြီး ဒေါက်တာသန်းဝင်းက HIV, AIDS ရောဂါနှင့်ပတ်သက်၍ ခုခံအားကျဆင်းမှုရောဂါ တိုက်ဖျက်ရေးစသည့် အကြောင်းအရာများကို အသိပညာပေးဟောပြောပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

အခမ်းအနားအပြီးတွင် တက်ရောက်လာကြသော ကျောင်းသားကျောင်းသူများက မြို့နယ်ကျန်းမာရေးဌာနနှင့် World Vision (Myanmar) တို့ ပူးပေါင်း၍ ခုခံအားကျဆင်းမှုရောဂါ တိုက်ဖျက်ရေးနှင့်ပတ်သက်၍ "ခွဲခြားနှိမ့်ချ ကင်းစင်ဝေး၊ ကူးစက်သေဆုံးသူ မရှိစေရေး၊ ARD (အေအာဒီ) ဖြင့် ကုသပေး" စသည့် နံရံကပ်ပိုစတာများကို ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။ **(အပေါ်ပုံ)**

မိုးဟိန်း(မြိတ်)

ပြည်နယ်တရားလွှတ်တော်ရုံး အားကစားခုံဖွင့်

စစ်တွေ ဒီဇင်ဘာ ၁

ရခိုင်ပြည်နယ် တရားလွှတ်တော်ရုံး၊ စစ်တွေခရိုင်နှင့် မြို့နယ်တရားရုံးတို့မှ ဝန်ထမ်းများ ကျန်းမာပျော်ရွှင်စေရန်နှင့် မိသားစုစိတ်ဓာတ်များ ရှင်သန်ပွားများစေရန်အတွက် ရုံးချိန်ပြင်ပတွင် ကစားနိုင်မည့် စားပွဲတင်တင်းနစ်အားကစားခုံဖွင့်ပွဲကို ရခိုင်ပြည်နယ်တရားလွှတ်တော် အစည်းအဝေးခန်းမ၌ နိုဝင်ဘာ ၂၆ ရက်က ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားသို့ ပြည်နယ်တရားသူကြီးချုပ်နှင့် တရားလွှတ်တော်တရားသူကြီးများ၊ ပြည်နယ်တရားလွှတ်တော်ရုံး၊ စစ်တွေခရိုင်နှင့် မြို့နယ်တရားရုံးတို့မှ တရားသူကြီးများနှင့် ဝန်ထမ်းများ တက်ရောက်ခဲ့ကြပြီး ပြည်နယ်တရားသူကြီးချုပ် ဦးကျော်က အမှာစကားပြောကြားကာ စားပွဲတင်တင်းနစ်အားကစားခုံကို ဖွင့်လှစ်ပေးခဲ့ကြောင်းသိရသည်။

(ပြည်နယ် ပြန်/ဆက်)

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ စက်မှုနှင့်သက်မွေးပညာဦးစီးဌာန၊ နည်းပညာတက္ကသိုလ် (ဘားအံ)မှ အောက်ဖော်ပြပါလုပ်ငန်း လုပ်ကိုင်လိုပါသဖြင့် အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်။

(၁) ဂါလန် ၃၂၀၀ဆံ့ ရေစင်တည်ဆောက်ခြင်းလုပ်ငန်း အမြင့်(၁၉ပေ×အကျယ် ၁၈ပေ)

(၂) အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ကြော်ငြာပါသည့်ရက်မှစ၍ လာရောက် ဝယ်ယူနိုင်ပါသည်။

(၃) အဆိုပါအိတ်ဖွင့်တင်ဒါများကို ၂-၁-၂၀၁၄ ရက် ၁၆း၃၀ နာရီ နောက်ဆုံးထား၍ နည်းပညာတက္ကသိုလ်(ဘားအံ)သို့ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။

တင်ဒါကြီးကြပ်ရေးအဖွဲ့

ပို့ဆောင်ရေးဝန်ကြီးဌာန
မြန်မာ့ဆိပ်ကမ်းအာဏာပိုင်

(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ အောက်ဖော်ပြပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် လုပ်ငန်းအပ်နှံ/ဝယ်ယူမည်ဖြစ်ပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန်ဖိတ်ခေါ်အပ်ပါသည်-

စဉ်	အကြောင်းအရာ	တင်သွင်းရမည့်နောက်ဆုံးရက် (အချိန်)
၁။	ဝန်ထမ်းတူညီဝတ်စုံချုပ်လုပ်ပေးသွင်းခြင်း	၁၇-၁၂-၂၀၁၃ ရက်
၂။	မီးသတ်ဆေးဘူး/လုပ်ငန်းသုံးပစ္စည်းများ	၁၀း၃၀ နာရီ

၂။ တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ ဗဟိုပစ္စည်းထိန်းဌာန၊ ကမ်းနားလမ်း (ဗိုလ်တထောင်ဘုရားအနောက်ဘက်၊ ကွန်ကရစ်လမ်းသစ် Toll Gate အနီး) ဆိပ်ကမ်းမြို့နယ်တွင် ၄-၁၂-၂၀၁၃ ရက်မှစ၍ ရုံးချိန်အတွင်း ဆက်သွယ်ရယူနိုင်ပြီး အသေးစိတ်သိရှိလိုပါက ဖုန်း-၈၆၁၀၂၂၉၊ ၈၆၁၀၂၃၁နှင့် ၈၆၁၀၂၃၂တို့သို့ စုံစမ်းနိုင်ပါသည်။

ဗဟိုပစ္စည်းထိန်းဌာန
မြန်မာ့ဆိပ်ကမ်းအာဏာပိုင်

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်း ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှ ရုံးသုံးပရိဘောဂပစ္စည်းနှစ်မျိုး၊ ရုံးသုံးယာဉ်(ဆိုင်ကယ်)တစ်မျိုး၊ အရပ်ရပ်သုံးပစ္စည်း ၁၁ မျိုးကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါဖိတ်ခေါ်ပါသည်။

၂။ တင်ဒါပေးသွင်းမှုကို ၂၇-၁၂-၂၀၁၃ ရက် ညနေ ၁၆း၀၀ နာရီတွင် ပိတ်ပါမည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစ၍ ရုံးချိန်အတွင်း ဤတက္ကသိုလ် ငွေစာရင်းဌာနတွင် လာရောက်စုံစမ်းနိုင်ပါသည်။

ပစ္စည်းဝယ်ယူမှုစိစစ်ရေးကော်မတီ၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်
ဇေယျာသီရိမြို့နယ်၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၁၆၆၈၆

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ ဌာနများတွင် အသုံးပြုရန်အတွက် လိုအပ်သောအောက်ဖော်ပြပါပစ္စည်းများကို ဌာနအရောက်ကျပ်ငွေဖြင့်ဝယ်ယူရန် အိတ်ဖွင့်တင်ဒါများဖိတ်ခေါ်ပါသည်-

စဉ်	ပစ္စည်းအမျိုးအစား	အရေအတွက်
(က)	Document Digitizing Machine	(1) Set
(ခ)	Topcon Reflectorless Total Station (Easy Station)	(၁)ခု

ဈေးနှုန်းလွှာပိတ်ရက်မှာ ၁၂-၁၂-၂၀၁၃ ရက်၊ ၁၆း၀၀ နာရီဖြစ်ပြီး တင်ဒါပုံစံတစ်စုံလျှင် ကျပ် ၂၀၀၀/-(ကျပ်နှစ်ထောင်တိတိ)နှုန်းဖြင့် မြို့တော်ခန်းမ(ပထမထပ်)၊ ဘတ်ဂျက်နှင့်ငွေစာရင်းဌာန၊ ပစ္စည်းဝယ်ယူရေးဌာနခွဲတွင်ဝယ်ယူနိုင်ပါသည်။ အသေးစိတ်အချက်အလက်များကို ဖုန်း-၃၈၈၇၃၂သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

အတွင်းရေးမှူး
ပစ္စည်းဝယ်ယူရေးအဖွဲ့

ကျန်းမာရေးဝန်ကြီးဌာန
ကျန်းမာရေးဦးစီးဌာန
ပြင်ဦးလွင်အထွေထွေရောဂါကုဆေးရုံကြီး

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဦးစီးဌာန ပြင်ဦးလွင် အထွေထွေရောဂါကုဆေးရုံကြီးတွင် တက်ရောက်ကုသလျက်ရှိသော လူနာများကုသပေးရန် လိုအပ်သောဆေးဝါးများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများတင်သွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက်** - ၂၈-၁၁-၂၀၁၃ ရက်
တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၂၇-၁၂-၂၀၁၃ ရက်၊ ညနေ ၄ နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့် ပစ္စည်းများစာရင်းအသေးစိတ်ကို သိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းနိုင်ပါသည်။

ဆေးရုံအုပ်ကြီးရုံး
ပြင်ဦးလွင် အထွေထွေရောဂါကုဆေးရုံကြီး
ပြင်ဦးလွင်မြို့၊ မန္တလေးတိုင်းဒေသကြီး၊ ဖုန်း-၀၈၅-၂၂၇၂၀

တစ်ဦးတည်းဖြစ်ကြောင်းကြေညာအပ်ပါသည်

ကျွန်မ ဒေါ်ရှောက်ကော့၊ ဖခင် (ဦးယူစင်) ၁၃/လရန(နိုင်)၁၀၈၅၁၉၊ ရပ်ကွက် (၁၂)၊ နယ်မြေ (၅)၊ ကာကွယ်ရေးလမ်း လားရှိုးနေထိုင်သူသည် ဒေါ်ကျင်ဝေအမည်နှင့် တစ်ဦးတည်းဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ရှောက်ကော့(ခ)ဒေါ်ကျင်ဝေ ၁၃/လရန(နိုင်)၁၀၈၅၁၉
ရပ်ကွက် (၁၂)၊ နယ်မြေ (၁၅)၊ ကာကွယ်ရေးလမ်း၊ လားရှိုးမြို့

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နမ့်ဆန်မြို့၌ ပညာအလင်းစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်

ကျောက်မဲ နိုဝင်ဘာ ၃၀

လူတိုင်းလူတိုင်း အားလပ်ချိန်မှာ စာဖတ်နိုင်စေရန် စာကြည့်တိုက်များ၊ စာပေရေချမ်းစင်များ၊ နံရံကပ်စာပေရေချမ်းစင်ငယ်များ၊ ရွေ့လျားစာကြည့်တိုက်များကို တစ်နိုင်ငံလုံးနေရာအနှံ့အပြားတွင် ဖွင့်လှစ်ဆောင်ရွက်ပေးလျက်ရှိသည်။ လူတိုင်းစာဖတ်ရှိန်မြင့်တက်လာစေဖို့လည်း စာဖတ်ပြိုင်ပွဲများ၊ စာဖတ်ဝိုင်းများကို ရပ်ကွက်၊ ကျေးရွာစာကြည့်တိုက်များ၊ ကျောင်းများတွင် ဆောင်ရွက်ပေးသည့်အပြင် မိမိတို့၏ အားလပ်ချိန်မှာ အချိန်ကိုတန်ဖိုးရှိရှိ အသုံးချစေရန်ရည်ရွယ်၍ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နမ့်ဆန်မြို့နယ် ဇယ်တုန်ဟုန်းကျေးရွာ ပညာအလင်း စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၂၆ ရက်က ကျင်းပသည်။

ရှေးဦးစွာ ပညာအလင်းစာကြည့်တိုက် အဆောက်အအုံသစ်ကို ရှမ်းပြည်နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးစိုင်းဆမ်တစ်က ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး အမှာစကားပြောကြားသည်။

ထို့နောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်နန်းထားထားလှိုင်က စာကြည့်တိုက် ရေရှည်ရှင်သန်ခိုင်မာရေးနှင့် ဆောက်လုပ်ပြီးစီးမှုအခြေအနေများအား ရှင်းလင်းတင်ပြပြီး ဇယ်တုန်ဟုန်းကျေးရွာပညာအလင်းစာကြည့်တိုက်အတွက် ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်ကျော်က မြန်မာ့အလင်းသတင်းစာတစ်နှစ်စာအတွက် ပေးအပ်လှူဒါန်းပြီး ပြင်ဦးလွင်မြို့ ဒေါက်တာလှသိန်း-ဒေါ်နန်းမွန်းခမ်းမိသားစုမှ ငွေကျပ် ၁၀ သိန်းတန်ဖိုးရှိ ကွန်ပျူတာတစ်စုံ၊ ပရိဘောဂများ၊ စာအုပ်စာစောင် ၁၃၀ နှင့် အခြားစေတနာရှင် အလှူရှင်များက စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းရာ ကျေးရွာအုပ်ချုပ်ရေးမှူးက လက်ခံသည်။ လှူဒါန်းမှုစုစုပေါင်းမှာ ငွေကျပ် ၁၂၃၀၀၀၀ ဖြစ်သည်။

အဆိုပါကျေးရွာစာကြည့်တိုက် အောင်မြင်စွာတည်ဆောက်နိုင်ရန်အတွက် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်းအသင်းမှ ထောက်ပံ့ငွေကျပ် ၁၀ သိန်းနှင့် ကျေးရွာပြည်သူထည့်ဝင်လှူဒါန်းငွေ ၂၅ သိန်း စုစုပေါင်း ၃၅ သိန်းကုန်ကျခံဆောက်လုပ်ခဲ့ပြီး အကျယ်အဝန်းမှာ အလျားပေ ၃၀၊ အနံပေ ၂၀၊ သွပ်မိုး၊ အုတ်ကာ၊ သမံတလင်းခင်းအဆောက်အအုံအမျိုးအစားဖြစ်သည်။ **(ခရိုင် ပြန်/ဆက်)**

နိုဝင်ဘာ ၂၇ ရက်က ကသာခရိုင် အင်းတော်မြို့ မြို့နယ်စည်ပင်သာယာရေး ကော်မတီပိုင်မြို့မဈေး၌ ဈေးကော်မတီဥက္ကဋ္ဌ ဦးညွန့်လှိုင်၊ ဈေးကော်မတီအတွင်းရေးမှူး၊ စည်ပင်ဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဈေးသူဈေးသားများ ပူးပေါင်း၍ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် သရုပ်ပြလေ့ကျင့်မှုများ ဆောင်ရွက်စဉ်။ သန်းမောင်လေး(ကချင်မြေ)

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေ

ပဲခူး ဒီဇင်ဘာ ၁

ပဲခူးတိုင်းဒေသကြီး အမှတ်(၃) ယာဉ်ထိန်းဒုတပ်ဖွဲ့ခွဲမှူးရုံး ညောင်လေးပင်မြို့ ယာဉ်ထိန်းတာဝန်ခံ ဒုရဲအုပ် စန်းယုနှင့် နယ်မြေခံရဲတပ်ဖွဲ့ဝင်များသည် နိုဝင်ဘာ ၂၇ ရက် နံနက် ၁၀ နာရီခွဲက ညောင်လေးပင်မြို့နယ် ပွဲ့တန်ဆာမြို့တွင် ဆိုင်ကယ်စီးနင်းသူများနှင့်ဆိုင်ကယ်ကယ်ရီ ယာဉ်မောင်းသူများအား ယာဉ်မတော်တဆထိခိုက်မှုများ ကင်းဝေးစေရန်အတွက် ဆိုင်ကယ်စီးလျှင် ဦးထုပ်ဆောင်းရန်၊ ဆိုင်ကယ်စီးလျှင် နှစ်ဦးထက်ပိုမစီးကြရန်၊ ဆိုင်ကယ်နံပါတ်ပြားနှင့်မှန်များတပ်ဆင်ကြရန်နှင့်ယာဉ်စည်းကမ်း၊လမ်းစည်းကမ်းနှင့်ပတ်သက်၍ကွင်းဆင်းရှင်းလင်းဟောပြောပြီး ပညာပေး လက်ကမ်းစာစောင်များ အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်းသိရသည်။

(အပေါ်ပုံ) နေလင်း(ညောင်လေးပင်)

ရှမ်းနှစ်သစ်ကြိုဆိုခြင်းနှင့် ကောက်သစ်စားပွဲ

ကျောက်မဲ ဒီဇင်ဘာ ၁

ကျောက်မဲမြို့အမှတ်(၂)ရပ်ကွက် နမ့်တုံမှ လူငယ်မောင်မယ်များ ဦးစီးကျင်းပသော စတုတ္ထအကြိမ်မြောက် ရှမ်းနှစ်သစ်ကြိုဆိုခြင်းနှင့် ကောက်သစ်စားပွဲကို ဒီဇင်ဘာ ၂ ရက် ည ၇ နာရီမှစ၍ ဒီဇင်ဘာ ၃ ရက် ညပိုင်းအထိ ကျောက်မဲမြို့ အမှတ်(၂) ရပ်ကွက် နမ့်တုံနယ်မြေ (၁၁)၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ရှမ်းနှစ်သစ်ကြိုဆိုခြင်းနှင့် ကောက်သစ်စားပွဲ၌ ဒီဇင်ဘာ ၂ ရက် ည ၁၂ နာရီတွင် ရှမ်းသက္ကရာဇ် ၂၁၀၈ ခုနှစ် နှစ်သစ်ကို ကြိုဆိုမည်ဖြစ်ပြီး ဒီဇင်ဘာ ၃ ရက်တွင် သံဃာတော်များအား ဆွမ်းဆက်ကပ်လှူဒါန်းခြင်း၊ ကောက်သစ်ဆွမ်းဆန်ဆက်ကပ်ခြင်း၊ အသက် ၇၀ နှင့်အထက် သက်ကြီးဘိုးဘွားများကို ကန်တော့ခြင်း၊ နမ့်တုံရပ်ကွက်အတွင်းရှိ ၂၀၁၂-၂၀၁၃ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်း အောင်မြင်ခဲ့ကြသော ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ခြင်း၊ ကောက်သစ် စားပွဲ၊ ပျော်ပွဲ၊ ရွှင်ပွဲများနှင့် စကားရည်လုပြိုင်ပွဲများ ကျင်းပမည်ဖြစ်သည်။ ၎င်းအပြင် ပွဲတော်ကျင်းပမည့်ရက်အတွင်း ရှမ်းရိုးရာ တိုးနယားကိန္နရာအကပဒေသာများနှင့် စင်တင်တေးဂီတတို့ဖြင့် ဖျော်ဖြေတင်ဆက်မည်ဖြစ်ကြောင်း သိရသည်။

မလတ်(ကျောက်မဲ)

ဗလငါးတန်ပွဲ့ ပြိုးဗို့ တအုပ်တပေလေ့လာစို့

ကယားပြည်နယ်စည်ပင်သာယာရေးအဖွဲ့များ ဒီးမော့ဆိုမြို့နယ်၌ဥပဒေရှင်းလင်းပွဲကျင်းပ

ဒီးမော့ဆို ဒီဇင်ဘာ ၁

ကယားပြည်နယ်စည်ပင်သာယာရေးအဖွဲ့များဥပဒေကို ရှင်းလင်းခြင်းနှင့် ဆက်စပ်ဌာနများမှ သက်ဆိုင်ရာဥပဒေများအား ဖတ်ကြားရှင်းလင်းခြင်းအခမ်းအနားကို နိုဝင်ဘာ ၂၈ ရက် နံနက် ၉ နာရီခွဲက လွိုင်ကော်ခရိုင် ဒီးမော့ဆိုမြို့နယ် မြို့နယ်ခန်းမ၌ ကျင်းပသည်။ **(အောက်ပုံ)**

ရှေးဦးစွာ အခမ်းအနားတွင် ကယားပြည်နယ်စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီးဦးအောင်နိုင်ဦးက အမှာစကားပြောကြားသည်။ ထို့နောက် ဒီးမော့ဆိုမြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးကိုလေးက ကယားပြည်နယ်စည်ပင်သာယာရေးအဖွဲ့များဥပဒေကို ပဏာမရှင်းလင်းပြောကြားပြီး မြို့နယ်စည်ပင်သာယာရေးအမှုဆောင်အရာရှိ ဦးကျော်စိုးက ကယားပြည်နယ်စည်ပင်သာယာရေးအဖွဲ့များဥပဒေကို အသေးစိတ်ရှင်းလင်းပြောကြားသည်။ ဆက်လက်ပြီး ကယားပြည်နယ်စည်ပင်သာယာရေးနှင့် ဆက်စပ်ဌာနများမှ သက်ဆိုင်ရာဥပဒေများကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာသူများက သိရှိလိုသောအကြောင်းအရာများကို မေးမြန်းကြရာ မြို့နယ်စည်ပင်သာယာရေးအမှုဆောင်အရာရှိ ဦးကျော်စိုးက မေးမြန်းချက်များကို ပြန်လည်ဖြေကြားသည်။ **(မြို့နယ် ပြန်/ဆက်)**

သံတောင်ကြီး၌ ဆင်းသုခမျိုးသန့်စံကွက်ရိတ်သိမ်း

ဘားအံ ဒီဇင်ဘာ ၁

ကရင်ပြည်နယ် ဘားအံခရိုင် သံတောင်ကြီးမြို့နယ်တွင် ဆင်းသုခ မျိုးသန့်စပါးစံကွက်ရိတ်သိမ်းပွဲကို နိုဝင်ဘာ ၂၈ ရက် နံနက် ၈ နာရီက ရွာကြီးကျေးရွာအုပ်စု ပျားစခန်းကျေးရွာ တောင်သူ ဦးဘဲလာ၏ လယ်မြေ ငါးဧက၌ ကျင်းပသည်။

အဆိုပါ စံကွက်ရိတ်သိမ်းပွဲသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဝင်းနှင့် စိုက်ပျိုးရေးကြီးကြပ်မှုကော်မတီအဖွဲ့ဝင်များ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးအရာရှိ ဦးစောအူးမော်နှင့် စိုက်ပျိုးရေးဝန်ထမ်းများ၊ မြေစာရင်းဝန်ထမ်းများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် တောင်သူလယ်သမားများ တက်ရောက်ကြသည်။

စံကွက်ရိတ်သိမ်းသော ဆင်းသုခ မျိုးသန့်စပါး အထွက်နှုန်းမှာ တစ်ဧကအစိုထွက် ၁၃၈ ဒသမ ၆၂ တင်း၊ အခြောက်ထွက် ၁၁၇ ဒသမ ၈၃ တင်း ထွက်ရှိကြောင်း သိရသည်။ **ကိုတီ(သံတောင်)**

50th Anniversary Reunion
M.C. (I) intake of 1958, 1959, 1960

There will be a 50th Anniversary Reunion of Medical doctors [M.C.(I) intake of 1958, 1959, 1960.]

Reunion dinner on Saturday 18th January 2014 at 7:00P.M.

Registration at Orchid Hotel-(conner of Botahaung Pagoda Road and Anawratha.St)

From 16:11:013 last date 10:12:013, (Office hours)

Contact Persons-
(1) Dr Mg Mg Than (Ph-09-73078485)
(2) Dr Daw Sann Myint (Ph-561892/ Ex:159)

BIS Bharadwaj International School
Nursery, Pre-KG to IGCSE
Ferry Available
No. 124, 5th Floor, 23rd Street, Latha Township, Yangon.
Tel : 09-5501141, 09-5079947, 09-43087845, 09-5143172

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ရုံးချုပ် မော်တော်ယာဉ်ဌာန နှင့် စက်ရုံ၊ ခွဲရုံ၊ လိုင်းရုံးများရှိ ယာဉ်များအတွက် လိုအပ်သော တာယာမျိုးစုံ ၄၁၂၂လုံး၊ ဘက်ထရီမျိုးစုံ ၁၂၈၁လုံးနှင့် အင်ဂျင်ဝိုင် ၁၀၄ ပေပါတို့ကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

တင်ဒါပုံစံရောင်းချမည့်ရက် - ၂-၁၂-၂၀၁၃ ရက်
တင်ဒါပိတ်မည့်ရက် - ၁၆-၁၂-၂၀၁၃ ရက်
တင်ဒါပိတ်မည့်အချိန် - ၁၂:၀၀ နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်း ဝယ်ယူနိုင်ပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
တင်ဒါကြီးကြပ်ရေးအဖွဲ့
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန
ရုံးအမှတ် (၂၇)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၀၂၀၉၊ ၄၁၀၂၈၂

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဓာတ်ငွေ့/ရေနွေးငွေ့စက်ရုံများဌာနမှကျွန်းချောင်း ဓာတ်အားပေးစက်ရုံရှိ GT (3) ၏ Generator 11KV Bus ရှိ Surge Suppressor Capacitor (3) Nos ကို မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ဆိုဝယ်ယူလိုပါသည်။

တင်ဒါပုံစံရောင်းချမည့်ရက် - ၂-၁၂-၂၀၁၃ ရက်
တင်ဒါပိတ်မည့်ရက် - ၃၁-၁၂-၂၀၁၃ ရက်
တင်ဒါပိတ်မည့်အချိန် - ၁၂:၀၀ နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
တင်ဒါကြီးကြပ်ရေးအဖွဲ့
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန
ရုံးအမှတ် (၂၇)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၀၂၀၉၊ ၄၁၀၂၈၂

ဆောက်လုပ်ရေးဝန်ကြီးဌာန
ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားတည်ဆောက်ရေးစီမံကိန်းများရှိ Bore Pile Link-belt Crane LS 108 BJ အတွက် လိုအပ်သောစက်အရန်ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

- Spare Parts for Link Belt Crane (1) Lot

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၂-၁၂-၂၀၁၃ ရက်
၃။ **တင်ဒါပိတ်မည့်ရက်** - ၆-၁၂-၂၀၁၃ ရက်
၄။ **တင်ဒါပိတ်မည့်အချိန်** - ၁၆:၀၀ နာရီ
၅။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တည်ဆောက်ရေးပစ္စည်းများစိစစ်ရွေးချယ်ဝယ်ယူရေးအဖွဲ့
ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ရုံးအမှတ် ၁၁ ဝင်း၊ စက်မှုဦးစီး၊ နေပြည်တော်
ဖုန်း-၀၆၇-၄၀၇၁၇၆၊ ၀၉-၅၁၄၇၁၂၉၊ ၀၉-၈၆၃၆၁၈၅

တစ်ခါတစ်ရံတွင်

ကျွန်တော်တို့နေထိုင်ရာလူ့လောကသည် အမြဲတစေ ဒုက္ခ၊ သုခများနှင့် လုံးလည်ချာလည်လိုက်နေသည်။ ထို့အတွက် ရှေးပညာရှိများက ဆိုရိုးစကားပုံမျိုးစုံကို ချန်ထားရစ်ခဲ့ခြင်းဖြစ်သည်။ "သစ်ငုတ်မြင့်တုံ၊ မြက်မြင့်တုံ"၊ "ဗုံလုံတစ်လှည့်၊ ငါးပျံတစ်လှည့်"၊ "မှန်ကင်းတစ်လှည့်၊ ထင်းတစ်လှည့်" အစရှိသည့်ဆိုရိုးစကားပုံများသည် ကျီစားမှုပြင်းထန်သည့်လောကဓံ၏ ဒဏ်ချက်များကို နားလည်သဘောပေါက်တွေ့ကြုံခံစားခဲ့ပြီးမှ ရရှိလာသည့် သင်ခန်းစာများအပေါ် အခြေခံကာပေါ်ပေါက်လာသည့် စကားပုံများပင်ဖြစ်ပါလိမ့်မည်။

လောကဓံတရားရှစ်ပါး၏ လှည့်ဖြားမှုအောက်တွင် မရှုမလှကျဆုံးသွားသူများ ရှိသကဲ့သို့ အောင်မြင်စွာ ဖြတ်သန်းကျော်လွှား သွားသူများစွာသည်လည်း အသချေ၊ အနန္တရှိ၏။ အနောက်တိုင်းစာပေမှ ဖတ်ဖူး၊ မှတ်ဖူးသည့် ထင်ရှားသောအဆိုအမိန့်များစွာအနက်မှ တစ်သက်တာကာလပတ်လုံး ခေါင်းထဲတွင် စွဲထင်ငြိကာ မမေ့ဖျောက်နိုင်သော အဆိုအမိန့်တစ်ခုကို မဖတ်ရသေးသူများအတွက် ပြန်လည်ဝေမျှလိုပါသည်။

"ဒုက္ခနဲ့ရင်ဆိုင်တွေ့ချိန်မှာ. . လူတချို့က အတောင်ပံတွေပေါက်လာတတ်ပြီး တချို့သောသူတွေကတော့ ချိုင်းထောက်ဝယ်တပ်ရတယ်"ဟူသည့် စကားပင်ဖြစ်သည်။ လောကဓံအပေါ် ရင်ဆိုင်ကျော်လွှားရဲသူများအဖို့ ဒုက္ခနှင့် ရင်ဆိုင်တွေ့ကြုံရချိန်တွင် ပျံသန်းကျော်လွှားနိုင်ရန် အတောင်ပံများ ပေါ်ပေါက်လာသကဲ့သို့ ယုံကြည်မှုများဖြစ်ပေါ်လာတတ်ပါသည်။ ထိုသို့သော လူစားမျိုးတွင် မိမိကိုယ်မိမိ အကြွင်းမဲ့ယုံကြည်စိတ်ချမှု(Self Confident)ရှိနေသည်ကို အလွယ်တကူတွေ့မြင်နိုင်မည်ဖြစ်သည်။ အနိုလူစားမျိုးသည်ကား သူ့ဘဝတွင် သူသာအရှင်သခင်ဟု မှတ်ယူကာ မည်သူတစ်ဦးတစ်ယောက်၏ လွှမ်းမိုးခြင်းကိုမျှ လက်ခံမည့်သူမဖြစ်နိုင်ပါချေ။

အခြားတစ်ဖက်တွင်မူ ဒုက္ခနှင့်ရင်ဆိုင်တွေ့ချိန်၌ အလွယ်တကူ လက်မြှောက်အရှုံးပေးတတ်သူများရှိနေလေသည်။လူမှုရေးအရလည်းကောင်း၊ စီးပွားရေးအရလည်းကောင်း စိတ်ပျက်ဖွယ်ရာအခြေအနေဆိုးမျိုးနှင့်ရင်ဆိုင်တိုးချိန်တွင် ထိုသို့သောလူစားမျိုးသည် စိတ်ဒုက္ခသိပ်မခံနိုင်ကြ။ သေးသေးမွှားမွှားကိစ္စရပ်မျိုး၌ပင် တညည်းညူညူနေတတ်ကြသည့် ထိုလူစားမျိုးသည် အတန်ငယ်. . သို့မဟုတ် ကြီးကျယ်သောဒုက္ခတွင်းထဲသို့ အမှတ်မထင်သက်ဆင်းချိန်တွင် လွဲမှားသောကိုယ်လွတ်ရုန်းမှုမျိုးဖြင့် ရုန်းထွက်ပြေးရန် ကြိုးစားလေတော့သည်။ ထိုအခါ နောက်ဆက်တွဲ ဆိုးကျိုးအနေဖြင့် ကျန်ရစ်ခဲ့သည့်မိသားစုက သူ၏ဆိုးမွေကိစ္စရပ်များကို ဆက်လက်ဖြေရှင်းရပေတော့သည်။ မြန်မာနိုင်ငံတွင် အဖန်ငါးရာငါးကမ္ဘာ ဟူသည့်စကားကို လူတိုင်းလိုလိုကြောက်ရွံ့ကြသည်ချည်းသာဖြစ်၏။ သို့သော် စိတ်ထွက်ပေါက်ရှာမရသူ အကြင်သူသည်ကား ဘုရားဟောလည်းဂရုစိုက်ဆင်ခြင်နိုင်စွမ်းအား မရှိတော့သောအခါ တဒင်္ဂဘဝမှလွတ်မြောက်စေရန်နှင့်လတ်တလောရင်ဆိုင်နေရသည့်ကိစ္စရပ်များကို ရင်မဆိုင်ရပြီးရောဟူသည့် သဘောဖြင့် ထင်ရာစိုင်းလေတော့သည်။

ထိုအခါ ကျော်မကောင်း၊ ကြားမကောင်းသောသတင်းများဖြင့် တစ်နိုင်ငံလုံးပျံ့နှံ့ကျန်ရစ်ခဲ့လေတော့သည်။ ကျန်ရစ်ခဲ့သူမိသားစုအတွက်လည်း မည်သို့မျှဖြေဆည်နိုင်ကြမည်မဟုတ်သကဲ့သို့ သွားလေသူအတွက်လည်း လောကီ၊ လောကုတ္တရာ နှစ်ဖြာသောဌာန၌ မည်သို့သောကောင်းကျိုးမျိုးကို ရရှိနိုင်ပါအံ့နည်း။

ကျွန်တော်တို့ ကိုယ်ကာယအင်အားတစ်ခုတည်း ပြည့်စုံနေရန်မလုံလောက်တော့သည့်ခေတ်ကာလတစ်ခုတွင်ရောက်ရှိနေကြပြီဖြစ်သည်ဆိုခြင်းကို သတိပြုမိကြရန် လိုအပ်နေပြီဟု ထင်ပါသည်။ စိတ်ပိုင်းဆိုင်ရာတွင်ပါ ပြည့်စုံအင်အားကောင်းနေစေရန် လေ့ကျင့်ကြိုးစားကြဖို့လည်း လိုအပ်လာပြီဖြစ်သည်။ ခေတ်ရေစီးကြောင်းတွင် သူ့ထက်ငါသာ အပြိုင်အဆိုင်ကြိုးစားနေရသည့်ကာလ၌ ပြိုင်ဆိုင်မှုများကြား၌ တရားမျှတမှုရှိကောင်းမှရှိမည်။ ထို့အတွက် စိတ်ထဲတွင် ခံစားချက် သိပ်ပြင်းထန်စရာမလိုအပ်ပါချေ။ ဘဝကို သမားရိုးကျဖြတ်သန်းသူများ၊ အဆန်းထွင်ကျော်လွှားသွားသူများကြားတွင် တွေဝေငေးမောရင်း ရပ်ကြည့်နေမည်ဆိုပါက ကျန်ရစ်ခဲ့ပေလိမ့်မည်။

ရွှေတိဂုံဘုရားကို တိုက်ရိုက်ဖူးမြော်ခွင့်ရရှိစေရန်အတွက် ဓာတ်လှေကားဖြင့်တက်သူများရှိသကဲ့သို့ မုခ်လေးမုခ်မှ ခြေကျင်တက်သူများလည်းရှိပါသည်။ မည်သို့သော နည်းမျိုးဖြင့်တက်သည်ဖြစ်စေ ဘုရားရင်ပြင်တော်ပေါ်သို့ရောက်ကာ ဘုရားဖူးမြော်ခွင့်ရစေဖို့သာ အဓိကမဟုတ်ပါလော။ ဘဝကိုလည်း ထိုနည်းနှင်နှင်မြင်စေချင်၊ ဖြတ်သန်းစေချင်ပါသည်။

ဘဝဟူသည် အဓိပ္ပာယ်သည်ကား ရုန်းကန်လှုပ်ရှားရင်း ရှင်သန်ခြင်းပင်ဖြစ်ရာ ကျွန်တော်တို့ အလွယ်တကူ လက်မြှောက်အရှုံးမပေးတတ်သည့် အလေ့အထဖြင့် ဘဝကိုဖြတ်သန်းရင်း၊ ဒုက္ခကိုရင်ဆိုင်ရင်း အဓိပ္ပာယ်ရှိရှိ ဖြတ်သန်းသွားကြရန်လိုအပ်ပါသည်။

အောင်နိုင်(သတင်းစဉ်)

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးပွဲ သနပ်ပင်၌ကျင်းပ

သနပ်ပင် ဒီဇင်ဘာ ၁

ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ် ရဲတပ်ဖွဲ့က ကြီးမှူး၍ ယာဉ်စည်းကမ်း၊လမ်းစည်းကမ်းအသိပညာ ပေးဟောပြောပွဲကို နိုဝင်ဘာ ၂၈ ရက် နံနက် ၉ နာရီက စက်ကုန်းပိုင်း ရပ်ကွက် ရှေးဟောင်းဓမ္မာရုံ၌ကျင်းပရာ မြို့နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးစိန်ကြည်က အမှာစကားပြောကြားပြီး သနပ်ပင်မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးမျိုးညွန့်က မူခင်းဆိုင်ရာ အသိပညာပေးဟောပြောပြီး ပဲခူးတိုင်းဒေသကြီးယာဉ်ထိန်းရဲတပ်ဖွဲ့မှဒုတပ်ဖွဲ့ခွဲမှူး ရဲမှူးထိန်းဝင်းက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ သိမှတ်ဖွယ်ရာများကို ဟောပြောခဲ့သည်။ **(အောက်ပုံ)**ထို့နောက် တက်ရောက်လာသူများအား လက်ကမ်းစာစောင်များ အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **တင်အောင်ဆန်း(သနပ်ပင်)**

ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်ထားရှိမှု ရှင်းလင်းဆွေးနွေး

မော်လမြိုင် ဒီဇင်ဘာ ၁

မွန်ပြည်နယ် မော်လမြိုင်မြို့ စစ်ကဲကုန်းရပ်ကွက် ပြည်နယ်အစိုးရအဖွဲ့ရုံး အောင်ဆန်းခန်းမ၌ တွေ့ဆုံရှင်းလင်းပွဲကို နိုဝင်ဘာ ၂၈ ရက် နံနက် ၁၀ နာရီက ကျင်းပရာ တွေ့ဆုံရှင်းလင်းပွဲသို့ မွန်ပြည်နယ်အစိုးရအဖွဲ့ဝင် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးဌေးမြင့်အောင်၊ စည်ပင်သာယာရေးဝန်ကြီးဒေါက်တာတိုးတိုးအောင်၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ခရိုင်အုပ်ချုပ်ရေးမှူးဦးအောင်ချို၊ မော်လမြိုင်မြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဇော်ဝင်းဌေး (မြို့နယ်အုပ်ချုပ်ရေးမှူး)နှင့် ကော်မတီဝင်များ၊ မော်လမြိုင်မြို့နယ် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌဦးအောင်မင်းနှင့်ကော်မတီဝင်များ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီ ဥက္ကဋ္ဌ ဦးကျော်ရှိန်နှင့် ကော်မတီဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ တက်ရောက်ကြသည်။ အစည်းအဝေးတွင် ဝန်ကြီး ဒေါက်တာတိုးတိုးအောင်က မော်လမြိုင်မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာလှပရေး တို့နှင့်ပတ်သက်၍ အမှာစကားပြောကြားပြီး မော်လမြိုင်မြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင် ဦးလှရှိန်က ဈေးကြိုလမ်းဆုံမီးပွိုင့်ကို အသစ်လဲလှယ်တပ်ဆင်ရေး၊ ဖက်တန်းရပ်ကွက် သထုံတံတားလမ်းရှိ ကျူးကျော်ဆိုင်ခန်းများဖယ်ရှားပေးရေးနှင့်တစ်လမ်းမောင်းစနစ်ပြင်စေရေး၊ ဖက်တန်းရပ်ကွက်အောက်လမ်းမ၌ ယာဉ်နှစ်ထပ်ရပ်၍ ညအိပ်ရပ်နားမှုဖယ်ရှားပေးရေးတို့ကိုလည်းကောင်း၊မြို့နယ်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ ဦးအောင်မင်းက တောင်ရိုးတန်းလမ်းရှိ View Point ပြုပြင်ပြီးစီးမှု၊ ဖက်တန်းရပ်ကွက် သထုံတံတားလမ်းရှိ စည်ပင်မြေကျူးကျော်ဆိုင်ခန်းများ ရှင်းလင်းဖယ်ရှားထားရှိမှုနှင့် ရေနုတ်မြောင်းများတူးဖော်ပြီးစီးမှု တို့အားလည်းကောင်း၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဇော်ဝင်းဌေးက ကော်မတီ၏ စီမံခန့်ခွဲမှုဖြင့် လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကိုလည်း ကောင်းရှင်းလင်းဆွေးနွေးကြကြောင်း သိရသည်။ **လ/၀၁၂**

မေထုန်မဲ့သားစပ်ခြင်းလုပ်ငန်း ဆောင်ရွက်

သထုံ ဒီဇင်ဘာ ၁

မွန်ပြည်နယ် သထုံခရိုင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနအနေဖြင့် မိမိခရိုင်အတွင်း နို့စားနွား၊ ခိုင်းနွားနှင့် အသားစားနွားမွေးမြူရေး လုပ်ငန်းများဖွံ့ဖြိုးတိုးတက်စေရန်အတွက် သထုံခရိုင်ရုံးတွင် နိုက်ထရိုဂျင်ရည်ပုံးများဖြင့် ၁၀၀ ရာခိုင်နှုန်းဘရာမင်(ပြာစိမ်း)မျိုးချောင်းများနှင့် ၁၀၀ ရာခိုင်နှုန်း ဖရီရှန် မျိုးချောင်းများ ထိန်းသိမ်းထားရှိကာ မေထုန်မဲ့သားစပ်လုပ်ငန်းကို ဆောင်ရွက်လျက် ရှိသည်။ သထုံခရိုင်ရုံးတွင်လည်း မေထုန်မဲ့သားစပ်သင်တန်းကိုလည်း သင်တန်းတစ်ကြိမ် ဖွင့်လှစ်ထားပြီးဖြစ်သည်။

ပြောကြား

သထုံမြို့နယ် မိုးကောင်းကျေးရွာအုပ်စု ကလိကျွန်းကျေးရွာတွင် နိုဝင်ဘာ ၂၇ ရက် နံနက် ၁၀ နာရီမှ စတင်ကာ သထုံခရိုင်ဦးစီးမှူးဒေါက်တာကျော်စိုးဦးစီးသော တိ/ကု ဆရာဝန်သုံးဦးတို့က နွားမ လေးကောင်အား မေထုန်မဲ့သားစပ် ဆောင်ရွက်ပေးခဲ့ရာတွင် တောင်သူတစ်ဦးဖြစ်သူ ဦးဖေညွန့်က "အခုမျိုးစပ်တဲ့အစီအစဉ် အနေဖြင့် ကုန်ကျစရိတ်သက်သာတဲ့အပြင် မျိုးကောင်း မျိုးသန့် ရရှိလာနိုင်သဖြင့် ကြိုက်နှစ်သက်ပါကြောင်း"ပြောကြားခဲ့သည်။

မေထုန်မဲ့သားစပ်ခြင်းအတွက်မျိုးချောင်းများ၊ နိုက်ထရိုဂျင်ရည်များနှင့်နည်းပညာပိုင်းများကိုမွေးမြူရေးနှင့်ကုသရေး ဦးစီးဌာနမှ အခမဲ့ဆောင်ရွက်ပေးခဲ့ရာ သထုံခရိုင်အနေဖြင့် ယခုနှစ် နိုဝင်ဘာလအထိ စုစုပေါင်း ၅၅ ကောင်ရှိပြီး သထုံခရိုင်အတွင်းရှိ ကျိုက်ထို၊ ဘီးလင်း၊ သထုံနှင့် ပေါင်မြို့နယ်များအတွက် မေထုန်မဲ့သားစပ်ခြင်းလုပ်ငန်းဆောင်ရွက်လိုပါက သက်ဆိုင်ရာ မြို့နယ်ရှိ မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာနများတွင် ဆက်သွယ်နိုင်ကြောင်းနှင့် ကျေးလက်ဒေသများအတွက် အလွန်အကျိုးရှိသည့် အစီအစဉ်တစ်ခုဖြစ်ကြောင်း သထုံခရိုင် မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာနမှူး ဒေါက်တာကျော်စိုးက ပြောကြားသည်။

မင်းနန္ဒကျော်

သတိပေးနှိုးဆော်ချက်

နေပြည်တော် ကောင်စီနယ်မြေအတွင်း မော်တော်ဆိုင်ကယ်စီးနင်းသူများသည် ဦးထုပ်မဆောင်းခြင်း၊ နှစ်ဦးအထက်စီးနင်းခြင်းများကြောင့် ယာဉ်မတော်တဆမှုများ ဖြစ်ပွားရာတွင် သေဆုံးကြရသည်ကို စိစစ်တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ နေပြည်တော် ကောင်စီနယ်မြေအတွင်း မော်တော်ဆိုင်ကယ်စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်ဆောင်းလျှင် မေးသိုင်းကြိုး ခိုင်ခံ့စွာတပ်ဆင်ရန်နှင့် နှစ်ဦးထက်ပိုမစီးကြရန် သတိပေးနှိုးဆော်အပ်ပါသည်။ **နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
M.A(Eng;)ဘွဲ့ရများအား အလုပ်ခန့်ထားရေးအတွက်လျှောက်လွှာခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန နေပြည်တော်တွင် တာဝန်ပေးအပ်နိုင်ရန်အတွက် M.A(Eng;)ဘွဲ့ရများအား လစာနှုန်း(၇၉၀၀၀-၁၀၀၀-၈၄၀၀၀)ရာထူးနေရာများ၌ အလုပ်ခန့်ထားရန်အတွက် အောက်ဖော်ပြပါသတ်မှတ်ချက်နှင့်ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်။ လျှောက်ထားသူသည် လျှောက်လွှာနှင့်အတူ လိုအပ်သောစာရွက်စာတမ်းများ ပူးတွဲတင်ပြ၍ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး(နေပြည်တော်)တွင် ၁၀-၁၂-၂၀၁၃ရက် နောက်ဆုံးထား၍ လျှောက်ထားနိုင်ပါသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) M.A(Eng;) ဘွဲ့ရရှိသူဖြစ်ရမည်၊
(ဂ) ၃၀-၁၁-၂၀၁၃ ရက်တွင် အသက် ၂၈ နှစ်ထက် မကြီးသူဖြစ်ရမည်။
(ဃ) ခြောက်လအတွင်းရိုက်ထားသော ပတ်စ်ပို့ဓာတ်ပုံသုံးပုံ၊ ဘွဲ့လက်မှတ်မိတ္တူ၊ အသက်အထောက်အထားအတွက် တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်မိတ္တူနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊
(င) ဒေသမရွေးတာဝန်ထမ်းဆောင်နိုင်ကြောင်း ဝန်ခံကတိရေးထိုးနိုင်ရမည်။
(စ) ခန့်အပ်ခြင်းခံရပါက ဝန်ထမ်းစာချုပ်ချုပ်ဆိုနိုင်ရမည်။
(ဆ) တစ်လအတွင်းပြုလုပ်ထားသော ကျန်းမာရေးကောင်းမွန်ကြောင်း ဆေးထောက်ခံစာ၊
(ဇ) တစ်လအတွင်းပြုလုပ်ထားသော အကျင့်စာရိတ္တကောင်းမွန်ကြောင်း ကျေးရွာ၊ ရပ်ကွက်၊ ရဲစခန်းထောက်ခံစာ၊
(ဈ) ခြောက်လအတွင်းပြုလုပ်ထားသောအလုပ်သမားမှတ်ပုံတင်မိတ္တူ၊

၂။ သတ်မှတ်ချက်ကိုက်ညီသူများသည် အလုပ်ဝင်ခွင့်ရေးဖြေစာမေးပွဲဖြေဆိုရမည်ဖြစ်ပါသည်။ လူတွေ့စစ်ဆေးချိန်တွင် ဘွဲ့၊ နိုင်ငံသားစိစစ်ရေးကတ်၊ တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်၊ အလုပ်သမားမှတ်ပုံတင်မူရင်းများတင်ပြနိုင်ရမည်။ လျှောက်လွှာများကို နီးစပ်ရာ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံကျောင်းများ၌ ထုတ်ယူနိုင်ပါသည်။ အသေးစိတ်သိလိုပါက သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး ဖုန်း-၀၆၇-၄၀၄၀၁၇ တွင် ဆက်သွယ်စုံစမ်းနိုင်ပါသည်။

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန

အမှတ်(၂)သတ္တုတွင်းလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ အမှတ်(၂) သတ္တုတွင်းလုပ်ငန်း၊ ပြည်နယ်နှင့်တိုင်းဒေသကြီးများရှိ စီမံကိန်းများ ရုံးခွဲများတွင်အသုံးပြုရန် လိုအပ်သော အောက်ပါပစ္စည်းများကို သက်ဆိုင်ရာဒေသ ပစ္စည်းသိုလှောင်ရုံ အရောက် မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

ဆေးနှင့် ဆေးဝါးပစ္စည်း၊ Fax Film၊ Tyre & Battery၊ ရုံးအသုံးအဆောင်/ဧည့်ရိပ်သာသုံး/အထွေထွေလုပ်ငန်းသုံးပစ္စည်းများ၊ သတ္တုထည့်အိတ်ခွံနှင့် ထုတ်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ။

၂။ **တင်ဒါပုံစံထုတ်ပေးရက်** - ၂၈-၁၁-၂၀၁၃ ရက်
၃။ **တင်ဒါပိတ်ရက်** - ၂၇-၁၂-၂၀၁၃ ရက်
၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ဖော်ပြပါလိပ်စာနှင့် နယ်စီမံကိန်း/ရုံးခွဲများတွင် စုံစမ်းရယူနိုင်ပါသည်။

(က) အမှတ်(၂)သတ္တုတွင်းလုပ်ငန်း(ရုံးချုပ်)၊ ရုံးအမှတ် ၁၉၊ နေပြည်တော် ဖုန်း-၀၆၇-၄၀၉၃၉၁
(ခ) နေပြည်တော်သတ္တုတွင်းစီမံကိန်းရုံး(ပျဉ်းမနား)၊ပုဗ္ဗသီရိမြို့နယ် ဖုန်း-၀၆၇-၂၂၁၂၆
(ဂ) ခဲမဖြူသတ္တုစင်စက်ရုံ၊ သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၅၆-၂၁၀၂၉
(ဃ) စစ်ကိုင်းတိုင်းဒေသကြီး၊ သတ္တုတွင်းစီမံကိန်းရုံး၊ မုံရွာမြို့ ဖုန်း-၀၇၁-၂၂၉၇၀

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
အမှတ်(၂)သတ္တုတွင်းလုပ်ငန်း၊ သတ္တုတွင်းဝန်ကြီးဌာန၊ နေပြည်တော်

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၊ ၃/ရန်ပြေ၊ မြေကွက်အမှတ် ၆၄/က၊ မြေကွက်တည်နေရာအမှတ် ၁၅/၆၄/က၊ ရန်ပြေ ၇ လမ်း၊ ၃ ရပ်ကွက်၊ သာကေတမြို့နယ် ဒေါ်တင်ကြည် အမည်ပေါက် နှစ် ၆၀ဂရန်မြေအားအမည်ပေါက် ဒေါ်တင်ကြည်(မိခင်) ဦးထွန်းကျင်(ဖခင်)နှင့် သားတစ်ဦးဖြစ်သူ ဦးအေးချိုသည် လူပျိုကြီးရဟန်းဘဝဖြင့်လည်းကောင်း အသီးသီးကွယ်လွန်သဖြင့် ကျန်သားသမီးများဖြစ်သော (၁)ဦးခင်မောင်မြင့် ၁၂/ကမတ(နိုင်)၀၁၄၃၉၂၊ (၂)ဒေါ်စန်းမြ ၁၂/သကတ (နိုင်)၀၄၁၁၄၇၊ (၃)ဒေါ်စန်းဌေး ၁၂/သကတ(နိုင်)၀၃၅၈၉၁၊ (၄)ဦးမောင်မောင်ဦး ၁၂/သကတ(နိုင်)၀၈၄၅၄၈၊ (၅)ဒေါ်နုနုလွင်၁၂/သကတ(နိုင်)၀၄၀၂၅ တို့က သေစာရင်း၊ကျမ်းကျိန်လွှာတင်ပြပြီး ပိုင်ဆိုင်ကြောင်း စာချုပ်ရန်နှင့် စွန့်လွှတ်စာချုပ် ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကျန်းမာရေးဝန်ကြီးဌာန
ကျန်းမာရေးဦးစီးဌာန
တနင်္သာရီတိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာန
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ တနင်္သာရီတိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနလက်အောက်ရှိ ကော့သောင်းမြို့နယ် အောင်ဘာကျေးရွာတွင် (၁၆)ခုတင်ဆံ့တိုက်နယ်ဆေးရုံနှင့် ပုလောမြို့နယ် နန်းသီလာကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အအုံ ဆောက်လုပ်ရန်အတွက် ဆောက်လုပ်ရေးကုမ္ပဏီများအား အိတ်ဖွင့်တင်ဒါတင်သွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၂၁-၁၁-၂၀၁၃ ရက်
တင်ဒါပိတ်ရက် - ၂၀-၁၂-၂၀၁၃ ရက်
တင်ဒါပိတ်မည့်အချိန် - ၁၆း၀၀ နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့် တင်ဒါခေါ်ယူသည့် အဆောက်အအုံဆောက်လုပ်ခြင်းလုပ်ငန်း အသေးစိတ်အချက်အလက်များကို သိရှိလိုပါက တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနမှူးရုံး၊ ထားဝယ်မြို့ ဖုန်း-၀၅၉-၂၃၅၈၃၊ ၀၅၉-၂၃၅၈၄တို့သို့ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

တောင်ကြီးမြို့နယ်၊ အေးသာယာမြို့သစ်၊ နယ်မြေ (၅/က)၊ အကွက်အမှတ် (၅)၊ ဦးပိုင်အမှတ် ၁၅၀၊ ဧရိယာ ၀ဒသမ၀၅၅ဧကရှိ ဦးကျော်အုန်းအမည်ပေါက်မြေကွက်အား ဦးခင်မောင်ဝင်း ၉/မလန(နိုင်)၀၅၀၃၇၆ အမည်ဖြင့် အမည်ပြောင်းမြေငှားဂရန်လျှောက်ထားမည်ဖြစ်ပါ၍ ကန့်ကွက် လိုသူများရှိပါက တောင်ကြီးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း။

ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ တောင်ကြီးမြို့

2-12 (17).pmd 1 12/2/2013, 1:05 PM

ပြည်တွင်းသတင်းနှင့်ဓာတ်ပုံ

နှစ်ကျိပ်ရှစ်ဆူဘုရားများနှင့် ဗုဒ္ဓမြတ်စွယ်တော် လှည့်လည်အပူဇော်ခံ

ဇီးကုန်း ဒီဇင်ဘာ ၁

ပဲခူးတိုင်းဒေသကြီး ဇီးကုန်းမြို့ အကြိမ်(၃၀)မြောက် နှစ်ကျိပ်ရှစ်ဆူဘုရားများနှင့် ဗုဒ္ဓမြတ်စွယ်တော် လှည့်လည်အပူဇော်ခံ ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၂၅ ရက် ညနေ ၅နာရီက မူလာရာမ မြသိန်းတန်စေတီတော်ရင်ပြင်ရှိစွယ်တော်တိုက်၌ကျင်းပရာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးညဏ်ဝင်း တက်ရောက်ကြည်ညို ပူဇော်ပြီးအခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ **(အပေါ်ပုံ)**

ဗုဒ္ဓမြတ်စွယ်တော်ကို တစ်နှစ်တာ ကိန်းဝပ်စံပယ်တော်မူရာ ဂန္ဓကုဋိတိုက်မှ အပူဇော်ခံယာဉ်ပလ္လင်ပေါ်သို့ ပင့်ဆောင်ပူဇော်ရာ မြို့နယ်သံဃနာယကအဖွဲ့မှ ဆရာတော်သံဃာတော်များ၊ ပွဲတော်ကျင်းပရေးကော်မတီဝင်များ၊ မြသိန်းတန်စေတီမှ ဂေါပကများ၊ ဌာနဆိုင်ရာများ၊ ဘာသာရေးလူမှုရေးအသင်းအဖွဲ့များနှင့်အလှူရှင်များ တက်ရောက်ပူဇော်ကြသည်။

နှစ်ကျိပ်ရှစ်ဆူဘုရားများနှင့် ဗုဒ္ဓမြတ်စွယ်တော်ကို နိုဝင်ဘာ ၃၀ ရက် မွန်းတည့် ၁၂ နာရီတွင် မင်္ဂလာဆင်တော်ဖြင့် ပင့်ဆောင်ပြီး မြို့တွင်း လှည့်လည်အပူဇော်ခံရာ ဒေဝါဝင်း၊ ရာဇာဝင်း၊ နိပါတ်တော်၊ လူရိုင်းအက၊ ယိမ်းအကအလှများ၊ ဝတ်အသင်းများ၊ အိုးစည်ဒိုးပတ်များဖြင့် စည်ကားသိုက်မြိုက်စွာ ဒေသစာရီကြွချီအပူဇော်ခံခဲ့သည်။ အကြိမ်(၃၀) မြောက် ဘုရားပွဲတော်ကို နိုဝင်ဘာ ၂၅ ရက်မှ ဒီဇင်ဘာ ၂ ရက်အထိရှစ်ရက်တိုင်တိုင် ကျင်းပမည်ဖြစ်ရာ ပျော်ပွဲရွှင်ပွဲများအဖြစ် နိုဝင်ဘာ ၂၈၊ ၂၉၊ ၃၀ ရက်တို့တွင် နှင်းဆီရင်ခွင်ဦး ဇာတ်သဘင်အဖွဲ့နှင့် စတိတ်ရှိုးယိမ်းကားများတွင် ဘရိုက်စတားတေးဂီတအဖွဲ့၊ ONE WZအကအဖွဲ့၊ ဆုတံဆိပ်ရ အိပ်မက်ဆုံရာမှ တေးသံရှင်များက ကပြဖျော်ဖြေသွားမည်ဖြစ်ကြောင်း သိရသည်။

ကိုသက်(ဇီးကုန်း)

အာစရိယပူဇော်ပွဲကျင်းပ

တောင်ငူ ဒီဇင်ဘာ ၁

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖေယျဝတီမြို့ရှိ အထက၊ အလကနှင့် အမကကျောင်း ငါးကျောင်းတို့မှ အသက် ၆၀ပြည့် အငြိမ်းစား ဆရာ၊ ဆရာမကြီး ၇၅ဦးတို့အား အာစရိယပူဇော်ကန်တော့ပွဲ အခမ်းအနားကို နိုဝင်ဘာ ၂၇ ရက် နံနက်၉ နာရီက ဖေယျဝတီမြို့ အထက ကံ့ကော် ဆောင်ခန်းမ၌ကျင်းပရာ ဂုဏ်ပြုကြိုဆိုနှုတ်ခွန်းဆက် စကားကို တောင်ငူမြို့နယ်လုံးဆိုင်ရာပညာရေးကွန်ရက်နာယက ဦးကျော်လှ (သမာဓိ)က ပြောကြားသည်။

ဆက်လက်၍ ပူဇော်ပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးအေးသိန်းနှင့် အတွင်းရေးမှူး ဦးတင်မြင့်တို့က ဂါရဝပြုစကားများ ပြောကြားကာ ကျောင်းသား ကျောင်းသူဟောင်းများနှင့်အလှူရှင်များက ဆရာ ဆရာမကြီးများကို အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်လှူဒါန်းကြရာ ကန်တော့ခံ ဆရာများကိုယ်စား အငြိမ်းစားဆရာကြီး ဦးချစ်လှ၊ ဦးမြင့်နှင့် ဆရာမကြီး ဒေါ်အေးသိန်းတို့က ဩဝါဒစကားနှင့် ဆုတောင်းမေတ္တာပို့သပေးကြသည်။ **(၁၁၅)**

မအူပင်မြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး

မအူပင်မြို့နယ်အသင်း(ရန်ကုန်)၏ (၅၉)ကြိမ်မြောက် နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ၂၀၁၃ခုနှစ်၊ ဒီဇင်ဘာ၂၉ ရက်(တနင်္ဂနွေနေ့)နံနက် ၉ နာရီတွင် ရွှေတိဂုံစေတီတော် မြောက်ဘက်မုခ်အနီးရှိ ကျေးလက်ဦးစီးဓမ္မာရုံ(ယခင်နယ်စပ်/စည်ပင်ဓမ္မာရုံ)၌ ကျင်းပမည်ဖြစ်ရာ မြို့နယ်သူ မြို့နယ်သားများသည် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက်တက်ရောက်ပါရန်နှင့် အသက်(၇၅)နှစ်ပြည့်ပြီးသော ကန်တော့ခံရမည့်အသင်းဝင်များ၊ ပါရဂူဘွဲ့ရရှိသူများ၊ ၂၀၁၃ခုနှစ် တက္ကသိုလ်ဝင်တန်းအောင်မြင်ခဲ့သော အသင်းဝင်များ၊ အသင်းဝင်၏သားသမီးများသည် အထောက်အထားမိတ္တူများကို ၂၂-၁၂-၂၀၁၃ရက် နောက်ဆုံးထားပေးပို့ရန်နှင့် တက္ကသိုလ်ပညာသင် ထောက်ပံ့ကြေး လျှောက်ထားလိုသူများသည် ကိုယ်ရေးအချက်အလက်ပြည့်စုံစွာဖော်ပြပြီး ရန်ကုန်မြို့တွင် ဥက္ကဋ္ဌ ဦးစိုးဝင်း ဖုန်း-၀၉-၅၁၁၉၄၁၀၊ ဒုတိယဥက္ကဋ္ဌဦးစိန်မင်း ဖုန်း-၃၇၁၆၇၂၊ အထွေထွေအတွင်းရေးမှူး ဦးမြစိုး ဖုန်း-၅၂၇၁၈၂၊ ၀၉-၇၃၁၂၈၁၆၈၊ အတွင်းရေးမှူးများဖြစ်ကြသည့် ဦးအုန်းဖေ ဖုန်း-၄၅၀၃၉၂၊ ဦးမြင့်သိန်း ဖုန်း-၀၉-၄၂၁၁၆၈၃၇၁နှင့် ဒေါ်ကြည်သာမော် ဖုန်း-၀၉-၅၁၄၄၁၆၆၊ ဘဏ္ဍာရေးမှူး ဦးတင်ငြိမ်း ဖုန်း-၅၄၀၇၅၂၊ အမှုဆောင်များဖြစ်ကြသည့် ဦးစိန်မြင့် ဖုန်း-၅၆၄၀၉၃နှင့် ဦးသိန်းဟန် ဖုန်း-၀၉-၄၄၈၀၅၃၁၁၆၊ မအူပင်မြို့တွင် ဦးသိန်းမောင် ဖုန်း-၀၄၅-၃၀၃၈၄နှင့်ဦးပိုက် ဖုန်း- ၀၉-၄၉၇၅၂၁၇၃နှင့် နီးစပ်ရာ အမှုဆောင်များထံ သတင်းပေးပို့ပါရန်နှင့် အလှူငွေများကို လှူဒါန်းနိုင်ပါကြောင်း။

အမှုဆောင်အဖွဲ့

ကန့်ကွက်နိုင်ပါကြောင်း

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၁/ယမုံနာ(၂)၊ မြေကွက်အမှတ် ၇၉၊ မြေကွက်တည်နေရာအမှတ် ၇၉၊ ၄ လမ်း၊ ယမုံနာ (၂)ရပ်ကွက်၊ဒေါပုံမြို့နယ် ဦးစံမြင့်အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးစံမြင့်(ခင်ပွန်း)ကွယ်လွန်သဖြင့် ဒေါ်တင်တင်အေး ၁၂/ဒပန(နိုင်)၀၁၈၃၉က တစ်ဦးတည်းသော ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာနှင့် သေစာရင်းများတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကိုရီးယားနိုင်ငံ၏ ဆိပ်ကမ်းမြို့တော် ဘူဆန်မြို့၏ အဓိကအကျော်ကြားဆုံး Pukyong National University တွင်

လုပ်ငန်းအမှတ်တံဆိပ်အမည် အမှတ်အသားကို မိမိတို့နှစ်ဦးတည်း မူပိုင်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ဗိုလ်စိန်မှန်ရပ်ကွက်၊ ဗိုလ်မှူးအောင်လမ်း၊ အမှတ်(၁၀)တွင် နေထိုင်သော ကျွန်ုပ်တို့၏မိတ်ဆွေများဖြစ်ကြသော ဦးကျော်မင်း ၁၂/လသန(နိုင်)၀၀၅၃၃၇နှင့် ဦးမိုးထွန်းကျော် ၁၂/ဗဟန(နိုင်)၀၉၂၇၁၁တို့၏ လွှဲအပ်ချက်အရ အောက်ပါအတိုင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

အောက်တွင်ဖော်ပြထားသော THIRI THAZIN Construction ဟူသောလုပ်ငန်းအမှတ် သီရိသဇင်ဆောက်လုပ်ရေး

တံဆိပ်အမည် အမှတ်အသားကို ဦးကျော်မင်းနှင့် ဦးမိုးထွန်းကျော်တို့သည် ရန်ကုန်မြို့၊ စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံးတွင် ၂၉-၁၀-၂၀၁၃ရက်စွဲဖြင့် စာချုပ်မှတ်ပုံတင်အမှတ် ၄/၁၁၇၄၃/၂၀၁၃ဖြင့် တရားဝင်မှတ်ပုံတင်သွင်းခဲ့ပြီးဖြစ်ပါသည်။

မှတ်ပုံတင်အမှတ်-၄/၁၁၇၄၃/၂၀၁၃

ဦးကျော်မင်းနှင့်ဦးမိုးထွန်းကျော်တို့သည် အထက်ဖော်ပြပါ လုပ်ငန်းအမှတ်တံဆိပ်အမည် အမှတ်အသားဖြင့် ဆောက်လုပ်ရေးလုပ်ငန်းများကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ရုံးခန်းများဖွင့်လှစ်၍ လုပ်ကိုင်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ အဆိုပါ လုပ်ငန်းအမှတ်တံဆိပ်အမှတ်အသားကို ဆောက်လုပ်ရေးလုပ်ငန်းနှင့်ပတ်သက်၍ အသုံးပြုသောဆိုင်းဘုတ်၊ ဘလောက်၊ တီဗွီ၊ အင်တာနက်၊ မဂ္ဂဇင်း၊ စာစောင်ကြော်ငြာ၊ ငွေပြေစာဖြတ်ပိုင်း၊ Letter Head၊ တံဆိပ်တုံးအစရှိသည်တို့တွင် အရွယ်အစားအမျိုးမျိုး၊ အရောင်အမျိုးမျိုး၊ ဒီဇိုင်းအမျိုးမျိုးပြုလုပ်ပြီး ဖိနှိပ်၍၊ ကပ်နှိပ်၍၊ အသားတံဆိပ်ပြုလုပ်ပြီး ကြော်ငြာ၍ လုပ်ကိုင်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ကျွန်ုပ်တို့၏မိတ်ဆွေများဖြစ်ကြသော ဦးကျော်မင်းနှင့် ဦးမိုးထွန်းကျော်တို့နှစ်ဦးတည်း မူပိုင်အဖြစ် သုံးစွဲလျက်ရှိသော လုပ်ငန်းအမှတ်တံဆိပ် အမည်အမှတ်အသားကို အခြား မည်သူတစ်ဦးတစ်ယောက်ကမျှ ပုံတူကူး၍ဖြစ်စေ၊ တစ်စိတ်တစ်ဒေသဖြစ်စေ၊သွယ်ဝိုက်၍ဖြစ်စေ၊ ပုံတူပုံမှားထင်ယောင်ထင်မှား ဆင်တူယိုးမှား၊ အတုအပပြုလုပ်သုံးစွဲ လုပ်ကိုင်ဆောင်ရွက်ခြင်း မပြုလုပ်ရန်နှင့် အကယ်၍ ပြုလုပ်သူများအားသိရှိရပါက ဦးကျော်မင်းနှင့် ဦးမိုးထွန်းကျော်တို့၏လုပ်ငန်းအကျိုးစီးပွား ထိခိုက်နစ်နာဆုံးရှုံးမှုတို့အတွက် လျော်ကြေးငွေများကို သက်ဆိုင်ရာ တည်ဆဲဥပဒေများနှင့်အညီ ပြစ်မှုကြောင်းအရဖြစ်စေ၊ တရားမကြောင်းအရဖြစ်စေ ထိရောက်စွာတရားစွဲဆို အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဦးကျော်မင်းနှင့်ဦးမိုးထွန်းကျော်တို့၏လွှဲအပ်ညွှန်ကြားချက်အရ-
ဦးထင်ကျော် B.SC,H.G.P,R.L — **ဒေါ်သက်လေးချို LL.B,D.B.L**
တရားလွှတ်တော်ရှေ့နေ(စဉ်-၅၃၁၅) — **တရားလွှတ်တော်ရှေ့နေ(၃၁၄၂၄)**
အမှတ်(၁၃၈)၊ ပထမထပ်၊ ၃၂ လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၂၄၃၅၆၈၊ ၀၉-၅၁၈၆၀၂၁၊ ၀၉-၄၃၁၁၂၆၃၇

ဦးဝင်းကြည်(အောဘီ-၀၃၇၈၅၇)သိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ (၃)ရပ်ကွက်၊ ဦးလှော်ခြိလမ်း၊ အမှတ် ၉ဟုခေါ်တွင်သော နေအိမ်နှင့် ယင်းအိမ်တည်ရှိရာမြေကွက် အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို ဦးဝင်းကြည်ထံမှ ဦးတင်မောင်ရွှေက ၁၃-၆-၈၉ရက်စွဲပါ ကတိစာချုပ်အရ ဝယ်ယူလက်ရောက်ရရှိ အကျိုးခံစားလာခဲ့ပါသည်။ ယခုအခါ ကျွန်ုပ်မိတ်ဆွေသည် ဦးဝင်းကြည် အမည်ပေါက်ပိုင်ဆိုင်ခဲ့သည့် အိမ်ခြံမြေအကျိုးခံစားခွင့်အရပ်ရပ်နှင့်ပတ်သက်၍ အရောင်းအဝယ် တရားဝင်အထမြောက်စေရန် မှတ်ပုံတင်စာချုပ်ချုပ်ဆိုလိုသည့်အတွက် ဦးဝင်းကြည်အနေဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်နှင့်ဆက်သွယ်ဆောင်ရွက်ရန် အကြောင်းကြားအပ်ပါသည်။ လာရောက်ဆက်သွယ်ဆောင်ရွက်ပေးခြင်းမရှိပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ဦးတင်မောင်ရွှေ၏လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ခင်သန်းဝင်း B.A(Law), LL.B
တရားလွှတ်တော်ရှေ့နေ(စဉ်-၇၀၈၅)
အမှတ်၈၃၊ ပန်းဆိုးတန်းလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၇၃၁၅၇၁၃၂

ကန့်ကွက်နိုင်ပါကြောင်း

မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်၅၃၂/B ၊ မြေကွက်အမှတ် ၁၂၀၊ မြေကွက်တည်နေရာအမှတ်၁၂၀၊ ခိုင်သဇင်လမ်း၊ ပုလဲ(၃)ရပ်ကွက်၊ တကကအောင်ချင်း အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဦးအောင်ချင်း ၁၂/အစန(နိုင်)၀၀၆၇၃၃ ကိုယ်တိုင်က မြေချပါမစ်ပျောက်ဆုံးကြောင်း ရဲစခန်း၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ထောက်ခံချက်၊ ကျမ်းကျိန်လွှာ၊ မြေပြင်တွင် နေထိုင်ကြောင်းကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ထောက်ခံချက်တို့ကိုတင်ပြ၍ ပါမစ်ပျောက်ဖြင့် နှစ် ၆၀ မြေငှားစာချုပ်ဂရန် လျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၅ D၊ မြေကွက်အမှတ် ၄၇-၃၉/၃အေ၊ မြေကွက်တည်နေရာအမှတ် ၄၆၊ ဆရာစံလမ်း၊ ဆရာစံမြောက်အနောက်ရပ်ကွက်၊ ဗဟန်းမြို့နယ် ဦးစောမောင်အမည်ပေါက်မြေပိုင်မြေအား အမည်ပေါက်ဦးစောမောင်(ဇနီး) ဒေါ်သိန်းနွဲ့ ကိတ္တိမမွေးစားစာချုပ်အမှတ် ၁၃၀၃/၂၅-၈-၁၉၅၅ အမွေစားအမွေခံသား ဦးအောင်ရဲမြင့်၊(ဇနီး)ဒေါ်မမြအေးတို့အသီးသီးကွယ်လွန်သဖြင့် ဦးမျိုးမြင့်အောင် ၁၂/ဗဟန(နိုင်)၀၈၃၂၅၄ကတစ်ဦးတည်းသောမြေး တော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတင်ပြ၍ မြေကွက်အမှတ်၄၇-၃၉/၃ အေမြေကွက်အတွင်းမှ အရှေ့ဘက် အစိတ်အပိုင်းပေ (၃၀×၈၀) မြေကွက်ငယ်ကို ချန်လှပ်၍ ကျန်အစိတ်အပိုင်းအတွက် အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

မဟာသတိပဋ္ဌာန်တရားနှင့် မဇ္ဈိမပဋိပဒါလက်တွေ့ကျင့်စဉ် (ဆဋ္ဌမအကြိမ်) (၁၀)ရက်သင်တန်း

ဗုဒ္ဓဘာသာဝင်တိုင်းလက်ကိုင်ပြု၍ နေ့စဉ် နှလုံးသွင်းအားထုတ်သင့်သော မဟာဝဂ္ဂသံယုတ် မဟာသတိပဋ္ဌာနသုတ်လာ သတိပဋ္ဌာန်တရားတော်နှင့် မဇ္ဈိမပဋိပဒါ လက်တွေ့ကျင့်စဉ်သင်တန်းကို သတိပဋ္ဌာန်ဆရာတော် အရှင်ဣန္ဒြိယ(သျှင်မိုးဝေ) (သာသနဓဇဓမ္မာစရိယ၊ သာသနကံ့ရဓမ္မာစရိယ၊ ဂဏဝါစကပရိယတ္တိဓမ္မာစရိယ)က အောက်ပါအစီအစဉ်အတိုင်း ဓမ္မဒါန သင်ကြားဟောပြပေးမည် ဖြစ်ပါသဖြင့် မည်သူမဆို ကုသိုလ်ဖြစ်တက်ရောက်သင်ယူ/အားထုတ်နိုင်ပါကြောင်း အသိပေးနိုးဆော် အပ်ပါသည်။

သင်ကြားမည့်နေ့ရက် - ၂၁-၁၂-၂၀၁၃ရက် စနေနေ့မှ ၂၅-၁၂-၂၀၁၃ရက် ဗုဒ္ဓဟူးနေ့အထိ၊ ပထမပိုင်း (၅)ရက်။ ၂၈-၁၂-၂၀၁၃ရက် စနေနေ့မှ ၁-၁-၂၀၁၄ရက် ဗုဒ္ဓဟူးနေ့အထိ၊ ဒုတိယပိုင်း (၅)ရက်။

သင်ကြားမည့်အချိန် - နံနက် ၈း၃၀-၉း၃၀ နာရီအထိ တရားတော်စာတွေ့သင်တန်းချိန် နံနက် ၉း၄၅-၁၀း၁၅ နာရီအထိ လက်တွေ့အားထုတ်ချိန်

သင်ကြားမည့်နေရာ - ရှင်သာမဏေဓမ္မဗိမာန်၊ အာဇာနည်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၃၈၇၃၆၁

အထက(၁)ဒိုက်ဦး ကျောင်းသား ကျောင်းသူဟောင်းများ အာစရိယပူဇော်မည်

ဒိုက်ဦးမြို့၊ အထက(၁)ကျောင်း၏ (၁၆)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၂၉ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ယင်းကျောင်း၏ အောင်ရတနာခန်းမ၌ စည်ကားသိုက်မြိုက်စွာကျင်းပမည်ဖြစ်ရာ အထက(၁) ဒိုက်ဦး ဖုန်း-၀၅၂-၄၀၀၂၈၊ ဦးဇော်မင်း (ရန်ကုန်) ဖုန်း-၀၁-၇၃၀၅၁၈၀၄၊ ဦးချစ်ဆွေ (ပဲခူး) ဖုန်း-၀၅၂-၂၃၉၄၄၊ ဦးဇော်မိုး (ဒိုက်ဦး) ဖုန်း-၀၉-၃၁၆၁၉၆၁၀၊ ဦးသန်းနိုင် (ဒိုက်ဦး) ဖုန်း-၀၉-၃၁၇၆၀၈၁၀၊ ဦးဇော်မင်းဦး (ကိုတူး)(ဒိုက်ဦး) ဖုန်း-၀၉-၄၂၈၁၃၀၆၂၄၊ ဦးမျိုးမင်း (ဒိုက်ဦး) ဖုန်း-၀၉-၄၃၀၀၇၈၈၀ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း။

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး
၂၀၁၃ခုနှစ် တရားမကြီးမှုအမှတ်-၅၂၅

ဒေါ်ထွေးထွေးထွန်း နှင့် ၁။ ဒေါ်လှလှဝင်းကြည်
၂။ ဦးမျိုးမြင့်လွင်
တရားလို တရားပြိုင်များ

တရားပြိုင် ဒေါ်လှလှဝင်းကြည် အမှတ် ၅၅ (ငါးလွှာ)၊ ခြေရင်းခန်း၊ ဟသ်ာတလမ်း၊ ကျွန်းတော(မြောက်)ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး (ယခင်နေရပ်လိပ်စာ) (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက ၁၀-၃-၂၀၁၂ ရက်စွဲပါ နှစ်ဦးသဘောတူ တိုက်ခန်းအရောင်းအဝယ်စရန်ပေးကတိစာချုပ် ပဋိညာဉ်အတိုင်း ကျန်ငွေကိုလက်ခံ၍ တိုက်ခန်းကို တရားလိုအား လက်ရောက်ပေးအပ်စေရန်နှင့် ထိုသို့မဆောင်ရွက်နိုင်ပါက ပေးချေထားသော စရန်ငွေ၏နှစ်ဆ ပြန်လည်ရရှိလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စား လှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၁၈ရက် (၁၃၇၅ခုနှစ် နတ်တော်လပြည့်ကျော် ၁ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည် ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့် ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက် စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရ မည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၃ခုနှစ် နိုဝင်ဘာ ၂၅ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ဝင်းမြိုင်)
ဒုတိယခရိုင်တရားသူကြီး(၅)၊ ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဓဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
လှိုင်မြို့နယ်တရားရုံး
၂၀၁၃ ခုနှစ် တရားမကြီးမှုအမှတ်-၄၇

ဒေါ်နီလာမော် နှင့် ဦးခင်မောင်ဝင်း
တရားလို တရားပြိုင်များ

အထက်ပါအမှုမှ တရားပြိုင် ဦးခင်မောင်ဝင်း အမှတ် ၁၀၊ မြောင်းကြီးလမ်း၊ ဂဠုန်ရပ်ကွက်၊ အလုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနေ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်နီလာမော်က လင်မယားကွာရှင်းပေးစေလိုမှု လျှောက်ထား စွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီး သည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေ ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦး တစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၃ခုနှစ် ဒီဇင်ဘာ ၁၈ရက် (၁၃၇၅ခုနှစ် နတ်တော် လပြည့်ကျော် ၁ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးရှေ့သို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့ သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေ တင်ပြအမှီပြုလိုသည့် စာရွက်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာ တင်လိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၃ ခုနှစ် နိုဝင်ဘာ ၂၆ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(လှတိုး)
ဒုတိယမြို့နယ်တရားသူကြီး(၁)
လှိုင်မြို့နယ်တရားရုံး

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၀၊ မြေကွက်အမှတ် ၃၂၈၊ မြေကွက်တည်နေရာအမှတ် ၃၂၈၊ မြသီရိ ၃ လမ်း၊ (၃၀)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် ဦးမောင်ချစ် NBN-၁၀၀၈၆၆ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအားအမည်ပေါက် ဦးမောင်ချစ်နှင့်ဇနီးဒေါ်ကျင်လှိုင် မိခင်၊ ဖခင်တို့အသီးသီးကွယ်လွန်သဖြင့် (၁)ဒေါ်သိန်းသိန်းဦး ၁၂/ကမတ(နိုင်)၀၄၆၇၂၀၊ (၂)ဦးဖေတင် ၁၂/ကမတ(နိုင်)၀၄၈၀၂၂၊(၃)ဦးစောလွင် ၁၂/ကမတ (နိုင်)၀၃၇၆၀၇၊ (၄)ဒေါ်ကြူကြူဆွေ ၁၂/ဒဂမ(နိုင်)၀၁၅၁၈၀တို့က သားသမီးများတော်စပ် ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထား လာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဒုတိယအကြိမ် အာစရိယပူဇော်ပွဲ

ရှမ်းပြည်နယ်မြောက်ပိုင်း၊ ဘော်တွင်းမြို့၊ အခြေခံပညာအထက်တန်းကျောင်း၏ ဒုတိယအကြိမ်မြောက် ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲကို ၂၀၁၃ခုနှစ် ဒီဇင်ဘာ ၂၁ရက် (စနေနေ့) နံနက် ၉နာရီတွင် ဘော်တွင်းမြို့ အခြေခံ ပညာအထက်တန်းကျောင်း၌ ကျင်းပပြုလုပ်မည်ဖြစ်ပါသောကြောင့် ရပ်ဝေးရပ်နီးမှ ဆရာကြီး၊ ဆရာမကြီးများနှင့် ကျောင်းသား ကျောင်းသူဟောင်းများအား လာရောက် ကန်တော့ခံရန်နှင့် လာရောက်ကန်တော့ကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

ဆက်သွယ်ရန် -
ဦးထွန်းမြင့် ဖုန်း-၀၉-၅၂၆၂၅၅၈
ဦးဇော်မိုး ဖုန်း-၀၉-၅၂၃၃၄၂၄
ဦးအောင်ထွန်း ဖုန်း-၀၉-၄၇၁၄၁၉၅၅
ဒေါ်မို့မို့ ဖုန်း-၀၈၂-၅၁၅၄၈

ဖြစ်မြောက်ရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄ ဂျီ၊ မြေကွက်အမှတ် I ၆/၇၊ မြေကွက်တည်နေရာ အမှတ် ၂၁၀/၂၁၂၊ စက်ရုံလမ်း၊ မအူကုန်းရပ်ကွက်၊ ဦးလှညွန့်နှင့်ဒေါ်ခင်စော အမည်ပေါက် နှစ် ၉၀ ဂရန်မြေအား အမည်ပေါက် ဦးလှညွန့်(ဖခင်)နှင့် ဒေါ်ခင်စော(မိခင်)တို့ ကွယ်လွန်သဖြင့် ၁။ ဒေါ်မြင့်မြင့်ဆွေ ၁၂/တမန(နိုင်)၀၅၀၀၀၀၊ ၂။ ဒေါ်ပဂ္ဂီညွန့်(ခ)ဒေါ်နီနီ(ခ) ဒေါ်ငွေးမြင့် ၁၂/ဗတထ(နိုင်)၀၁၈၅၆၄၊ ၃။ ဒေါ်အေးအေး(ခ)ဒေါ်အေးသိန်း(ခ)ဒေါ်ရသီညွန့် ၁၂/တမန(နိုင်) ၀၀၄၅၄၁၊ ၄။ ဒေါ်လှလှ ၁၂/ဒဂန(နိုင်)၀၁၇၄၀၈၊ ၅။ ဒေါ်သီတာညွန့် ၁၂/တမန(နိုင်)၀၀၅၆၀၂၊ ၆။ ဒေါ်နီလာညွန့် ၁၂/တမန(နိုင်)၀၄၉၀၈၆ တို့က သမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန်နှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဓဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံး
၂၀၁၃ခုနှစ် တရားမကြီးမှုအမှတ်-၁၅၃

ဒေါ်သန်းသန်းမြင့် နှင့် ၁။ ဦးသန်းမြင့်
၂။ ဦးကြည်ရှိန်
တရားလို တရားပြိုင်များ

၁။ ဦးသန်းမြင့်၊ အမှတ် (၁၀၇)၊ မဟာဂန္ဓာရုံလမ်း၊ (၄၈)အဆင့်မြင့်ရပ်ကွက်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့ (ယခုနေရပ်လိပ်စာမသိ)

၂။ ဦးကြည်ရှိန်၊ အမှတ် (၃၇/ခ)၊ ဂန့်ဂေါလမ်းမကြီး၊ ဘုရင့်နောင်ပွဲရုံတန်း၊ မရမ်းကုန်း မြို့နယ်၊ ရန်ကုန်မြို့ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင်တို့အပေါ်၌ တရားလို ဒေါ်သန်းသန်းမြင့်က ပဋိညာဉ်အတိုင်း မှတ်ပုံတင်အရောင်း အဝယ်စာချုပ်ပြုလုပ်ချုပ်ဆိုပေးစေလိုမှုလျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်တို့ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၃ခုနှစ် ဒီဇင်ဘာ ၁၁ရက် (၁၃၇၅ခုနှစ် နတ်တော်လပြည့်ကျော်၉ရက်) မွန်းမတည့်မီအချိန်တွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ဤရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင်သင်တို့သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်တို့မလာမရောက်ပျက်ကွက်ခဲ့ လျှင် သင်တို့ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလို သည် များနှင့် သင်တို့ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်တို့ နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ် ပို့လိုက်ရမည်။ သင်တို့ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၃ခုနှစ် နိုဝင်ဘာ ၂၆ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(အေးမြင့်)
မြို့နယ်တရားသူကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံး

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်း ရပ်ကွက်အမှတ် ၂၀၊ မြေကွက်အမှတ် ၁၆၊ မြေကွက်တည်နေရာအမှတ် ၁၆၊ လှော်ကား လမ်း၊ (၂၀)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် ဦးမြင့်သန်း CE-၀၉၁၈၄၄အမည် ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက် ဖခင်ဦးမြင့်သန်းနှင့် မိခင်ဒေါ်သိန်းတန်တို့ ကွယ်လွန်၍ ဒေါ်မြင့်မြင့်သိန်း ၁၂/ဗဟန (နိုင်)၀၃၃၃၁၆နှင့် ဒေါ်စိန်ငွေးရီ ၁၂/ဗဟန (နိုင်)၀၃၃၃၂၂တို့က သားသမီးများတော်စပ် ကြောင်း ကျမ်းကျိန်လွှာများတင်ပြ၍ ပိုင်ဆိုင် ကြောင်း မြေကွက်ခွဲစိတ်ရန်နှင့် စွန့်လွှတ် စာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာ ရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် သကမ ၁၇၊ မြေကွက်အမှတ် ၁၈၆၄-က၊ မြေကွက်တည်နေရာအမှတ် ၁၈၆၄-က၊ ပေဖူးလွှာလမ်း ဦးတင်ဦးအမည် ပေါက်ပါမစ်မြေအား အမည်ပေါက် ဦးတင်ဦး ထံမှ အရပ်ကတိ အရောင်းစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်သူ ဒေါ်ဝင်းကြည် ၁၂/အလန (နိုင်)၀၁၁၆၈၄က ပါမစ်ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ၊ ခံဝန်ကတိ၊ ရပ်ကွက်ထောက်ခံ စာ၊ ရဲစခန်းထောက်ခံစာ၊ EO ရုံးထောက်ခံ စာတို့တင်ပြပြီး ဂရန်သစ်လျှောက်ထားလာ ရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၄/ကံဘဲ့၊မြေကွက်အမှတ်၂၆/က(၇·ဘီ)၊ မြေကွက်တည်နေရာအမှတ်၂၆/က၊ ရွှေသစ္စာ လမ်း၊(၁၄)ရပ်ကွက်၊ရန်ကင်းမြို့နယ် ဒေါ်တင်မြ ၁၁/ကဖန(နိုင်)၀၀၃၈၈၅ အမည်ပေါက် B. လ/န ၃·(ခ)မြေအား အမည်ပေါက်ဒေါ်တင်မြ နှင့်ခင်ပွန်းဖြစ်သူ ဦးခင်ညွန့်ကွယ်လွန်သဖြင့် (၁) ဒေါ်လှလှရီ ၁၁/ကဖန(နိုင်)၀၀၃၉၂၉၊ (၂) ဦးခင်ဇော် ၁၁/ကဖန(နိုင်)၀၀၃၆၉၅၊ (၃) ဒေါ်မိုးရွှေရည် ၁၁/ကဖန(နိုင်)၀၃၀၃၆၈၊ (၄) ဦးကျော်ဝင်း ၁၁/ကဖန(နိုင်)၀၃၅၈၂၀၊ (၅) ဦးဇော်လင်းထွေး ၁၁/ကဖန(နိုင်) ၀၃၃၆၉၁၊ (၆)ဒေါ်နန္ဒာထွေး ၁၁/ကဖန(နိုင်) ၀၄၂၄၁၄၊(၇)ဦးနေဇော်ထွေး ၁၁/ကဖန(နိုင်) ၀၆၃၇၁၇တို့ကသားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံ ပိုင်ဆိုင်ကြောင်း စာချုပ်ရန်မြေပုံကူးလျှောက် ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင် ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-၇၊ မြေကွက်အမှတ် ၁၀၉၅၊ မြေ ကွက်တည်နေရာအမှတ် ၁၀၉၅၊ ပတ္တမြား ၄လမ်း၊ ၇/အနောက်ရပ်ကွက်၊ သာကေတ မြို့နယ် ဒေါ်ရင်အေး အမည်ပေါက် နှစ်၆၀ ဂရန်မြေအား အမည်ပေါက်ဒေါ်ရင်အေး(မိခင်) နှင့် ဦးတင်အေး(ဖခင်)တို့ ကွယ်လွန်သဖြင့် သားသမီးများဖြစ်သော(၁)ဦးလှမြင့်၁၂/ဥကတ (နိုင်)၁၃၁၂၅၃၊ (၂)ဒေါ်သန်းသန်းအေး ၁၂/ ဒပန(နိုင်)၀၂၇၁၆၁၊(၃)ဒေါ်ကြည်ကြည် ၁၂/ သကတ(နိုင်)၀၀၃၄၃၅၊ (၄) ဒေါ်မြင့်မြင့် အေး ၁၂/ဥကမ(နိုင်)၀၆၂၉၈၇၊(၅)ဦးခင်မျိုး ၁၂/ သကတ(နိုင်)၀၁၁၅၂၂၊ (၆) ဦးမောင် မောင်လွင် ၁၂/သကတ(နိုင်)၁၂၃၆၄၂ တို့က မွေးဖွားခဲ့ပြီး အမှတ်စဉ်(၂)မှ(၆)အထိသည် အမှတ်စဉ်(၁)အား အထွေထွေကိုယ်စားလှယ် လွှဲစာအမှတ်(၂၇၄၅/၁၃)အရ ပါဝါပေးအပ်ခဲ့ ပြီး ၎င်းမှပိုင်ဆိုင်စာချုပ်ရန် မြေပုံကူးလျှောက် ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါ သည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ပျောက်ဆုံးခြင်း

ကျွန်မ မစန္ဒာအောင် ၉/မကန(နိုင်)၀၁၈၃၆၇ ၏ Passport No. M 102325 သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက ပြန်လည်ပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။ **ဖုန်း-၀၉-၇၃၁၁၄၀၁၉၊ ၀၁-၅၇၈၈၃၅**

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဓဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
တောင်ကြီးခရိုင်တရားရုံး
၂၀၁၃ခုနှစ် တရားမကြီးအမှုအမှတ်-၁၅၆

ဒေါ်လွင်မာအေး နှင့် ၁။ ဦးစိုင်းနေလင်း
၂။ ဒေါ်တင်တင်မြ
တရားလို တရားပြိုင်များ

တောင်ကြီးမြို့၊ ရေအေးကွင်းရပ်၊ ရန်ကြီးအောင်လမ်း၊ အမှတ် ၉/၁၂နေ (၁)ဦးစိုင်းနေလင်း၊ (၂)ဒေါ်တင်တင်မြ သိစေရမည်။

သင့်အပေါ်၌ တရားလိုက စုကြေးငွေ ၈၀၄၁၅၀၀၀ိ/ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက် ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၉ရက် (၁၃၇၅ခုနှစ် နတ်တော်လဆန်း ၇ရက်) မွန်းမတည့်မီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေ ရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့် နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေး လိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည်များနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၃ခုနှစ် နိုဝင်ဘာ ၂၈ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ဟန်သိန်း)
ဒုတိယခရိုင်တရားသူကြီး
တောင်ကြီးခရိုင်တရားရုံး

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၉ဌ/၂၆၇၁၈ Mandalar GBM (V) U Channel F/T (4x2)(L) ယာဉ်လက်ဝယ်ရှိသူ ဂွတ်(ဒ်)ဘရားသား(စ်)ကုမ္ပဏီလီမိတက်က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူ ထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ ဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

ကန့်ကွက်နိုင်ပါကြောင်း

လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၅၊ မြေကွက်အမှတ် ၆၁/စ-၂၊ မြေကွက် တည်နေရာအမှတ် ၆၁/စ-၂၊ (၁၅)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ဒေါ်ခင်လှိုင် အမည်ပေါက် ဘီ (လ/န ၃၉) မြေအား အမည်ပေါက်ဇနီး ဒေါ်ခင်လှိုင် ကွယ်လွန်သဖြင့် ဦးသိန်းအောင် ၁၂/လမန(နိုင်)၀၆၀၇၃၁ က တစ်ဦးတည်း သော တရားဝင်ခင်ပွန်းတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင် ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထား လာရာ၁၄ရက်အတွင်းကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅ယ/၅၉၅၃၆ Jialing 90 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ကြွယ် ၉/မသန(နိုင်)၀၈၀၀၃၈က(ကမ-၃) ပျောက် ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာ ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့် ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက် နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့

မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥပဒေပြဋ္ဌာန်း

မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥပဒေ

(၂၀၁၃ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၃၇။)

၁၃၇၅ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၁ ရက်

(၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ ၂၈ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

အခန်း(၁)
အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **အင်ဂျင်နီယာပညာ** ဆိုသည်မှာ သင်္ချာ၊ သိပ္ပံ၊ စီးပွားရေးနှင့် လူမှုရေးပညာရပ်တို့ကို လေ့လာ၊ သင်ကြား၊ လေ့ကျင့်မှု အတွေ့အကြုံများမှရရှိလာသောအသိပညာနှင့် အတတ်ပညာများကို အခြေခံကာ သဘာဝသယံဇာတနှင့် လူသားအရင်းအမြစ်များအား သဘာဝပတ်ဝန်းကျင်ထိခိုက်မှု အနည်းဆုံးဖြင့် အသုံးချပြီး လူ့အဖွဲ့အစည်းအတွက် အကျိုးပြုသော အဆောက်အအုံများ၊ စက်၊ ယာဉ်၊ ယန္တရားများ၊ ကိရိယာ တန်ဆာပလာများ၊ စွမ်းအားများ၊ ဝတ္ထုပစ္စည်းများ၊ ထုတ်လုပ်မှု နည်းစဉ်များကို ဒီဇိုင်းတွက်ချက်၊ တည်ဆောက်၊ ထိန်းသိမ်းပေးနိုင်သည့် အသိဉာဏ်နှင့်ယှဉ်ပြီး အသုံးချရသော ပညာရပ်ကို ဆိုသည်။

(ခ) **အင်ဂျင်နီယာအထူးပြုဘာသာရပ်** ဆိုသည်မှာ မြို့ပြအင်ဂျင်နီယာ၊ စက်မှုအင်ဂျင်နီယာ၊ လျှပ်စစ်အင်ဂျင်နီယာ စသည့် အင်ဂျင်နီယာ အထူးပြုပညာရပ်များကို ဆိုသည်။

(ဂ) **နည်းပညာ** ဆိုသည်မှာ အင်ဂျင်နီယာပညာဖြင့် ဖန်တီးထုတ်လုပ်ရာတွင် အထောက်အကူပြုသည့် လက်တွေ့အသုံးပြုရမည့် နည်းနိဿယများ၊ နည်းလမ်းများ၊ လုပ်ဆောင်ပုံများ၊ ဖြစ်စဉ်များနှင့် အခြားလုပ်ငန်းကျွမ်းကျင်မှုဆိုင်ရာ အင်ဂျင်နီယာနည်းပညာများကို ဆိုသည်။

(ဃ) **တာဝန်ခံဝန်ကြီးဌာန** ဆိုသည်မှာ ဤဥပဒေပါ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရန် ပြည်ထောင်စုအစိုးရအဖွဲ့က သတ်မှတ်ပေးထားသည့် ပြည်ထောင်စုဝန်ကြီးဌာန တစ်ခုခုကို ဆိုသည်။

(င) **ကောင်စီ** ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသည့် မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီကို ဆိုသည်။

(စ) **ကောင်စီဝင်** ဆိုသည်မှာ မြန်မာနိုင်ငံအင်ဂျင်နီယာ ကောင်စီဝင် တစ်ဦးဦးကို ဆိုသည်။

(ဆ) **အလုပ်အမှုဆောင်အဖွဲ့** ဆိုသည်မှာ ဤဥပဒေအရ ကောင်စီဝင်များဖြင့် ဖွဲ့စည်းထားသော အဖွဲ့ကို ဆိုသည်။

(ဇ) **နည်းပညာကျွမ်းကျင်သူ** ဆိုသည်မှာ ဤဥပဒေအရ ကောင်စီက အသိအမှတ်ပြုထားသော နည်းပညာဒီပလိုမာရရှိထားသူကို ဆိုသည်။

(ဈ) **ဘွဲ့ရနည်းပညာကျွမ်းကျင်သူ** ဆိုသည်မှာ ဤဥပဒေအရ ကောင်စီက အသိအမှတ်ပြုထားသော နည်းပညာဘွဲ့ရရှိထားသူကို ဆိုသည်။

(ည) **အင်ဂျင်နီယာ** ဆိုသည်မှာ ဤဥပဒေအရ ကောင်စီက အသိအမှတ်ပြုထားသော အင်ဂျင်နီယာဘွဲ့ရရှိထားသူကို ဆိုသည်။

(ဋ) **မှတ်ပုံတင်လက်မှတ်** ဆိုသည်မှာ ဤဥပဒေအရ ကောင်စီက ထုတ်ပေးသော နည်းပညာကျွမ်းကျင်သူ မှတ်ပုံတင်လက်မှတ်၊ ဘွဲ့ရနည်းပညာကျွမ်းကျင်သူ မှတ်ပုံတင်လက်မှတ်၊ အင်ဂျင်နီယာမှတ်ပုံတင်လက်မှတ်များကို ဆိုသည်။

(ဌ) **အင်ဂျင်နီယာမှတ်ပုံတင်လက်မှတ်** ဆိုသည်မှာ ဤဥပဒေအရ ကောင်စီကထုတ်ပေးသော မှတ်ပုံတင်အင်ဂျင်နီယာလက်မှတ်၊ မှတ်ပုံတင်အကြီးတန်း အင်ဂျင်နီယာလက်မှတ်၊ မှတ်ပုံတင် အင်ဂျင်နီယာပညာရှင်လက်မှတ်၊ မှတ်ပုံတင်ကန့်သတ် အင်ဂျင်နီယာလက်မှတ်၊ မှတ်ပုံတင်ကန့်သတ်အင်ဂျင်နီယာပညာရှင် လက်မှတ်များကို ဆိုသည်။

(ဍ) **မှတ်ပုံတင်အင်ဂျင်နီယာလက်မှတ်** ဆိုသည်မှာ ဤဥပဒေအရ အင်ဂျင်နီယာအဖြစ် ကောင်စီတွင် စာရင်းသွင်းပြီး သတ်မှတ် အရည်အချင်းနှင့် ပြည့်မီသူကိုလည်းကောင်း၊ ကောင်စီက အသိအမှတ်ပြုထားသော အင်ဂျင်နီယာပညာရပ်နှင့် သက်ဆိုင်သည့် အဖွဲ့အစည်း၊ ဌာနတစ်ခုခုကဖြစ်စေ ထုတ်ပေးထားသည့် အသိအမှတ်ပြုလက်မှတ်ရရှိထားပြီး သတ်မှတ်အရည်အချင်းပြည့်မီသူကိုလည်းကောင်း ကောင်စီက ထုတ်ပေးသော မှတ်ပုံတင် အသိအမှတ်ပြုလက်မှတ်ကို ဆိုသည်။

(ဎ) **မှတ်ပုံတင်အကြီးတန်းအင်ဂျင်နီယာလက်မှတ်** ဆိုသည်မှာ ဤဥပဒေအရ မှတ်ပုံတင်အင်ဂျင်နီယာလက်မှတ်ရရှိပြီး အင်ဂျင်နီယာပညာရပ်အလိုက် ကောင်စီကကျင်းပသော စစ်ဆေးမှုများကို အောင်မြင်၍ အကြီးတန်းအင်ဂျင်နီယာ၏ အရည်အချင်းများနှင့်ကိုက်ညီသည့် အင်ဂျင်နီယာအား ကောင်စီက ထုတ်ပေးသော မှတ်ပုံတင်အသိအမှတ်ပြုလက်မှတ်ကို ဆိုသည်။

(ဏ) **မှတ်ပုံတင်အင်ဂျင်နီယာပညာရှင်လက်မှတ်** ဆိုသည်မှာ ဤဥပဒေအရ မှတ်ပုံတင်အကြီးတန်း အင်ဂျင်နီယာလက်မှတ် ရရှိပြီး သတ်မှတ်အရည်အချင်းများနှင့် ကိုက်ညီသည့် အင်ဂျင်နီယာအား ကောင်စီကထုတ်ပေးသော မှတ်ပုံတင်အသိအမှတ်ပြု လက်မှတ်ကို ဆိုသည်။

(တ) **မှတ်ပုံတင်ကန့်သတ်အင်ဂျင်နီယာလက်မှတ်** ဆိုသည်မှာ ဤဥပဒေအရ သတ်မှတ်ချက်များနှင့်ကိုက်ညီသော နိုင်ငံခြားသား အင်ဂျင်နီယာအား စည်းကမ်းသတ်မှတ်ချက်များဖြင့် ကောင်စီက ထုတ်ပေးသော မှတ်ပုံတင်အသိအမှတ်ပြုလက်မှတ်ကိုဆိုသည်။

(ထ) **မှတ်ပုံတင်ကန့်သတ်အင်ဂျင်နီယာပညာရှင်လက်မှတ်** ဆိုသည်မှာ အာဆီယံ အပြန်အလှန်အသိအမှတ်ပြုခြင်းဆိုင်ရာ အစီအမံအရ သတ်မှတ်ချက်များနှင့်ကိုက်ညီသော နိုင်ငံခြားသား မှတ်ပုံတင် အင်ဂျင်နီယာပညာရှင်များကို ဤဥပဒေအရ ကောင်စီက ထုတ်ပေးသော မှတ်ပုံတင်အသိအမှတ်ပြုလက်မှတ်ကို ဆိုသည်။

အခန်း(၂)
ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) အင်ဂျင်နီယာဆိုင်ရာလုပ်ငန်းများတွင် လုပ်ကိုင်နေကြသော မြန်မာနိုင်ငံသားအင်ဂျင်နီယာ၊ ဘွဲ့ရနည်းပညာကျွမ်းကျင်သူနှင့် နည်းပညာကျွမ်းကျင်သူများ၏ ဂုဏ်သိက္ခာ၊ ကျင့်ဝတ်နှင့်အရည်အသွေးတို့ကို ထိန်းသိမ်းမြှင့်တင်ရန်၊

(ခ) အင်ဂျင်နီယာနည်းပညာများနှင့် သတင်းအချက်အလက် နည်းပညာများကို ပေါင်းစပ်အသုံးချလျက် နိုင်ငံတော်၏ သဘာဝသယံဇာတနှင့်လူသားအရင်းအမြစ်များအား သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှု အနည်းဆုံးဖြင့် အကျိုးရှိစွာ အသုံးချနိုင်မည့်နည်းလမ်းကောင်းများ၊ သုတေသနနှင့်ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများကို ရှာဖွေဖော်ထုတ်ရန်၊

(ဂ) အင်ဂျင်နီယာပညာနှင့်နည်းပညာသင်ကြားမှု၊ သုတေသနပြုမှု၊ ဝန်ဆောင်မှုလုပ်ငန်းများတွင် သတ်မှတ်ထားသော ပညာရပ်ဆိုင်ရာ စံချိန်စံညွှန်းပြည့်မီရန်၊ နည်းစနစ်မှန်ကန်ရန်၊ ဘေးအန္တရာယ် ကင်းရှင်းရန်၊ ကျင့်ဝတ်သိက္ခာထိန်းသိမ်းစောင့်စည်းရန်နှင့် တာဝန်ကျေပွန်ရန်စသည့် လိုအပ်ချက်များပြည့်စုံရန်နှင့် စည်းကမ်း စနစ်ကျစေရန်တို့အတွက် လမ်းညွှန်ကြီးကြပ်ထိန်းသိမ်းပေးမှုများကိုလည်းကောင်း၊ လိုအပ်သော အရေးယူမှုများကိုလည်းကောင်း ဆောင်ရွက်နိုင်ရန်၊

(ဃ) သက်ဆိုင်ရာဝန်ကြီးဌာန၊ သက်ဆိုင်ရာအဖွဲ့အစည်းများက အခါအားလျော်စွာပေးအပ်သော အင်ဂျင်နီယာပညာဆိုင်ရာနှင့် နည်းပညာဆိုင်ရာ တိုင်းကျိုးပြည်ပြုလုပ်ငန်းတာဝန်များကို ထမ်းဆောင်ရန်။

အခန်း(၃)
မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဖွဲ့စည်းခြင်း

၄။ တာဝန်ခံဝန်ကြီးဌာနသည် အင်ဂျင်နီယာလုပ်ငန်းနှင့် သက်ဆိုင်သည့် ပြည်ထောင်စုဝန်ကြီးဌာန၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ၊ သင့်လျော်သော ဝါရင့်အင်ဂျင်နီယာများ ပါဝင်သည့် ခုနစ်ဦးထက်မပိုသော မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ၏ နာယကအဖွဲ့အား ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဖွဲ့စည်းရမည်။

၅။ ကောင်စီ၏နာယကအဖွဲ့သည် ကောင်စီဝင် ၆၀ ဦးပါဝင်သော မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီကို သတ်မှတ်ချက်များနှင့်အညီ အောက်ပါအတိုင်းဖွဲ့စည်းရမည်-

(က)	တာဝန်ခံဝန်ကြီးဌာနနှင့် အင်ဂျင်နီယာ ပညာရပ်ဆိုင်ရာဝန်ကြီးဌာန၊ အစိုးရအဖွဲ့ အစည်းများမှဝါရင့်အင်ဂျင်နီယာများ၊	၁၅ ဦး
(ခ)	အင်ဂျင်နီယာနှင့်နည်းပညာသင်ကြားရေး ဆိုင်ရာဦးစီးဌာန၊ တက္ကသိုလ်၊ ကောလိပ်နှင့် သိပ္ပံများမှ အင်ဂျင်နီယာပညာရှင်များ၊	၁၅ ဦး
(ဂ)	အစိုးရမဟုတ်သော အင်ဂျင်နီယာပညာရပ်ဆိုင်ရာ အသင်းအဖွဲ့များမှ ဝါရင့်အင်ဂျင်နီယာများ၊	၁၅ ဦး
(ဃ)	ပြင်ပမှ ထင်ပေါ်ကျော်ကြားသော ဝါရင့်အင်ဂျင် နီယာများ။	၁၅ ဦး

၆။ ကောင်စီ၏ နာယကအဖွဲ့သည် ကောင်စီဝင်များထဲမှ ဥက္ကဋ္ဌတစ်ဦး၊ ဒုတိယဥက္ကဋ္ဌတစ်ဦးနှင့် တွဲဖက်အတွင်းရေးမှူးတစ်ဦးကို ရွေးချယ်သတ်မှတ်တာဝန်ပေးရမည်။ ကောင်စီဝင်များသည် ကျန်အလုပ်အမှုဆောင်အဖွဲ့ဝင်များကို ရွေးချယ်တင်မြှောက်ရန်အတွက် ဒုတိယဥက္ကဋ္ဌတစ်ဦး၊ အတွင်းရေးမှူးတစ်ဦး၊ တွဲဖက်အတွင်းရေးမှူးတစ်ဦး၊ ဘဏ္ဍာရေးမှူးတစ်ဦးနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်ရှစ်ဦးတို့ကို သတ်မှတ်ချက်များနှင့်အညီ မိမိတို့အနက်မှ ရွေးချယ်တင်မြှောက်ရမည်။

၇။ ကောင်စီ၏လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရန်အလို့ငှာ ကောင်စီဥက္ကဋ္ဌက အလုပ်အမှုဆောင်အဖွဲ့၏ ဥက္ကဋ္ဌအဖြစ် လည်းကောင်း၊ ကောင်စီဒုတိယဥက္ကဋ္ဌများက ဒုတိယဥက္ကဋ္ဌများအဖြစ် လည်းကောင်း၊ ကောင်စီအတွင်းရေးမှူးက အတွင်းရေးမှူးအဖြစ် လည်းကောင်း၊ ကောင်စီတွဲဖက်အတွင်းရေးမှူးများက တွဲဖက်အတွင်းရေးမှူးများအဖြစ် လည်းကောင်း၊ ကောင်စီဘဏ္ဍာရေးမှူးက ဘဏ္ဍာရေးမှူးအဖြစ် လည်းကောင်း၊ အလုပ်အမှုဆောင်အဖွဲ့ဝင်ရှစ်ဦးကအဖွဲ့ဝင်များအဖြစ် လည်းကောင်း ပါဝင်စေလျက် ကောင်စီ၏အလုပ်အမှုဆောင်အဖွဲ့ ၁၅ ဦးကို သတ်မှတ်ချက်များနှင့်အညီ ဖွဲ့စည်းရမည်။

၈။ ကောင်စီနှင့်ကောင်စီဝင်များ၏ သက်တမ်းနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း သတ်မှတ်ရမည်-

(က) ကောင်စီ၏ တစ်ကြိမ်သက်တမ်းသည် စတင်ဖွဲ့စည်းသည့်နေ့မှစ၍ လေးနှစ်ဖြစ်သည်။

(ခ) ကောင်စီဝင်များ၏ သက်တမ်းသည် ကောင်စီ၏သက်တမ်းနှင့်အညီ ဖြစ်သည်။

(ဂ) ကောင်စီဥက္ကဋ္ဌသည် ကောင်စီသက်တမ်းတစ်ကြိမ်သာ ဆောင်ရွက်ခွင့်ရှိသည်။

(ဃ) ကောင်စီဝင်တစ်ဦးသည် ကောင်စီဝင်သက်တမ်းတစ်ဆက်တည်း နှစ်ကြိမ်အထိသာ ကောင်စီဝင်အဖြစ် ဆောင်ရွက်နိုင်သည်။

(င) ကောင်စီဝင်တစ်ဦး၏ နေရာလစ်လပ်သည့်အခါ ဤဥပဒေအရ ထုတ်ပြန်ထားသော နည်းဥပဒေများနှင့်အညီ ဖြည့်စွက်ရမည်။ ထိုသို့ဖြည့်စွက်ခြင်းခံရသော ကောင်စီဝင်၏ သက်တမ်းသည် လက်ရှိကောင်စီသက်တမ်းကုန်ဆုံးချိန်အထိသာ ဖြစ်ရမည်။

(စ) လက်ရှိကောင်စီသက်တမ်းကုန်ဆုံးသည့်ရက်မှ ရက်ပေါင်း ၆၀ အတွင်း ကောင်စီ၏နာယကအဖွဲ့က ကောင်စီအသစ်ကိုဖွဲ့စည်းပြီး တာဝန်လွှဲပြောင်းပေးရမည်။

အခန်း(၄)
ကောင်စီ၏တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၉။ ကောင်စီ၏တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ကောင်စီက အသိအမှတ်ပြုသော အင်ဂျင်နီယာဘွဲ့၊ နည်းပညာဘွဲ့နှင့် နည်းပညာဒီပလိုမာများကို အခါအားလျော်စွာ ထုတ်ပြန်ကြေညာခြင်း၊

(ခ) ဤဥပဒေအရ မှတ်ပုံတင်လက်မှတ်တစ်မျိုးမျိုး ထုတ်ပေးရန်အလို့ငှာ ပြည်တွင်းပြည်ပရှိ နည်းပညာတက္ကသိုလ်၊ အင်ဂျင်နီယာ တက္ကသိုလ်၊ နည်းပညာကောလိပ်နှင့်နည်းပညာ သိပ္ပံ တစ်ခုခုကဖြစ်စေ၊ ကောင်စီက အသိအမှတ်ပြုထားသော အင်ဂျင်နီယာပညာရပ်နှင့်သက်ဆိုင်သည့် အဖွဲ့အစည်းနှင့်ဌာနတစ်ခုခုကဖြစ်စေ အပ်နှင်းသည့်ဘွဲ့၊ ဒီပလိုမာရသူများကို အသိအမှတ်ပြုခြင်းနှင့် အသိအမှတ်ပြုရန်ငြင်းပယ်ခြင်း၊

(ဂ) ဤဥပဒေအရ မှတ်ပုံတင်လက်မှတ်တစ်မျိုးမျိုး ထုတ်ပေးရန်အလို့ငှာ ကောင်စီကအသိအမှတ်ပြုထားသော ဘွဲ့၊ ဒီပလိုမာရသူများ တတ်မြောက်ရန် လိုအပ်သော လုပ်ငန်းဆိုင်ရာ အရည်အချင်းများကို သတ်မှတ်ခြင်း၊

(ဃ) အင်ဂျင်နီယာ၊ ဘွဲ့ရနည်းပညာကျွမ်းကျင်သူနှင့် နည်းပညာကျွမ်းကျင်သူများ လိုက်နာစောင့်ထိန်းရမည့် ကျင့်ဝတ်သိက္ခာများ သတ်မှတ်ခြင်း၊ ကျင့်ဝတ်သိက္ခာများကို လိုက်နာစောင့်ထိန်းစေရန် ကြီးကြပ်ကွပ်ကဲခြင်း၊ စုံစမ်းစစ်ဆေးခြင်းနှင့်အရေးယူ ဆောင်ရွက်ခြင်း၊

(င) အင်ဂျင်နီယာ ဘွဲ့ရနည်းပညာကျွမ်းကျင်သူ၊ နည်းပညာကျွမ်းကျင်သူများ၏ အရည်အသွေးနှင့် အဆင့်အတန်းကို ထိန်းသိမ်းမြှင့်တင်နိုင်ရန် လေ့လာဆန်းစစ်ခြင်း၊ စိစစ်ခြင်း၊ အစိုးရဌာနများ၊ အစိုးရအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ဆက်သွယ်ပူးပေါင်းဆောင်ရွက်ခြင်း၊

(စ) မှတ်ပုံတင်လက်မှတ် စိစစ်ထုတ်ပေးခြင်း၊ မှတ်ပုံတင်စာရင်းပြုစုထားရှိခြင်းနှင့် အခါအားလျော်စွာ ထုတ်ပြန်ခြင်း၊

(ဆ) အင်ဂျင်နီယာပညာနှင့် နည်းပညာဆိုင်ရာလုပ်ငန်းများအတွက် အရည်အသွေး၊ အဆင့်အတန်းထိန်းသိမ်းမြှင့်တင်ရန် လိုအပ်သော စံချိန်စံညွှန်းများ၊ လုပ်ငန်းအခြေခံစံနှုန်းများနှင့် အင်ဂျင်နီယာဆိုင်ရာ ကျင့်ထုံးများ၊ နည်းပညာဆိုင်ရာကျင့်ထုံးများ ပြုစုရေးနှင့်စပ်လျဉ်း၍ တာဝန်ခံဝန်ကြီးဌာနနှင့် အခြားသက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများ၊ အခြားအဖွဲ့အစည်းများသို့ အကြံပြုခြင်း၊ ကူညီခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဇ) အင်ဂျင်နီယာပညာနှင့် နည်းပညာဆိုင်ရာ သင်ကြားမှုအဆင့်အတန်း မြင့်မားစေရန်နှင့် အရည်အသွေးပြည့်ဝသော အင်ဂျင်နီယာ၊ ဘွဲ့ရနည်းပညာ ကျွမ်းကျင်သူနှင့် နည်းပညာကျွမ်းကျင်သူများ ပေါ်ပေါက်စေရေးတို့အတွက် နိုင်ငံတကာတွင် တိုးတက်ပြောင်းလဲနေသော အင်ဂျင်နီယာပညာနှင့် နည်းပညာဆိုင်ရာ ပညာသင်ကြားရေးစနစ်များကို လေ့လာသုံးသပ်၍ တာဝန်ခံဝန်ကြီးဌာနနှင့် အခြားသက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများသို့ အကြံပြုခြင်း၊ ကူညီခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဈ) အင်ဂျင်နီယာပညာနှင့် နည်းပညာဆိုင်ရာ လုပ်ငန်းလိုအပ်ချက်များနှင့်အညီ အင်ဂျင်နီယာ၊ ဘွဲ့ရနည်းပညာကျွမ်းကျင်သူနှင့် နည်းပညာကျွမ်းကျင်သူများ စဉ်ဆက်မပြတ် လေ့လာသင်ကြားမှု ရရှိနိုင်စေရန် တာဝန်ခံဝန်ကြီးဌာနနှင့် အခြားသက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများ၊ အခြားအဖွဲ့အစည်းများသို့ အကြံပြုခြင်းနှင့် လိုအပ်သည်များကို ပံ့ပိုးကူညီခြင်း၊ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် စာတွေ့နှင့် လက်တွေ့သင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများနှင့် ညီလာခံများကို ကြီးမှူးကျင်းပခြင်း၊ အပြည်ပြည်ဆိုင်ရာနှင့် ဒေသဆိုင်ရာအဖွဲ့ အစည်းအဝေးများ၊ ညီလာခံများသို့ နိုင်ငံကိုယ်စားပြု၍ ပါဝင်တက်ရောက်နိုင်ရန် စီမံဆောင်ရွက်ပေးခြင်း၊

(ည) အင်ဂျင်နီယာပညာနှင့် နည်းပညာဆိုင်ရာ အဆင့်အတန်း မြင့်မားစေရေးအတွက် သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ တာဝန်ခံဝန်ကြီးဌာနနှင့် အခြားသက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများ၊ အခြား အဖွဲ့အစည်းများသို့ အကြံပြု ခြင်းနှင့် ကူညီခြင်း၊

(ဋ) မြန်မာနိုင်ငံအတွင်း ဆောင်ရွက်သည့် ပြည်တွင်း၊ ပြည်ပ အတိုင်ပင်ခံ အင်ဂျင်နီယာများနှင့် အင်ဂျင်နီယာနှင့် နည်းပညာဆိုင်ရာ လုပ်ငန်း ကုမ္ပဏီများ၊ အဖွဲ့အစည်းများ၊ ကန်ထရိုက်တာနှင့် ကန်ထရိုက်လုပ်ငန်း လုပ်ကိုင်သော ကုမ္ပဏီများနှင့် စပ်လျဉ်း၍ သတ်မှတ်ထားသော လုပ်ထုံးလုပ်နည်းများ၊ စံချိန်စံညွှန်းများနှင့် လုပ်ငန်းအခြေခံစံနှုန်းများ ကိုက်ညီမှုရှိ မရှိ တာဝန်ခံဝန်ကြီးဌာန၏ ခွင့်ပြုချက် သို့မဟုတ် ညွှန်ကြားချက်နှင့်အညီ စိစစ်ပြီး သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနနှင့် အစိုးရအဖွဲ့အစည်းများသို့ သဘောထားပြန်ကြားခြင်း၊

(ဌ) ကောင်စီသည် ကောင်စီနှင့် အလုပ်အမှုဆောင်အဖွဲ့တို့၏ လုပ်ငန်းတာဝန်များကို ဆောင်ရွက်နိုင်ရန် ဤဥပဒေနှင့်အညီ တာဝန်ခံဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် မှတ်ပုံတင်အရာရှိချုပ် ဦးစီးသော ရုံးအဖွဲ့ကို ဖွဲ့စည်းခြင်း၊

(ဍ) ကောင်စီ၏ ရည်ရွယ်ချက်များ ထမြောက်အောင်မြင်စေရန် တာဝန်ခံဝန်ကြီးဌာနက အခါအားလျော်စွာ ပေးအပ်သော လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

၁၀။ ကောင်စီ၏ လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) အောက်ပါလုပ်ငန်းကော်မတီများကို ဖွဲ့စည်းခြင်းနှင့် ယင်းကော်မတီအသီးသီး၏ လုပ်ငန်းတာဝန်များကို သတ်မှတ်ခြင်း-

စာမျက်နှာ ခ သို့

ဥပဒေ

စာမျက်နှာ က မှ

(၁) မှတ်ပုံတင်လက်မှတ်စိစစ်ရေး လုပ်ငန်းကော်မတီ၊

(၂) အင်ဂျင်နီယာအထူးပြုပညာရပ်ဆိုင်ရာ အရည်အသွေး စိစစ် အသိအမှတ်ပြုရေးလုပ်ငန်းကော်မတီ၊

(၃) ကျင့်ဝတ်သိက္ခာထိန်းသိမ်းရေးလုပ်ငန်းကော်မတီ၊

(၄) စည်းကမ်းထိန်းသိမ်းရေး လုပ်ငန်းကော်မတီ၊

(၅) စံချိန်စံညွှန်းများ၊ လုပ်ငန်းအခြေခံစံနှုန်းများနှင့် အင်ဂျင်နီယာဆိုင်ရာကျင့်ထုံးများ ပြုစုရေးလုပ်ငန်းကော်မတီ၊

(၆) အင်ဂျင်နီယာပညာ စဉ်ဆက်မပြတ် သင်ကြားရေးလုပ်ငန်းကော်မတီ၊

(၇) အင်ဂျင်နီယာပညာဆိုင်ရာ ကုမ္ပဏီများ၊ အဖွဲ့အစည်းများအား စိစစ်အသိအမှတ်ပြုရေးလုပ်ငန်း ကော်မတီ၊

(၈) လိုအပ်ချက်အရ ဖွဲ့စည်းသင့်သည့် အခြားလုပ်ငန်း ကော်မတီများ။

(ခ) အင်ဂျင်နီယာ အထူးပြုပညာရပ်အလိုက် သက်ဆိုင်ရာ လုပ်ငန်းအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်ခြင်း၊

(ဂ) မှတ်ပုံတင်လက်မှတ်ထုတ်ပေးခြင်း၊ ထုတ်ပေးရန် ငြင်းပယ်ခြင်း၊ ကာလအကန့်အသတ်ဖြင့် ရုပ်သိမ်းခြင်းနှင့် ပယ်ဖျက်ခြင်း၊

(ဃ) မှတ်ပုံတင်လက်မှတ် ထုတ်ပေးခြင်းနှင့် စပ်လျဉ်း၍ သီးခြားကင်းလွတ်ခွင့်များ သတ်မှတ်ပေးခြင်းနှင့် လိုအပ်သော စည်းမျဉ်းစည်းကမ်းများ သတ်မှတ်ခြင်း၊

(င) မှတ်ပုံတင်လက်မှတ်နှင့် စပ်လျဉ်း၍ သက်တမ်းသတ်မှတ်ခြင်း၊ သက်တမ်းတိုးမြှင့်ပေးခြင်းနှင့် သက်တမ်းတိုးမြှင့်ပေးရန် ငြင်းပယ်ခြင်း၊

(စ) မှတ်ပုံတင်ကြေး၊ မှတ်ပုံတင် သက်တမ်းတိုးမြှင့်ကြေးနှင့် မှတ်ပုံတင် သက်တမ်းတိုးရန် ပျက်ကွက်သည့် ရက်လွန်ကြေးတို့ကို သတ်မှတ်ခြင်း၊

(ဆ) နိုင်ငံတော်အတွက် အကျိုးပြုမည့် ကိစ္စရပ်များကို နိုင်ငံတကာ ဒေသဆိုင်ရာနှင့် ပြည်တွင်းပြည်ပရှိ အင်ဂျင်နီယာပညာရှင်၊ နည်းပညာရှင်များနှင့် ဆက်သွယ်ပူးပေါင်းဆောင်ရွက်ခြင်း။

၁၁။ ကောင်စီသည် ဤဥပဒေပါ ရည်ရွယ်ချက်များကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် မိမိ၏တာဝန်နှင့် လုပ်ပိုင်ခွင့်များကို အလုပ်အမှုဆောင်အဖွဲ့သို့ လွှဲအပ်တာဝန်ပေးနိုင်သည်။

၁၂။ ကောင်စီသည် ကောင်စီနှင့် အလုပ်အမှုဆောင်အဖွဲ့တို့၏ လုပ်ငန်းတာဝန်များကို ဆောင်ရွက်နိုင်ရန် မှတ်ပုံတင်အရာရှိချုပ် ဦးဆောင်သော ရုံးအဖွဲ့ကို လိုအပ်သလို ဖွဲ့စည်းတာဝန်ပေးအပ်နိုင်သည်။ တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် ကောင်စီ၏ရုံးအဖွဲ့ခွဲများ ဖွင့်လှစ်ရန် လိုအပ်လာပါက မှတ်ပုံတင်အရာရှိတစ်ဦးစီ ဦးဆောင်သော ရုံးအဖွဲ့ခွဲများကို လိုအပ်သလို ဖွဲ့စည်းတာဝန်ပေးအပ်နိုင်သည်။

အခန်း(၅)
ကောင်စီဝင်အဖြစ်မှ ရပ်စဲခြင်း

၁၃။ အောက်ပါအကြောင်းတစ်ရပ်ရပ်ပေါ်ပေါက်သည့်အခါ ကောင်စီသည် အလုပ်အမှုဆောင်အဖွဲ့၏ အဆိုပြုချက်ဖြင့် ကောင်စီဝင်တစ်ဦးအားကောင်စီဝင်အဖြစ်မှ ရပ်စဲရမည်-

(က) နုတ်ထွက်ခြင်း၊

(ခ) ကောင်စီသို့ ခွင့်ပန်ခြင်းမရှိဘဲ အစည်းအဝေးတက်ရောက်ရန် သုံးကြိမ်ဆက်တိုက် ပျက်ကွက်ခြင်း၊

(ဂ) ကောင်စီသို့ ခွင့်ပန်ခြင်းမရှိဘဲ ကောင်စီနှင့် ခြောက်လနှင့်အထက် ကင်းကွာခြင်း၊

(ဃ) မှတ်ပုံတင်လက်မှတ်ကို ကာလအကန့်အသတ်ဖြင့် ရုပ်သိမ်းခံရခြင်း သို့မဟုတ် မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်ခံရခြင်း၊

(င) အကျင့်စာရိတ္တနှင့် သက်ဆိုင်သော ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်မှုကြောင့် ထောင်ဒဏ်ချမှတ်ခံရခြင်း၊

(စ) ကိုယ်ကျင့်တရား ပျက်ယွင်းသည်ဟု ကောင်စီက စစ်ဆေးတွေ့ရှိခြင်း၊

(ဆ) စိတ်ရောဂါစွဲကပ်ခြင်း၊ အသိဉာဏ်ပျက်ယွင်းခြင်း သို့မဟုတ် ကိုယ်အင်္ဂါချို့ယွင်းခြင်းကြောင့်ဖြစ်စေ၊ အခြားအကြောင်းတစ်ရပ်ရပ်ကြောင့်ဖြစ်စေ ကောင်စီ၏ လုပ်ငန်းတာဝန်များကို ဆောင်ရွက်နိုင်စွမ်းမရှိခြင်း၊

(ဇ) ကွယ်လွန်ခြင်း။

အခန်း (၆)
အစည်းအဝေးများကျင်းပခြင်း

၁၄။ အစည်းအဝေးများကို အောက်ပါအတိုင်း သတ်မှတ်ချက်များနှင့်အညီ ကျင်းပဆောင်ရွက်ရမည်-

(က) ကောင်စီ၏ ပုံမှန်အစည်းအဝေးကို သုံးလလျှင် အနည်းဆုံး တစ်ကြိမ် ကျင်းပပြုလုပ်ခြင်းနှင့် လိုအပ်ပါက အထူးအစည်းအဝေးများ ကျင်းပခြင်း၊

(ခ) အလုပ်အမှုဆောင်အဖွဲ့အစည်းအဝေးကို တစ်လလျှင် အနည်းဆုံး တစ်ကြိမ် ကျင်းပပြုလုပ်ခြင်းနှင့် လိုအပ်ပါက အထူးအစည်းအဝေးများ ကျင်းပခြင်း၊

(ဂ) ကောင်စီဝင်ဦးရေ၏ အနည်းဆုံးလေးပုံတစ်ပုံ (၂၅ ရာခိုင်နှုန်း) အရေအတွက်က တရားဝင်စာဖြင့် ရေးသားတောင်းဆိုလျှင် အထူးအစည်းအဝေးကို ခေါ်ယူပေးခြင်း။

၁၅။ အလုပ်အမှုဆောင်အဖွဲ့၏ ဆောင်ရွက်ချက်များကို ကောင်စီ၏ အနီးကပ်ဆုံးကျင်းပမည့် အစည်းအဝေးတွင်တင်ပြ၍ အတည်ပြုချက် ရယူရမည်။

၁၆။ ကောင်စီသည် မိမိ၏ဆောင်ရွက်ချက်များကို တာဝန်ခံဝန်ကြီးဌာနသို့ အခါအားလျော်စွာ အသိပေးတင်ပြရမည်။

အခန်း (၇)
ဘဏ္ဍာရေး

၁၇။ ကောင်စီသည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် အောက်ပါရငွေများဖြင့် ရန်ပုံငွေတစ်ရပ်ထူထောင်ရမည်-

(က) မှတ်ပုံတင်ကြေး၊ နှစ်စဉ်ကြေး၊ ရက်လွန်ကြေးနှင့် အခြားရခွင့်ရှိသောငွေများ၊

(ခ) ပြည်တွင်းပြည်ပရှိ အဖွဲ့အစည်းနှင့် အလှူရှင်များထံမှ လှူဒါန်းငွေနှင့် ထောက်ပံ့ငွေများ၊

(ဂ) ရန်ပုံငွေမှ တရားဝင်တိုးပွားငွေများ။

၁၈။ ကောင်စီသည်-

(က) မိမိရန်ပုံငွေဖြင့် သီးခြားရပ်တည်နိုင်ရန် ကြိုးပမ်းအားထုတ်ရမည်။

(ခ) မိမိရန်ပုံငွေဖြင့် ရပ်တည်ရာတွင် လုံလောက်မှုမရှိပါက တာဝန်ခံဝန်ကြီးဌာနမှတစ်ဆင့် ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ပြည်ထောင်စုရန်ပုံငွေမှ ကျခံသုံးစွဲနိုင်ရန် တင်ပြတောင်းခံနိုင်သည်။

၁၉။ ကောင်စီသည် ဘဏ္ဍာရေးဆိုင်ရာဆောင်ရွက်ချက်များကို တည်ဆဲဘဏ္ဍာရေးစည်းမျဉ်း၊ စည်းကမ်း၊ ညွှန်ကြားချက်များနှင့်အညီ စနစ်တကျ ဆောင်ရွက်ရမည်။

အခန်း (၈)
ဘွဲ့ရနည်းပညာကျွမ်းကျင်သူမှတ်ပုံတင်လက်မှတ်၊ နည်းပညာကျွမ်းကျင်သူမှတ်ပုံတင်လက်မှတ်လျှောက်ထားခြင်းနှင့် ထုတ်ပေးခြင်း

၂၀။ ပြည်တွင်းပြည်ပရှိ အင်ဂျင်နီယာတက္ကသိုလ်၊နည်းပညာတက္ကသိုလ် တစ်ခုခုကဖြစ်စေ၊ နည်းပညာကောလိပ်နှင့် နည်းပညာသိပ္ပံတစ်ခုခုကဖြစ်စေ အပ်နှင်းသော နည်းပညာဘွဲ့သို့မဟုတ် နည်းပညာဒီပလိုမာရရှိသူသည် ဘွဲ့ရနည်းပညာ ကျွမ်းကျင်သူ မှတ်ပုံတင်လက်မှတ် သို့မဟုတ် နည်းပညာကျွမ်းကျင်သူမှတ်ပုံတင်လက်မှတ် ရရှိလိုပါက သတ်မှတ်ချက်များနှင့်အညီ ကောင်စီသို့လျှောက်ထားရမည်။

၂၁။ (က) ကောင်စီ၏ကိုယ်စား အလုပ်အမှုဆောင်အဖွဲ့သည် ပုဒ်မ ၂၀ အရလျှောက်ထားချက်ကို သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး ခွင့်ပြုပါက သတ်မှတ်ထားသည့် မှတ်ပုံတင်ကြေးပေးသွင်းစေ၍ စည်းကမ်းချက်များသတ်မှတ်ပြီး ဘွဲ့ရနည်းပညာကျွမ်းကျင်သူ မှတ်ပုံတင်လက်မှတ်၊ နည်းပညာကျွမ်းကျင်သူမှတ်ပုံတင်လက်မှတ်ထုတ်ပေးခြင်း သို့မဟုတ် ခွင့်မပြုပါက ဘွဲ့ရနည်းပညာကျွမ်းကျင်သူ မှတ်ပုံတင်လက်မှတ်၊ နည်းပညာကျွမ်းကျင်သူမှတ်ပုံတင်လက်မှတ် ထုတ်ပေးရန် ငြင်းပယ်ခြင်းပြုနိုင်သည်။

(ခ) ပုဒ်မခွဲ(က)အရ ဘွဲ့ရနည်းပညာကျွမ်းကျင်သူ မှတ်ပုံတင်လက်မှတ်၊ နည်းပညာကျွမ်းကျင်သူမှတ်ပုံတင်လက်မှတ် ထုတ်ပေးသည့်အခါ ယင်းဘွဲ့ရနည်းပညာကျွမ်းကျင်သူ မှတ်ပုံတင်လက်မှတ်၊ နည်းပညာကျွမ်းကျင်သူ မှတ်ပုံတင်လက်မှတ်၏ သက်တမ်းကိုသတ်မှတ်ပေးရမည်။

၂၂။ ဘွဲ့ရနည်းပညာကျွမ်းကျင်သူ မှတ်ပုံတင်လက်မှတ်၊ နည်းပညာကျွမ်းကျင်သူ မှတ်ပုံတင်လက်မှတ်ရရှိသူသည် မိမိ၏ ဘွဲ့ရနည်းပညာကျွမ်းကျင်သူ မှတ်ပုံတင်လက်မှတ်၊ နည်းပညာကျွမ်းကျင်သူ မှတ်ပုံတင်လက်မှတ် သက်တမ်းတိုးမြှင့်လိုပါက သက်တမ်းမကုန်ဆုံးမီ အနည်းဆုံး ရက်ပေါင်း ၆၀ ကြိုတင်၍ ကောင်စီသို့ လျှောက်ထားရမည်။ ယင်းသို့ သတ်မှတ်ထားသည့် ကာလကျော်လွန်သွားပါက သတ်မှတ်ချက်များနှင့်အညီ ရက်လွန်ကြေးပေးသွင်းပြီး လျှောက်ထားနိုင်သည်။

၂၃။ ကောင်စီ၏ကိုယ်စား အလုပ်အမှုဆောင်အဖွဲ့သည် ပုဒ်မ ၂၂ အရ လျှောက်ထားချက်ကို သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီးခွင့်ပြုပါက သတ်မှတ်ထားသည့် သက်တမ်းတိုးမြှင့်ကြေးပေးသွင်းစေ၍ ဘွဲ့ရနည်းပညာကျွမ်းကျင်သူ မှတ်ပုံတင်လက်မှတ်၊ နည်းပညာကျွမ်းကျင်သူ မှတ်ပုံတင်လက်မှတ်ကို သက်တမ်းတိုးပေးခြင်း သို့မဟုတ် ခွင့်မပြုပါက သက်တမ်းတိုးမြှင့်ပေးရန်ငြင်းပယ်ခြင်းပြုနိုင်သည်။

၂၄။ (က) မှတ်ပုံတင်နည်းပညာကျွမ်းကျင်သူလက်မှတ် ရရှိထားသူသည် သတ်မှတ်ထားသည့် ကာလပြည့်မြောက်ပါက မှတ်ပုံတင်ဘွဲ့ရ နည်းပညာ ကျွမ်းကျင်သူလက်မှတ်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ကောင်စီသို့ လျှောက်ထားရမည်။

(ခ) ကောင်စီ၏ကိုယ်စား အလုပ်အမှုဆောင်အဖွဲ့သည် အင်ဂျင်နီယာ အထူးပြုပညာရပ်အလိုက် ကောင်စီကကျင်းပသော စစ်ဆေးမှုများကို အောင်မြင်၍ မှတ်ပုံတင်ဘွဲ့ရနည်းပညာကျွမ်းကျင်သူ၏ သတ်မှတ်အရည်အချင်းများနှင့်ပြည့်မီသော မှတ်ပုံတင်နည်းပညာ ကျွမ်းကျင်သူအား စည်းကမ်းချက်များသတ်မှတ်၍ မှတ်ပုံတင်ဘွဲ့ရ နည်းပညာကျွမ်းကျင်သူလက်မှတ် ထုတ်ပေးရမည်။

၂၅။ (က) မှတ်ပုံတင်ဘွဲ့ရနည်းပညာ ကျွမ်းကျင်သူလက်မှတ်ရရှိထားသူသည် သတ်မှတ်ထားသည့်ကာလပြည့်မြောက်ပါက မှတ်ပုံတင်အင်ဂျင်နီယာလက်မှတ်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ကောင်စီသို့ လျှောက်ထားနိုင်သည်။

(ခ) ကောင်စီ၏ကိုယ်စား အလုပ်အမှုဆောင်အဖွဲ့သည် အင်ဂျင်နီယာ အထူးပြုပညာရပ်အလိုက် ကောင်စီကကျင်းပသောစစ်ဆေးမှုများကို အောင်မြင်၍ မှတ်ပုံတင်အင်ဂျင်နီယာ၏ သတ်မှတ်အရည်အချင်းများနှင့်ပြည့်မီသော မှတ်ပုံတင်ဘွဲ့ရနည်းပညာကျွမ်းကျင်သူအား စည်းကမ်းချက်များသတ်မှတ်၍ မှတ်ပုံတင်အင်ဂျင်နီယာ လက်မှတ် ထုတ်ပေးရမည်။

အခန်း (၉)
အင်ဂျင်နီယာမှတ်ပုံတင်လက်မှတ်လျှောက်ထားခြင်းနှင့် ထုတ်ပေးခြင်း

၂၆။ ပြည်တွင်းပြည်ပရှိ အင်ဂျင်နီယာတက္ကသိုလ်တစ်ခုခုကဖြစ်စေ၊ နည်းပညာတက္ကသိုလ်တစ်ခုခုကဖြစ်စေ အပ်နှင်းသော အင်ဂျင်နီယာပညာဆိုင်ရာဘွဲ့ရရှိသူသည် လည်းကောင်း၊ ကောင်စီကအသိအမှတ်ပြုထားသော အင်ဂျင်နီယာပညာရပ်နှင့် သက်ဆိုင်သည့်ဌာန၊ အဖွဲ့အစည်းတစ်ခုခုက ထုတ်ပေးသည့် အသိအမှတ်ပြုလက်မှတ်ရရှိထားပြီး ကောင်စီကသတ်မှတ်သည့် အရည်အချင်းပြည့်မီသူသည် လည်းကောင်း မှတ်ပုံတင်အင်ဂျင်နီယာလက်မှတ်ရရှိလိုပါက သတ်မှတ်ချက်များနှင့် အညီ ကောင်စီသို့ လျှောက်ထားရမည်။

၂၇။ (က) ကောင်စီ၏ ကိုယ်စား အလုပ်အမှုဆောင်အဖွဲ့သည် ပုဒ်မ ၂၆ အရ လျှောက်ထားချက်ကို သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီးခွင့်ပြုပါက သတ်မှတ်ထားသည့် မှတ်ပုံတင်ကြေးပေးသွင်းစေပြီး စည်းကမ်းချက်များ သတ်မှတ်၍ မှတ်ပုံတင်အင်ဂျင်နီယာလက်မှတ် ထုတ်ပေးခြင်း သို့မဟုတ် ခွင့်မပြုပါက မှတ်ပုံတင်အင်ဂျင်နီယာ လက်မှတ် ထုတ်ပေးရန် ငြင်းပယ်ခြင်း ပြုနိုင်သည်။

(ခ) ပုဒ်မခွဲ(က)အရ မှတ်ပုံတင်အင်ဂျင်နီယာလက်မှတ် ထုတ်ပေးသည့်အခါ ယင်းမှတ်ပုံတင်အင်ဂျင်နီယာလက်မှတ်၏ သက်တမ်းကို သတ်မှတ်ပေးရမည်။

၂၈။ (က) မှတ်ပုံတင်အင်ဂျင်နီယာလက်မှတ်ရရှိထားသူသည် သတ်မှတ်ထားသည့် ကာလပြည့်မြောက်ပါက မှတ်ပုံတင်အကြီးတန်း အင်ဂျင်နီယာလက်မှတ်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ကောင်စီသို့ လျှောက်ထားရမည်။

(ခ) ကောင်စီ၏ကိုယ်စား အလုပ်အမှုဆောင်အဖွဲ့သည် အင်ဂျင်နီယာ အထူးပြုပညာရပ်အလိုက် ကောင်စီက ကျင်းပသော စစ်ဆေးမှုများကို အောင်မြင်၍ မှတ်ပုံတင်အကြီးတန်းအင်ဂျင်နီယာ၏ သတ်မှတ်အရည်အချင်းများပြည့်မီသူအား စည်းကမ်းချက်များ သတ်မှတ်ပြီး မှတ်ပုံတင်အကြီးတန်းအင်ဂျင်နီယာလက်မှတ် ထုတ်ပေးရမည်။

၂၉။ (က) မှတ်ပုံတင်အကြီးတန်းအင်ဂျင်နီယာလက်မှတ် ရရှိထားသူသည် သတ်မှတ်ထားသည့် ကာလပြည့်မြောက်ပါက မှတ်ပုံတင်အင်ဂျင်နီယာပညာရှင်လက်မှတ်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ကောင်စီသို့ လျှောက်ထားရမည်။

(ခ) ကောင်စီ၏ကိုယ်စား အလုပ်အမှုဆောင်အဖွဲ့သည် သတ်မှတ်အရည်အချင်းများ ပြည့်မီသူအား စည်းကမ်းချက်များ သတ်မှတ်၍ မှတ်ပုံတင် အင်ဂျင်နီယာပညာရှင်လက်မှတ်ထုတ်ပေးရမည်။

၃၀။ (က) သတ်မှတ်ချက်များနှင့်ကိုက်ညီသော နိုင်ငံခြားသား အင်ဂျင်နီယာက မှတ်ပုံတင်ကန့်သတ်အင်ဂျင်နီယာလက်မှတ် ထုတ်ပေးရန် ကောင်စီသို့ လျှောက်ထားလာပါက ကောင်စီ၏ကိုယ်စား အလုပ်အမှုဆောင်အဖွဲ့သည် လုပ်ကိုင်ခွင့်ပြုသော အင်ဂျင်နီယာပညာရပ်အမျိုးအစားနှင့် အဆင့်အတန်း၊ လုပ်ကိုင်ခွင့်ပြုသော နေရာဒေသ၊ လုပ်ကိုင်ခွင့်ပြုသော အချိန်ကာလနှင့်အခြား စည်းကမ်းများသတ်မှတ်ပြီး လျှောက်ထားလာသူအား မှတ်ပုံတင်ကြေးနှင့် နှစ်စဉ်ကြေးပေးသွင်းစေလျက် ဤဥပဒေအရ မှတ်ပုံတင် ကန့်သတ်အင်ဂျင်နီယာလက်မှတ်ထုတ်ပေးနိုင်သည်။

(ခ) အင်ဂျင်နီယာလုပ်ငန်းများနှင့် စပ်လျဉ်း၍ အာဆီယံအပြန်အလှန် အသိအမှတ်ပြုခြင်းဆိုင်ရာ အစီအမံအရ သတ်မှတ်ချက်များနှင့် ကိုက်ညီသော နိုင်ငံခြားသား မှတ်ပုံတင်အင်ဂျင်နီယာပညာရှင်က မှတ်ပုံတင်ကန့်သတ် အင်ဂျင်နီယာပညာရှင် လက်မှတ်ထုတ်ပေးရန် ကောင်စီသို့လျှောက်ထားလာပါက ကောင်စီ၏ ကိုယ်စား အလုပ်အမှုဆောင်အဖွဲ့သည် လုပ်ကိုင်ခွင့်ပြုသော အင်ဂျင်နီယာပညာရပ်အမျိုးအစားနှင့် အဆင့်အတန်း၊ လုပ်ကိုင်ခွင့်ပြုသော နေရာဒေသ၊ လုပ်ကိုင်ခွင့်ပြုသော အချိန်ကာလနှင့် အခြား စည်းကမ်းများ သတ်မှတ်ပြီး လျှောက်ထားလာသူအား မှတ်ပုံတင်ကြေးနှင့် နှစ်စဉ်ကြေးပေးသွင်းစေလျက် ဤဥပဒေအရ မှတ်ပုံတင်ကန့်သတ်အင်ဂျင်နီယာ ပညာရှင်လက်မှတ်ကို ထုတ်ပေးနိုင်သည်။

အခန်း(၁၀)
မှတ်ပုံတင်လက်မှတ်ရရှိထားသော အင်ဂျင်နီယာ၊ ဘွဲ့ရနည်းပညာကျွမ်းကျင်သူနှင့် နည်းပညာကျွမ်းကျင်သူများ၏ တာဝန်နှင့်ရပိုင်ခွင့်များ

၃၁။ မှတ်ပုံတင်လက်မှတ်ရရှိထားသော အင်ဂျင်နီယာ၊ ဘွဲ့ရနည်းပညာ ကျွမ်းကျင်သူနှင့် နည်းပညာကျွမ်းကျင်သူများသည်-

(က) ဤဥပဒေအရ ထုတ်ပြန်ထားသော နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်နှင့်ညွှန်ကြားချက်များကို လိုက်နာရမည်။

(ခ) ကောင်စီက သတ်မှတ်သည့် အင်ဂျင်နီယာ၊ ဘွဲ့ရနည်းပညာကျွမ်းကျင်သူနှင့် နည်းပညာကျွမ်းကျင်သူများ၏ ကျင့်ဝတ်သိက္ခာများကို လိုက်နာစောင့်ထိန်းရမည်။

(ဂ) မိမိပညာရပ်နှင့်သက်ဆိုင်သော သတ်မှတ်ထားသည့် အင်ဂျင်နီယာပညာနှင့် နည်းပညာလုပ်ငန်းများကို တရားဝင်လုပ်ကိုင်ခွင့်ရှိသည်။

(ဃ) မိမိရရှိထားသော သက်ဆိုင်ရာမှတ်ပုံတင်လက်မှတ်အရ မိမိအမည်နှင့် ယှဉ်တွဲအသုံးပြုနိုင်သော အခေါ်အဝေါ်များကို သတ်မှတ်ချက်နှင့်အညီ သုံးစွဲနိုင်ခွင့်ရှိသည်။

(င) ကောင်စီ၏လုပ်ငန်းတာဝန်များ တိုးတက်အောင်မြင်စေရေးအတွက် ကောင်စီသို့ အကြံပြုခွင့်ရှိသည်။

(စ) မိမိ၏နစ်နာချက်များကို ကောင်စီသို့ တင်ပြခွင့်ရှိသည့်အပြင် ကောင်စီ၏ အကြံဉာဏ်ကိုလည်း ရယူနိုင်ခွင့်ရှိသည်။

၃၂။ မှတ်ပုံတင်လက်မှတ်ရရှိထားသော အင်ဂျင်နီယာ၊ ဘွဲ့ရနည်းပညာ ကျွမ်းကျင်သူ၊ နည်းပညာကျွမ်းကျင်သူများသည် ပုဒ်မ ၃၁ ပုဒ်မခွဲ(က)မှ (စ)ထိ အကျုံးဝင်သော တာဝန်နှင့်ရပိုင်ခွင့်များအပြင် သက်ဆိုင်ရာ စည်းမျဉ်း၊စည်းကမ်းသတ်မှတ်ချက်များကို လိုက်နာရမည်။

၃၃။ မှတ်ပုံတင်လက်မှတ်ရရှိထားသော အင်ဂျင်နီယာပညာရှင်များသည် ကောင်စီက သတ်မှတ်ထားသည့် အရည်အချင်းပြည့်မီလျှင် ကောင်စီဝင်အဖြစ် ရွေးချယ်ခံပိုင်ခွင့်ရှိသည်။

အခန်း(၁၁)
စီမံခန့်ခွဲရေးဆိုင်ရာနည်းလမ်းအရ အရေးယူခြင်း

၃၄။ မည်သည့်မှတ်ပုံတင်လက်မှတ်ရရှိသူမဆို ဤဥပဒေပါပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကို သော်လည်းကောင်း၊ ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေ၊ အမိန့်နှင့်ညွှန်ကြားချက်တို့ပါ တားမြစ်ချက်တစ်ရပ်ရပ်ကိုသော်လည်းကောင်း၊ မှတ်ပုံတင်လက်မှတ်ပါ စည်းကမ်းချက်တစ်ရပ်ရပ်ကိုသော်လည်းကောင်း ဖောက်ဖျက်ကြောင်း တွေ့ရှိပါက အလုပ်အမှုဆောင်အဖွဲ့သည် ထိုသူအား အောက်ပါစီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည်-

(က) သတိပေးခြင်း၊

(ခ) သင့်လျော်သော ဒဏ်ကြေးငွေပေးဆောင်စေခြင်း၊

(ဂ) ကာလအကန့်အသတ်ဖြင့် မှတ်ပုံတင်လက်မှတ်ကို ရုပ်သိမ်းခြင်း၊

(ဃ) မှတ်ပုံတင်လက်မှတ် ပယ်ဖျက်ခြင်း။

အခန်း(၁၂)
အယူခံခြင်း

၃၅။ အလုပ်အမှုဆောင်အဖွဲ့က ချမှတ်သည့် စီမံခန့်ခွဲရေးဆိုင်ရာပြစ်ဒဏ် သို့မဟုတ် ဆုံးဖြတ်ချက်တစ်ရပ်ရပ်ကို မကျေနပ်သူသည် ယင်းချမှတ်သော ပြစ်ဒဏ် သို့မဟုတ် ဆုံးဖြတ်ချက်ကို လက်ခံရရှိသောနေ့မှ ရက်ပေါင်း ၆၀ အတွင်း ကောင်စီသို့ အယူခံဝင်နိုင်သည်။

၃၆။ ကောင်စီသည် ပုဒ်မ ၃၅ အရ အယူခံမှုတွင် အလုပ်အမှုဆောင်အဖွဲ့၏ ပြစ်ဒဏ် သို့မဟုတ် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုနိုင်သည်။

စာမျက်နှာ ဂ သို့

2-12-2013 (B).pmd 1 12/2/2013, 1:11 PM

ဥပဒေနှင့်ပြည်တွင်းသတင်း

စာမျက်နှာ ၁ မှ

အခန်း(၁၃)
တားမြစ်ချက်နှင့် ပြစ်ဒဏ်များ

၃၇။ အစိုးရဌာနနှင့် အစိုးရအဖွဲ့အစည်းများတွင် ခန့်ထားသော အင်ဂျင်နီယာဝန်ထမ်းများက တာဝန်အရ ဆောင်ရွက်ခြင်းမှအပ မည်သူမျှ ဤဥပဒေအရ ထုတ်ပြန်သော နည်းဥပဒေများဖြင့် သတ်မှတ်ထားသည့် အများပြည်သူ ဘေးအန္တရာယ်ဖြစ်စေနိုင်မည့် အင်ဂျင်နီယာဆိုင်ရာလုပ်ငန်းနှင့် နည်းပညာဆိုင်ရာလုပ်ငန်းများကို ကောင်စီကထုတ်ပေးသော မှတ်ပုံတင်လက်မှတ်မရှိဘဲ လုပ်ကိုင်ခြင်းမပြုရ။

၃၈။ မည်သည့်အင်ဂျင်နီယာ၊ ဘွဲ့ရနည်းပညာကျွမ်းကျင်သူ သို့မဟုတ် နည်းပညာကျွမ်းကျင်သူမဆို မိမိရရှိသော အဆင့်အတန်းနှင့်မလျော်ညီသော ဘွဲ့အခေါ်အဝေါ် စကားရပ်များကို မိမိ၏အမည်နှင့် ယှဉ်တွဲ၍ သုံးနှုန်းခြင်းမပြုရ။

၃၉။ မှတ်ပုံတင်လက်မှတ်ရရှိထားသော မည်သည့်အင်ဂျင်နီယာ၊ ဘွဲ့ရနည်းပညာကျွမ်းကျင်သူ သို့မဟုတ် နည်းပညာကျွမ်းကျင်သူမျှ-

(က) မိမိ၏မှတ်ပုံတင်လက်မှတ်ကို အခြားသူတစ်ဦးဦးအား လွှဲပြောင်းပေးခြင်း သို့မဟုတ် အသုံးပြုစေခြင်းမပြုရ။

(ခ) မိမိ၏မှတ်ပုံတင်လက်မှတ်ကို ပယ်ဖျက်သည့်ပြစ်ဒဏ် သို့မဟုတ် ကောင်စီ၏ဆုံးဖြတ်ချက်ချမှတ်ခြင်းခံရပါက ဤဥပဒေနှင့်အညီ ကောင်စီသို့ အဆိုပါပြစ်ဒဏ် သို့မဟုတ် ဆုံးဖြတ်ချက်ချမှတ်သည့်နေ့မှစ၍ ရက်ပေါင်း ၃၀ အတွင်း ကောင်စီသို့ ပြန်လည်အပ်နှံရန် ပျက်ကွက်ခြင်းမရှိစေရ။

၄၀။ မည်သူမဆို ပုဒ်မ ၃၇ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူသည် နှစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခြင်းခံရမည်။

၄၁။ မှတ်ပုံတင်လက်မှတ်ရရှိထားသော မည်သည့်အင်ဂျင်နီယာ၊ ဘွဲ့ရနည်းပညာကျွမ်းကျင်သူနှင့် နည်းပညာကျွမ်းကျင်သူမဆို ပုဒ်မ ၃၈ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူသည် တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခြင်းခံရမည်။

၄၂။ မှတ်ပုံတင်လက်မှတ်ရရှိထားသော မည်သည့်အင်ဂျင်နီယာ၊ ဘွဲ့ရ နည်းပညာ ကျွမ်းကျင်သူနှင့် နည်းပညာကျွမ်းကျင်သူမဆို ပုဒ်မ ၃၉ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူသည် တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခြင်းခံရမည်။

၄၃။ မှတ်ပုံတင်လက်မှတ်ရရှိထားသော မည်သည့်အင်ဂျင်နီယာ၊ ဘွဲ့ရနည်းပညာကျွမ်းကျင်သူနှင့် နည်းပညာကျွမ်းကျင်သူမဆို ဤဥပဒေနှင့်အညီ ထုတ်ပြန်သော တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူသည် ခြောက်လထက် မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခြင်းခံရမည်။

အခန်း(၁၄)
အထွေထွေ

၄၄။ ဤဥပဒေ မပြဋ္ဌာန်းမီက တည်ရှိခဲ့သည့် မြန်မာနိုင်ငံအင်ဂျင်နီယာစိစစ်ရေးဘုတ်အဖွဲ့က အင်ဂျင်နီယာတစ်ဦးဦးအား ထုတ်ပေးခဲ့သော မှတ်ပုံတင်လက်မှတ်နှင့် ၎င်း၏သက်တမ်းသည် ဤဥပဒေအရ ထုတ်ပေးသော မှတ်ပုံတင်လက်မှတ်နှင့် သက်တမ်းဟု မှတ်ယူရမည်။

၄၅။ နိုင်ငံ့ဝန်ထမ်းမဟုတ်သော ကောင်စီဝင်၊ အလုပ်အမှုဆောင်အဖွဲ့ဝင်နှင့် ပုဒ်မ ၁၀ ပုဒ်မခွဲ(ခ)အရ ဖွဲ့စည်းသည့် သက်ဆိုင်ရာလုပ်ငန်းအဖွဲ့များ၏ အဖွဲ့ဝင်အား ဤဥပဒေပါ လုပ်ငန်းတာဝန်များကို ထမ်းဆောင်နေချိန်တွင် ပြည်သူ့ဝန်ထမ်းဖြစ်သည်ဟု မှတ်ယူရမည်။

၄၆။ နိုင်ငံ့ဝန်ထမ်းမဟုတ်သော ကောင်စီဝင်နှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် တာဝန်ခံဝန်ကြီးဌာနက သတ်မှတ်ထားသည့် စရိတ်နှင့် ခံစားခွင့်များကို ခံစားခွင့်ရှိသည်-

(က) တာဝန်ခံဝန်ကြီးဌာနက အခါအားလျော်စွာ သတ်မှတ်ထားသည့် ခံစားခွင့်များကို ရရှိနိုင်ခွင့်ရှိခြင်း၊

(ခ) တာဝန်အရ ခရီးသွားလာရပါက အမှန်တကယ်ကုန်ကျထားသည့် ခရီးစရိတ်နှင့် တာဝန်ခံဝန်ကြီးဌာနက အခါအားလျော်စွာ သတ်မှတ်ထားသည့် နေ့တွက်စရိတ်ကို ခံစားခွင့်ရှိခြင်း၊

(ဂ) ကောင်စီနှင့် သက်ဆိုင်သော အစည်းအဝေးများ တက်ရောက်ရပါက တာဝန်ခံဝန်ကြီးဌာနက အခါအားလျော်စွာသတ်မှတ်ထားသည့် ချီးမြှင့်ငွေကို ခံစားခွင့်ရှိခြင်း။

၄၇။ ဤဥပဒေအရ ပြစ်မှုတစ်ခုခုဖြင့် တရားစွဲဆိုရာတွင် တာဝန်ခံဝန်ကြီးဌာန၏ ကြိုတင်ခွင့်ပြုချက်ကို ရယူရမည်။

၄၈။ ဤဥပဒေအရ လုပ်ငန်းတာဝန်တစ်ရပ်ရပ်ကို သဘောရိုးဖြင့်ဆောင်ရွက်ကြောင်း ထင်ရှားလျှင် ကောင်စီဝင်၊ အလုပ်အမှုဆောင်အဖွဲ့ဝင်နှင့် လုပ်ငန်းကော်မတီဝင်တစ်ဦးဦးအား တရားမကြောင်းအရဖြစ်စေ၊ ပြစ်မှုကြောင်းအရဖြစ်စေ တာဝန်မရှိစေရ။

၄၉။ ဤဥပဒေ ပြဋ္ဌာန်းသည့်နေ့ရက်မှစ၍ အစိုးရဌာနနှင့်အစိုးရအဖွဲ့အစည်းများတွင် ခန့်ထားသည့် အင်ဂျင်နီယာ၊ ဘွဲ့ရနည်းပညာကျွမ်းကျင်သူနှင့် နည်းပညာကျွမ်းကျင်သူများသည် မှတ်ပုံတင်လက်မှတ်ရရှိရေးကို သက်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ကောင်စီသို့ လျှောက်ထားနိုင်သည်။

၅၀။ တာဝန်ခံဝန်ကြီးဌာနသည် ဤဥပဒေပါလုပ်ငန်းတာဝန်များကို ကောင်စီက ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ထောက်ပံ့ကူညီပေးရမည်။

၅၁။ ကောင်စီသည် ပြည်တွင်းပြည်ပရှိ အဖွဲ့အစည်းနှင့် အလှူရှင်များထံမှ လှူဒါန်းပစ္စည်းများ၊ နည်းပညာဆိုင်ရာနှင့် အခြားအကူအညီများကို တည်ဆဲဥပဒေများနှင့်အညီ လက်ခံဆောင်ရွက်နိုင်သည်။

၅၂။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်-

(က) တာဝန်ခံဝန်ကြီးဌာနသည် ကောင်စီနှင့်ညှိနှိုင်း၍ လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်းနှင့်စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ကောင်စီသည် တာဝန်ခံဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

အိန္ဒိယ၊ မြန်မာ၊ ထိုင်း သုံးနိုင်ငံဆက်သွယ်သည့် လမ်းမကြီးတည်ဆောက်ခြင်းဖြင့် ဒေသခံများ အလုပ်အကိုင်ရရှိ

ပခုက္ကူ ဒီဇင်ဘာ ၁

မြန်မာနိုင်ငံသည် အာဆီယံဥက္ကဋ္ဌနေရာကို လွှဲပြောင်းယူတော့မည်ဖြစ်ရာ အာဆီယံနိုင်ငံများနှင့်လည်းကောင်း၊ အိမ်နီးချင်းနိုင်ငံများနှင့်လည်းကောင်း ချစ်ကြည်ရေးတည်ဆောက်လျက်ရှိသကဲ့သို့ နိုင်ငံအသီးသီးနှင့် ပြည်သူများကြား ကုန်စည်စီးဆင်းမှု၊ ဆက်သွယ်သွားလာမှု လွယ်ကူစေရန်အတွက် ကုန်းလမ်းပိုင်းအနေနှင့် နိုင်ငံအတွင်းရှိ လမ်းများကို အဆင့်တိုးမြှင့်ခြင်း၊ တိုးချဲ့ဖောက်လုပ်ခြင်း၊ တံတားများ တည်ဆောက်ခြင်းအပြင် လမ်းနှင့်တံတားများကို နိုင်ငံတကာစံချိန်စံညွှန်းမီသည့် လမ်းတံတားများဖြစ်လာစေရန်နှင့် ပြည်သူများ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်လျက်ရှိသည်။ အိန္ဒိယ၊ မြန်မာ၊ ထိုင်း သုံးနိုင်ငံဆက်သွယ်သည့် ကားလမ်းကြီးကိုလည်း စတင်တည်ဆောက်လျက်ရှိပြီး အိန္ဒိယနယ်စပ်တမူးမှစ၍ ကလေးဝ၊ မုံရွာ၊ ပခုက္ကူ ညောင်ဦး၊ ကျောက်ပန်းတောင်းမှမိတ္ထီလာ စသည့် မြို့များကိုဖြတ်ကာ အမြန်လမ်းမကြီးသို့ ဆင်းသွား၍ အမြန်လမ်းမကြီးမှ မော်လမြိုင်၊ မြဝတီမြို့များသို့ ဆက်သွယ်ပြီး ထိုင်းနိုင်ငံအတွင်းဝင်ရောက်မည်ဟု သိရသည်။ ထိုသုံးနိုင်ငံဆက်သွယ်ထားသည့် လမ်းမကြီးကို တည်ဆောက်ရာတွင် လမ်းဧရိယာများ ပိုင်းခြားထား၍ လမ်းတံတား ဆောက်လုပ်ရေးပညာရှင် အင်ဂျင်နီယာများက အပိုင်းလိုက်တာဝန်ယူဆောင်ရွက်လျက်ရှိသည့်အပြင် အိန္ဒိယနိုင်ငံနှင့် ထိုင်းနိုင်ငံများမှလည်း ၎င်းတို့တာဝန်ယူထားသည့် လမ်းပိုင်းများအား ၎င်းတို့နိုင်ငံအတွင်း၌ တည်ဆောက်ရင်း မြန်မာနိုင်ငံလမ်းများနှင့် လာရောက်ဆက်သွယ်ဆောင်ရွက်လျက်ရှိသည်။

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင်အတွင်းရှိ ချောင်းမစ်ပြဲရွာမှ ပခုက္ကူမြို့အထိ ချောင်းမ၊ လင်းကတော၊ ပခုက္ကူလမ်းအပိုင်း (မြို့ရှောင်လမ်း) ၇၉ မိုင် ၂ဖာလုံကို အထူးစီမံကိန်းကြီးအဖွဲ့ (၁)မှ တာဝန်ယူတည်ဆောက်လျက်ရှိသည်။ ထိုချောင်းမ- လင်းကတော- ပခုက္ကူလမ်းပိုင်းအား အထူးစီမံကိန်းကြီးအဖွဲ့မှအပိုင်းထပ်မံပိုင်းခြား၍ ဆောင်ရွက်မည်ဖြစ်ကာ ချောင်းမ-ယင်းမာပင်၊ ယင်းမာပင်-လင်းကတော၊ လင်းကတော-ပခုက္ကူဟူ၍ သုံးပိုင်းခွဲခြားထားပြီး လင်းကတော-ပခုက္ကူ ၃၆ မိုင် လမ်းပိုင်းမှ ဧရာဝတီတံတား(ပခုက္ကူ) ချဉ်းကပ်လမ်းအပါအဝင် ပခုက္ကူမြို့ရှောင်လမ်းလေးမိုင် နှစ်ဖာလုံကို တည်ဆောက်ပြီးစီး၍ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွက် ချောင်းမ-ယင်းမာပင် ၁၄ မိုင် ငါးဖာလုံ လမ်းပိုင်းမှ နှစ်မိုင်ခြောက်ဖာလုံကို မြေသားတာပေါင်လုပ်ငန်း၊ တစ်ကြောင်းထိုးဖောက်လုပ်ခြင်းလုပ်ငန်း၊ ရေထုတ်ပြွန်များ တည်ဆောက်ပေးခြင်းများ ဆက်လက် လုပ်ဆောင်သွားမည်ဖြစ်သည်ဟု အင်ဂျင်နီယာမှူး (မြို့ပြ) ဦးအောင်မင်းက ရှင်းပြသည်။

ချောင်းမ-ယင်းမာပင် လမ်းပိုင်း ၁၄ မိုင် ၅ ဖာလုံအတွက် ရေထုတ်ပြွန် ၇၃ လုံး၊ ပေ ၃၀ မှ ပေ ၄၀ ရှိ တံတားသုံးစင်း၊ ပေ ၄၀ မှ ပေ ၁၀၀ ကြားတံတားသုံးစင်း၊ ၂၆၂ ပေ တံတားတစ်စင်း၊ မြောက်ယမားအတွက် ပေ ၁၀၅၀ တံတားတစ်စင်းတို့ကို ဆက်လက်တည်ဆောက်မည်ဖြစ်ကြောင်း လက်ထောက်အင်ဂျင်နီယာ(မြို့ပြ) ဦးဝေလင်းက ပြောကြားသည်။

အိန္ဒိယ-မြန်မာ-ထိုင်း သုံးနိုင်ငံဆက်သွယ်ဖောက်လုပ်မည့် အဝေးပြေးလမ်းမကြီး၏ လမ်းပိုင်းတစ်နေရာကို တွေ့ရစဉ်။

ချောင်းမ-လင်းကတော-ပခုက္ကူ လမ်းပိုင်းကို အထူးစီမံကိန်းကြီးအဖွဲ့ (၁)မှ တာဝန်ယူဖောက်လုပ်လျက်ရှိရာ ထိုလမ်းပိုင်းသည် အိန္ဒိယ၊ မြန်မာ၊ ထိုင်းနိုင်ငံတို့ကို ဆက်သွယ်ထားသော အဝေးပြေးလမ်းမကြီး၏ လမ်းအစိတ်အပိုင်း ဖြစ်သဖြင့် လမ်းမကြီး၏ အင်္ဂါရပ်နှင့်ညီညွတ်၍ နိုင်ငံတကာစံချိန်စံညွှန်းပြည့်မီသော လမ်းမကြီးဖြစ်ပေါ်စေရန် မြေသားလုပ်ငန်းကို Selected Soil ဖြင့်လည်းကောင်း၊ ဒုတိယ အခြေခံလွှာကိုကျောက်ရောမြေဖြင့်လည်းကောင်း၊ အခြေခံလွှာကို Soil Aggregated Granular Base Course ဖြင့်လည်းကောင်း၊ အပွန်းခံလွှာကို ကတ္တရာကွန်ကရစ် A.C (Asphalt Concrete)ဖြင့် လည်းကောင်း အဆင့်ဆင့် တည်ဆောက်သွားမည်ဖြစ်သည်ဟု လက်ထောက်အင်ဂျင်နီယာ (မြို့ပြ) ဦးစည်သူက ပြောကြားသည်။

ရရှိ

ထိုသုံးနိုင်ငံ ဆက်သွယ်သည့် လမ်းမကြီးပြီးစီးသွားပါက ပညာရေး၊ စီးပွားရေး၊ နိုင်ငံရေး၊ လူမှုရေး ကျန်းမာရေးစသည့် လုပ်ငန်းများတွင် လျင်မြန်စွာလွယ်လင့်တကူ ဆက်သွယ်သွားလာနိုင်ကြမည် ဖြစ်သကဲ့သို့တည်ဆောက်နေစဉ် အတောအတွင်းတွင်လည်းလမ်းမကြီး၏အနီးဝန်းကျင်မှ ကျေးရွာပြည်သူများ အနေနှင့် ယခုလမ်းမကြီး ပြီးစီးရန် ပါဝင်လုပ်ကိုင်ရခြင်းဖြင့်နေ့စဉ် တစ်ဦးလျှင် လုပ်အားခငွေကျပ် ၃၅၀၀ ခန့် ရရှိကြသဖြင့် ဒေသခံများလည်း နေ့စဉ်ဝင်ငွေရရှိ လျက်ရှိသည်ဟု သိရသည်။

အိမ္ဗွန်ဆွေ(ရေစကြို)

ပဲခူး အထက(၂) မူးယစ်အကြောင်း ပညာပေးဟောပြော

ပဲခူး ဒီဇင်ဘာ ၁

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းတွင် နိုဝင်ဘာ ၂၉ ရက်က မြန်မာနိုင်ငံမူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်း ပဲခူးတိုင်းဒေသကြီးက ကြီးမှူးသည့် မူးယစ်ဆေးဝါး၏ ဆိုးကျိုးများနှင့် ဘေးထွက်ဆိုးကျိုးများအကြောင်းကို ဟောပြောရာ မူးယစ်ဆန့်ကျင်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါ်နုနုအောင်က အမှာစကားပြောကြားပြီး ပဲခူးတိုင်းဒေသကြီး မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်ဝတ်ရည်(ဝတ်ရည်ခင်-ပဲခူး)က မူးယစ်ကင်းစင်ပြိုးပျော်ရွှင်ဆိုသည့် ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ပညာရေးညွှန်ကြားရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးရဲလွင်၊ ပဲခူးမြို့နယ် ဒုတိယ တရားသူကြီး ဦးနေခိုင်ဦး၊ မူးယစ်(အထူး) အဖွဲ့မှ ဒုရဲအုပ်လင်းထွန်းနှင့် ပဲခူးခရိုင်မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း အတွင်းရေးမှူး ဦးစိုင်းဝဏ္ဏဇော် (အထက်တန်းရှေ့နေ) တို့က မူးယစ်ဆေးဝါးဆိုးကျိုးအကြောင်း ဟောပြောခဲ့ကြသည်။ **(၁၁၀)**

ရန်ကုန် ဒီဇင်ဘာ ၁

မသန်စွမ်းသူများ အတားအဆီးကင်းမဲ့သည့် ပတ်ဝန်းကျင်ဖော်ဆောင်ရေးလှုပ်ရှားမှု BARRIER FREE CAMPAIGN OF PERSONS WITH DISABLITY ကို နိုဝင်ဘာ ၂၉ ရက်က ပြုလုပ်ခဲ့ပြီး မြန်မာနိုင်ငံ မသန်စွမ်းရှေ့ဆောင်အဖွဲ့မှ ဦးဆောင်ပြီး ဂျပန်နိုင်ငံ " NPO Main Stream Association"အဖွဲ့မှ မသန်စွမ်းနှစ်ဦး အပါအဝင် စုစုပေါင်း ကိုးဦးတို့မှ ပူးပေါင်းပါဝင်ကြကာ မသန်စွမ်းလူဦးရေ ၅၀ နီးပါးပါဝင်ခဲ့ကြကြောင်း သိရသည်။

မသန်စွမ်းသူများအတွက် လှုပ်ရှားမှုတစ်ရပ်ပြုလုပ်မည်

မသန်စွမ်းသူများ အတားအဆီးကင်းမဲ့သည့် ပတ်ဝန်းကျင်ဖော်ဆောင်ရေးလှုပ်ရှားမှုအစီအစဉ်များ အရ နိုဝင်ဘာ ၂၉ ရက် နံနက် ၈ နာရီက Junction Square ၌ မသန်စွမ်းသူများအတွက် ဈေးဝယ်အစီအစဉ်များနှင့် နံနက် ၈ နာရီခွဲတွင် ဘတ်စ်ကားများဖြင့် ဒဂုံစင်တာသို့ သွားကြမည်ဖြစ်ကာ ဒဂုံစင်တာမှ တစ်ဆင့် ပြည်သူ့ရင်ပြင်သို့ လမ်းလျှောက်ကြမည်ဖြစ်ပြီး ပြည်သူ့ရင်ပြင်တွင် ကစားစရာအစီအစဉ်များ ပါရှိကြောင်းလည်း သိရသည်။

"မသန်စွမ်းသူများ ကြုံတွေ့နေရတဲ့ အခက်အခဲများကို ပြည်သူများကြားမှာ ပျံ့နှံ့နိုင်စေဖို့အတွက် လက်ကမ်းစာစောင်တွေ ဝေပေးမယ်၊ ရန်ကုန်မှာ နှစ်နှစ်ရှိနေပါပြီ။ ပြီးခဲ့တဲ့နှစ်က နေပြည်တော်မှာ လုပ်ခဲ့ပါသေးတယ်။ အခု ဒီလှုပ်ရှားမှုပြီးရင် နေပြည်တော်မှာပါလုပ်သွားမှာပါ" ဟု မြန်မာနိုင်ငံ မသန်စွမ်းရှေ့ဆောင်အဖွဲ့မှ မစိုးမိုးဦးက ရှင်းပြသည်။

ဆက်လက်၍ အများပြည်သူများ သွားလာသည့်နေရာများတွင် မသန်စွမ်းသူများအတွက် အဆင်မပြေဖြစ်စေသည့် အခက်အခဲများကို ဖော်ထုတ်ပြသရန်နှင့် မသန်စွမ်းသူများ အချင်းချင်း ချစ်ကြည်ရင်းနှီးမှု၊ စည်းလုံးညီညွတ်မှုနှင့် မိမိကိုယ်ကိုယုံကြည်မှုများ တိုးပွားလာစေရန် ပြုလုပ်ခြင်းဖြစ်ကြောင်း သိရသည်။

စိုးဝင်း (SP)

ကြော်ငြာ

ကာလေးမှာမည်ပေးနာမည်ကျော်ဆရာကြီး ဥက္ကာဒေဝင်း(LL.B.) ခန့်သားဆက်သွယ်ပါ



01-394727, 01-399426, 09-73009954, 095152521

ကွန်ပျူတာပုရောဟိတ်

A.G.T.I(Mech.Engg) 0931079394 095179128 0931300065

ORIGINAL KOREA MOBILE CO.LTD ၏
မန်နေဂျင်း ဒါရိုက်တာ ဒေါ်မြနှင်းမွေး မှ
အများသိစေရန်ကြေငြာခြင်း

ORIGINAL KOREA MOBILE CO.LTD Room. No.308, 3rd Floor, Junction Mawtin Lanmataw Township, Yangon Division သည် ကုမ္ပဏီ မှတ်ပုံတင်လက်မှတ် (ယာယီ) အမှတ် ၃၃၄၆/၂၀၁၃-၂၀၁၄ ကို(၉. ၁၀. ၂၀၁၃) ရက်နေ့တွင် မန်နေဂျင်း ဒါရိုက်တာ ဒေါ်မြနှင်းမွေး အမည်ဖြင့်ရရှိခဲ့ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါ ORIGINAL KOREA MOBILE CO.LTD သည် လူပုဂ္ဂိုလ်တစ်ဦးဦးကိုသော်လည်းကောင်း၊ ကုမ္ပဏီ တစ်ခုခုနှင့်သော်လည်းကောင်း အခြားမည်သူတစ်ဦးတစ်ယောက်ကိုမျှ ကိုယ်စားလှယ်လွှဲအပ်ထားခြင်း၊ လုပ်ငန်းအကျိုးတူပူးပေါင်းဆောင်ရွက်ရန် သဘောတူညီထားခြင်းမျိုး လုံးဝမရှိပါ။ ထို့ကြောင့် ORIGINAL KOREA MOBILE CO.LTD ၏လုပ်ငန်းကိစ္စအဝဝကို မန်နေဂျင်း ဒါရိုက်တာ ဒေါ်မြနှင်းမွေးမှသာ ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ မန်နေဂျင်း ဒါရိုက်တာဒေါ်မြနှင်းမွေး၏ တရားဝင်ခွင့်ပြုချက်မရှိဘဲ ORIGINAL KOREA MOBILE CO.LTD၏အမည်ကို အလွဲသုံးစားပြု၍ လိမ်လည်ခြင်းထင်ရောင်ထင်မှား ဖြစ်အောင်ပြုခြင်း၊ ကုမ္ပဏီ၏ အကျိုးစီးပွား၊ ကုမ္ပဏီ၏ဂုဏ်သိက္ခာကိုထိခိုက်အောင်ပြုမူဆောင်ရွက်ခြင်းများကို လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်မှလည်းကောင်း၊ လူအများမှလည်းကောင်း၊ ကုမ္ပဏီအဖွဲ့အစည်းတစ်ခုခုမှလည်းကောင်း ပြုလုပ်ခဲ့ပါက ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းတည်ဆဲဥပဒေများနှင့်အညီရာဇဝတ်ကြောင်းများအရသော်လည်းကောင်းတရားမကြောင်းများအရသော်လည်းကောင်း တရားစွဲဆို အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန်ကြေငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

အထက်တန်းရှေ့နေများ

ဒေါ်ဆွေလေးနွယ်
LL.B, LL.M (စဉ်-၂၄၆၉၈)
၀၉ ၄၂၀၀၃၁၆၉၉

နော်ဂျူလီယာသက်နှင်းအောင်
LL.B, LL.M (စဉ်-၂၅၂၆၂)
၀၉ ၅၁၈၂၃၁၀

တက္ကသိုလ် ကောလိပ် သိပ္ပံများ (ရန်ကုန်) တွင် ပညာသင်ကြားခဲ့ကြသော ကျောင်းသား/သူအပေါင်းတို့

တက္ကသိုလ် ကောလိပ် သိပ္ပံများ (ရန်ကုန်) တွင်ပညာသင်ကြားပေးခဲ့ကြသော (အငြိမ်းစား)ကရင်ဆရာ/ဆရာမကြီးများအား ဂုဏ်ပြုပွဲ/ကန်တော့ပွဲနှင့် ကရင်ကျောင်းသား/သူဟောင်းများပြန်လည်တွေ့ဆုံပွဲကိုကျင်းပမည်ဖြစ်သောကြောင့် ကျောင်းသား/သူဟောင်းများ(မည်သည့်ခုနှစ်မဆို)အား လုံးဆုံနိုင်ရန်အတွက်အောက်ပါကျောင်းသား/သူဟောင်းများထံသို့ဆက်သွယ်ကြပါရန်နှိုးဆော်အပ်ပါသည်။

၁။ စောလှထွန်း ၀၉ - ၇၃၀၇၉၃၁၆
၂။ မန်းအောင်မြင့် ၀၉ - ၇၃၂၄၀၉၁၀
၃။ စောရောက်စိန်ဖွေး ၀၉ - ၄၃၀၂၉၈၄၀
၄။ နော်မာစနေထူး ၀၉ - ၅၀၃၈၉၂၆
၅။ Dr.နန့်သင်းသင်းကြည် ၀၉ - ၄၃၁၂၅၂၃၇
၆။ စောင်မျိုးလွင် ၀၉ - ၄၂၂၄၇၃၄၅၀
၇။ နန်းဝင်းသန္တာအောင် ၀၉ - ၅၆၆၀၈၅၉
၈။ စောအေးလယ်ထူးဝင်း ၀၉ - ၅၁၇၅၈၇၀

သာဂိုး၊ မောင်ကြည်သစ်၊ မောင်ရန်ပိုင်၊ သစ္စာနီ၊ မြင့်သန်း၊ ညီပုလေး၊ မောင်ဒီ၊ မောင်မောင်စေယျ၊ မြတ်သစ်၊ နေဇော်နီ၊ မြတ်နိုင် တို့ နှင့် အင်တာ ဗျူးများ

ဟိန်းလတ် ၏

ဖြန့်ချိရေး – Momentum Book Publishing
09 420307030 / 09 31113079

အများသိစေရန်ကြေညာချက်

အောက်ဖော်ပြပါ ပုဂ္ဂိုလ်များမှ မိမိတို့၏ အဆောက်အအုံကို ဆောက်လုပ်ခွင့်/ပြုပြင်ခွင့်ရရှိရန် လျှောက်ထားလာသည့်အတွက် ကန့်ကွက်ရန်အကြောင်းရှိပါက သက်ဆိုင်သည့် အဆောက်အအုံ ... ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ရက်ပေါင်း (၁၅)ရက်အတွင်း ... ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

စဉ်	အမည်	မှတ်ပုံတင်အမှတ်	ထိမ်ဆ	မှတ်ချက်
၁	ဦးကျော်မြင့်	၁၂/မရက(နိုင်)၀၃၉၈၅၅	၆၆၃ (၇)လမ်း (၁)ရပ်ကွက် မရမ်းကုန်း	၃-ထပ်တိုက် ဆောက်လုပ်ရန်
၂	ဦးမြင့်ဝေ	W/RGN ၀၀၃၀၆၆	၈၀၃ ဘုရင့်နောင်လမ်း (မဟာဗန္ဓုလလမ်း) (၁၄)ရပ်ကွက် ရွှေပြည်သာ	၂-ထပ်တိုက် ဆောက်လုပ်ရန်
၃	ဒေါ်သန်းသန်းဝင်း	၁၂/ဥကတ(နိုင်)၀၈၉၇၇၃	၇၄၇၃၂ ကား(၇)လမ်း (၁၂)ရပ်ကွက် တောင်ဥက္ကလာပ	၂၅-ထပ်တိုက် ဆောက်လုပ်ရန်
၄	ဦးမြင့်လှိုင်	၁၂/ဥကမ(နိုင်)၁၈၀၇၇၃	၅၂၈၁ ထုမီကွက်(၁၄)လမ်း (၁)ရပ်ကွက် မြောက်ဥက္ကလာပ	၂-ထပ်တိုက် ဆောက်လုပ်ရန်
၅	ဒေါ်နုကြည်	၁၂/ဒဂန(နိုင်)၀၂၅၂၈၉	၅၇ ရွှေတလေး(၁)လမ်း ရွှေတလေးရပ်ကွက် ပြင်ပြင်လှိုင်	၃-ထပ်တိုက် ဆောက်လုပ်ရန်
၆	ဦးမိုးကျော်သက်	၁၂/သဃက(နိုင်)၁၅၀၄၈၀	၁၀၀ ဘုရင့်နောင်(၁)လမ်း ရန်ကုန်သစ်ရပ်ကွက် အင်းစိန်	၃-ထပ်တိုက် ဆောက်လုပ်ရန်
၇	ဒေါ်နီနီထွေး	၁၂/အလန(နိုင်)၀၀၇၇၈၆	၇၀ နှင်းဆီကုန်းလမ်း ဒေါနန်းဒိုင်အနေ့ရပ်ကွက် (အလုံ)	၃-ထပ်တိုက် ဆောက်လုပ်ရန်
၈	ဒေါ်သီတာနုဝေ	၁၂/လမန (နိုင်)၀၀၇၅၇၀	၈၀ စံပယ်ဖြူ(၂)လမ်း (၁၁)ရပ်ကွက် လှိုင်	၂၅-ထပ်တိုက် ဆောက်လုပ်ရန်
၉	ဒေါ်မြနွယ်	၁၂/ဥကတ(နိုင်)၀၉၅၈၆၄	၉၅၁/စ သနေ့ရွှေရာလမ်း (၅)ရပ်ကွက် တောင်ဥက္ကလာပ	၃-ထပ်တိုက် ဆောက်လုပ်ရန်
၁၀	ဒေါ်[illegible]	၁၄/ဓနဖ(နိုင်)၁၀၆၄၈	၂၀၉/စ မီလမ်း(၁၉)လမ်း (၁၂)ရပ်ကွက် တောင်ဥက္ကလာပ	၂-ထပ်တိုက် ဆောက်လုပ်ရန်
၁၁	ဦးဇေသာဝင်းဆွေ	၉/တပက(နိုင်)၀၈၅၆၈၄	၆၃၅ ကြည့်မြင်တိုင်လမ်းသွယ် (ဆ/က)ရပ်ကွက် သာကေတ	၃-ထပ်တိုက် ဆောက်လုပ်ရန်
၁၂	ဦးတာဒီ	၁၂/ကမရ(နိုင်)၀၂၅၀၈၆	၁/စ ခရေပြင်ကျောင်းလမ်း (၁၄)ရပ်ကွက် လှိုင်	၃-ထပ်တိုက် ဆောက်လုပ်ရန်
၁၃	ဦးစန်းမြင့်ဝေ	၁၄/ကကန(နိုင်)၀၆၅၆၈၄	၆၆(က+ခ) ဓမ္မာရုံလမ်းသွယ်(၂)လမ်း (၁)ရပ်ကွက် လှိုင်	၃-ထပ်တိုက် ဆောက်လုပ်ရန်
၁၄	ဒေါ်စင်ရွှေ	၁၂/လမန(နိုင်)၀၀၂၅၃၉	၃၃/က စံပယ်ဖြူ(၁)လမ်း (၁၁)ရပ်ကွက် လှိုင်	၃-ထပ်တိုက် ဆောက်လုပ်ရန်
၁၅	ဒေါ်ညွန့်ညွန့်ဝေ	၁၂/လမန(နိုင်)၀၀၇၅၈၇	၃၃/က စံပယ်ဖြူ(၁)လမ်း (၁၁)ရပ်ကွက် လှိုင်	၃-ထပ်တိုက် ဆောက်လုပ်ရန်
၁၆	ဒေါ်နီနီဗို	၁၂/ဗဟန(နိုင်)၀၄၀၀၀၇	၃၃/စ စံပယ်ဖြူ(၁)လမ်း (၁၁)ရပ်ကွက် လှိုင်	၃-ထပ်တိုက် ဆောက်လုပ်ရန်
၁၇	ဒေါ်ခင်ဂါမြင့်	၁၂/မဂတ(နိုင်)၀၃၆၈၈၇	၅၈၅ ပြည်လမ်း (၂)ရပ်ကွက် ကမာရွတ်	၁-ထပ်တိုက် ထိုးချဲ့ပြင်ဆင်ရန်

ဌာနမှူး အင်ဂျင်နီယာဌာန (အဆောက်အအုံ) ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

(DPS ၏ GPS)

Vehicle Tracking System (Real-Time Offline)

165,35 Street,(Middle), KTDA Tsp., Yangon, Tel: 20 40 20, 24 52 30, 0950-30177, www.dpsmap.com

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်ကျေးရွာအုပ်စု ... ကြာသင်းကျေးရွာ ကွင်းအမှတ် (၅၂) ... မြေကွက်ပိုင်ရှင် ... (ISN-...) ... မြေကွက်အမှတ် ... ဦးအောင်မြင့်မြတ် (၁၂/ဥကတ(နိုင်)...) ... တရားဝင်လွှဲပြောင်းရယူလိုသူ ... ကန့်ကွက်လိုသူများရှိပါက ဤကြေငြာပါရှိသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်း အထောက်အထားမှုရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ –

ဦးဟန်ဝင်းလွင်
စီးပွားရေးနှင့်ဥပဒေရေးဆိုင်ရာ ဥပဒေအတိုင်ပင်ခံပုဂ္ဂိုလ်
LL.B., D.L-WIPO (Switzerland)., B.D.S.,
PIONEER LAW FIRM
အမှတ်(၁၀၂)၊ အခန်း(၃)၊ ဒုတိယထပ်၊ (၃၃)လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ ☎ ဖုန်း-၀၉၅၀၁၇၇၇၇

မြန်မာ့အလင်း

27th SEA GAMES MYANMAR 2013 NAY PYI TAW

<၂၇>ကြိမ်မြောက်
အရှေ့တောင်အာရှ
အားကစားပြိုင်ပွဲ အထူးကဏ္ဍ

27th Sea Games Special

2013, December 2, Monday

ပထမဆုံးဆီးဂိမ်းတွင် အောင်မြင်မှုရရှိရန် မြန်မာကမ်ပိုအဖွဲ့ မျှော်မှန်း

မြန်မာကမ်ပိုအဖွဲ့မှာ ဆီးဂိမ်းပြိုင်ပွဲကို ပထမဆုံးအကြိမ် ဝင်ရောက်ယှဉ်ပြိုင်ရန် ပြင်ဆင်နေပြီး အောင်မြင်မှုရရှိရန် မျှော်မှန်းထားသည်။ ဆီးဂိမ်းပြိုင်ပွဲကို မြန်မာကမ်ပိုအဖွဲ့မှာ အမျိုးသား ၁၉ ဦး၊ အမျိုးသမီး ၁၄ ဦးတို့ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

ဆီးဂိမ်းပြိုင်ပွဲဝင်မည့် မြန်မာကမ်ပိုအဖွဲ့တွင် ကစားသမားများအဖြစ် အမျိုးသား ဇော်ထက်နိုင်၊ တင်ဝင်းထွန်း၊ စိုးမိုးလွင်၊ သန်းတိုးအောင်၊ အောင်နိုင်ထွန်း၊ ထွန်းလင်းအောင်၊ မြတ်ဇော်၊ ကျော်သက်ပိုင်၊ ကျော်ဇင်ဝင်း၊ အောင်မျိုးပိုင်၊ စိုင်းသီဟ၊ စိုင်းသာထက်အောင်၊ အောင်ဆန်းချစ်၊ မျိုးထက်အောင်၊ သန်းဝင်း၊ သန့်ဇင်၊ ကျော်လင်းဦး၊ တေဇာဝင်း၊ စိုးဝဏ္ဏ၊ အမျိုးသမီး ဇပ်မြတ်သီတာ၊ ချယ်ရီဖော၊ အိဖြူမောင်၊ ထက်ထက်ဝင့်၊ စီစီလှ၊ ယဉ်မြင့်ဦး၊ အေးအေးအောင်၊ ဟေလီစိုးလင်းဟန်၊ တင်တင်ဦး၊ နန်းခမ်းထွန်း၊ ညိုမိနိုင်၊ မေသက်ဇော်၊ ပိုမြာနှင့် ထက်ထက်ဦးတို့ပါဝင်ကြသည်။

မြန်မာကမ်ပိုအဖွဲ့မှာ ဆီးဂိမ်းပြိုင်ပွဲအတွက် ဖေဖော်ဝါရီလကတည်းက လေ့ကျင့်ပြင်ဆင်ခဲ့ပြီး ဇွန်လအတွင်း အင်ဒိုနီးရှားတွင် ကျင်းပသည့် အင်ဒိုနီးရှားဖိတ်ခေါ် ကမ်ပိုပြိုင်ပွဲတွင် ရွှေနှစ်ခု၊ ငွေသုံးခု၊ ကြေးလေးခု၊ စက်တင်ဘာလအတွင်းက ရန်ကုန်မြို့တွင် ကျင်းပခဲ့သည့် အာဆီယံ ဖိတ်ခေါ်ပြိုင်ပွဲတွင် ရွှေသုံးခု၊ ငွေတစ်ခု၊ ကြေးသုံးခု ဆွတ်ခူးရရှိထားသည်။ ■

သတင်း-ဖိုးသော်ဇင်၊ ဓာတ်ပုံ-စိုးညွန့်

မာတိကာ

ဆီးဂိမ်းကာလ WiFi အခမဲ့သုံးနိုင်ရေးဆောင်ရွက် စာ - ၂

မြန်မာဖူဆယ်ဘောလုံးအားကစားသမားများ အပြင်းအထန်လေ့ကျင့် စာ - ၂

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှဆီးဂိမ်းပြိုင်ပွဲ ဝင်/ထွက်ခွင့်ကတ်ပြားများ ရောင်းချပေးလျက်ရှိ စာ - ၃

ဘော်လီဘောပြိုင်ပွဲများ ပွဲစဉ်တိုင်းအရေးကြီး ပွဲစဉ်တိုင်း ဗိုလ်လုပွဲကဲ့သို့ယှဉ်ပြိုင်သွားမည် စာ - ၄

ဆီးဂိမ်းအမှတ်တရပစ္စည်းများ အိုင်ဘီစီရေိယာ၌ ရောင်းချပေးမည်

နေပြည်တော် ဒီဇင်ဘာ ၁

မြန်မာနိုင်ငံတွင် အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပွဲတော် ကာလအတွင်း ပြိုင်ပွဲဝင်နိုင်ငံများကို ကိုယ်စားပြုလာရောက်ကြမည့် မီဒီယာအဖွဲ့သားများအတွက် Sea Games အမှတ်တံဆိပ်လိုဂိုနှင့် စာတန်းများပါဝင်သည့် အမှတ်တရပစ္စည်းများ ဝယ်ယူရာတွင် အဆင်ပြေစေရန် IBC ခန်းမအတွင်း၌ အားကစားဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် Event Master မီဒီယာမှ အမှတ်တရပစ္စည်းအရောင်းဆိုင်တစ်ခု ဖွင့်လှစ်ထားရှိသွားမည်ဖြစ်ပြီး ရန်ကုန်မြို့တွင်လည်း ဖွင့်လှစ်ရောင်းချပေးသွားမည်ဟု သိရသည်။

အမှတ်တရပစ္စည်းများကို ပြိုင်ပွဲဝင်နိုင်ငံများမှ လာရောက်ကြည့်ရှုသူ ပရိသတ်များနှင့် အားကစားသမားများအပြင် မီဒီယာသမားများပါ လွယ်ကူစွာဝယ်ယူနိုင်ပြီး ဈေးနှုန်းအားဖြင့် အနည်းဆုံး အမေရိကန်ဒေါ်လာ နှစ်ဒေါ်လာမှ ၁၅ ဒေါ်လာ အတွင်း သတ်မှတ်ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

IBC အပြင် ဝဏ္ဏသိဒ္ဓိအားကစားကွင်း၊ ဇေယျာသီရိ အားကစားကွင်းတို့တွင်လည်း ဆီးဂိမ်းအမှတ်တရအကျႌများ၊ အမှတ်တရ ကျောက်တုံးများနှင့် ပို့စ်ကတ်များ၊ တခြားအမှတ်တရ ပစ္စည်းများကို ဆီးဂိမ်းကာလအတွင်း ရောင်းချပေးသွားမည် ဖြစ်ကြောင်း သိရသည်။ **ကိုကိုနေ(ပျဉ်းမနား)**

ဆီးဂိမ်းအကြိုအနုပညာရှင်များနှင့် ပရိသတ်များတွေ့ဆုံပွဲ ထိုင်းသရုပ်ဆောင်နှစ်ဦး လာရောက်ဖျော်ဖြေမည်

ရန်ကုန် ဒီဇင်ဘာ ၁

(၂၇) ကြိမ်မြောက် ဆီးဂိမ်းအားကစားပွဲတော်ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အနုပညာရှင်အချို့နှင့်ပရိသတ်များတွေ့ဆုံခြင်းကို ဒီဇင်ဘာ ၃ ရက်တွင် Junction Square ၌ကျင်းပမည်ဖြစ်ပြီး ပြည်တွင်းအနုပညာရှင် လူမင်း၊ စိုင်းစိုင်းခမ်းလှိုင်နှင့် Miss Myanmar Universe မိုးစက်ဝိုင်၊ ထိုင်းအနုပညာရှင် Pee Mak ဇာတ်ကားမင်းသမီးဖြစ်သူ Davika Hoorne နှင့် ရုပ်ရှင်သရုပ်ဆောင် Mos Patiphan Patavikraw တို့အပါအဝင် ပြည်တွင်းသရုပ်ဆောင်အဆိုတော် ၂၀ တို့ကပါဝင် ဖျော်ဖြေကာ ပရိသတ်နှင့်တွေ့ဆုံသွားမည်ဖြစ်ကြောင်း သိရသည်။

“ကျွန်တော်တို့က ပရိသတ်ကြီးနဲ့ ပြည်တွင်းပြည်ပအနုပညာရှင်တွေ ပျော်ပျော်ရွှင်ရွှင်တွေ့ဆုံရင်း ဆီးဂိမ်းအကြိုရင်ခုန်သံအဖြစ် ကစားနည်းတွေ ထည့်သွင်းကစားသွားဖို့ရှိပါတယ်။ ဆီးဂိမ်းကိုကြိုဆိုတဲ့အနေနဲ့ အားကစားနဲ့ပတ်သက်တဲ့ဗဟုသုတတွေနဲ့ ကစားနည်းသစ်တွေကို အနုပညာရှင်တွေနဲ့ ပရိသတ်တွေအကြား ခံစားပါဝင်နိုင်မှာဖြစ်ပါတယ်” ဟု ADMA Media မှ ဥက္ကဋ္ဌ ဦးဝေမင်းမောင်ကပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲကို Junction Square ၌ ဒီဇင်ဘာ ၃ ရက် ညနေ ၆နာရီတွင် စတင်ကျင်းပမည်ဖြစ်ပြီး အဆိုပါဖျော်ဖြေပွဲ၌ လာရောက်ဖျော်ဖြေသူ ထိုင်းမင်းသမီး Davika Hoorne မှာ မကြာမီကာလအတွင်း လူမင်း၊ စိုင်းစိုင်းခမ်းလှိုင်တို့နှင့်အတူ ယိုးဒယား-မြန်မာနောက်ခံသမိုင်း အခြေပြုဇာတ်ကား တစ်ကားရိုက်ကူးရန် စီစဉ်ထားကြောင်း သိရသည်။

“ဆီးဂိမ်းဆိုတာ အာဆီယံနိုင်ငံတွေအားလုံးနဲ့ သက်ဆိုင်ပါတယ်။ အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရတာကို ဝမ်းသာပါတယ်။ အခုလို လာရောက်ပြီး ပရိသတ်ကြီးနဲ့စကားပြောခွင့်၊ အတူတူ Games တွေကစားခွင့် ရတော့မှာမို့ရင်ခုန်နေမိတယ်။

စာမျက်နှာ ၃ သို့ »

မြန်မာဖူဆယ်ဘောလုံးအားကစားသမားများ အပြင်းအထန်လေ့ကျင့်

သတင်း-ဇင်ဦး

ဓာတ်ပုံ-သူရ(တောင်ငူ)

နေပြည်တော် ဒီဇင်ဘာ ၁

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ ဆီးဂိမ်းတွင်ပြိုင်ပွဲဝင်မည့် မြန်မာနိုင်ငံ အမျိုးသား၊ အမျိုးသမီး ဖူဆယ်ဘောလုံးအားကစားသမားများ နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားကွင်းအတွင်း အပြင်းအထန်လေ့ကျင့်လျက်ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံ ဖူဆယ်ဘောလုံးအဖွဲ့ချုပ်အနေဖြင့် နေပြည်တော်အားကစားကျေးရွာသို့ နိုဝင်ဘာ ၆ ရက်က စတင်လေ့ကျင့်လျက်ရှိပြီး တနင်္လာနေ့မှ စနေနေ့အထိ တစ်ပတ်လျှင် နံနက်၊ ည ၁၂ ကြိမ် လေ့ကျင့်လျက်ရှိကြောင်း ဖူဆယ်ဘောလုံးအဖွဲ့ချုပ် အတွင်းရေးမှူး ဦးအောင်မော်သိန်းက ပြောကြားသည်။ မြန်မာအသင်းအနေဖြင့် ၂၀၁၂ ခုနှစ် ဒီဇင်ဘာ ၁၄ ရက်မှ စတင်ပြီး လေ့ကျင့်ချိန်တစ်နှစ်ရရှိခဲ့ပြီး နောက်ဆုံးအဆင့် ဗိုလ်လုပွဲတက်ရောက်နိုင်ရေးကြိုးပမ်းသွားမည်ဖြစ်ကြောင်းလည်း သိရသည်။

အမျိုးသားဖူဆယ်ဘောလုံးအားကစားတွင် အုပ်စုနှစ်စုခွဲခြား ယှဉ်ပြိုင်သွားမည်ဖြစ်ပြီး အုပ်စု (က)တွင် မြန်မာ၊ အင်ဒိုနီးရှား၊ မလေးရှားတို့ပါဝင်ပြီး အုပ်စု(ခ) တွင် ထိုင်း၊ ဗီယက်နမ်၊ လာအိုအသင်းတို့ ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာအမျိုးသား ဖူဆယ်ဘောလုံးအသင်းအနေဖြင့် အဓိက ပြိုင်ဘက်အသင်းများအဖြစ် အင်ဒိုနီးရှားနှင့် မလေးရှားအသင်းတို့အား အကြိတ်အနယ်ယှဉ်ပြိုင်ကစားရမည်ဖြစ်ကြောင်း သိရသည်။

အမျိုးသမီး ဖူဆယ်ဘောလုံးအားကစားတွင် ငါးနိုင်ငံပတ်လည် ကစားသွားမည်ဖြစ်ပြီး မြန်မာ၊ အင်ဒိုနီးရှား၊ မလေးရှား၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့ ပါဝင်ကစားသွားမည်ဖြစ်သည်။

အမျိုးသားနှင့် အမျိုးသမီးဖူဆယ်ဘောလုံးအသင်းများအား နည်းပြအဖြစ် အီရန်နိုင်ငံမှ မစ္စတာ Saeid က တာဝန်ယူ လေ့ကျင့်ပေးလျက်ရှိသည်။

ယခုလက်ရှိ ဆန်ခါတင် ၁၆ ဦး ရွေးချယ်ထားပြီး အဓိကအားကစားသမား ၁၄ ဦးဖြင့် ပါဝင်ယှဉ်ပြိုင်ရမည်ဖြစ်ကြောင်း၊ နောက်ဆုံးအဆင့် ရွေးချယ်မှုကို ဒီဇင်ဘာ ၃ ရက်တွင် အပြီးသတ်ရွေးချယ်သွားမည် ဖြစ်ကြောင်း သိရသည်။

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အားကစားရွာ(Gold Camp)ရှိ ပြည်တွင်း၊ပြည်ပအားကစားသမားများ သွားလာမှုလွယ်ကူစေရန်အတွက် လျှပ်စစ်ကားများ စီစဉ်ထားရှိမှုကို တွေ့ရစဉ်။ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

ဆီးဂိမ်းအားကစားသမားများ ပြည်ပသို့ အခမဲ့ဖုန်းခေါ်ဆိုနိုင်ရန် Ytalk စင်တာများ စီစဉ်ပေးမည်

ရန်ကုန် ဒီဇင်ဘာ ၁

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ စတင်ကျင်းပသည့်ရက်မှစတင်၍ ပြိုင်ပွဲကျင်းပရာ မြို့လေးမြို့အတွင်း အားကစားသမားများနှင့် ပရိသတ်များ ပြည်ပသို့ ဖုန်းအခမဲ့ခေါ်ဆောင်မှုပြုလုပ်နိုင်ရန် Ytalk စင်တာများ ထားရှိမည်ဖြစ်သည်။

"အဓိကကတော့ အားကစားသမားတွေအတွက် ရည်ရွယ်ထားပါတယ်။ အားကစားသမားတွေအပြင် ပြည်ပကပရိသတ်တွေလည်းခေါ်ဆိုမှုပြုနိုင်အောင် ဆောင်ရွက်ပေးမှာဖြစ်ပါတယ်။ Ytalk နဲ့ ချိတ်ဆက်ထားတဲ့ နိုင်ငံက ၁၇၀ ကျော်ရှိတဲ့အတွက် အဲဒီနိုင်ငံတွေကို အခမဲ့ခေါ်ဆိုနိုင်မှာဖြစ်ပါတယ်"ဟု Ytalk၊ IVMG telecoms မှ ဒါရိုက်တာ ဦးခန့်အောင်က ပြောကြားသည်။

စင်တာအရေအတွက်ကိုမူ အားကစားသမားများပြားသည့် ရန်ကုန်နှင့် နေပြည်တော်တို့တွင် အများဆုံးထားရှိသွားမည်ဖြစ်ပြီး လိုအပ်ချက်အရ စင်တာများတိုးချဲ့ရန်လျာထားကာ အားကစားကွင်းများနှင့် အားကစားသမားများ တည်းခိုရာ၊ သတင်းထုတ်ပြန်ရာ နေရာများတွင် ထားရှိပေးမည်ဟု သိရသည်။

"ဒီဇင်ဘာ ၁၁ ရက် ကနေစပြီး စင်တာတွေထားပေးမှာဖြစ်ပါတယ်။ အားကစားဝန်ကြီးဌာနရဲ့ ခွင့်ပြုချက်လည်း ရရှိထားပါတယ်။Ytalk စနစ်မှာ အင်တာနက်မလိုဘဲ ဖုန်းခေါ်နိုင်အောင် စီစဉ်ထားမှုလည်းရှိပါတယ်။ ဆီးဂိမ်းအတွက် ဂုဏ်ပြုတဲ့အနေနဲ့ အခမဲ့ခေါ်ဆိုခွင့်ပြုရခြင်းဖြစ်ပါတယ်"ဟု Ytalk တာဝန်ရှိသူက ပြောကြားသည်။

ခင်ရတနာ

ဆီးဂိမ်းကာလ WiFi အခမဲ့သုံးနိုင်ရေးဆောင်ရွက်

ရန်ကုန် ဒီဇင်ဘာ ၁

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအတွင်း WiFi အင်တာနက်အခမဲ့သုံးစွဲနိုင်ရေးအတွက် Redlink Communications က ကျပ်သိန်းငါးထောင်ဝန်းကျင် အကုန်အကျခံသုံးစွဲခဲ့ပြီး အားကစားကွင်းများနှင့် ငွေဆောင်တို့တွင် စတင်အသုံးပြုနိုင်ပြီဖြစ်ကြောင်း သိရသည်။

အားကစားပြိုင်ပွဲကာလအတွင်း လူဦးရေအကန့်အသတ်သုံးစွဲမှုဖြင့် WiFi အခမဲ့ အသုံးပြုနိုင်သည့် နေရာများမှာ ရန်ကုန်၌ သိမ်ဖြူအားကစားကွင်း၊ သုဝဏ္ဏအားကစားပြိုင်ပွဲရုံ၊ သုဝဏ္ဏဘောလုံးကွင်း၊ မြောက်ဒဂုံသေနတ်ပစ်ကွင်းနှင့် ငွေဆောင်တို့တွင် ဖြစ်ကြောင်း Redlink မှ သတင်းရရှိသည်။

"ကျွန်တော်တို့ စီစဉ်ထားတဲ့စနစ်က လူဦးရေအကန့်အသတ် စနစ်ဖြစ်ပါတယ်။ အသုံးပြုသူတွေအနေနဲ့ မြန်နှုန်းအဆင့် 512 kbps လောက် သုံးနိုင်မှာဖြစ်ပါတယ်။ အင်တာနက်လိုင်းတွေ မြန်အောင်၊ လိုင်းမကျအောင် ဆောင်ရွက်ပေးထားပါတယ်။ အသုံးပြုသူတွေပြောပြတာတော့ အဆင်ပြေကြပါတယ်" ဟု Redlink Communications မှ တာဝန်ခံတစ်ဦးက ပြောကြားသည်။

Redlink အနေဖြင့် သုဝဏ္ဏဘောလုံးအားကစားကွင်းအတွင်း လူဦးရေ ၃၂၀၀၀၊ သုဝဏ္ဏအားကစားပြိုင်ပွဲရုံအတွင်း လူဦးရေ ၁၀၀၀၀၊ MCC ခန်းမအတွင်း လူဦးရေ၂၀၀၀၊ သိမ်ဖြူအားကစားကွင်း၌ လူဦးရေ ၂၄၀၀၊ ငွေဆောင်နှင့် သေနတ်ပစ်အားကစားကွင်း(မြောက်ဒဂုံ)တို့တွင် လူဦးရေ ၅၀၀ စီ သုံးစွဲနိုင်မည်ဖြစ်သည်။

ခင်ရတနာ

ဆီးဂိမ်းပွဲတော်ဂုဏ်ပြု LED ယာဉ်ဖြင့် လှည့်လည်ပြသ

ရန်ကုန် ဒီဇင်ဘာ ၁

(၂၇)ကြိမ်မြောက် ဆီးဂိမ်းပွဲတော်ကြီးကို ကြိုဆိုဂုဏ်ပြုသည့်အနေဖြင့် EYE CORP out-of phone Media Specialists မှ LED ယာဉ်ဖြင့် ဆီးဂိမ်းပွဲတော်သီချင်းကို အဆက်မပြတ်လှည့်လည် ထုတ်လွှင့်ပြသနေသည်ကို နတ်မောက်လမ်းရှိ ချက်ထရီယမ်ဟိုတယ်အနီး နိုဝင်ဘာ ၃၀ ရက် ညနေ ၃ နာရီက တွေ့မြင်ခဲ့ရသည်။

စိုးဝင်း (SP)

အားပေးဘောလုံးများ လာရောက်လှူဒါန်း

နေပြည်တော် ဒီဇင်ဘာ ၁

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကြီးတွင် လာရောက် အားပေးကြမည့် Cheering Teams အဖွဲ့များ အားပေးရာတွင် အသုံးပြုရန် တန်ဖိုးငွေကျပ်သိန်း ၃၀ ရှိ အားပေးဘောလုံး ၁၀၀၀၀ ကို Aung Kanbo Trading Co.,Ltd က နိုဝင်ဘာ ၃၀ ရက် နံနက် ၉ နာရီတွင် အားကစားဝန်ကြီးဌာနသို့ လာရောက်လှူဒါန်းရာ အားကစားနှင့် ကာယပညာဦးစီးဌာန၊ လူထုအားကစားနှင့် ပညာပေးဌာနခွဲ ညွှန်ကြားရေးမှူး ဦးဌေးအောင်က လက်ခံခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



ဆီးဂိမ်းအကြိုအားကစားသတင်း အတိုအထွာ

အစားအစာအခမဲ့ကျွေး

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် MPC ၌ တာဝန်ထမ်းဆောင်ကြသူများကို ဒီဇင်ဘာ ၃၀ ရက်မှစ၍ အစားအစာများ အခမဲ့ကျွေးမွေးပြီဖြစ်ကြောင်း သိရသည်။

ဆုပေးမဏ္ဍပ်

နေပြည်တော်ရှိ Mount Pleasant စက်ဘီးကွင်းအားကစားပြိုင်ပွဲတွင် ဘေလ်ဘုတ်ထောင်နည်း၊ ဆုပေးမဏ္ဍပ် ၈၅ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်သည်။

အမှတ်တရလက်ဆောင်ပစ္စည်း

ဆီးဂိမ်းပွဲတော်တွင် နေပြည်တော် ဇေယျာသီရိအားကစားရုံ ABC ရုံတွင် အားကစားဝန်ကြီးဌာနမှ အမှတ်တရလက်ဆောင်ပစ္စည်းများ ရောင်းချရန် ဆိုင်ခန်းများ စီစဉ်ဆောင်ရွက်ထားမည်ဖြစ်သည်။

တင်စိုး(မြန်မာ့အလင်း)

(၂၇) ကြိမ်မြောက် အရှေ့တောင်အာရှ ဆီးဂိမ်းပြိုင်ပွဲ ဝင်/ထွက်ခွင့်ကတ်ပြားများ ရောင်းချပေးလျက်ရှိ

နေပြည်တော် ဒီဇင်ဘာ ၁

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ ဆီးဂိမ်းပြိုင်ပွဲများ၏ ဝင်/ထွက်ခွင့်ကတ်ပြားများကို နိုဝင်ဘာ ၁၈ ရက်မှစ၍ ဒီဇင်ဘာ ၂၀ ရက်အထိ ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဝင်ခွင့်ကတ်ပြားများသည် အရှေ့တောင်အာရှ ဆီးဂိမ်းဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနားနှင့် ဘောလုံးပြိုင်ပွဲများမှလွဲ၍ ကျန်အားကစားပြိုင်ပွဲများ၏ မည်သည့်ပွဲမဆို ဝင်ရောက်ကြည့်ရှုနိုင်မည်ဖြစ်ကြောင်း အားကစားဝန်ကြီးဌာနမှ တာဝန်ယူရောင်းချပေးသည့် ဦးစီးအရာရှိ ဦးအောင်လင်းက ပြောကြားသည်။

ဝင်/ထွက်ခွင့်ကတ်ဝယ်ယူလိုပါက လူတစ်ဦးလျှင် ငွေကျပ်၂၅၀၀ နှုန်းဖြင့် ရောင်းချပေးမည်ဖြစ်ပြီး(၁½×၂) လက်မဆိုဒ် ကာလာဓာတ်ပုံတစ်ပုံ မှတ်ပုံတင်မူရင်းပါရှိရမည်ဖြစ်ပြီး နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိနေပြည်တော် ပေါင်းလောင်းအားကစားကွင်း၊ ဂျန်းရှင်းစင်တာ၊ အားကစားရွာ၊ ဝဏ္ဏသိဒ္ဓိအားကစားကွင်းများတွင် ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။ ရန်ကုန်မြို့တွင် ဂျန်းရှင်းစင်တာနှင့် သုဝဏ္ဏအားကစားကွင်းများတွင် ဝယ်ယူရရှိကြောင်း သိရသည်။

သူရ(တောင်ငူ)

သတင်း-ဇင်ဦး
ဓာတ်ပုံ-သူရ(တောင်ငူ)

ဗိုဗီနမ်အားကစားသမားများ သက်လုံကောင်းစေရေးလေ့ကျင့်

နေပြည်တော် ဒီဇင်ဘာ ၁

ဗိုဗီနမ်အားကစားသမားများ နေပြည်တော်ဝဏ္ဏသိဒ္ဓိအားကစားကွင်းတွင် အပြင်းအထန်လေ့ကျင့်လျက်ရှိသည်။ ၎င်းအားကစားနည်းတွင် မြန်မာ၊ ဗီယက်နမ်၊ ကမ္ဘောဒီးယား၊ လာအိုနိုင်ငံများမှ ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။ ယခုလက်ရှိ နည်းပြအဖြစ် ဗီယက်နမ်နိုင်ငံမှ မစ္စတာဘန်းမှ လေ့ကျင့်ပေးလျက်ရှိပြီး ပြိုင်ပွဲဝင် ကစားသမား ၁၄ ဦး လေ့ကျင့်လျက်ရှိကြောင်း သိရသည်။

(၂၇)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲ ဂုဏ်ပြုသီချင်းခွေများ၊ ဝင်/ထွက်ခွင့်ကတ်ပြားများ ပြုလုပ်ရောင်းချပေးနေသော ဝဏ္ဏသိဒ္ဓိအားကစားကွင်း လက်မှတ်အရောင်းဌာနတွင် တစ်ခွေလျှင် ငွေကျပ် ၅၀၀၀ နှုန်းဖြင့် ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

စာမျက်နှာ ၁ မှ

ကျွန်တော်တို့ မြန်မာနိုင်ငံကို ဒီဇင်ဘာ ၃ ရက် မွန်းလွဲမှာ ရောက်လာမှာဖြစ်ပြီး ပရိသတ်ကြီးလာရောက်ကြည့်ရှုနိုင်ဖို့အတွက်လည်း ဖိတ်ခေါ်ပါတယ်" ဟု ထိုင်းမင်းသား Mos က ပြောကြားသည်။

"အနုပညာရှင်တစ်ယောက်အနေနဲ့ အခုလိုအိမ်ရှင်အဖြစ် ကျင်းပခွင့်ရတဲ့ဆီးဂိမ်းကို ကြိုဆိုပါတယ်။ ကျွန်တော်တို့ကတော့ တတ်စွမ်းသလောက် အားပေးပံ့ပိုးမှာပါ။ အခုလည်း ပရိသတ်ကြီးနဲ့တွေ့ဆုံပြီး ဖျော်ဖြေမှုတွေပြုလုပ်သွားမယ်။ ဆီးဂိမ်းမှာလည်းသွားရောက်ဖျော်ဖြေမှာပါ။ အခုဒီပွဲမှာလည်း ထိုင်းကအနုပညာရှင်တွေ ပါဝင်ပါတယ်။ အခုလိုနိုင်ငံအချင်းချင်းအနုပညာရှင်တွေ ပူးပေါင်းဖျော်ဖြေမှုပြုလုပ်ရတာအလွန်ကောင်းမွန်ပါတယ်။ ဒါပိကာရော၊ မော်ကိုရော မြန်မာပရိသတ်တွေအားလုံး သိထားပြီးသားဖြစ်ပြီး အားပေးကြမှာဖြစ်လို့ ပျော်စရာကောင်းတဲ့ပွဲတစ်ခုဖြစ်မှာမို့ ပရိသတ်တွေအားပေးကြပါလို့ ပြောချင်ပါတယ်" ဟု စိုင်းစိုင်းခမ်းလှိုင်က ပြောပြသည်။

ခင်ရတနာ

မြန်မာတိုက်ကွမ်ဒိုအဖွဲ့ ဆုမျှော်မှန်း

နေပြည်တော် ဒီဇင်ဘာ ၁

မကြာမီကျင်းပတော့မည့် ဆီးဂိမ်းပြိုင်ပွဲတွင် တိုက်ကွမ်ဒိုအားကစားနည်းအနေဖြင့်လည်း ရွှေတံဆိပ်ဆု မျှော်မှန်းထားကြောင်း မြန်မာနိုင်ငံ တိုက်ကွမ်ဒိုအဖွဲ့ချုပ်မှ တာဝန်ရှိသူ မစိုးစိုးမြာက ပြောကြားသည်။

ရွှေတံဆိပ်မျှော်မှန်း

"ကျွန်မတို့ ဒီဆီးဂိမ်းပြိုင်ပွဲမှာ အမျိုးသားပြိုင်ပွဲတွေနဲ့ အမျိုးသမီးပြိုင်ပွဲနှစ်မျိုးစလုံး ပါဝင်ပါတယ်။ အမျိုးသားပြိုင်ပွဲမှာ'က' ကွက်က ရှစ်တန်း၊ အတိုက်ပြိုင်ပွဲက ရှစ်တန်း၊ အမျိုးသမီးမှာဆိုလည်း 'က' ကွက် ရှစ်တန်းနဲ့ အတိုက်ရှစ်တန်းပါဝင်ပါတယ်။ တိုက်ကွမ်ဒိုအားကစားသမားတွေကို မြန်မာနည်းပြ ခြောက်ဦးနဲ့ ပြည်ပနည်းပြရှစ်ဦးတို့က လေ့ကျင့်သင်ကြားပေးခဲ့ပါတယ်။ Joint Training အဖြစ် စက်တင်ဘာနဲ့ အောက်တိုဘာအတွင်းက တောင်ကိုရီးယားနိုင်ငံသို့ သွားရောက်လေ့ကျင့်ခဲ့ပါတယ်။ မြန်မာတိုက်ကွမ်ဒိုအဖွဲ့အနေနဲ့ အမျိုးသားရော အမျိုးသမီးပါ ရွှေတံဆိပ်ဆု မျှော်မှန်းထားပါတယ်" ဟု မစိုးစိုးမြာက ဆက်လက်ပြောကြားသည်။

မြန်မာတိုက်ကွမ်ဒိုအဖွဲ့အနေဖြင့် အင်ဒိုနီးရှားဆီးဂိမ်းတွင် ငွေတံဆိပ်တစ်ခုနှင့် ကြေးတံဆိပ် နှစ်ခု ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။ မြန်မာနိုင်ငံက ကျင်းပမည့် အိမ်ရှင်ဆီးဂိမ်းတွင် အနည်းဆုံး ရွှေတံဆိပ်နှစ်ခုဆွတ်ခူးရန် မျှော်မှန်းထားကြောင်း သိရသည်။

ကျင်းပသွားမည်

တိုက်ကွမ်ဒိုပြိုင်ပွဲတွင် အတိုက်ရှစ်တန်းနှင့် 'က'ကွက် ရှစ်တန်း ထည့်သွင်းယှဉ်ပြိုင်မည်ဖြစ်သော်လည်း တစ်နိုင်ငံကို ကြိုက်နှစ်သက်ရာ အမျိုးသားအတိုက်ခြောက်တန်း၊ အမျိုးသမီး အတိုက်ခြောက်တန်းသာ ယှဉ်ပြိုင်ခွင့်ရှိသည်။ 'က'ကွက်တွင်လည်း ရှစ်တန်းထည့်သွင်းကျင်းပမည်ဖြစ်သော်လည်း ကြိုက်နှစ်သက်ရာ အမျိုးသားခြောက်တန်းနှင့် အမျိုးသမီးခြောက်တန်းသာ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရှိသည်။ တိုက်ကွမ်ဒိုအားကစားပြိုင်ပွဲများကို ဒီဇင်ဘာ ၁၈ ရက်မှ ၂၁ ရက်အထိ ဝဏ္ဏသိဒ္ဓိအားကစားရုံ၌ ကျင်းပသွားမည်ဖြစ်သည်။

ကြီးတိုင်းအောင်

ကမ်ပိုအားကစားသမားများ လေ့ကျင့်နေသည်ကို Liaison OFFICER အဖွဲ့မှလေ့လာ

ရန်ကုန် ဒီဇင်ဘာ ၁

(၂၇)ကြိမ်မြောက် ဆီးဂိမ်းပွဲတော်ကြီးအတွင်း ဝင်ရောက်ယှဉ်ပြိုင်ကြမည့် ကမ်ပိုအားကစားသမားများ လေ့ကျင့်နေကြသည်ကို ကမ်ပိုပြိုင်ပွဲနှင့် သက်ဆိုင်သော Liaison OFFICER အဖွဲ့က နိုဝင်ဘာ ၂၉ ရက် ညနေပိုင်းတွင် ဝင်ရောက်လေ့လာခဲ့ကြပြီး၎င်းတို့အား တာဝန်ခံများက ရှင်းပြခဲ့ကြသည်။ ဆီးဂိမ်းပြိုင်ပွဲကျင်းပမည့် အားကစားပြိုင်ပွဲများတွင် Liaison OFFICER အဖွဲ့များရှိနေကြပြီး ဆီးဂိမ်းပွဲတော်ကြီးအတွင်း အားကစားဝန်ကြီးဌာနမှ ၎င်းတို့အား ပြိုင်ပွဲကျင်းပစဉ် ကာလအတွင်း လေဆိပ်၊ ဟိုတယ်နှင့် ပို့/ဆက်များအတွင်း အားကစား သမားများအတွက် လိုအပ်သောစကားများအား ဖြေကြား ဘာသာပြန်ပေးသွားမည်ဖြစ်သည်။ အဆိုပါ ကမ်ပိုပြိုင်ပွဲနှင့် သက်ဆိုင်သော Liaison OFFICER အဖွဲ့များနှင့်စပ်လျဉ်း၍ ကမ်ပိုအားကစားနည်း ဒုတိယတာဝန်ခံ ဦးကျော်ဇေယျက "သူတို့က နယ်စုံကပါ၊ ကျွန်တော်တို့ ကမ်ပိုအဖွဲ့မှာတော့ မိန်းကလေးဦးရေ ၂၁ ဦးနဲ့ ယောကျ်ားလေးဦးရေ သုံးဦး စုစုပေါင်း ၂၄ ဦး ရှိပါတယ်။ ဘယ် Liaison OFFICER အဖွဲ့မဆို အင်္ဂလိပ်စကားကျွမ်းကျင်ရမယ်၊ အဓိက ပညာတတ် တစ်ယောက်ဖြစ်နေရမယ်၊ ပွဲစဉ်အတွင်း ပြိုင်ဘက်ဒိုင်တွေရဲ့ အင်္ဂလိပ်စာတွေနဲ့ ဒီကမ်ပိုနဲ့ ပတ်သက်တဲ့ အကြောင်းအရာတွေကို စကားပြန် လုပ်ပေးရမှာပါ။ ပြိုင်ဘက်အသင်းတွေရဲ့ သွားလာနေထိုင် စားသောက်ရေးကိုလည်း အဘက်ဘက်ကနေ လမ်းညွှန်ဆက်သွယ်ဆောင်ရွက်ပေးရပါမယ်" ဟု ရှင်းပြသည်။

သက်ဆိုင်ရာပွဲစဉ်များအတွင်း ပြိုင်ပွဲနှင့် သက်ဆိုင်သော Liaison OFFICER အဖွဲ့များ၏ နေထိုင် သွားလာစားသောက်ရေးအတွက် အားကစားဝန်ကြီးဌာနမှ အစစအရာရာ တာဝန်ယူထားကြောင်း ၎င်း၏ ပြောပြချက်အရ သိရသည်။

စိုးဝင်း (SP)

ဘော်လီဘောပြိုင်ပွဲများ ပွဲစဉ်တိုင်းအရေးကြီး ပွဲစဉ်တိုင်းဗိုလ်လုပွဲကဲ့သို့ယှဉ်ပြိုင်သွားမည်

နေပြည်တော် ဒီဇင်ဘာ ၁

မကြာမီကျင်းပတော့မည့် ဆီးဂိမ်းပြိုင်ပွဲတွင် ဘော်လီဘော အားကစားနည်းလည်း တစ်ခုအပါအဝင်ဖြစ်ရာ မြန်မာဘော်လီဘောအသင်းအနေဖြင့် ပြိုင်ပွဲတစ်ပွဲချင်းစီကို ဗိုလ်လုပွဲကဲ့သို့ စနစ်တကျပြင်ဆင်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံဘော်လီဘောအဖွဲ့ချုပ် နည်းစနစ်အကြံပေးပုဂ္ဂိုလ် ဦးတင်မောင်အေးက ပြောကြားသည်။

"ဘော်လီဘောအားကစားနည်းဟာ အသင်းလိုက်ပြိုင်ပွဲဖြစ်တဲ့အတွက် ဘောလုံးကဲ့သို့ တစ်ပွဲချင်းစီဟာ အရေးကြီးပါတယ်။ စတင်ကစားတဲ့ ပြိုင်ပွဲကစပြီး ဗိုလ်လုပွဲလို အရေးကြီးပါတယ်။ ဗိုလ်လုပွဲကဲ့သို့ သဘောထားပြီး ယှဉ်ပြိုင်ရမှာဖြစ်ပါတယ်။ မြန်မာဘော်လီဘောအမျိုးသားအသင်းကို ဘရာဇီးနည်းပြနဲ့လေ့ကျင့်ပြီး အမျိုးသမီးအသင်းကိုတော့ ထိုင်းနည်းပြနဲ့လေ့ကျင့်ပါတယ်။ အမျိုးသားပြိုင်ပွဲမှာအုပ်စုနှစ်စု ခွဲထားပါတယ်။ မြန်မာအမျိုးသားအသင်းအနေနဲ့ အုပ်စု (A) မှာ ထိုင်း၊ မလေးရှား၊ ကမ္ဘောဒီးယားအသင်းတွေနဲ့ ကစားရမှာဖြစ်ပါတယ်။ အုပ်စု (B)မှာတော့ သုံးသင်းပါဝင်ပါတယ်။ လာအို၊ အင်ဒိုနဲ့ ဗီယက်နမ်အသင်းတွေပဲဖြစ်ပါတယ်။ အုပ်စုမှာ အမှတ်အများဆုံးနဲ့ ဒုတိယအသင်းတွေ အကြိုဗိုလ်လုပွဲကစားပြီး ရှုံးတဲ့အသင်းတွေက တတိယနေရာလုပွဲကစားရမှာ ဖြစ်ပါတယ်"ဟု ဦးတင်မောင်အေးက ပြောကြားသည်။

"ကျွန်တော်တို့ အားကစားသမားတွေအနေနဲ့ ရွှေရမယ်၊ ငွေရမယ်လို့တော့ မပြောချင်ပါဘူး။ ဒီလိုပြောလိုက်တဲ့အတွက် သူတို့မှာ ဖိအားဖြစ်သွားစေပါတယ်။ ဒီလိုလည်း မဖြစ်စေချင်ပါဘူး။ တစ်ပွဲချင်းစီအရေးကြီးတဲ့အတွက် တစ်ပွဲချင်းစီပဲ အကောင်းဆုံးစီမံခန့်ခွဲပြီး အကောင်းဆုံး ကစားသွားမှာဖြစ်ပါတယ်"ဟု ၎င်းက ဆက်လက်ရှင်းပြသည်။

ပါဝင်ယှဉ်ပြိုင်

ဘော်လီဘောပြိုင်ပွဲများကို နေပြည်တော်ရှိ ဇေယျာသီရိအားကစားရုံကြီး၌ ဒီဇင်ဘာ ၁၃ ရက်မှ ၂၁ ရက်အထိ ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။ အမျိုးသားဘော်လီဘောပြိုင်ပွဲတွင် နိုင်ငံပေါင်းခုနစ်နိုင်ငံမှ ပါဝင်ယှဉ်ပြိုင်သွားမည် ဖြစ်သည်။

အမျိုးသားဘော်လီဘောပြိုင်ပွဲများ

အုပ်စု (A)	အုပ်စု (B)
မြန်မာ	လာအို
ထိုင်း	အင်ဒိုနီးရှား
ကမ္ဘောဒီးယား	ဗီယက်နမ်
မလေးရှား	

ဒီဇင်ဘာ ၁၃ ရက်	ထိုင်း	Vs	မလေးရှား	အုပ်စု (A)
	ကမ္ဘောဒီးယား	Vs	မြန်မာ	အုပ်စု(A)
ဒီဇင်ဘာ ၁၄ ရက်	အင်ဒိုနီးရှား	Vs	ဗီယက်နမ်	အုပ်စု(B)
ဒီဇင်ဘာ ၁၅ ရက်	ကမ္ဘောဒီးယား	Vs	ထိုင်း	အုပ်စု(A)
	မြန်မာ	Vs	မလေးရှား	အုပ်စု(A)
ဒီဇင်ဘာ ၁၆ ရက်	လာအို	Vs	အင်ဒိုနီးရှား	အုပ်စု(B)
ဒီဇင်ဘာ ၁၇ ရက်	မလေးရှား	Vs	ကမ္ဘောဒီးယား	အုပ်စု(A)
	ထိုင်း	Vs	မြန်မာ	အုပ်စု(A)
ဒီဇင်ဘာ ၁၈ ရက်	ဗီယက်နမ်	Vs	လာအို	အုပ်စု(B)
ဒီဇင်ဘာ ၁၉ ရက်		အကြိုဗိုလ်လုပွဲနှစ်ပွဲ		
ဒီဇင်ဘာ ၂၀ ရက်		တတိယနေရာလုပွဲ		
ဒီဇင်ဘာ ၂၁ ရက်		ဗိုလ်လုပွဲ		



မောင်ရွှေရိုး

27th SEA Games အားကစားပြိုင်ပွဲများအား ရုပ်မြင်သံကြားအစီအစဉ်များတွင်ထုတ်လွှင့်မည့်စီမံချက်

MRTV SEA GAMES-1 DIGITAL CHANNEL တွင် ထုတ်လွှင့်မည့် အားကစားပြိုင်ပွဲအစီအစဉ်

၁-၁၂-၂၀၁၃ ရက်နေ့မှ ၃-၁၂-၂၀၁၃ ရက်နေ့အထိ တေးသီးချင်းနှင့် လှုံ့ဆော်ရေးအစီအစဉ်များကို စမ်းသပ်ထုတ်လွှင့်သွားပါမည်။

ဖွင့်ပွဲ/ပိတ်ပွဲ အခမ်းအနားများ

ခြင်းလုံးပြိုင်ပွဲ	(၄ ~၉-၁၂-၂၀၁၃)ရက်နေ့
ဖူဆယ်ဘောလုံးပြိုင်ပွဲ(ကျား)	(၉ ~၂၀-၁၂-၂၀၁၃)ရက်နေ့
ပြေးခုန်ပစ်ပြိုင်ပွဲ	(၁၅ ~၁၉-၁၂-၂၀၁၃)ရက်နေ့
အလေးမပြိုင်ပွဲ	(၁၂ ~၁၆-၁၂-၂၀၁၃)ရက်နေ့
ကာယဗလပြိုင်ပွဲ	(၁၃ ~၁၆-၁၂-၂၀၁၃)ရက်နေ့
ဘိလိယက်/စနူကာပြိုင်ပွဲ	(၁၃ ~၂၀-၁၂-၂၀၁၃)ရက်နေ့တို့ကို ထုတ်လွှင့်သွားပါမည်။

MRTV SEA GAMES-2 DIGITAL CHANNEL တွင် ထုတ်လွှင့်မည့် အားကစားပြိုင်ပွဲအစီအစဉ်

၁-၁၂-၂၀၁၃ ရက်နေ့မှ ၃-၁၂-၂၀၁၃ ရက်နေ့အထိ တေးသီချင်းနှင့် လှုံ့ဆော်ရေးအစီအစဉ်များကို စမ်းသပ်ထုတ်လွှင့်သွားပါမည်။

- ဖွင့်ပွဲ/ပိတ်ပွဲ အခမ်းအနားများနှင့်
- Indoor Games ပြိုင်ပွဲများကို အဓိကထား၍ ထုတ်လွှင့်သွားပါမည်။
- ဝူရှူး၊ တိုက်ကွမ်ဒို၊ ကရာတေးဒို၊ လက်ဝှေ့၊ မြွေလက်ဝှေ့၊ ပီတန်း၊ ကြက်တောင်၊ စားပွဲတင်တင်းနစ်၊ ဗိုဗီနမ်၊ ဂျူဒို၊ ပန်ကြပ်ဆီလတ်၊ နပန်းနှင့် စစ်တုရင်အားကစားပြိုင်ပွဲများအား အဓိကထား ထုတ်လွှင့်သွားပါမည်။
- အထက်ပါ အားကစားနည်းများအနက်မှ မြန်မာနိုင်ငံအသင်း ပါဝင်ယှဉ်ပြိုင်မည့်/ ဆုတံဆိပ်ရရှိရန် ပိုမိုနီးကပ်သည့်/ ပြည်သူလူထုအများဆုံးကြိုက်နှစ်သက်မည့် အားကစားနည်းများကို ဦးစားပေးရွေးချယ် ထုတ်လွှင့်သွားပါမည်။

MRTV SEA GAMES-1 DIGITAL CHANNEL တွင် ထုတ်လွှင့်မည့် အားကစားပြိုင်ပွဲအစီအစဉ်

- နေ့စဉ်နံနက် ၇း၀၀ နာရီမှ ည ၉း၀၀ နာရီအထိ ထုတ်လွှင့်သွားပါမည်။
- နေ့စဉ်နံနက် ၈း၀၀ နာရီတွင် ယမန်နေ့ အားကစားသတင်းများနှင့် Highlight Programs များကို ထုတ်လွှင့်သွားပါမည်။
- အားကစားနည်းခြောက်မျိုးအနက်မှ မြန်မာနိုင်ငံအသင်း ပါဝင်ယှဉ်ပြိုင်မည့် ပွဲစဉ်များကို လည်းကောင်း၊ ဆုတံဆိပ်ရရှိရန် ပိုမိုနီးကပ်သည့် အားကစားနည်းများကို နေ့စဉ်စောင့်ကြည့်သုံးသပ်၍ အဓိကထား ထုတ်လွှင့်သွားပါမည်။
- မြန်မာနိုင်ငံအသင်းပါဝင်ယှဉ်ပြိုင်သည့်ပွဲစဉ်များ အချိန်တိုက်ဆိုင်နေပါက ပြည်သူလူထုအများဆုံး ကြိုက်နှစ်သက်မည့် အားကစားနည်းများကို ဦးစားပေးရွေးချယ်ထုတ်လွှင့်သွားပါမည်။

MRTV SEA GAMES-3 DIGITAL CHANNEL တွင် ထုတ်လွှင့်မည့် အားကစားပြိုင်ပွဲအစီအစဉ်

၁-၁၂-၂၀၁၃ ရက်နေ့မှ ၃-၁၂-၂၀၁၃ ရက်အထိ တေးသီချင်းနှင့် လှုံ့ဆော်ရေး အစီအစဉ်များကို စမ်းသပ်ထုတ်လွှင့်သွားမည်။

- ဖွင့်ပွဲ / ပိတ်ပွဲ အခမ်းအနားများနှင့်
- Outdoor Games ပြိုင်ပွဲများကို အဓိကထား၍ ထုတ်လွှင့်သွားမည်။
- စက်ဘီး၊ ရွက်လှေ၊ ကနူးကယက်၊ အနောက်တိုင်းလှေ၊ ဝါတာပိုလို၊ ရေကူး၊ ဒိုင်ဗင်၊ ဂေါက်၊ ဟော်ကီနှင့် သေနတ်ပစ်ပြိုင်ပွဲများကို အဓိကထား ထုတ်လွှင့်သွားမည်။
- အထက်ပါ အားကစားနည်းများအနက်မှ မြန်မာနိုင်ငံအသင်း ပါဝင်ယှဉ်ပြိုင်မည့်/ ဆုတံဆိပ်ရရှိရန် ပိုမိုနီးကပ်သည့်/ ပြည်သူလူထုအများဆုံး ကြိုက်နှစ်သက်မည့် အားကစားနည်းများကို ဦးစားပေးရွေးချယ် ထုတ်လွှင့်သွားမည်။